।

# ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်

(နှင့်)

# အရကောက်၊အဓိပ္ပါယ်

**Tisarana Vihara**
**357 Nelson Road Whitton**
**Twickenham Middlesex**
**TW2 7AG**

| | | |
|---|---|---|
| ၁၃၆၈ | ၂၅၅၀ | ၂၀၀၆ |
| မြန်မာသက္ကရာဇ် | သာသနာသက္ကရာဇ် | ခရာဇ်သက္ကရာဇ် |

# ပဲခူးမြို့၊ မဟာစေတီတော်မြတ်ကြီးအတွင်း တည်ထားသော ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ အောင်မြေစေတီ



ဦးအောင်ကျော်နိုင်+ဒေါက်တာလှဲ့လှဲ့ခိုင်
သား မောင်ကျော်ခိုင်ဟိန်း၊ သမီး မညီညိုမိကျော်
မိသားစု။ ကောင်းမှု

အရှင်ဇနက (စီစဉ်ပို့ချသည်)

## မိတ်ဆက်နိဒါန်း

လန်ဒန်မြို့ တိသရဏကျောင်းတိုက်တွင် စနေနေ့တိုင်း ဒကာဒကာမများ စုပေါင်းပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြပါသည်၊ ထို့နောက်မီးနစ်(၃၀)စုပေါင်းတရားထိုင်ပြီး ကျောင်းသံဃာတော်များက အလှဲ့ကျ(၁)နာရီခန့် တရားဟောကာအမျှဝေပြီး အခန်းအနားရုပ်သိမ်းခဲ့ပါသည်၊ ပဋ္ဌာန်းတရားတော်ရွတ်ဖတ်ရင်"သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိ ဘေးမသီ ရန်မခ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒတွေပြည့်ဝကာ အလုပ်အကိုင် အဆင်ပြေ ဝင်ငွေကောင်းတယ်"လို့ ယုံကြည်ပြီးရွတ်ဖတ်ပူဇော်ကြပါသည်၊ တစ်ချို့စာအုပ်ကြည့်ဖတ် တစ်ချို့အလွတ်ရွတ်ဖတ်လျှက် ကျင့်ဝတ်တစ်ခုထားကာ ပုံမှန်ပူဇော်ကြပါသည်၊ ရန်ကုန်မြို့ထေရဝါဒတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဗန်းမော်ဆရာတော်ကြီးဦးကုမာရမိန့်ကြားသွားသောဩဝါဒကိုသတိရမိပါသည်"ဘုန်းကြီးပဋ္ဌာန်းရွတ်လာတာ ကြာပါပြီ၊ တစ်နေ့ပဋ္ဌာန်းရွတ်ပြီး ဒကာတစ်ယောက်ရောက်လာကာ ဆရာတော့်ကျောင်း မွှေးလိုက်တာ၊ ရေမွှေးတွေဖြန်းထားသလားနဲ့လျှောက်တော့ မဖြန်းပါဘူးဒကာကြီးရဲ့၊ ခုပဲပဋ္ဌာန်းရွတ်ပြီးတယ်လို့မိန့်လိုက်တယ်၊ နတ်တွေလာပြီးပဋ္ဌာန်းတရားနာကြတာပါ၊ ဘုန်းကြီးတော့ တော်တော်ထူးထူးဆန်းဆန်း မယုံနိုင်လောက်အောင်ကိုဖြစ်နေတယ်၊ ရေးဟောင်းကျောင်းတော်ကြီးလည်း သိန်းပေါင်းများစွာ အကုန်အကျခံ ပြုပြင်ပြီးသွားပြီ၊ ဘွဲ့တွေလဲဆက်ကပ်တယ်၊ ကျောင်းတွေလဲ တစ်ကျောင်းပြီးတစ်ကျောင်း ဒကာတွေပေါ်လာတယ်၊ အခုတိုက်ထဲမှာ ကျောင်းတွေပြည့်သွားပြီ၊ သို့သော်ဒီအကျိုးတွေ မျှော်ကိုးပြီးရွတ်တာတော့ မဟုတ်ဘူး၊ ပဋ္ဌာန်းတရားတော်နဲ့ ဘုရားကိုပူဇော်တာပဲ၊ ယုံယုံကြည်ကြည် စိတ်သန့်သန့် ရှင်းရှင်းနဲ့ ပီပီသသ ရွတ်ကြ"လို့အမိန့်ရှိသွားပါသည်၊ မှတ်သားဖွယ်ကောင်းသောဩဝါဒမို့ စာရှုသူအားတင်ပြလိုက်ပါသည်၊

အဓိပ္ပါယ်မသိလို့ အကျိုးမရှိဟုကား မဆိုလိုပါ၊ ရှိတန်သလောက်ရှိပါ၏၊ အနက်အဓိပ္ပါယ်သိပြီးရွတ်ဖတ်လျှင်မူ ပို၍အကျိုးအာနိသင်ရှိပါသည်၊ နေ့စဉ်မိမိတို့လုပ်ကိုင်နေသည့် ကုသိုလ်ရေး စီးပွါးရေး အိမ်ထောင်ရေး လူမှုရေးစတဲ့ကိစ္စတွေမှာ အကြောင်းအကျိုးဆက်ကာ ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုနေပုံကိုလည်းသိနိုင်ပါသည်၊

ပဋ္ဌာန်းတရားတော်ဟာ သာသနာတော်ရဲ့ ရှေ့တန်းခံတပ်ကြီးလို့ ပြောရင်လဲမှန်ပါသည်၊ ဘာကြောင့်ပါလဲ၊ သာသနာကွယ်လျှင် ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက်ပဋ္ဌာန်းဟူသောအဘိဓမ္မာ(၇)ကျမ်းမှစကွယ်ပါမည်၊ ထို(၇)ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းတော်ကြီးက စကွယ်ပါမည်၊ ထို့နောက် အစဉ်အတိုင်း ယမိုက် ကထာဝတ္ထု ပုဂ္ဂလပညတ် ဓာတုကထာ ဝိဘင်း ဓမ္မသင်္ဂဏီကျမ်းများကွယ်ပါမည်၊ ထို့နောက်မှသုတ္တန်ကျမ်းများ၊ နောက်ဆုံးဝိနည်း တရားတော်တွေ အစဉ်အတိုင်းကွယ်ပျောက်ပါလိမ့်မယ်၊ ပဋ္ဌာန်းတရားတော် မကွယ်ပျောက်သေးသမျှ ကာလပတ်လုံး သာသနာတော်လဲ မကွယ်နိုင်သေးပါ၊ တိုင်းပြည်မှာရှေ့တန်းခံတပ်ကြီးတောင့်တောင့် တင်းတင်း ခိုင်ခိုင်မာမာ ရှိနေသမျှကာလပတ်လုံး တစ်ဖက်ရန်သူများမဝင်ရောက် မဖျက်ဆီးနိုင်သလို ပဋ္ဌာန်းတရားတော်တည်းဟူသော သာသနာတော်၏ ရှေ့တန်းခံတပ်ကြီး မားမားမတ်မတ် တည်ရှိနေသေးသမျှ ကာလပတ်လုံး သာသနာတော်မကွယ်နိုင်သေးပါ၊ ထို့ကြောင့် သာသနာတော်၏ရှေ့တန်း ခံတပ်ကြီးအလားမားမား မတ်မတ် ရပ်တည်နေတာပဋ္ဌာန်းတရားတော်ပါ၊

ဤသင်တန်းကို တိသရဏကျောင်း၌ တနင်္ဂနွေနေ့တိုင်း ဩဂုတ်လ(၁၀)ရက်နေ့မှသည် နိုဝင်ဘာလ(၁၆)ရက်နေ့သို့တိုင် (၃)လခွဲခန့် သင်္ဂြိုဟ်နှင့်တွဲဖက်၍ ပို့ချပေးခဲ့ပါသည်၊ မိမိ၏ဉာဏ်စွမ်းသက်သက်ဖြင့် ပို့ချနိုင်သည်မဟုတ်ပါ၊ ဆိုင်ရာ ဆိုင်ရာ ဓမ္မပဒ သံယုတ် အင်္ဂုတ္တိုရ် ဇာတ်အဋ္ဌကထာစသောကျမ်းစာများနှင့် ထန်းတပင်ဆရာတော်ကြီး၏ ပဋ္ဌာန်းအရကောက်ကျမ်း၊ဆရာတော်ဦးနာရဒ၏ပဋ္ဌာန်းပို့ချစဉ်ကျမ်း၊ သဒ္ဓမ္မရံသီဆရာတော်ကြီး၏ ပဋ္ဌာန်းနှင့်ဝိပဿနာတရားတော်၊ မဟာဂန္ဓာရုံဆရာတော်ကြီး၏ပဋ္ဌာန်းတရားတော်၊ သင်္ဂြိုဟ်ဘာသာဋီကာ၊ ပိဋကဝတ္ထုလမ်းညွှန်၊ ပိဋကလမ်းညွှန်စသောကျမ်းများနှင့် ရန်ကုန်မြို့ ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးပဏ္ဍိတာဘိဝံသ၏ လမ်းညွှန်မှုကို ခံယူလျှက်ပို့ချထားပါသည်၊

ဤမှတ်စုထက် သာလွန် ကောင်းမွန်ပြီး နားလည်သဘောပေါက်လွယ်သော မှတ်စုကောင်းတစ်အုပ်ပေါ်ထွက်လာခဲ့သော် ဤမှတ်စုသည် နေခြည်ထိရောက် နှင်းရေပေါက်ကဲ့သို့လည်းကောင်း၊ တိမ်ဖုံးသောလပမာကဲ့သို့လည်းကောင်း မှေးမှိန်ကွယ်ပ ပါစေသတည်း၊

# မာတိကာ

(၁) ပဌာန်းအကြောင်းသိကောင်းစရာ ၁
(၂) ဟေတုပစ္စည်း ၄
(၃) အာရမ္မဏပစ္စည်း ၆
(၄) အဓိပတိပစ္စည်း ၈
(၅) အနန္တရပစ္စည်း ၁၁
(၆) သမနန္တရပစ္စည်း ၁၃
(၇) သဟဇာတပစ္စည်း ၁၄
(၈) အညမညပစ္စည်း ၁၅
(၉) နိဿယပစ္စည်း ၁၆
(၁၀) ဥပနိဿယပစ္စည်း ၁၈
(၁၁) ပုရေဇာတပစ္စည်း ၂၂
(၁၂) ပစ္ဆာဇာတပစ္စည်း ၂၄
(၁၃) အာသေဝနပစ္စည်း ၂၄
(၁၄) ကမ္မပစ္စည်း ၂၇
(၁၅) ဝိပါကပစ္စည်း ၃၀
(၁၆) အာဟာရပစ္စည်း ၃၄
(၁၇) ဣန္ဒြိယပစ္စည်း ၃၆
(၁၈) ဈာနပစ္စည်း ၄၀
(၁၉) မဂ္ဂပစ္စည်း ၄၃
(၂၀) သမ္ပယုတ္တပစ္စည်း ၄၈
(၂၁) ဝိပ္ပယုတ္တပစ္စည်း ၄၉
(၂၂) အတ္ထိပစ္စည်း ၅၁
(၂၃) နတ္ထိပစ္စည်း ၅၄
(၂၄) ဝိဂတပစ္စည်း ၅၄
(၂၅) အဝိဂတပစ္စည်း ၅၅
(၂၆) (၂၄)ပစ္စည်းအဓိပ္ပါယ်အကျဉ်း ၅၆
(၂၇) ပစ္စယနိဒ္ဒေသပါဠိတော် ၇၂
(၂၈) သင်္ဂြိုဟ်သရုပ်ခွဲအဓိပ္ပါယ်မှတ်စု ၇၇
(၂၉) သင်တန်းအတွက်ကောင်းမှုရှင်များ ၈၆

W W W L R R R

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**တိသရဏဝိဟာရကျောင်းတိုက်၌**

**အပတ်စဉ်တနင်္ဂနွေနေ့တိုင်းပို့ချသော**

**ပဋ္ဌာန်း(အဘိဓမ္မာ)သင်တန်းကောက်နုတ်ချက**

**၁၃၆၈ခုနှ၊ဝါခေါင်လဆုတ်(၁၂) ရက် မှ နတ်တော်လဆန်း(၇) ရက် (၂၀၊၈၊မှ။၂၆၊၁၁၊၂၀၀၆)**

## အဘယ့်ကြောင့်ပဋ္ဌာန်းကျမ်းခေါ်ပါသနည်း

ပဋ္ဌာန-ဟူသောပါဠိမှ ပါဠိသက်မြန်မာဝေါဟာရဖြင့် ပဋ္ဌာန်းဟုခေါ်ပါသည်၊“ပ”က အမျိုးမျိုး အပြားပြား“ဌာန”ကအကြောင်းပစ္စည်းတို့ကို ဟောရာဖြစ်သောကျမ်း၊အမျိုးမျိုးသောအကြောင်းပစ္စည်း တို့ကို ဟောရာဖြစ်သောကျမ်းကို“ပဋ္ဌာန်း”ကျမ်းဟုခေါ်ပါသည်၊ နည်းစုံရောပြွမ်း၍ ဟောထားသော ကြောင့် “အနန္တနယသမန္တပဋ္ဌာန်း”ကျမ်းဟုခေါ်ပါသည်၊

## ပဋ္ဌာန်းတရားတော်ကိုဘယ်နေရာမှာဆင်ခြင်ခဲ့ပါသလဲ

မြတ်စွာဘုရား မဟာသက္ကရာဇ် (၁၀၃)ခု ကဆုံလပြည့်နေ့မှာ ဘုရားဖြစ်တော်မူပြီး သတ္တ သတ္တာဟစံနေတော်မူပါတယ်၊

(၁)ပလ္လင်္ကသတ္တာဟ=ဘုရားဖြစ်တော်မူပြီး ဗောဓိပင်ရင်း၌ ဝိမုတ္တိသုခကိုခံစားလျှက်(၇)ရက်စံနေတော်မူပါတယ်၊

(၂)အနိမိသသတ္တာဟ=ဗောဓိပင်၏ အရှေ့မြောက်အရပ်၌ ရပ်တော်မူလျှက် မမှိတ်သောမျက်လုံးဖြင့် ဗောဓိပင်နှင့်ရွှေပလ္လင်ကို (၇)ရက်ကြည့်တော်မူပါတယ်၊

(၃)စင်္ကမသတ္တာဟ=ရပ်တော်မူရာအရပ်နှင့် ပလ္လင်တော်၏အကြား လူးလာတုံ့ခေါက် စင်္ကြံလျှောက် တော်မူတာက (၇)ရက်ဖြစ်ပါတယ်၊

(၄)ရတနာဃရသတ္တာဟ=ဗောဓိပင်၏အနောက်မြောက်အရပ် နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ ရွှေအိမ်တော်ဝယ် အဘိဓမ္မာပိဋကကို (၇)ရက်သုံးသပ်ဆင်ခြင်တော်မူပါတယ်၊

(၅)အဇပါလသတ္တာဟ=ဗောဓိပင်၏အရှေ့အရပ်ရှိ ဆိတ်ကျောင်းညောင်ပင်အောက်ဝယ် တရားတော်ကို သုံးသပ်တော်မူတာက (၇)ရက်ဖြစ်ပါတယ်၊

(၆)မုစလိန္ဒသတ္တာဟ=ဗောဓိပင်၏အရှေ့တောင်အရပ် ကျည်းပင်ရင်းသို့ ကြွတော်မူလျှက် မုစလိန္ဒနဂါး မင်း၏ အပြုအစုကိုခံယူလျှက် (၇)ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစားတော်မူပါတယ်၊

(၇)ရာဇာယတနသတ္တာဟ=ဗောဓိပင်၏တောင်အရပ်ရှိ လင်းလွန်းပင်ရင်း၌ ဝိမုတ္တိသုခကိုခံစားတော်မူ တာက (၇)ရက်ဖြစ်ပါတယ်၊

၇×၇=၄၉ရက် ဆွမ်းအာဟာရကို ဘုဉ်းပေးတော်မမူပဲ ကိလေသာမှလွတ်မြောက်မှုချမ်းသာကို ခံစားလျှက်နေတော်မူခဲ့ပါတယ်၊ ပဋ္ဌာန်းတရားတော်ကို ရတနာဃရရွှေအိမ်တော်မှာ ရှေးဦးစွာဆင်ခြင် တော်မူခဲ့ပါတယ်၊

## ဘယ်အချိန်မှာဆင်ခြင်တော်မူခဲ့ပါသလဲ

ကဆုံလပြည့်နေ့မှာဘုရားဖြစ်တော်မူပြီး နယုံလဆန်း(၇)ရက်နေ့မှနယုံလဆန်း(၁၃)ရက်နေ့ အထိ ဆင်ခြင်တော်မူခဲ့ပါတယ်၊

## ဘယ်အချိန်မှာရောင်ခြည်တော်ပေါ်ထွက်ခဲ့ပါသလဲ

အဘိဓမ္မာ(၇)ကျမ်းတွင် ရှေ့(၆)ကျမ်းကို သုံးသပ်ပြီးသည်အထိ ကိုယ်တော်မှရောင်ခြည်တော် မထွက်သေးပါ၊ ပဋ္ဌာန်းတရားတော်ကြီးကို သုံးသပ်ဆင်ခြင်သောအခါမှသာ (ပြို ရွှေ နီ ဖြူ မောင်း၊ ပြိုး ပြိုးပျက်တလက်လက်ထွက်သော)အရောင်ဟူသော ရောင်ခြည်တော်(၆)သွယ် ထွက်ပေါ်လာပါတယ်၊

ဥပမာပြောရယင်-တိပိင်္ဂလ၊အာနန္ဒာစတဲ့ ငါးကြီးတွေဟာ ကျဉ်းမြောင်းတဲ့ မြစ် ချောင်း အင်း အိုင်မှာလှုပ်ရှားခွင့်မရပဲ မဟာသမုဒ္ဒရာကြီးထဲမှာသာ စိတ်ကြိုက်လှုပ်ရှားခွင့်ရသလို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးဟာလဲ ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သောအခါမှ ကိုယ်တော်မှရောင် ခြည်တော်များ ထွက်ပေါ်ကွန့်မြူးသည်အထိ ကျက်စားနိုင်ခဲ့ပါတယ်၊ သဗ္ဗညုတဉာဏ်တော်ကွန့်မြူး သောအခါ ဉာဏ်တော်နှင့်အတူယှဉ်ဖက် စိတ် စေတသိက်များ စိတ် စေတသိက်တို့၏ တည်ရာဟဒယ

ဝတ္ထုခေါ် နှစ်လုံးသွေးလဲ ကြည်လင်တောက်ပလာပါတယ်၊ နှစ်လုံးသွေးနှင့်ဆက်စပ်နေသည့် အသွေး အသား အရိုး အကြော အရေ ဣန္ဒြေငါးပါး အခြားစိတ္တဇ ကမ္မဇ အာဟာရဇ ဥတုဇရုပ်တရားများလဲ ကြည်လင်တောက်ပလာပြီး ရောင်ခြည်တော်များ စကြာဝဠာအနန္တ သို့တိုင် ပျံ့နှံ့သွားပါတော့သည်၊

**ဘယ်အရပ်ဌာနမှာတာဝတိံသာသို့ကြွတော်မူပါသလဲ**

သာဝတ္ထိနေပြည်တော်တွင် တိတ္ထိတို့ကို နှိမ်နှင်းတော်မူခြင်းငှာ အစုံအစုံသောတံခိုးပြာဋိဟာကို ပြတော်မူပြီး၍ ရတနာစင်္ကြံမှ တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်းသုံးဖဝါးလှမ်း၍ ကြွတော်မူပါသည်၊ ရတနာစင်္ကြံမှ ယုဂန္ဓိုရ်တောင်ထိပ်သို့တစ်လှမ်း၊ ယုဂန္ဓိုရ်တောင်ထိပ်မှ မြင့်မိုရ်တောင်ထိပ် (တာဝတိံသာ)သို့တစ်လှမ်းအားဖြင့် နှစ်လှမ်းနှင့် ရတနာစင်္ကြံ၌တစ်ဖဝါး၊ ယုဂန္ဓိုရ်တောင်ထိပ်၌တစ်ဖဝါး၊ တာဝတိံသာနတ်ပြည်၌တစ်ဖဝါး ဖြစ်ပါသည်၊

**ဘယ်အချိန်မှာဟောတော်မူပါသလဲ**

ပဋ္ဌာန်းတရားတော်ကြီးကို (၆)ဝါအလွန် (၇)ဝါအရောက်၊ သက်တော်(၄၂)နှစ်မှာဟောတော်မူခဲ့ပါတယ်၊

**ဘယ်နေရာမှာဟောတော်မူခဲ့ပါသလဲ**

တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်မှာ ဟောတော်မူခဲ့ပါတယ်၊

**အဘယ်သူတို့ အားဟောတော်မူခဲ့ပါသလဲ**

တသောင်းသောစကြာဝဠာတိုက်မှ စည်းဝေးညီညာရောက်ရှိလာသော နတ်ဗြဟ္မာ ပရိသတ်တို့အားဟောတော်မူခဲ့ပါသည်၊

**ဘာရည်ရွယ်ချက်နဲ့ ဟောတော်မူခဲ့ပါသလဲ**

မယ်တော်မာယာတဖြစ်လဲ သန္တုဿိတနတ်သားကို ကျေးဇူးဆပ်လိုသောကြောင့် ဟောတော်မူခဲ့ပါတယ်၊

*(ဆောင်)* မယ်တော်မိနတ်၊ကျေးဇူးဆပ်၊ဟောလတ်ဘိဓမ္မာ၊

**ရက်ပေါင်းမည်မျှကြာအောင်ဟောတော်မူခဲ့ပါသလဲ**

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ရက်(၉၀) (၃)လကြာအောင် ဟောတော်မူခဲ့ပါသည်၊ ထိုသို့ဟောကြားရာတွင် ဓမ္မသင်္ဂဏီကျမ်း(၁၂)ရက်၊ ဝိဘင်းကျမ်း(၁၂)ရက်၊ ဓာတုကထာကျမ်း(၆)ရက်၊ ပုဂ္ဂလပညတ်ကျမ်း(၇)ရက်၊ ကထာဝတ္ထုကျမ်း(၈)ရက်၊ ယမိုက်ကျမ်း(၂၀)ရက်၊ ပဋ္ဌာန်းကျမ်း(၂၅)ရက် အသီးသီးဟောတော်မူခဲ့ပါသည်၊

ဆောင်

ဓမ္မသင် ဝိဘင်္ဂ၊ ဒွါဒသရက်စီ၊
ခြောက်ရက်ကြာ၊ ကျမ်းဓာတုရယ်နဲ့၊
ပုဂ္ဂလာ(၇)ရက်၊ ဟောမြွက်ခဲ့သည်၊
ကထာဝတ်ရက်ရှစ်ညီ၊ ဝီသာပ ယမိုက်ကျမ်း၊
ပဉ္စဝီ ပဋ္ဌာနရယ်လို့၊ လသုံးလီ မယ်တော်မိကို၊
ဟောသည့်ရက်တမ်း၊ *(ရှေးပညာရှိများ)*

**နည်းဘယ်နှစ်မျိုးဖြင့်ဟောတော်မူခဲ့ပါသလဲ**

နည်းသုံးမျိုးဖြင့်ဟောတော်မူခဲ့ပါတယ်၊ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ တရားဟောတော်မူယင်း နိမ္မိတရုပ်ကိုဖန်ဆင်းကာ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူရန် ဟိမဝန္တာမှ အနောတတ်အိုင်သို့ ဆင်းသက်တော်မူပါတယ်၊ ထိုအခါအရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက မြတ်စွာဘုရားအား ရေပူ ရေချမ်း ကမ်းလှမ်းကာ ပြုစုတော်မူပါတယ်၊ တနေ့တာ နတ်ပြည်မှာအကျယ်ဟောခဲ့သမျှ အဘိဓမ္မာ တရားကိုအကျဉ်းနည်းဖြင့် အရှင်သာရိပုတ္တရာအားနေ့စဉ်ပြန်၍ ဟောကြားတော်မူပါသည်၊ အရှင်သာရိပုတ္တရာမှတစ်ဆင့် လင်းနို့သားဖြစ်ဖူးသော ရဟန်းငါးရာအားမကျဉ်းမကျယ်နည်းဖြင့် ပြန်၍ဟောကြား

တော်မူပါသည်၊နတ်ပြည်မှာဟောသလို လူ့ပြည်မှာအကျယ်နည်းနဲ့မဟောဘူးဆိုတော့ မပြည့်စုံဘူးလား လို့မေးစရာရှိတယ်၊ သဒ္ဒါနည်းအားဖြင့်သာချုံးပြီး အဓိပ္ပါယ်အားဖြင့်တော့အတူတူပါပဲ၊ ဥပမာ ပြောရရင်ဒိဋ္ဌိသာယှဉ်၍ မာနမယှဉ်သောတရား၊ မာနသာယှဉ်၍ဒိဋ္ဌိမယှဉ်သောတရား၊ နှစ်ပါးစုံယှဉ်သောတရား၊ နှစ်ပါးစုံမယှဉ်သောတရားစသောစကားလုံ့များကို မဟောတော့ခြင်းသာထူးပါသည်၊

ထိုအချိန်မှစ၍ လူ့ပြည်တွင် အဘိဓမ္မာတရားတော် ထွန်းကားပျံ့နှံ့လာခဲ့ပါသည်၊ပါဠိလို အတိဝိတ္ထာရနည်း၊ အတိသင်္ခေပနည်း၊ နာတိဝိတ္ထာရ နာတိသင်္ခေပနည်းဖြင့်ဟောတော်မူပါသည်၊

## ရှေ့တန်းခံတပ်ကြီးနှင့်တူသောပဋ္ဌာန်းတရားတော်

တိုင်းပြည်၏လုံခြုံရေးအတွက် ခိုင်မာသောခံတပ်တစ်ခု တည်ဆောက်ထားရသည်၊ ခံတပ်မခိုင်လျှင်ရန်သူများအလွယ်တကူဝင်ရောက်ပြီး တိုက်ခိုက်သိမ်းယူနိုင်တာမို့ တိုင်းပြည်၏လုံခြုံရေးအတွက် ရှေ့တန်းခံတပ်သည် အရေးကြီးသကဲ့သို့ ဤသာသနာတော်၌ ပဋ္ဌာန်းတရားတော်သည် ရှေ့တန်းခံတပ်ကြီးသဖွယ်ဖြစ်ပါပေသည်၊

အဘယ်ကြောင့်ပါနည်း? ဒီဃနိကာယ်သုတ်ပါထေယျအဋ္ဌကထာ၌ အဋ္ဌကထာဆရာ၏သုံးသပ်တင်ပြချက်ကို ကြည့်ကြပါစို့-ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတော်က အစဦးဆုံးကွယ်မည်၊ ထိုပရိယတ္တိသာသနာတွင်လည်း ဝိနယပိဋကၤ၊ သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋကဟူသော ပိဋကသုံးပုံတွင် အဘိဓမ္မာပိဋကသည်ရှေးဦးစွာကွယ်မည်၊ ထိုအဘိဓမ္မာပိဋကတွင် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍(၇)ကျမ်းရှိရာ ပဋ္ဌာန်းကျမ်းကရှေးဦးစွာကွယ်မည်၊ ပဋ္ဌာန်းကျမ်းကွယ်ပြီးမှ ယမိုက် ကထာဝတ္ထု ပုဂ္ဂလပညတ် ဓာတုကထာ ဝိဘင်း ဓမ္မသင်္ဂဏီကျမ်းများ အစဉ်အတိုင်းကွယ်ပါမည်၊ ထို့နောက်မှ သုတ္တန်ကျမ်းများ၊ ထို့နောက်မှ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါဝိနည်းငါးကျမ်း အစဉ်အတိုင်းကွယ်ပါမည်၊ ပရိယတ္တိသာသနာကွယ်ပြီးမှ ပဋိပတ္တိသာသနာကွယ်မည်၊ နောက်ဆုံးမှ ပဋိဝေဓသာသနာကွယ်ပါမည်၊ထိုကဲ့သို့သာသနာကွယ်ပုံကို ကြည့်သောအားဖြင့်ပဋ္ဌာန်းကျမ်းကြီးကအစဦးဆုံးကွယ်မည်ဖြစ်သောကြောင့် သာသနာတော်၏အဓိကခံတပ်ကြီး ဖြစ်၍နေသည်မှာထင်ရှားပေသည်၊

## ပဋ္ဌာန်း(၂၄)ကျမ်းဟူသည်အဘယ်နည်း

ပဋ္ဌာန်းကျမ်းကြီး၌ ပဋ္ဌာန်းကျမ်းငယ်ပေါင်း(၂၄)ကျမ်းပါဝင်ပါသည်၊

*ယင်းတို့မှာ =* (၁) ဓမ္မာနုလောမ ပဋ္ဌာန်း
(၂) ဓမ္မပစ္စနီယပဋ္ဌာန်း
(၃) ဓမ္မာနုလောမပစ္စနီယပဋ္ဌာန်း
(၄) ဓမ္မပစ္စနီယာနုလောမပဋ္ဌာန်း

ဟူ၍ မူရင်းဟောပုံနည်းအရ (၄)ကျမ်းရှိပါသည်၊

*ယင်းလေးကျမ်းတို့တွင် =*
(၁) တိကပဋ္ဌာန်း
(၂) ဒုကပဋ္ဌာန်း
(၃) ဒုကတိကပဋ္ဌာန်း
(၄) တိကဒုကပဋ္ဌာန်း
(၅) တိကတိကပဋ္ဌာန်း
(၆) ဒုကဒုကပဋ္ဌာန်း

ဟူ၍ ကျမ်းငယ် (၆)ကျမ်းစီ ဟောကြားထားရာ စုစုပေါင်း ၄×၆=၂၄ကျမ်းဖြစ်ပါသည်၊
(၂၄)ပစ္စည်းနှင့် မတူပါ၊ *(အခြေပြုပဋ္ဌာန်းတရားတော်)*

## အဘိဓမ္မာ(၇)ကျမ်းကိုအစဉ်အတိုင်းရေတွက်ပြပါ

(၁) ဓမ္မသင်္ဂဏီကျမ်း
(၂) ဝိဘင်းကျမ်း
(၃) ဓာတုကထာကျမ်း

(၄) ပုဂ္ဂလပညတ်ကျမ်း
(၅) ကထာဝတ္ထုကျမ်း
(၆) ယမိုက်ကျမ်း
(၇) ပဋ္ဌာန်းကျမ်းဖြစ်ပါသည်၊

**အဘယ့်ကြောင့်အဘိဓမ္မာဟုခေါ်ပါသနည်း**

အဘိဓမ္မာ=အဘိ-ကလွန်ကဲသော၊ဓမ္မ-ကတရား၊ သုတ္တန်ဝိနည်းတို့ထက် လွန်ကဲသောတရား၊ သုတ္တန်က ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျာ်း မိန်းမစသည် ပညတ်နာမည်တပ်ပြီး ပုဂ္ဂလဓိဋ္ဌာန်ဖြင့်ဟောတော်မူပါသည်၊ အဘိဓမ္မာက ပုဂ္ဂိုလ် သတ္တဝါစသည် ပညတ်နာမည်မတပ်ပဲ ပရမတ္ထရုပ် နာမ်ဓမ္မ သဘာဝသက်သက်ကို အဓိကထားပြီးဟောထားပါသည်၊ ဝိနည်းတရားက လွန်ကျူးသောပုဂ္ဂိုလ်ကို အကြောင်းပြု၍ သိက္ခာပုဒ်ပညတ်ပါသည်၊ထို့ကဲ့သို့ သုတ္တန် ဝိနည်းတို့ထက်ထူးကဲသောကြောင့် "အဘိဓမ္မာ"ဟု ခေါ်ပါသည်၊
သုတ္တန်က ဝေါဟာရဒေသနာ၊
ဝိနည်းက အာဏာဒေသနာ၊
အဘိဓမ္မာက ပရမတ္ထဒေသနာဖြစ်ပါသည်

**သာဂရလေးပါးအဓိပ္ပါယ်ကိုသိလွယ်ရုံဖေါ်ပြပါ**

(၁) ကမ္ဘာလောကကို ဝန်းရံနေသောသမုဒ္ဒရာရေပြင်ကျယ်ကို "ဇလသာဂရ" ခေါ်ပါသည်၊
(၂) သတ္တဝါတို့ကျင်လည်ကျက်စားရာ ရှည်လျားကျယ်ဝန်းလှစွာသော သံသရာကြီးကို "သံသာရသာဂရ"ခေါ်ပါသည်၊
(၃) အလွန်ကြီးကျယ်လှစွာသော သဗ္ဗညုတဉာဏ်တော်ကြီးကို "ဉာဏသာဂရ"ခေါ်ပါသည်၊
(၄)နည်းပေါင်းများစွာတို့ဖြင့် နက်နဲကျယ်ဝန်းသောပဋ္ဌာန်းကျမ်းကြီးကို "နယသာဂရ"ခေါ်ပါသည်၊

**ပဋ္ဌာန်းတရားတော်ကိုရွတ်ဖတ်ပူဇော်ခြင်းသည်ဘယ်အကျိုးရှိပါသနည်း**

(၁) လင်းနို့သားဖြစ်ခဲ့ဘူးသော ရဟန်းတော်ငါးရာကဲ့သို့ ရုပ်နာမ်ဓမ္မသဘာဝတရားတို့ကို သိမြင်နိုင်သော နာမရူပပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊
(၂) မင်္ဂဖိုလ်နိဗ္ဗာန်ရဘို့ရန် အားကြီးသော အထောက်အပံ့ဖြစ်ခြင်း၊
(၃) ခလုတ်မထိ ဆူးမငြိ ဘေးမသီရန်မခပဲ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းသာခြင်း၊
(၄) ကျက်သရေမင်္ဂလာအဖြာဖြာနှင့်ပြည့်စုံခြင်း၊ ပြောဆိုလုပ်ကိုင်ကြံစည်သမျှအောင်မြင်ခြင်း၊
(၅) နတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့က စောင့်ရှောက်ကူညီခြင်းဟူသော အံ့သြဘနန်း ထူးဆန်းဂုဏ်အင် အာနိသင်အကျိုးတရားတိုးပွါးမည်ဖြစ်သောကြောင့် လူတိုင်း လူတိုင်း ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ် ပူဇော် သင်ယူသင့်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ရပေသည်ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့---

## (၁) ဟေတုပစ္စည်း

ဟေတုပစ္စယောတိ---
**ဟေတူ ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေနပစ္စယော၊**

ဟေတုပစ္စည်းကို အဋ္ဌကထာဆရာများက "ရေသောက်မြစ်"နဲ့တူသည်ဟု ဟောကြပါသည်၊ "ရေသောက်မြစ်လျှင် ကိုယ့်သစ်ပင်ကို စည်ပင်စေတတ် ထောက်ပံ့မသို့"သစ်ပင်တစ်ပင်မှာရေသောက်မြစ်က အဓိကအရေးကြီးပါတယ်၊ရေသောက်မြစ်အားကောင်းမှ ပင်လုံးထွားထွား အရွက်ဖားဖား အသီးကားကားဖြစ်မှာပါ၊ ရေသောက်မြစ်အားမကောင်းယင် ပင်စည်ငြိုးခြောက် အရွက် အပွင့်တွေပါ ကြွေပျောက်ပါလိမ့်မယ်၊ ရေသောက်မြစ်က ကျေးဇူးပြုနေလို့ အရွက် အပွင့် အသီးတွေဝေဝေဆာဆာ ဖြစ်နေရတာပါ၊ ထို့အတူပဲ မိမိတို့နေ့စဉ်ပြုနေတဲ့ ကုသိုလ် အကုသိုလ်နှစ်ပါးရဲ့အကြောင်းရင်းဟာလဲ ဟိတ် (၆)ပါးပင်ဖြစ်ပါတယ်၊ဥပမာသူတစ်ပါးကိုဘာကြောင့်သတ်သလဲ၊ နောက်ဘဝမှာရဲကျမယ်၊ အသက်တို

မယ်၊ အနာများမယ်၊ အသတ်ခံရမယ်စသည်ဖြင့် ကံနဲ့ကံရဲ့အကျိုးကိုမသိလို့သတ်တာပါ၊ သိပြန်တော့လဲ ခွေးသိ ဝက်သိ ကလေးသိ သိလို့သတ်တာပါ၊ သို့မဟုတ် မယုံကြည်လို့သတ်တာပါ၊ နောက်ဘဝမှာ ခံရမဲ့အပြစ်တွေကို မမြင်အောင်ဖုံးထားတာက မောဟ၊ သူတစ်ပါး အသက်သတ်တာက တစ်ခါတစ်ရံ လောဘနဲ့သတ်တာရှိသလို၊ မကျေနပ်တဲ့ဒေါသအခြေခံပြီးသတ်တာလဲရှိပါတယ်၊ ဒီတော့သူတစ်ပါး အသက်သတ်ရာမှာ လောဘ ဒေါသ မောဟအရင်းခံပြီး ပါဏာတိပါတအကုသိုလ်ဒုစရိုက်အမှုကိုပြုဖြစ်ပါတယ်၊ အကုသိုလ်ဖြစ်ခြင်းရဲ့အကြောင်းရင်းဖြစ်လို့မို့ ဒီသုံးပါးကို "ဟေတု–ဟိတ်" လို့ခေါ်ပါတယ်၊

## ရေသောက်မြစ်ပမာဟိတ် (၆) မြာ

ရေသောက်မြစ်ဟာ ပင်စည်၊အသီးအပွင့်တို့ကို ကျေးဇူးပြုသလိုလောဘ ဒေါသ မောဟ အကုသိုလ်ဟိတ်(၃)ပါးကလဲ အကုသိုလ်စိတ် စေတသိက် ရုပ်တရားတွေဖြစ်အောင် ကျေးဇူးပြုပါတယ်၊ ဥပမာ စိတ်ဆိုးအမျက်ထွက်နေတဲ့ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဒေါသပုံရိပ်ဟာမျက်နှာမှာလာပြီးထင်ပါတယ်၊ မျက်စိမျက်နှာတွေနီရဲ အသားတွေတုံလာပြီး မပြောသင့်တာတွေပြော၊ မလုပ်သင့်တာတွေလုပ်မိပါတယ်၊ ဒါ အကုသိုလ်ဟိတ်က အကုသိုလ်စိတ် စေတသိက် စိတ္တဇရုပ်တွေကို ကျေးဇူးပြုလိုက်တဲ့သဘောပါပဲ၊ လောဘအားကြီးတဲ့ ပုဂ္ဂိုလ်ဟာသေယင် ပြိတ္တာပြည်မှာဖြစ်ပါတယ်၊ ဘာကကျေးဇူးပြုသလဲဆိုတော့–လောဘဟိတ်ကကျေးဇူးပြုလိုက်ပါတယ်၊ ဒေါသအားကြီးတဲ့ပုဂ္ဂိုလ်သေယင် ငရဲရောက်တတ်ပါတယ်၊ ဒေါသဟိတ်ကကျေးဇူးပြုတာပါ၊ မောဟက အမှန်အတိုင်းမသိတဲ့သဘော၊ တွေဝေတဲ့သဘောဖြစ်ပါတယ်၊ မောဟနဲ့သေယင် နောက်ဘဝမှာတိရစ္ဆာန်ဖြစ်ရပါတယ်၊မောဟအကုသိုလ်ဟိတ်က ကျေးဇူးပြုလိုက်ပါတယ်၊

ဆောင်ပုဒ်

လောဘနှင့်သေ၊ ပြိတ္တာပြည်၊ မသွေရောက်တတ်သည်၊
ဒေါသနှင့်သေ၊ ငရဲပြည်၊ မသွေရောက်တတ်သည်၊
မောဟနှင့်သေ၊ တိရစ္ဆာန်ပြည်၊ မသွေရောက်တတ်သည်၊

အကုသိုလ်ပြုယင် မကောင်းကျိုးတွေရမယ်၊ ကုသိုလ်ပြုယင် ကောင်းကျိုးရမယ်လို့သိတာက "ဉာဏ်၊ ပညာ၊ အမောဟ" ခေါ်ပါတယ်၊မိမိတို့သန္တာန်မှာပညာဦးစီးသွားယင် လောဘ ဒေါသ မောဟ အခြေခံတဲ့အကုသိုလ်တွေမလုပ်ဖြစ်တော့ပါ၊ ကုသိုလ်နဲ့အကုသိုလ်ရဲ့သဘောကရေနဲ့မီးလိုပါပဲ၊ကုသိုလ်ဖြစ်ယင် အကုသိုလ်ဖြစ်ခွင့်မရှိသလို အကုသိုလ်ဖြစ်ယင်လဲကုသိုလ်မဖြစ်နိုင်ပါ၊ အမောဟနဲ့ဒါနရဲ့အကျိုးတရားတွေသိပြီး အလှူဒါနပြု၊ အလှူခံပုဂ္ဂိုလ်တွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြပါစေ၊ မြိန်မြိန်ယှက်ယှက် အားရပါးရ ငါတို့ချက်လာတဲ့ဟင်း ကုန်အောင်စားကြပါစေဆိုပြီးပုဂံထဲအတင်းလိုက်ထဲ့တာ တိသရဏမှာ အမြဲတမ်းလိုကြုံရတယ်၊ တစ်ခါတစ်လေကျတော့လဲ ဟင်းတွေကများလွန်းလို့ စိတ်တောင်ပျက်မိပါရဲ့၊သို့သော် အလှူ့ရှင်ရဲ့ စေတနာ မေတ္တာကိုငဲ့ညှာပြီး မစားချင်ပေမဲ့စားလိုက်ရတာတွေလဲ မနဲတော့ပါဘူး၊ ဒီနေရာမှာ ဘာပြောချင်သလဲဆိုတော့ ကုသိုလ်ရဲ့အကျိုးတရားကိုသိတာက အမောဟ၊ ဆွမ်းကပ်တာက အလောဘ၊ မြိန်မြိန်ယှက်ယှက် အားရပါးရ ဘုဉ်းပေး ကြပါစေဆိုတာက မေတ္တာ–အဒေါသ၊ဆွမ်းအလှူဒါနပြုရာဝယ် အလောဘ အဒေါသ အမောဟ ကုသိုလ်ဟိတ်(၃)ပါးက ကျေးဇူးပြုလို့ လှူဖြစ်ပါတယ်၊ဒီတော့ကုသိုလ်ဟိတ် (၃)ပါးက အကြောင်းပစ္စည်းတရား၊ အလှူ့ရှင်ရဲ့သန္တာန်မှာဖြစ်တဲ့ ဖြူစင် သန့်ရှင်း အပြစ်ကင်းတဲ့ ရုပ်ဓာတ် နာမ်ဓာတ်ခေါ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ်တွေက အကျိုးပစ္စယုပ္ပန်တရား၊ အဲဒီအကြောင်းအကျိုးတွေကို ဘာသတ္တိနဲ့ကျေးဇူးပြုသလဲဆိုတော့ ဟေတုပစ္စယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊

စနေနေ့တိုင်းပဋ္ဌာန်းရွတ်ရာဝယ် ကံနဲ့ကံရဲ့အကျိုးကို ယုံကြည်မှုလဲရှိ၊ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်တယ်လို့သိတဲ့ပညာ အမောဟနဲ့ ဦးစီးပြီးပဋ္ဌာန်းရွတ်ပါတယ်၊ဒီချိန်မှာ လောဘ ဒေါသ မောဟ ကင်းစင်ပြီး ဆန့်ကျင်ဘက် အလောဘ အဒေါသ အမောဟတွေဖြစ်နေပါတယ်၊ စိတ်ကရွှင်လန်းကာ ရုပ်ကလဲကြည်နေပါတယ်၊ အမောဟကုသိုလ်ဟိတ်က ကျေးဇူးပြုလို့ ပဋ္ဌာန်းရွတ်ဖြစ်ပါတယ်၊အမောဟက အကြောင်းပစ္စည်းတရား၊ ပဋ္ဌာန်းရွတ်ဖတ်သူရဲ့ ဖြူစင်သန့်ရှင်း အပြစ်ကင်းတဲ့ စိတ် စေတသိက် နဲ့ ကြည်လင်ရွှင်ပြတဲ့ရုပ်အဆင်းက အကျိုးပစ္စယုပ္ပန်၊ ဒီအကြောင်းအကျိုးတွေကို ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်၊

တေမိမင်းသားလေး အဆောင်အယောင်တွေကြည့်ပြီး ဇာတိဿရဉာဏ်နဲ့ အတိတ်ကရှင်ဘုရင်လုပ်ခဲ့လို့ အနှစ်(၆)သောင်းလောက် ငရဲကျခဲ့ကြောင်းသိပါတယ်၊ ဒီတစ်ခါရှင်ဘုရင်လုပ်ယင် ငရဲပြန်ကျအုံးမယ်ဆိုတာသိတော်မူလို့ စိတ်မချမ်းမသာဖြစ်နေစဉ် ဘဝဟောင်းက မယ်တော်ဖြစ်ခဲ့ဖူးတဲ့ ထီးချက်စောင့်နတ်သမီးက ငါ့သားမပူနဲ့၊ အမေအကြံပေးမယ် ရှင်ဘုရင်မလုပ်ချင်ယင် အ–ယောင် ပင်းယောင် ဆွံ့ယောင် ဆောင်နေလိုက်လို့ မယ်တော်အကြံပေးလို့ (၁၆)နှစ်လုံးလုံး ဆွံ့ယောင် အ–ယောင် ပင်းယောင်ဆောင်နေလိုက်ပါတယ်၊ နောက်ဆုံးတော့ ခမည်းတော်ကြီးက သုသာန်ထုတ်ပြီးသတ်ခိုင်းပါတယ်၊ ရထားထိန်းက သုသာန်မှာ ကျင်းတူးနေစဉ် မင်းသားလေးက ရထားပေါ်ကဆင်းပြီးမေးတယ်၊ ရထားထိန်းလဲကြောက်လန့်ပြီး ခွင့်တောင်းရှာတယ်၊ အေးငါသိတယ် "ငါ ရှင်ဘုရင်မလုပ်ချင်လို့ ဒီလို အ–ယောင်ဆောင်ခဲ့တာ၊ မင်းပြန်တော့ ငါတောထွက်တော့မယ်"လို့ပြောကာရသေ့ရဟန်းဝတ် တရားအားထုတ် ဈာန် အဘိညာဉ်ရကာ သေတော့ ဗြဟ္မာ့ပြည်ရောက်ရပါတယ်၊ ရှင်ဘုရင်လုပ်ရင်ငရဲကျမယ်၊ ရှင်ဘုရင်မလုပ်တော့ ဗြဟ္မာ့ပြည်ရောက်မယ်လို့ သိတာကအမောဟပါ၊ အမောဟကုသိုလ်ဟိတ်ကကျေးဇူးပြုလို့ ကုသိုလ် စိတ် စေတသိက် စိတ္တဇရုပ်တွေဖြစ်တာက အကျိုးပစ္စယုပ္ပန်၊ ကျေးဇူးပြုတာက ဟေတုပစ္စယသတ္တိဖြစ်ပါတယ်၊ *(ဇာတ်အဋ္ဌကထာ၊ ဆဋ္ဌမ၊ ၇)*

ဟေတူ– အရ လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟဟိတ်(၆)ပါးက အကြောင်း၊ ပစ္စည်းတရား၊ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ–အရ ယှဉ်ဘက်စိတ် စေတသိက် စိတ္တဇရုပ်များက အကျိုး ပစ္စယုပ္ပန်၊ ဟေတုပစ္စယေနပစ္စယော–အရ ဟေတုပစ္စယသတ္တိဖြင့်ကျေးဇူးပြုပါသည်၊ လောဘ ဒေါသ မောဟကအကုသိုလ်ဟိတ်သုံးပါး၊ အလောဘ အဒေါသ အမောဟက ကုသိုလ်ဟိတ်သုံးပါးဖြစ်ပါတယ်၊ အကုသိုလ်ဟိတ် (၃)ပါးဖြစ်ယင် ယှဉ်ဘက်စိတ် စေတသိက်တရားတွေကလဲ အကုသိုလ်တွေပဲဖြစ်ပါတယ်၊ ကုသိုလ်ဟိတ်(၃)ပါး ဖြစ်ယင် ယှဉ်ဘက်စိတ် စေတသိက်တရားတွေကလဲ ကုသိုလ်တွေသာဖြစ်ပါတယ်၊ *(သမုဋ္ဌာနာနံ ကို သမုတ်ဌာနာနံ ဟုဖတ်)*

## (၂) အာရမ္မဏပစ္စည်း

**အာရမ္မဏပစ္စယောတိ–––**

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော၊**

ရူပါယတနံ–ရူပါရုံသည်၊ စက္ခုဝိညာဏဓာတုယာ–စက္ခုဝိညာဏဓာတ်အား၊တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ–ထိုစက္ခုဝိညာဏ်စိတ်နှင့်မကွေမကွာ ယှဉ်ကုန်သောစိတ် စေတသိက် စိတ္တဇရုပ်တို့အား၊ အာရမ္မဏပစ္စ–ယေန–အာရမ္မဏပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော–ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏၊

မြင်သိစိတ်ကလေး ဘာကြောင့်ဖြစ်သလဲ၊အဆင်းကိုမြင်လို့ဖြစ်လာတာပါ၊ အဆင်းက–ရူပါရုံရုပ်တရား၊မြင်တာက–နာမ်တရား၊အဆင်းအာရုံကြောင့် မြင်တဲ့စိတ် စေတသိက်တွေဖြစ်ပါတယ်၊ မိမိတို့သန္တာန်မှာ ဖြစ်သမျှစိတ်အားလုံးသည် အကြောင်းမဲ့ဖြစ်လာသည်မဟုတ်၊ အာရုံကြောင့်သာဖြစ်ပေါ်လာရတာပါ၊ ကြားသိစိတ် ဘာကြောင့်ဖြစ်သလဲ၊ အသံမျိုးစုံသဒ္ဒါရုံကြောင့်ဖြစ်ပါတယ်၊ နံသိစိတ်က–အနံ့မျိုးစုံဂန္ဓာရုံကြောင့်ဖြစ်ပါတယ်၊ စားသိစိတ်က အရသာမျိုးစုံရသာရုံကြောင့်ဖြစ်ပါတယ်၊ ထိသိစိတ်က အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကြောင့်ဖြစ်ပါတယ်၊ တွေးတောကြံစည်စိတ်က ဓမ္မာရုံကြောင့်ဖြစ်ပါတယ်၊ စိတ်(၆)မျိုးသည် အာရုံ(၆)မျိုးကြောင့်သာဖြစ်ရတာပါ၊ အာရုံနှင့်ကင်းပြီး စိတ်မဖြစ်နိုင်ပါ၊ မြင်သိစိတ်နဲ့ရူပါရုံဘယ်ဟာကအရင်ဖြစ်သလဲဆိုတော့ ရူပါရုံကအရင်ဖြစ်ပါတယ်၊ နောက်မှမြင်သိစိတ်ဖြစ်ပါတယ်၊ ရူပါရုံက အကြောင်းတရား၊ မြင်သိစိတ်ကအကျိုးတရားဖြစ်ပါတယ်၊

မြင်သိစိတ်ဖြစ်ရာမှာ (၁) စက္ခုပသာဒ (၂)ရူပါရုံ (၃)အရောင်အလင်း (၄)နှလုံးသွင်းမှု၊ ဒီလေးခုဆုံမှမြင်သိစိတ်ဖြစ်ပါတယ်၊ ထို့အတူ ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်တို့ဖြစ်ကြရာဝယ် မည်သူတစ်ဦးတစ်ယောက်က ဖန်ဆင်းလို့ဖြစ်လာရသည်မဟုတ်ပါ၊ ဖန်ဆင်းလို့လဲမရပါ၊ဘုရားလဲမဖန်ဆင်းနိုင်၊သကြားလဲမဖန်ဆင်းနိုင်၊ နဂါးလဲလက်မှိုင်ချရတာပါ၊အကြောင်းအကျိုးတိုက်ဆိုင်မှုကြောင့်သာဖြစ်ပေါ်လာရပါသည်၊ပဋ္ဌာန်းအကြောင်းသိယင် ဖန်ဆင်းရှင်ဝါဒမရှိဘူးဆိုတာကိုသဘောပေါက်ပါတယ်၊အဆင်းမျိုးစုံရူပါရုံကအကြောင်းတရား၊ မြင်သိစိတ်ကအကျိုးတရား၊အကြောင်းအကျိုးဘာသတ္တိနဲ့ ကျေးဇူးပြုသလဲဆိုတော့ အာရမ္မဏသတ္တိနဲ့ကျေးဇူးပြုပါတယ်၊ အာရုံပြုတဲ့သတ္တိ

ကြောင့် မြင်သိစိတ် ကြားသိစိတ်စသည်တို့ဖြစ်ရတာပါ၊ တနည်း အဆင်းမျိုးစုံရူပါရုံက ပစ္စည်းတရား၊ မြင်သိစိတ်က ပစ္စယုပ္ပန်တရား၊ ပစ္စည်း ပစ္စယုပ္ပန်ကို ကျေးဇူးပြုတာက အာရမ္မဏသတ္တိဖြစ်ပါတယ်၊

## တောင်ဝှေးကြိုးတန်းပမာအာရုံ (၆) ဖြာ

မသန်မစွမ်းသူ ရောဂါစွဲကပ်နေသူဟာ တောင်ဝှေး(သို့မဟုတ်) ကြိုးတန်းကိုအမှီပြုပြီးမှဟိုနား ဒီနားသွားလို့ရတယ်၊ အထိုင်အထလုပ်လို့ရပါတယ်၊ တောင်ဝှေး ကြိုးတန်းနဲ့ကင်းပြီးရပ်တည်လို့မရပါ၊ ကြိုးတန်းကိုင် ပြီးလမ်းလျှောက်၊ တောင်ဝှေးထောက်ပြီး အထိုင်အထပြုရပါတယ်၊ထို့အတူ စိတ် စေတ သိက်တရားတွေကလဲ သူ့အလိုလိုမဖြစ်နိုင်ပါ၊ အာရုံ(၆)ပါးကိုမှီပြီး ဖြစ်ရတာပါ၊ ဥပမာ–ကြားသိစိတ်က သူ့အလိုလို ဖြစ်သလားဆိုတော့ မဖြစ်နိုင်ပါ၊ အသံခေါ်တဲ့သဒ္ဒရုပ်ကိုမှီပြီးဖြစ်ရပါတယ်၊ နံသိစိတ် စားသိ စိတ် ထိသိစိတ် တွေးတောကြံစည်စိတ်တို့လဲ သူ့နဲ့ဆိုင်ရာအာရုံတွေကို အမှီရမှဖြစ်ရပါတယ်၊ ငှက်က လေးဟာ အကိုင်းကိုမှီပြီးမှ နားရပါတယ်၊မှီစရာအကိုင်းမရှိယင်နားမရပါ၊ ထို့အတူပဲ စိတ်ကလဲ ပသာဒ ခေါ်တဲ့ အကြည်ရုပ်ကလေးကိုမှီပြီးမှ ဖြစ်ရပါတယ်၊ ဒါကြောင့်အာရုံ(၆)ပါးကို တောင်ဝှေးကြိုးတန်းနဲ့ တူတယ်လို့ အဋ္ဌကထာဆရာများက ဥပမာပေးထားပါတယ်၊

တနည်းပြောရယင် စိတ်ဝိညာဏ်က မှီတတ်လို့မို့ နိဿိတသဘောရှိပြီး ပသာဒအကြည်ရုပ်က မှီရာအာရုံဖြစ်လို့ နိဿယခေါ်ပါတယ်၊မှီရာဖြစ်တဲ့စက္ခုပသာဒက ကျေးဇူးပြုလို့မြင်သိစိတ်ပေါ်ရတာပါ၊ ကြားသိစိတ်စသည်တို့လဲ ဒီအတိုင်းပါပဲ၊

**သောတာယတနံ သောတဝိညာဏဓာတုယာ သံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊** *(သမ်ပယုတ်တကာနံဓမ်မာနံဟုဖတ်)*

အသံမျိုးစုံသဒ္ဒါရုံကို အကြောင်းပြုပြီး သောတဝိညာဏ်နဲ့ ယှဉ်ဖေါ်ယှဉ်ဖက် စိတ်စေတသိက် စိတ္တဇရုပ်တို့ကို အာရမ္မဏပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ဈာန၊ ဇီဝှါ၊ ကာယ၊ မနတို့လဲထို့အတူပါပဲ၊အာရုံ (၆)ပါးက ပစ္စည်းတရား၊ ဝိညာဏ်(၆)ပါးက ပစ္စယုပ္ပန်တရား၊ မိမိသန္တာန်မှာ အာရုံ(၆)ပါးကြောင့် ဝိ– ညာဏ်(၆)ပါးဖြစ်နေပါတယ်၊ စက္ခုစတဲ့ ဝိညာဏ်(၆)ပါးဖြစ်တာကလဲ အာရုံ(၆)ပါးက အကြည်ဓာတ် (၆)ခုမှာလာတိုက်မှ ဖြစ်ရတာပါ၊ မျက်စိအကြည်မှာ အဆင်းရူပါရုံလာတိုက်တဲ့အခါမှသာ မြင်သိစိတ် ဖြစ်ပါတယ်၊ နားအကြည်မှာ အသံသဒ္ဒါရုံလာတိုက်တဲ့အခါမှသာ ကြားသိစိတ်ဖြစ်ပါတယ်၊ နှာခေါင်း အကြည်မှာ အနံ့ဂန္ဓာရုံလာတိုက်တဲ့အခါ နံသိစိတ်ဖြစ်ပါတယ်၊ လျှာအကြည်မှာ ရသာရုံလာတိုက်တဲ့ အခါ စားသိစိတ်ဖြစ်ပါတယ်၊ ကိုယ်အကြည်မှာ အတွေ့ဖောဋ္ဌဗ္ဗာရုံလာတိုက်တဲ့အခါ ထိသိစိတ်ဖြစ်ပါ တယ်၊ မနောအကြည်မှာ ကြံတွေးစရာအာရုံလာတိုက်တဲ့အခါ တွေးတောကြံစီစိတ်ဖြစ်ပါတယ်၊

**ယံယံဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ တေသံတေသံ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော၊** *(အာရုပ်ဘာဟု၎င်း၊ အုပ်ပစ်ဇန်တိဟု၎င်းဖတ်ပါ)*

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသော အာရုံ(၆)ပါးက အတိုက်ဓာတ်၊ မျက်စိအကြည် ရုပ် နားအကြည်ရုပ် နှာခေါင်းအကြည်ရုပ် လျှာအကြည်ရုပ် ကိုယ်အကြည်ရုပ် စိတ်အကြည်ရုပ်ဟူ သော အကြည်ရုပ်(၆)ပါးကအခံဓာတ်၊ မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေး တောကြံစည်စိတ်ဟူသောဝိညာဏ် (၆) ပါးက အပွင့်ဓာတ်ဖြစ်ပါတယ်၊ အကြည်ရုပ် (၆) ပါးကို ဒွါရလို့ လည်း ခေါ်ပါသည်၊ စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရဖြစ်ပါသည်၊ *(ဖွတ်ထပ်ဗာရုံဟုဖတ်)* မျက်စိနဲ့အဆင်းနဲ့ဆုံတော့ မြင်သိစိတ်ဖြစ်ပါတယ်၊ မျက်စိကအခံဓာတ်၊ အဆင်းက အတိုက်ဓာတ်၊ မြင်သိစိတ်က အပွင့်ဓာတ်ဖြစ်ပါတယ်၊ ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ်တို့ ဖြစ်ရာမှာလဲ ထို့အတူပင်ဖြစ်ပါသည်၊ မနောနဲ့ကြံတွေးစရာအာရုံနဲ့ဆုံတော့ တွေးတောကြံစည်စိတ်ဖြစ် ပါတယ်၊ သူ့အာရုံနဲ့သူ့ဒွါရဆုံမှ သူ့ဝိညာဏ်ဖြစ်ပါတယ်၊ အာရုံဒွါရမတိုက်ဆိုင်ယင် ဝိညာဏ်စိတ် မဖြစ် နိုင်ပါ၊ ဥပမာ–မီးခြစ်ဆံရယ်၊ မီးခြစ်ရယ်၊ မီးတောက်ရယ်(၃)မျိုးရှိရာတွင် မီးခြစ်ဆံနဲ့ မီးခြစ်ဖူး ထိခိုက် မှ မီးတောက်ဖြစ်လာပါတယ်၊ မီးခြစ်ဆံဟူသော အတိုက်ဓာတ်နဲ့ မီးခြစ်ဖူးဟူသော အခံဓာတ်တိုက်မိမှ မီးတောက်ဟူသော အပွင့်ဓာတ် ပေါ်လာရပါတယ်၊ မီးတောက်ကဘယ်ထဲမှာပါသလဲ မီးခြစ်ဆံထဲမှာပါ သလား၊ မပါပါ၊ မီးခြစ်ဖူးမှာကောပါသလား၊ မပါပါ၊ မီးခြစ်ဆံနဲ့ မီးခြစ်ဖူးတိုက်မိမှသာ မီးတောက်ဆို တဲ့ အပွင့်ဓာတ်ဖြစ်လာရတာပါ၊

မျက်စိက အဆင်းမျိုးစုံရူပါရုံကိုမြင်ရာဝယ် နှစ်သက်စရာအာရုံကိုမြင်ရတဲ့အခါ တပ်မက်မှုလောဘ ဖြစ်ရပြီး မနှစ်သက်စရာအာရုံကိုမြင်ရတဲ့အခါမှာတော့ ဒေါသ ဒေါမနဿဖြစ်ရပါတယ်၊ နှစ်သက်စရာအာရုံကိုမြင်တဲ့အခါ ငါအတိတ်ကကောင်းတဲ့ကံတွေထူထောင်ခဲ့လို့ ကောင်းတဲ့အာရုံတွေမြင်ရတယ်၊ ဒီဘဝမှာကောင်းတဲ့အလုပ်တွေ ကောင်းတဲ့ကံတွေထူထောင်လိုက်ယင်အနာဂတ်ဘဝမှာမဂ် ဖိုလ် နိဗ္ဗာန်ဆိုတဲ့အာရုံကောင်းကို မြင်ရလိမ့်မယ်လို့ စိတ်ထားပြောင်းလိုက်ယင် လောဘမဖြစ်တော့ပဲ ကုသိုလ် စိတ်ဖြစ်သွားပါတယ်၊ မနှစ်သက်စရာအာရုံနဲ့ တွေ့တဲ့အခါ ငါအတိတ်က မကောင်းကံတွေ ထူထောင်ခဲ့လို့ မကောင်းတဲ့အာရုံတွေနဲ့လာတွေ့ရတယ်၊ ဒီဘဝမှာကောင်းတဲ့အလုပ်တွေလုပ်မှနောက်ဘဝမှာမကောင်းအာရုံတွေနဲ့လွဲမှာလို့ ယောနိသောမနသိကာရထားလိုက်ယင် ဒေါသ ဒေါမနဿမဖြစ်တော့ပဲ ကုသိုလ်စိတ်တွေသာဖြစ်နေတော့မှာပါ၊ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" မြင်ဆဲအခိုက်အတံ့မှာ ဝိပဿနာရှုရမည်ဟူသောပါဠိတော်အရ ကောင်း မကောင်းအာရုံကိုမြင်တဲ့အခါမှာ "မြင်တယ် မြင်တယ် မြင်တယ်" လို့ ရှုလိုက်ယင်ဘာဝနာစိတ်ဖြစ်ပါတယ်၊ သို့မဟုတ်ယင် မြင်စိတ်ရဲ့နောက်မှာလောဘ ဒေါသ ကိလေသာတွေသာထပ်ခါတလဲလဲဖြစ်နေပါလိမ့်မယ်၊ သင်တန်းသားအားလုံး ကိလေသာအပူတွေကင်းပြီး ဘာဝနာစိတ်ဖြင့်ထာဝရငြိမ်းချမ်းသော စိတ်ထားပိုင်ရှင်များဖြစ်နိုင်ကြပါစေ–––

## (၃) အဓိပတိပစ္စည်း

အဓိပတိကအစိုးရခြင်းအကြီးအကဲအဖြစ်လို့ အဓိပ္ပါယ်ရတယ်၊ စကြာမင်းနဲ့တူပါတယ်၊ စကြာမင်းသည်လေးကျွန်းတမြင့်မိုရ်၌ တစ်ပါးသောမင်းတို့၏ အစိုးရမှုအစွမ်းသတ္တိကိုတားမြစ်ပြီး မိမိတစ်ဦးတည်း အုပ်စိုးလျက်တိုင်းသူပြည်သားတို့၏ အကျိုးကျေးဇူးကိုပြုသလို အဓိပတိပစ္စည်းကလဲ တစ်ပါးသောပစ္စည်းတို့၏အစွမ်းသတ္တိကိုတားမြစ်ပြီးတော့ တစ်ပါးတည်းကျေးဇူးပြုပါတယ်၊

ဣန္ဒြိယပစ္စည်း ကျေးဇူးပြုပုံကတော့ ကိုယ့်ဌာနဆိုင်ရာမှာသာ အစိုးတရကျေးဇူးပြုပါတယ်၊ ဥပမာ–ပညာရေးဝန်ကြီးကပညာရေးဆိုင်ရာမှာ အစိုးရသလို ကျန်းမာရေး၊ ကာကွယ်ရေးတို့ကလဲ ကိုယ့်ဆိုင်ရာမှာအစိုးရကြပါတယ်၊ အဓိပတိပစ္စည်းကတော့ အားလုံးရဲ့အပေါ်မှာ ဗိုလ်ချုပ်မှူးကြီးအဖြစ်နဲ့ စီမံကွပ်ကဲပါတယ်၊ ခန္ဓာကိုယ်မှာလဲရုပ်နာမ်တရားတွေကို အစိုးရတဲ့တရားလေးပါးရှိပါတယ်၊ ဒါကတော့ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိတို့ပဲဖြစ်ပါတယ်၊

**အဓိပတိပစ္စယောတိ–––**

**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊**

### ဆန္ဒာဓိပတိပစ္စည်းတပ်ပုံ

ဘုရားအလောင်းတော် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း အသက်နှင့်ခန္ဓာကိုယ်ငဲ့ကွက်ခြင်းမရှိပဲ ပါရမီတော်တွေဖြည့်ကျင့်ခဲ့တာဘုရားဖြစ်လိုတဲ့ဆန္ဒ၊ သတ္တဝါတွေကယ်တင်လိုတဲ့ဆန္ဒကြောင့်ပါပဲ၊ ဒီပင်္ကရာမြတ်စွာဘုရားထံတော်ပါးမှာ နိဗ္ဗာန်ယူမယ်ဆိုက ရနိုင်သောပါရမီတော်တွေရှိပါလျက် ယူတော်မမူပဲ ပါရမီ(၁၀)ပါးအပြား(၃၀) စွန့်ခြင်းကြီး(၅)ပါးစရိယ(၃)ပါးတို့ကိုဖြည့်ကျင့်တော်မူခဲ့ပါတယ်၊ စီးပွါးဥစ္စာရတနာနဲ့ မင်းစည်းစိမ်တွေစွန့်ပြီးလဲ ဒါနပါရမီဖြည့်ခဲ့ရတယ်၊ မျက်စိ နား နှာ အသွေး အသားဆိုတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စွန့်လှူပြီးလဲ ဒါနပါရမီဖြည့်ကျင့်ဆည်းပူးတော်မူခဲ့တယ်၊ အသက်ကိုပေးလှူပြီးတော့လဲ ဒါနပရမတ္ထပါရမီ ဖြည့်ကျင့်တော်မူခဲ့ပါတယ်၊ ကြင်ယာသက်ထား မဒ္ဒီမိဖုယားနှင့် ရင်းသွေးသည်းခြာ သားသမီးရတနာတို့ကိုလဲ ဇူဇကာပုဏ္ဏားလက် ဝကွက်ပြီးလှူဒါန်းခဲ့ပါတယ်၊ ဒါဘာအတွက်လဲဆိုတော့ ဘုရားဖြစ်ချင်တဲ့ဆန္ဒ၊ သတ္တဝါတွေကယ်တင်ချင်တဲ့ဆန္ဒကြောင့်ပါ၊

### ဝီရိယာဓိပတိပစ္စည်းတပ်ပုံ

"ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ" ဝီရိယကြီးမားလျှင် ဘာမဆိုအောင်မြင်ပါတယ်၊ အလောင်းတော် ဇနကမင်းသားဆိုတာ အားလုံးကြားဖူးပါတယ်၊ ဦးရီးတော်နဲ့စစ်ရှုံးလို့မယ်တော်က ထွက်ပြေးခဲ့ရတယ်၊ အရွယ်ရောက်တော့ ခမည်းတော်ဘယ်မှာလဲမေးတော့ မယ်တော်ကြီးက "သားရဲ့ခမည်းတော်က မိတ္ထိလာပြည့်ရှင် ဘုရင်ကြီးပဲ၊ ဦးရီးတော်နဲ့စစ်ရှုံးလို့ တိုက်ပွဲမှာကျပြီးမယ်တော်က မထင်မရှားထွက်ပြေးခဲ့ရတယ်" လို့ ပြောတယ်၊ မယ်တော့်မှာပစ္စည်းဥစ္စာများမပါဘူးလား၊ ပါတာပေါ့ ငါ့သားရယ်၊ ဒီလိုဆို သားကိုတဝက်ပေး၊ အရောင်းအဝယ်လုပ် စစ်သားစုပြီး ပြန်တိုက်မယ်နဲ့ ပြောပြီး

သင်္ဘောသားခုနစ်ရာနဲ့ ကုန်တွေအပြည့်တင်ကာ ထွက်ခဲ့တယ်၊ သမုဒ္ဒရာအလယ်ရောက်တော့မုန်တိုင်းမိကာ သင်္ဘောမှောက်ပါတယ်၊ အားလုံးက မိမိတို့ရဲ့ကိုးကွယ်ရာကိုပူဇော်ပသကြတယ်၊ တစ်ချို့ကလဲ ဦးတည်ဘွား၊ တစ်ချို့က ရေငံပိုင်ဦးရှင်ကြီး၊ တစ်ချို့က အဘဘိုးမင်းခေါင်စသည်ဖြင့် ပူဇော်ကြပေမဲ့ အလောင်းတော်လေးကတော့ ထောပတ်နဲ့ပျားရည်အဝစား၊ တကိုယ်လုံးထောပတ်တွေသုတ်လိမ်းကာ ရွက်တိုင်ထိပ်ပေါ်တက် ခုံချပါတယ်၊ ကျန်တဲ့သင်္ဘောသားတွေကတော့ ငါးစာ လိပ်စာ မကန်းစာတွေ ဖြစ်ကုန်ကြပေမဲ့ အလောင်းတော်လေးကတော့ မလျှော့သောဖွဲ့၊ ထက်သန်သောဝီရိယတို့ဖြင့် သမုဒ္ဒရာထဲမှာကူးနေတာ (၇)ရက်လောက်ကြာတော့ မဏိမေခလာနတ်သမီးကမနေနိုင်တော့ပဲ လာဆယ်ရပါတယ်၊ နောက်ကျတော့ မိတ္ထိလာပြည်ကြီးကိုလဲ ပြန်သိမ်းပိုက်နိုင်ခဲ့တယ်၊ *(မဟာဇနကဇာတ်တော်)*

ဒါက ဝီရိယကိုအဓိပတိတတ်ပြီး ကျိုးစားလိုက်တဲ့အတွက် မိတ္ထိလာပြည်ကြီးကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့တာပါ၊

## စိတ္တာဓိပတိပစ္စည်းတပ်ပုံ

အလောင်းတော်ဟာ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းအတွင်းမှာ တစ်ခါတစ်ရံ နိမ့်ကျတဲ့ဘဝတွေမှာလဲ ဖြစ်ရပါတယ်၊ ဒီအခါမျိုးမှာလဲဘုရားဖြစ်လိုတဲ့ စိတ်တော်ကပျောက်မသွားခဲ့ပါဘူး၊ တစ်ခါတစ်ရံ လူ့စည်းစိမ် နတ်စည်းစိမ် စကြာဝတေးမင်းစည်းစိမ်တွေ ခံစားကာငါးပါးအာရုံ ကာမဂုဏ်နဲ့ မွေ့လျော်ပျော်ပါး ခံစားနေရသော်လဲ ဘုရားဖြစ်လိုတဲ့စိတ်က ပျောက်မသွားခဲ့ပါ၊ ဘယ်ဘဝ ဘယ်အခြေအနေမျိုးမှာပဲရှိစေ ဘုရားဖြစ်လိုတဲ့စိတ်ကတော့ ထက်သန်လျှက်ပါပဲ၊ ဒါကိုစိတ္တာဓိပတိခေါ်ပါတယ်၊

## ဝီမံသာဓိပတိပစ္စည်းတပ်ပုံ

အလောင်းတော်ဖြစ်စဉ်မဟောသဓာဘဝမှာ ဝိဒေဟတိုင်း မိထိလာမြို့ဝယ်ဝိဒေဟမင်းကြီးစိုးမိုးအုပ်ချုပ်မင်းလုပ်နေသောအခါ သေနက ပက္ကုသ ကာမိန္ဒ ဒေဝိန္ဒအမတ်(၅)ယောက် အမှုတော်ထမ်းလျက်ရှိနေစဉ် မဟောသဓာမင်းသားလေးရဲ့ရွှေတော်သူငယ်ချင်းတစ်ထောင်နှင့် ပညာစွမ်းပြ ကစားနေသည်ကို ဘုရင်ကြီးသိသဖြင့် အမတ်ကြီးရာထူးပေးအမှုတော်ထမ်းစေခဲ့ပါသည်၊ ပတ္တမြားထုတ်ယူခြင်းပြဿနာ၊ ဥဒုမ္ဗရဒေဝီနှင့်ပတ်သက်၍ ကျက်သရေရှိ ကျက်သရေမဲ့သူတို့၏ပြဿနာဖြေရှင်းခဲ့ပုံ၊အမရာဒေဝီနှင့်လက်ထပ်ပြီး စူဠနီဗြဟ္မဒတ်မင်းကြီးက မိမိနိုင်ငံကိုသိမ်းသွင်းရန် ကေဝဋ္ဋအမတ်အား စေလွှတ်သောအခါစကားစစ်ထိုး၍အနိုင်ယူခဲ့ပုံ၊ဗြဟ္မဒတ်မင်းကြီး၏သမီးတော်နှင့်ဝိဒေဟရာဇ်မင်းကြီးထိမ်းမြားလက်ထပ်ရေးအတွက် အံ့သြဆန်းကြယ် ရှုချင်စဖွယ် ဥမင်လိုဏ်ခေါင်းမြို့တော်ကြီးတည်ဆောက်ခဲ့ပုံ၊ နှစ်ဖက်နိုင်ငံမှ လူများအသက်မသေစေဘဲ အောင်မြင်စွာအနိုင်ယူခဲ့ပုံ၊ မိမိ၏ပညာအစွမ်းဖြင့် တစ်ရာ့တစ်ပါးသောမင်းတို့ငြိမ်းချမ်းစွာအုပ်ချုပ်စေရန် စီမံခဲ့ပုံစတဲ့ လုပ်ဆောင်ချက်များဟာ အလောင်းတော်ရဲ့ ပညာခေါ်တဲ့ဝီမံသာဓိပတိပဲဖြစ်ပါတယ်၊ *(ဇာတ်အဋ္ဌကထာ၊ မဟောသဓာဇာတ်တော်)*

အလောင်းတော်ရဲ့သန္တာန်မှာသာ အဓိပတိတတ်ထာမဟုတ်သေးပါဘူး၊ အားလုံးသောဦးဇင်းတို့တတွေမှာလဲ အဓိပတိတတ်ပါတယ်၊ "အဝေးဆုံးခရီးကို ပထမခြေတစ်လှမ်းကစရသလို အထက်ဆုံးလှေခါးထစ်ကို ရောက်ချင်ယင် အောက်ဆုံးလှေခါးထစ်ကစရပါတယ်" BA BED Bs Ms ဘွဲ့တွေဟာ မူလတန်းကစရပါတယ်၊ အဓိပတိတစ်ပါးတည်းတော့မဖြစ်နိုင်ပါဘူး၊ ဥပမာ-ဘီအေ အမ်အေဘွဲ့ ရအောင်ယူမယ်ဆိုတဲ့ ဆန္ဒဓာတ်ပျင်းပြနေတဲ့ ကျောင်းသားတစ်ယောက်ဟာ လိုချင်တဲ့ဆန္ဒတော့ရှိပါတယ် အပျင်းထူပြီးမကျိုးစားပဲအိပ်နေယင် မရနိုင်ပါဘူး၊ လိုချင်တဲ့ဆန္ဒကိုရှေ့တန်းတင်ပြီး ကျိုးစားရပါမယ်၊စိတ်ပါလက်ပါလဲလုပ်ရမယ်၊ ဗဟုသုတလဲရှာမှီးရမယ် ဒီလိုဆိုယင်တော့ရရမှာပါ၊ "ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ" ဆန္ဒရှိယင်ဘယ်အရာမဆို ရပါတယ်၊ အဓိပတိလေးပါးရှိသော်လဲ တပြိုင်နက်မဖြစ်နိုင်ပါ၊ ဆန္ဒဦးဆောင်ယင်ကျန်သုံးပါးက နောက်လိုက်၊ ဝီရိယဦးဆောင်ယင်လဲ ကျန်တရားတွေကနောက်လိုက်ဖြစ်ပါတယ်၊ အင်္ဂလန်မှာ Prime minister က Tony Blair တစ်ယောက်သာရှိရသလိုပါပဲ၊ ဆန္ဒာဓိပတိ-ဆန္ဒကအကြီးအမှူးဖြစ်မယ်ဆိုယင်၊ ဆန္ဒသမ္ပယုတ္တကာနံဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ-ဆန္ဒနဲ့အတူဖြစ်တဲ့ စိတ် စေတသိက်ရုပ်တရားတွေက၊ အဓိပတိပစ္စယေနပစ္စယော-ဆန္ဒအလိုအတိုင်းဖြစ်အောင်အဓိပတိသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ဝီရိယ စိတ္တ စီမံသတို့လဲထို့အတူပါပဲ၊တရားအားထုတ်တဲ့ယောဂီမှာလဲ သူတစ်ပါးအရောင်အလင်းတွေ မြင်သလိုငါလဲမြင်ချင်တယ်၊ ဉာဏ်ထူးတွေရချင်တယ်၊

ဈာန်သမာဓိတွေရသလို ငါလဲရချင်တယ်ဆိုတာက ဆန္ဒာဓိပတိ၊ မရရအောင် လျှောက်၊ ထိုင်၊ ရပ်၊ သွား ကြိရိယာပုထ်လေးပါး မပြတ်ကျိုးစားအားထုတ်တာက ဝီရိယာဓိပတိ၊ စိတ်အားထက်သန်နေတာက စိတ္တာဓိပတိ၊ ကျိုးစားလို့သမာဓိဉာဏ်တွေ အဆင့်ဆင့်ရသွားတာက ဝိမံသာဓိပတိဖြစ်ပါတယ်၊ ဒီတော့ ဒို့တရားအားထုတ်နေတာ ပဋ္ဌာန်းနည်းနဲ့ အဓိပတိလေးပါးကျေးဇူးပြုနေပါလားဆိုတာလဲ သိသွားယင် ပဋ္ဌာန်းလေ့လာရကျိုးနပ်ပြီပေါ့၊ ခုလို ပဋ္ဌာန်းသင်နေတာလဲ အဓိပတိလေးပါးပါနေပါတယ်၊ ဘယ်လိုပါ နေသလဲ အဘိဓမ္မာဆရာမကြီးဒေါ်ခင်လှတင်လို ငါလဲတပ်ချင်လိုက်တာ၊ ပဋ္ဌာန်းအကြောင်းတွေသိချင် လိုက်တာ၊ အကြောင်းအကျိုးဆက်စပ်ပုံတွေနားလည်ချင်လိုက်တာဆိုတာက ဆန္ဒာဓိပတိ၊ စိတ်ပါလက် ပါ မှတ်မှတ် သားသား သင်ယူတာက စိတ္တာဓိပတိ၊ ကျိုးကျိုးစားစားနားထောင်ပြီး ရေးမှတ်နေတာက ဝီရိယာဓိပတိ၊ အကြောင်း အကျိုးဖြစ်ပုံနားလည်သဘောပေါက်သွားတာက ဝိမံသာဓိပတိဖြစ်ပါတယ်၊ ဒီနေရာမှာ သင်ယူချင် တပ်မြောက်ချင်တဲ့အလိုဆန္ဒက ဆန္ဒာဓိပတိပစ္စည်းတရား၊ သင်ယူတပ်မြောက် လိုတဲ့ စိတ်ဆန္ဒကြောင့် အညောင်းခံ နားပူခံပြီး ပဆစ်တုပ်ထိုင်နေတဲ့ကိုယ်အမူအယာ သာဓိပတိစိတ္တဇ ရုပ်က ပစ္စယုပ္ပန်တရား၊ ကျေးဇူးပြုတာကအဓိပတိပစ္စည်းတရားဖြစ်ပါတယ်၊ နေရာတိုင်းမှာ ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိ ရှိပါတယ်၊ ကုသိုလ်ဘက်မှာရှိသလို အကုသိုလ်ဘက်မှာလဲရှိပါတယ်၊ ကမ္ဘာမှာ နာမည်ကြီးရေပန်းစားနေတဲ့ Osmabinladin ဆိုတဲ့ မုတ်ဆိတ်မွေးကုလားကြီးဟာ နှစ်ပေါင်းမြောက် များစွာကတည်းက World Trade Centre ကြီးကို ဗုံးခွဲဖျက်ဆီးလိုတဲ့ ဆန္ဒကပြင်းပြနေပြီး သွားလဲ ဒီ စိတ် စားလဲဒီစိတ် အိပ်လဲဒီစိတ်နဲ့ ယုတ်မာကောက်ကြစ်တဲ့ အကြံတွေ ဉာဏ်နီ ဉာဏ်နက်တွေထုတ် ပြီး အသေခံကျိုးစားလိုက်လို့ သူ့ဘက်ကကြည့်ယင် အောင်မြင်မှုလို့ဆိုရတာပါပဲ၊ဖျက်ဆီးလိုတဲ့ ပြင်းပြ တဲ့ဆန္ဒက ဆန္ဒာဓိပတိ၊ အသေခံကျိုးစားလိုက်တာက ဝီရိယာဓိပတိ၊ အချိန်ရှိတိုင်း ကြံစည်စိတ်ကူးနေ တာကစိတ္တာဓိပတိ၊ ဉာဏ်နီ ဉာဏ်နက်တွေထုတ်နေတာက ဝိမံသာဓိပတိဖြစ်ပါတယ်၊ Osmabimladin ရဲ့ သန္တာန်မှာဖြစ်နေတဲ့ ဗုံးခွဲဖျက်ဆီးလိုတဲ့ အလိုဆန္ဒက ဆန္ဒာဓိပတိပစ္စည်းတရား၊မဲငြစ်တဲ့မကောင်းမှု အကုသိုလ်စိတ် စေတသိက် ရုပ်တရားတွေကပစ္စယုပ္ပန်တရား၊ ပစ္စည်း ပစ္စယုပ္ပန်ကိုဘာသတ္တိနဲ့ကျေးဇူး ပြုသလဲဆိုတော့ အဓိပတိသတ္တိနဲ့ကျေးဇူးပြုပါတယ်၊

"ဆန္ဒရှိရင်ဘာမဆို အောင်မြင်ရတယ်"ဆိုတဲ့စကားအရ ကုသိုလ်အရာမှာ အောင်မြင်သလို အကုသိုလ်အရာမှာလဲအောင်မြင်တာပါပဲ၊ကျန်တဲ့ စီးပွါးရေး လူမှုရေး စတဲ့ကိစ္စတွေမှာလဲ အောင်မြင်ပါ တယ်၊ အဓိပတိက သဟဇာတာဓိပတိနဲ့ အာရမ္မဏာဓိပတိလို့ နှစ်မျိုးရှိပါတယ်၊ သဟဇာတာဓိပတိက မိမိနဲ့အတူဖြစ်ဖက် စိတ် စေတသိက် ရုပ်တရားတွေကို လွှမ်းမိုးအုပ်ချုပ်ခြင်းဖြစ်ပါတယ်၊ အာရုံပေါ်မှာ အဓိပတိတတ်တာလဲရှိပါတယ်၊ ဘုရားအလောင်းတော်မင်းကုသဟာ ပဘာဝတီရဲ့ ပြေပြစ် ညက်ညော ချောမောတဲ့ ရူပါရုံအလှပေါ်မှာ တပ်မက်ပြီး မနေနိုင် မထိုင်နိုင်ဖြစ်ကာ(၇)လလောက် မြင်းတင်းကုတ် မှာဒုက္ခခံပြီး အခစားလုပ်ကာနေခဲ့ရပါတယ်၊ ဒါ ပဘာဝတီရဲ့ရူပါရုံအလှက အဓိပတိတပ်လောက်အောင် ချောနေလို့ ဆင်းရဲခံရတာပါ၊(*ဇာတ်အဋ္ဌကထာ မင်းကုသဇာတ်*)

အခုခေတ်မှာလဲ ရုပ်ရှင်မင်းသမီး မင်းသားတွေ လာတော့မယ်ဆိုရင်ထမင်းမေ့ ဟင်းမေ့ အိမ်က ဟာတွေပါမေ့ပြီး ကြည့်ချင်လို့ ပန်းစီးကန်းချင်လို့ တန်းစီစောင့်နေကြတာတွေကလဲ ရူပါရုံအဓိပတိ တပ်နေလို့ ဖြစ်ရတာပါ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗငါးပါးအာရုံကာမဂုဏ်မှာ အဓိပတိတပ်ယင်တော့ ဆင်းရဲဖို့သာများပြီး တရားဘက်မှာအဓိတပ်ယင်တော့ ချမ်းသာရမှာပါ၊ သူများတွေလိုဝိပဿနာဉာဏ် တွေရချင်လိုက်တာဆိုတဲ့အလိုဆန္ဒ ဦးစီးနေတာကဆန္ဒာဓိပတိ၊ မနားမနေ အသေးစိတ်အမှတ် အထွေ ထွေအမှတ်နဲ့စားယင်လဲစားတယ်၊သောက်ယင်လဲသောက်တယ်၊ ထိုင်ယင်လဲထိုင်တယ်၊ လျှောင်းယင်လဲ လျှောင်းတယ်၊ ရေမိုးချိုးယင်လဲချိုးတယ်၊ အပေါ့အပါးသွားယင်လဲသွားတယ်၊ ကြံစည်ယင်လဲ ကြံစည် တယ်၊ စိတ်ကူးယင်လဲ စိတ်ကူးတယ်စသည်ဖြင့် မှတ်နေတာက ဝီရိယာဓိပတိဖြစ်ပါတယ်၊ တရားအား ထုတ်ရာမှာ စိတ်ဓာတ်ပျော့ညံ့နေရင်တော့ နှစ်ရက် သုံးရက်လောက်ထိုင်ပြီး ညောင်းညာ ထုံကျင်မှု ဒါဏ်မခံနိုင်တာနဲ့ အကြောင်းပြပြီး ထွက်ပြေးမှာပဲ၊ စိတ်ဓာတ်ခိုင်မာဖို့လဲအရေးကြီးတယ်၊ အရိုးကြေ ကြေ အရေစုတ်စုတ် နောက်မဆုတ်တမ်း မဂ်ဖိုလ်နိဗ္ဗာန်မှန်းပြီး အားထုတ်တာက စိတ္တာဓိပတိဖြစ်ပါ တယ်၊ နောက်ဆုံးကျိုးစားလို့ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်္ဂဉာဏ်စတဲ့ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့်ရသွားတာက ဝိမံသာဓိပတိဖြစ်ပါတယ်၊

အဓိပတိတရားလေးပါး လက်ကိုင်ထားပြီး ကျိုးစားမယ်ဆိုယင် လောကီမှာလဲ ဆရာဝန်ဖြစ်ချင်သလား၊ရှေ့နေဖြစ်ချင်သလား၊ အင်္ဂလန်ဝန်ကြီးချုပ်ဖြစ်ချင်သလား၊ ဗိုလ်ချုပ်မှူးကြီးဖြစ်ချင်သလား၊ ကိုဗီအာနန်လိုဖြစ်ချင်သလား ကိုယ်ဖြစ်ချင်တာဖြစ်နိုင်ခွင့်ရှိသလို လောကုတ္တရာဘက်မှာလဲ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အထက်ဆုံးပန်းတိုင်ကို ပိုင်ပိုင် မိမိရရှိချင်တယ်ဆိုယင်တော့ **"အဓိပတိတရား ဤလေးပါး မှတ်သားကိုယ်မှာတည်၊ ကိုယ်ဖြစ်ချင်တာ၊ ဖြစ်နိုင်ပါ၊ လွန်စွာကောင်းလှသည်"** ဟူသော ဆောင်ပုဒ်ကိုလက်ကိုင်ထားကာကျိုးစားနိုင်ကြပါစေသား၊

## (၄) အနန္တရပစ္စည်း

န-အန္တရ= အနန္တရ၊ အကြားမရှိပဲ ဆက်တိုက်အကျိုးပေးတဲ့တရား၊ ကျေးဇူးပြုတဲ့တရားကို အနန္တရပစ္စည်းလို့ခေါ်ပါတယ်၊

အနန္တရပစ္စည်း ကျေးဇူးပြုပုံက ဘာနဲ့တူသလဲဆိုတော့ "စကြာမင်းနဲ့သားကြီးရတနာ"တို့ကဲ့သို့ဖြစ်ပါတယ်၊ စကြာမင်းကြီးက တိုင်းရေးပြည်ရာကိစ္စ၊ နန်းတွင်းကိစ္စ၊ မင်းကိစ္စစသည်တို့ကိုသားကြီးရတနာအားလွှဲအပ်ပြီး သားကြီးရတနာကအကုန်တာဝန်ယူဆောင်ရွက်ပေးသောကြောင့် စကြာမင်းကြီးမှာမင်းစည်းစိမ်ကို အပြည့်အဝခံစားရတယ်၊စကြာမင်းကြီးနတ်ရွာစံ ကံတော်ကုန်သွားတဲ့အခါမှာတော့ သားကြီးရတနာက ချက်ချင်းပဲ မင်းဖြစ်လာခဲ့ပါတယ်၊ ကြားထဲမှာ မင်းတစ်ပါးခြားကွယ်ခြင်းမရှိ ချက်ချင်းအကျိုးပေးပါတယ်၊ဒီသဘောပါပဲ အနန္တရပစ္စည်းကျေးဇူးပြုတာကလဲ ရှေ့စိတ်တွေပျက်သွားတာက နောက်စိတ်တွေဖြစ်လာဖို့အတွက်ကျေးဇူးပြုခဲ့ပါတယ်၊ ရှေ့စိတ်ပျက်ပြီး ကြားထဲမှာ အခြားတစ်ခုမလာတော့ပဲ နောက်စိတ်ဖြစ်လာတာကို အနန္တရသတ္တိနဲ့ကျေးဇူးပြုတယ်လို့ခေါ်ပါတယ်၊

မျက်စိအကြည်မှာ အဆင်းမျိုးစုံ ရူပါရုံလာတိုက်လို့ မြင်သိစိတ်ဖြစ်ရာမှာ စိတ်(၁၇)ချက်ဖြစ်ရပါတယ်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်တို့မှာလဲထို့အတူပါပဲ၊ မြင်သိစိတ်စသည်မှာ စိတ်အစဉ်အတန်းက(၁၇)ချက်ဖြစ်ပါတယ်၊ ဒါကို "ဝီထိစိတ်"လို့ခေါ်ပါတယ်၊

တီ န ဒ ပ စ သံ တီ ဝု ဇော ဇော ဇော ဇော ဇော ဇော ဇော ရုံ ရုံ
အဗျာကတ ကု အကု ဗျာ အဗျာကတ

ဆောင်
ရှေ့ရှစ် နောက်နှစ်၊ အဗျာကတဖြစ်၊ လယ်ခုနှစ်မှာ၊ ကု အ ဗျာ၊ မှန်စွာဖြစ်ပေသည်၊
ဘဝင် ဆင်ခြင်၊မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံတုံ၊
စုံးစမ်း ဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ၊ *(မဟာစည်ဆရာတော်)*

*(အဓိပ္ပါယ်)* ရှေ့ရှစ်ဆိုတာက အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောရှစ်ပါးနှင့် နောက်၌ဖြစ်သော တဒါရုံ(၂)ကြိမ်သည် အဗျာကတဖြစ်ပါသည်၊ လယ်ခုနှစ်မှာကု အ ဗျာဆိုတာက အလယ်ဇော(၇)ချက်သည် ကုသိုလ် အကုသိုလ် အဗျာကတဖြစ်ပါသည်၊

| | |
|---|---|
| ဘဝင်ဆိုတာက= | အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ |
| ဆင်ခြင်ဆိုတာက= | ပဉ္စဒွါရာဝဇ္ဇန်း၊ |
| မြင်ပြီးလျှင်ဆိုတာက= | စက္ခုဝိညာဏ်စိတ်၊ |
| လက်ခံဆိုတာက= | သမ္ပဋိစ္ဆိုင်း၊ |
| စုံစမ်းဆိုတာက= | သန္တီရဏ၊ |
| ဆုံးဖြတ်ဆိုတာက= | ဝုဋ္ဌော၊ |
| ဇောစိတ်သတ်ဆိုတာက= | ဇော(၇)ကြိမ်၊ |
| နှစ်ရပ်တဒါရုံဆိုတာက | တဒါရုံ(၂)ကြိမ်၊ |

မျက်စိအကြည်ရုပ်မှာ ရူပါရုံအဆင်းလာတိုက်တဲ့အခါ အတီတဘဝင်ဆိုတာက ဘဝင်တစ်ချက်လွန်တယ်၊ ဘဝင်္ဂစလန ဘဝင်လှုပ်တယ်၊ ဘဝင်္ဂုပစ္ဆေဒ ဘဝင်ပြတ်တယ်၊ နောက်မှဆင်ခြင်တဲ့ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါတယ်၊ နောက်ပြီးမှ စက္ခုဝိညာဏ်ခေါ်တဲ့ မြင်သိစိတ်ဖြစ်ပါတယ်၊ မြင်တယ် လက်ခံတယ်၊ စုံစမ်းတယ်၊ ဆုံးဖြတ်တယ်၊ မြင်တဲ့ရူပါရုံအပေါ်မှာ ခံစားတာကဇော၊ ဇောရဲ့အာရုံကိုဆက်ယူတာက တဒါရုံဖြစ်ပါတယ်၊

ဒေါက် ဒေါက် ဒေါက်နဲ့ အိမ်တံခါးလာခေါက် ဖွင့်ကြည့်လိုက်တဲ့အခါ မျက်စိအကြည်နှင့်တံခါးခေါက်သူအဆင်းရူပါရုံဆုံမိတော့ မြင်သိစိတ်စက္ခုဝိညာဏ်ဖြစ်ပါတယ်၊ မြင်သိစိတ်ဖြစ်ပြီး ယောကျ်ားပဲ မိန်းမပဲလို့လက်ခံတာက သမ္ပဋိစ္ဆိုင်း၊ ဒီလူဘယ်သူများပါလိမ့် တွေ့တော့တွေ့ဘူးတယ် ကောင်းကောင်း မမှတ်မိဘူးလို့စုံစမ်းတာက သန္တီရဏ၊ ဘယ်သူပါလိမ့်မှတ်တယ် လက်စသတ်တော့ငါ့ငယ်သူငယ်ချင်း "ဖိုးတုတ်"ကိုးလို့ဆုံးဖြတ်တာက ဝုဋ္ဌော၊ သူငယ်ချင်းရာမင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ ဒို့ရွာက "ဂျမ်းပုံ"တို့အကြောင်းလဲခုမှသိရတယ်စသည်ဖြင့် ခံစားမှုသဘောကဇော၊ ကဲကဲစကားကောင်းနေ လိုက်တာ စကားပြောရင်း "ဘဲသားဆန်ပြုတ်ပူပူလေး" သောက်လိုက်ကြအုံးစို့ရဲ့ဟု အာရုံကိုဆက်ယူတာက တဒါရုံဖြစ်ပါတယ်၊ ထို့အတူပဲ ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ်တို့ဖြစ်ရာမှာလဲ စိတ်အစဉ် အတန်း(၁၇)ချက် ဖြစ်ရပါတယ်၊

စိတ်အစဉ်မှာ စ=ကိုစက္ခုဝိညာဏဓာတ်၊ သံ=သမ္ပဋိစ္ဆိုင်း=မနောဓာတ်လို့ခေါ်ပြီး တီ=သန္တီရဏ မနောဝိညာဏဓာတ်ခေါ်ပါတယ်၊

စက္ခုဝိညာဏ်ချုပ်ယင် သမ္ပဋိစ္ဆိုင်းခေါ်တဲ့ မနောဓာတ်အားအနန္တရသတ္တိနဲ့ကျေးဇူးပြုပါတယ်၊ သမ္ပဋိစ္ဆိုင်းခေါ်တဲ့မနောဓာတ်ချုပ်ယင် သန္တီရဏခေါ်တဲ့မနောဝိညာဏဓာတ်အားအနန္တရသတ္တိနဲ့ကျေးဇူး ပြုပါတယ်၊ စက္ခုဝိညာဏ်မှာကျေးဇူးပြုပုံနှစ်မျိုးဟောပါတယ်၊ ပါဠိတော်ကြည့်ရအောင်---

**စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊**

**မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊**

စက္ခုဝိညာဏ်ကနေ မနောဓာတ်ကိုအကြားမရှိ အနန္တရသတ္တိနဲ့ကျေးဇူးပြုပုံတစ်ချက်၊ မနော ဓာတ်ကနေ မနောဝိညာဏဓာတ်ကိုအကြားမရှိ အနန္တရသတ္တိနဲ့ကျေးဇူးပြုပုံတစ်ချက်အားဖြင့်နှစ်ချက် ဟောထားတော်မူပါတယ်၊ ထို့အတူ သောတဝိညာဏဓာတ်စသည်မှာလဲ အတူတူပါပဲ၊ စက္ခုဝိညာဏ ဓာတုအစား သောတဝိညာဏဓာတုပြောင်းဆိုရုံပါပဲ၊ ပဋ္ဌာန်ပါဠိရမှာရှေ့စိတ်ကနေ နောက်စိတ်ကိုအနန္တရ သတ္တိနဲ့ကျေးဇူးပြုပုံ (၅)မျိုး ခွဲပြီးဟောတော်မူပါတယ်၊

နောက်(၇)ချက်ဟောပါတယ် ကုသိုလ်က(၂)ချက်၊ အကုသိုလ်က(၂)ချက်၊ အဗျာကတက(၃) ချက်ပေါင်း(၇)ချက်ဖြစ်ပါတယ်၊ ကုသိုလ်က ဖြူစင်သန့်ရှင်းအပြစ်ကင်းပြီး ကောင်းကျိုးကိုပေးတတ်တဲ့ သဘော၊ အကုသိုလ်ကအပြစ်နှင့်တကွ ဆိုးကျိုး မကောင်းကျိုးကိုပေးတတ်တဲ့သဘော၊ အဗျာကတ က ကောင်းကျိုး ဆိုးကျိုး ထိုနှစ်မျိုးကိုမပေးတတ်တဲ့သဘောဖြစ်ပါတယ်၊ ဘုရားရဟန္တာများပြုတဲ့ကုသိုလ် သည်နောက်ဘဝသစ်ကိုမဖြစ်စေနိုင်တဲ့အတွက် ပြုကာမတ္တ ကြိယာဖြစ်သွားပါတယ်၊

**ကုသိုလ်ကကုသိုလ်ကိုကျေးဇူးပြုပုံ**

ဇော(၇)ချက်ရှိရာ ကုသိုလ်ကကုသိုလ်ကိုကျေးဇူးပြုရာ၌ ပထမကုသိုလ်ဇောက ဒုတိယကုသိုလ် ဇောကို (ပ) ဆဋ္ဌကုသိုလ်ဇောက သတ္တမကုသိုလ်ဇောကိုအကြားမရှိကျေးဇူးပြုပါတယ်၊

**ကုသိုလ်ကအဗျာကတကိုကျေးဇူးပြုပုံ**

သတ္တမဇောကုသိုလ်က တဒါရုံကိုကျေးဇူးပြုတဲ့အခါ ကုသိုလ်ကနေ အဗျာကတကို အကြားမရှိ ကျေးဇူးပြုတယ်လို့ခေါ်ပါတယ်၊

**အကုသိုလ်ကအကုသိုလ်ကိုကျေးဇူးပြုပုံ**

ပထမအကုသိုလ်ဇောက ဒုတိယအကုသိုလ်ဇောကို အကြားမရှိကျေးဇူးပြုပါတယ်၊ (ပ)ဆဋ္ဌ အကုသိုလ်ဇောက သတ္တမအကုသိုလ်ဇောကို အကြားမရှိကျေးဇူးပြုပါတယ်၊

**အကုသိုလ်ကအဗျာကတကိုကျေးဇူးပြုပုံ**

သတ္တမအကုသိုလ်ဇောကပထမတဒါရုံကိုကျေးဇူးပြုတော့ "အကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ" ဖြစ်ပါတယ်၊

**အဗျာကတကအဗျာကတကိုကျေးဇူးပြုပုံ**

အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စသည်အချင်းချင်းကျေးဇူးပြုရာမှာ အဗျာကတဖြစ်ကာ အကြားမရှိကျေးဇူးပြုပါတယ်၊ အတီတဘဝင်က ဘဝင်္ဂစလနကို အကြားမရှိအနန္တရသတ္တိနဲ့ကျေးဇူးပြုပါတယ်၊ အဗျာကတပဌမတဒါရုံချုပ်ပြီး အဗျာကတဒုတိယတဒါရုံကို အကြားမရှိအနန္တရသတ္တိနဲ့ကျေးဇူးပြုပါတယ်၊

**အဗျာကတကကုသိုလ်ကိုကျေးဇူးပြုပုံ**

ဝုဋ္ဌောကနေ ဇော(၇)ကြိမ်ကိုကျေးဇူးပြုရာဝယ် ဝုဋ္ဌောကအဗျာကတ၊ ကုသိုလ်ဇော စောယင်ဇောကကုသိုလ်ဇောဖြစ်ပါတယ်၊အဗျကတဝုဋ္ဌောကနေ ကုသိုလ်ဇောကိုကျေးဇူးပြုရာမှာ“အဗျာကတော ကုသလဿ”လို့ ပါဠိတော်မှာဟောပါသည်၊

**အဗျာကတကအကုသိုလ်ကိုကျေးဇူးပြုပုံ**

အဗျကတဝုဋ္ဌောကနေ အကုသိုလ်ဇောအား အကြားမရှိကျေးဇူးပြုရာဝယ်“အဗျကတော အကုသလဿ”ဟုဟောပါသည်၊ ဒီ(၇)ချက်ကအရေးကြီးဆုံးဖြစ်ပါတယ်၊ စက္ခုဝိညာဏ်မှာလိုပဲ သောတ ဃာန ဇိဝှါ ကာယတို့မှာလဲအတူတူပင်ဖြစ်ပါသည်၊

**ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေနပစ္စယော၊**

ဒီပါဠိကတော့ပေါင်းဟောတဲ့ပါဠိဖြစ်ပါတယ်၊ ရှေ့ရှေ့သော ပစ္စည်းတရားတွေက နောက်နောက်သော ပစ္စယုပ္ပန်တရားတို့အားကျေးဇူးပြုပုံ နိဂုံးချုပ်အနေဖြင့် မြတ်စွာဘုရားဟောတော်မူတာဖြစ်ပါတယ်၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ်မှာ အာရုံ(၆)ပါးလာတိုက်တဲ့အခါ မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်ပေါ်ပါတယ်၊ ဒီအခါမှာ ကုသိုလ်ဖြစ်ယင်ဖြစ် ကုသိုလ်မဖြစ်ယင်အကုသိုလ်ဖြစ်ပါတယ်၊ “ဝိပါက်အမှန်ဇောအပြန်”ဆိုတဲ့စကားအရ ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် ကုသိုလ်အကျိုးဝိပါက်တွေရတဲ့အခါ ကောင်းတဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ အကြံအစည်တွေဖြစ်မှာပေါ့၊ ရှေ့ဘဝကအကုသိုလ်ကံကြောင့် အကုသိုလ်အကျိုးဝိပါက်တွေရတဲ့အခါ မကောင်းတဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ကြံစည်စိတ်ကူးမှုတွေဖြစ်တာကိုတော့ “ဝိပါက်အမှန်”လို့ခေါ်ပါတယ်၊ မနှစ်သက်ဖွယ်ကောင်းတဲ့ရုပါရုံကိုမြင်ရလို့ အကုသိုလ်ဖြစ်တဲ့အခါ ယောနိသောမနသိကာရခေါ်တဲ့ နှစ်လုံးသွင်းကောင်းယင် ကုသိုလ်ဖြစ်ပါတယ်၊သို့မဟုတ် မြင်မြင်သမျှ အာရုံတွေအပေါ်မှာ မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တလို့ရှုလိုက်ယင်လဲ ကုသိုလ်ဖြစ်ပါတယ်၊ ဒါကိုတော့ “ဇောအပြန်”လို့ပြောရပါတယ်၊

ဆောင်

မြင်မြင်သမျှ၊ အနိစ္စ၊ မုချမမြဲပါ၊
မြင်မြင်သမျှ၊ မှန်ဒုက္ခ၊ မုချမချမ်းသာ၊
မြင်မြင်သမျှ၊ စိုးမရ၊ မုချအနတ္တာ၊
ဤသို့ရှုက၊ ကုသလ၊ မုချဖြစ်မည်သာ၊

## (၅) သမနန္တရပစ္စည်း

အနန္တရပစ္စည်းက အကြားမရှိတဆက်တည်း ကျေးဇူးပြုတဲ့တရား စကြာဝတေးမင်းကြီးနတ်ရွာစံတဲ့အခါ သားကြီးရတနာအားမင်းစည်းစိမ်ဆက်ခံဘို့ရာ ကျေးဇူးပြုပေးလိုက်သလို ရှေ့စိတ်တွေချုပ်ပျောက်သွားပြီး နောက်စိတ်တွေဖြစ်ပေါ်လာအောင် အကြားမရှိကျေးဇူးပြုပါတယ်၊ သမနန္တရပစ္စည်းက ကောင်းစွာအကြားမရှိ ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ စကြာဝတေးမင်းကြီး တောထွက်သွားတဲ့အခါ သားတော်ကြီးမင်းဖြစ်လာဘို့အတွက် ကောင်းစွာကျေးဇူးပြုပေးလိုက်သလို ရှေးရှေးစိတ်တွေချုပ်ပျောက်သွားခြင်းသည် နောက်နောက်စိတ်တွေဖြစ်လာဘို့အတွက် ကောင်းစွာအကြားမရှိကျေးဇူးပြုပါတယ်၊အင်္ဂလန် Elizabeth ဘုရင်မကြီး Retire ယူသွားတဲ့အခါသားတော်အိမ်ရှေ့စံ Charl မင်းသားအားရှင်ဘုရင်ဖြစ်လာအောင် ကောင်းစွာကျေးဇူးပြုလိုက်သလိုပါပဲ၊

**ဘာကြောင့်သမနန္တရပစ္စည်းထပ်ဟောရသလဲ**

တစ်ချို့ပုဂ္ဂိုလ်များက "အနန္တရပစ္စယော" လို့ ဟောလိုက်လျှင်နာမ်တရားတွေ အကြားမရှိကျေးဇူးပြုတယ်ဆိုတာ သဘောပေါက်သွားပါတယ်၊ တစ်ချို့ကြတော့ "သမနန္တရပစ္စယော" လို့ထပ်ဟောလိုက်မှ ရှေ့ရှေ့စိတ်တွေချုပ်သွားပြီး နောက်နောက်စိတ်တွေ အကြားမရှိကောင်းစွာ ဖြစ်ပေါ်လာတယ်ဆိုတာ သဘောပေါက်သွားကြတယ်၊ သတ္တဝါတွေရဲ့ အလိုဆန္ဒကိုကြည့်ပြီး "သမနန္တရပစ္စည်း" ကိုထပ်ဟောတော်မူပါတယ်၊

## (၆) သဟဇာတပစ္စည်း

သဟ–အတူတကွ၊ ဇာတ–ဖြစ်တဲ့တရား၊
စတ္တာရောခန္ဓာအရ–နာမ်ခန္ဓာလေးပါး(ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်)
အရူပိနောအရ– စိတ်၈၉ပါး၊ စေတသိက်၅၂ပါး၊ဒါကပစ္စည်းတရား၊
ပစ္စယုပ္ပန်တရားလဲ အတူတူပင်ဖြစ်သည်၊ အညမညံအရ–အချင်းချင်းကျေးဇူးပြုတယ်ဆိုတာ––ဝေဒနာ အကြောင်းပစ္စည်းတရားက သညာ၊ သင်္ခါရ၊ဝိညာဏ်အကျိုးပစ္စယုပ္ပန်တရားအားလည်းကောင်း၊ဝေဒနာ သညာ အကြောင်းပစ္စည်းတရားက သင်္ခါရ ဝိညာဏ်အကျိုးပစ္စယုပ္ပန်တရားအားလည်းကောင်း၊ ဝေဒနာ သညာ သင်္ခါရအကြောင်းပစ္စည်းတရားက ဝိညာဏ်အကျိုးပစ္စယုပ္ပန်တရားအားလည်းကောင်းကျေးဇူးပြုနေပါသည်၊ နာမက္ခန္ဓာ(၁)ပါးက နာမက္ခန္ဓာ(၃)ပါးကို၊ နာမက္ခန္ဓာ(၂)ပါးက နာမက္ခန္ဓာ(၂)ပါးကို၊ နာမက္ခန္ဓာ(၃)ပါးက နာမက္ခန္ဓာ(၁)ပါးကို အပြန်ပြန်အလှန်လှန်ကျေးဇူးပြုနေတာကို အညမညံ–အချင်းချင်းကျေးဇူးပြုနေတယ်လို့ဆိုပါတယ်၊

စတ္တာရောမဟာဘူတာအရ–ပထဝီ အာပေါ တေဇော ဝါယောဓာတ်ကြီးလေးပါးကပစ္စည်းတရား၊ အညမညံအရလဲ ဓာတ်ကြီးလေးပါးကပင် ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ မဟာဘုတ်(၁)ပါးက မဟာဘုတ်(၃)ပါးကို၊ မဟာဘုတ်(၂)ပါးက မဟာဘုတ်(၂)ပါးကို၊ မဟာဘုတ်(၁)ပါးကမဟာဘုတ်(၃)ပါးကိုကျေးဇူးပြုနေတာကို အညမညံ–အချင်းချင်းကျေးဇူးပြုနေတယ်လို့ဆိုပါတယ်၊လောကမှာလဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကျေးဇူးပြုကြတာကို အညမညလို့ခေါ်ပါတယ်၊

ဩက္ကန္တိက္ခဏေ နာမရူပံ–ပဋိသန္ဓေ အခိုက်အတန့်မှာ နာမရူပံ၌ နာမရူပအရ ပဉ္စဝေါကာရပဋိသန္ဓေ (၁၅)ပါးနဲ့ ရူပအရ ဟဒယဝတ္ထုရုပ်တို့ဖြစ်ပါတယ်၊ ပဉ္စဝေါကာရပဋိသန္ဓေ(၁၅)ပါးက ဟဒယဝတ္ထုရုပ်ကို ဖြစ်ပေါ်အောင် တည်တံ့နေအောင်ကျေးဇူးပြုသလို ဟဒယဝတ္ထုကလဲ ပဉ္စဝေါကာရပဋိသန္ဓေ(၁၅)ပါးကို ဖြစ်ပေါ်အောင်ကျေးဇူးပြုပါတယ်၊ ဘယ်ခိုက်မှာလဲဆိုတော့ ပဋိသန္ဓေအခိုက်မှာဖြစ်ပါတယ်၊

စိတ္တစေတသိကာဓမ္မာအရ–စိတ်စေတသိက်နာမ်တရားကပစ္စည်းတရား၊ စိတ္တသမုဋ္ဌာနာနံရူပါနံ အရ–စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်တရား၊ နာမ်တရားကနေရုပ်တရားကို သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပါသည်၊

မဟာဘူတာအရ မှီရာဖြစ်တဲ့ မဟာဘုတ်လေးပါးက ပစ္စည်းတရား၊ ဥပါဒါရူပါနံအရ–မှီတတ်တဲ့ ဥပါဒါရုပ်(၂၄)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ မဟာဘုတ်လေးပါးက ဥပါဒါရုပ်(၂၄)ပါးအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကိုပြပါတယ်၊

ရူပိနောဓမ္မာအရ–ဟဒယဝတ္ထုကပစ္စည်းတရား၊ အရူပီနံဓမ္မာနံအရ–ပဉ္စဝေါကာရပဋိသန္ဓေ(၁၅)ပါးက ပစ္စယုပ္ပန်တရား၊ ဟဒယဝတ္ထုပစ္စည်းတရားက ပဉ္စဝေါကာရပဋိသန္ဓေ(၁၅)ပါးအား ကိဉ္စိကာလေ သဟဇာတပစ္စယေနပစ္စယော–အချို့သောပဋိသန္ဓေအခိုက်မှာ ကျေးဇူးပြုပြီး ကဉ္စိကာလေ န သဟဇာတ ပစ္စယေနပစ္စယော–အချို့သောပဝတ္တိအခိုက်မှာ ကျေးဇူးမပြုပါလို့ဟောတော်မူပါသည်၊

**ဆီမီးဥပမာမှတ်ဖို့ရာ**

မီးခြစ်ဆံနဲ့ မီးခြစ်ပုံးထိလိုက်တဲ့အခါမှာ မီးတောက်ပေါ်လာပါတယ်၊ မီးတောက်ပေါ်လာတာနဲ့ တပြိုင်နက် အရောင်အလင်းပါပေါ်လာပါတယ်၊ မီးတောက်နဲ့အရောင်အလင်း ဘယ်ဟာက အရင်ဖြစ်သလဲဆိုတော့ အတူတူပဲဖြစ်ပါတယ်၊ မီးတောက်ကြောင့် အရောင်အလင်းဖြစ်သလို အရောင်အလင်းကြောင့်ပဲ မီးတောက်ကိုမြင်ရတာဖြစ်ပါတယ်၊ မီးတောက်နဲ့အရောင်အလင်း အချင်းချင်း သဟဇာတ

ပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊ လောကမှာ မိသားစုအချင်းချင်း၊ ဇနီးမောင်နှံအချင်းချင်း တိုင်တိုင်ပင်ပင်နဲ့ စီးပွါးရေး လူမှုရေး ဘာသာရေး သာသနာရေးကိစ္စတွေဆောင်ရွက်ရာမှာလဲ အပြန်ပြန်အလှန်လှန် သဟဇာတပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊

## (၇) အညမညပစ္စည်း

အညမည–အချင်းချင်းကျေးဇူးပြုဆိုတဲ့ အဓိပ္ပါယ်ရပါတယ်၊ နာမ်ခန္ဓာလေးပါးက အပြန်အလှန် ကျေးဇူးပြုပါတယ်၊ မဟာဘုတ်လေးပါးကလဲ တစ်ပါးနှင့်တစ်ပါး အချင်းချင်းကျေးဇူးပြုတယ်၊ ပဋိသန္ဓေအခါ နာမ်ရုပ်နှစ်ပါးကလဲ အချင်းချင်းကျေးဇူးပြုပါတယ်၊ ပဋ္ဌဝေါကာရ

### သုံးချောင်းထောက်ပမာမှတ်ဖို့ရာ

ဥပမာ–ဘာနဲ့တူသလဲဆိုတော့ သုံးချောင်းထောက်ထားတဲ့ စားပွဲနဲ့တူပါတယ်၊ သုံးချောင်းထဲကတစ်ချောင်းကျိုးသွားရင် စားပွဲခုံရပ်တည်လို့မရနိုင်ပါ၊ နှစ်ချောင်းကျိုးပြီး တစ်ချောင်းထဲလဲ ရပ်တည်လို့မရပါဘူး၊ တစ်ချောင်းက နှစ်ချောင်းကို ကျေးဇူးပြုသလို နှစ်ချောင်းကလဲ တစ်ချောင်းကို ကျေးဇူးပြုနေရပါတယ်၊အညမညပစ္စည်းကျေးဇူးပြုပုံကလဲဒီအတိုင်းပါပဲ၊ "စတ္တာရော ခန္ဓာ အရူပိနော" ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော နာမ်ခန္ဓာလေးပါးကလဲ ၁–ပါးကသုံးပါးကို၊၂–ပါးက၂–ပါးကို၊ ၃–ပါးက ၁–ပါးကိုအချင်းချင်း အညမညပစ္စည်းနဲ့ ကျေးဇူးပြုနေပါတယ်၊

"စတ္တာရော မဟာဘူတာ" ပထဝီ အာပေါ တေဇော ဝါယောဓာတ်ကြီးလေးပါးကလဲ အချင်းချင်းကျေးဇူးပြုနေပါတယ်၊ ပထဝီဓာတ်က တောင့်တင်းတဲ့သဘော၊ အာပေါက ယိုစည်း ဖွဲ့စည်းတဲ့သဘော၊တေဇောက ပူတဲ့ အေးတဲ့ နွေးတဲ့သဘော၊ ဝါယောက တွန်းကန်လှုပ်ရှားတဲ့သဘော ဆိုပြီး လက္ခဏာလေးချက်ရှိပါတယ်၊ ဓာတ်ကြီးလေးပါးကညီမျှပြီး Balance ဖြစ်နေတဲ့အခါ ကျမ္မာတယ် နေကောင်းတယ် သက်တောင့်သက်သာရှိတယ်၊ တစ်ပါးပါးကဖေါက်ပြန်လာရင် Out of Balance ဖြစ်လာရင် နာစီး ချောင်းဆိုး သွေးတိုး လေနာ ရောဂါတွေဖြစ်လာတယ်၊ ဝါယောဓာတ်ဖေါက်ပြန်လာရင် လေဖြတ်ပြီးအိပ်ယာထဲလဲနေရမယ်၊ ပထဝီဓာတ်ဖေါက်ပြန်ရင် ခါးတောင့်တောင့်ကြီးဖြစ်ကာ အနေရအထိုင်ရခက်မယ်၊ သုံးချောင်းထောက်စားပွဲ တစ်ချောင်း ကျိုးသွားသလိုပေါ့၊ ဒါကြောင့် ဓာတ်ကြီးလေးပါး ညီမျှနေအောင် ၁–ပါးက ၃–ပါးကို၊၂–ပါးက ၂–ပါးကို၊ ၃–ပါးက ၁–ပါးကို အချင်းချင်း အညမညပစ္စည်းနဲ့ ကျေးဇူးပြုပေးနေပါတယ်၊

"ဩက္ကန္တိက္ခဏေ နာမရူပံ" ပဋ္ဌဝေါကာရ ပဋိသန္ဓေအခိုက်မှာ နာမ်ရုပ်နှစ်ပါးကလဲ အချင်းချင်းကျေးဇူးပြုနေပါတယ်၊ "ပထမံ ကလလံ ဟောတိ" ပထမအမိဝမ်းတွင်းမှာ သန်းဦးခေါင်းပမာဏရှိတဲ့ ကလလရေကြည်လေး တည်ပါတယ်၊ ၇–ရက်လောက်ကြာတော့ ရေမြှုပ်ကလေးလို ဖြစ်လာပါတယ်၊ နောက်၇–ရက်ကြာတော့ နီနီတွေးတွေးအသားတစ်ကလေး ဖြစ်လာပါတယ်၊ နောက်၇–ရက်ကြာတော့ မာမာခက်ခက်ရှည်လျားလျားပုံသဏ္ဍာန်ဖြစ်လာပါတယ်၊ နောက်၇–ရက်ကြာတော့ ဦးခေါင်း ခြေနှစ်ဖက် လက်နှစ်ဖက်ဖြစ်ဖို့ရာအဖုကလေးတွေ ပေါ်လာပါတယ်၊ သစ်ပင်၏အကိုင်းအခက်ကြီးများကဲ့သို့ ခန္ဓာကိုယ်၏အကိုင်းအခက်ကြီးများဖြစ်သောကြောင့် "ခက်မ"ဟုခေါ်ပါသည်၊ ဒါကပဋိသန္ဓေတည်ပြီး ၅–သတ္တာဟ၃၅–ရက် လောက်ရှိမှပေါ်လာတာပါ၊ နောက်တဖြေးဖြေးကြီးထွားလာပြီး၇၇–ရက်လောက်ကြာတော့ မျက်စိ နား နှာ လျှာတို့ဖြစ်လာပါတယ်၊*(သင်္ဂြိုဟ်ဘာသာဋီကာ)*

ဒီမှာပြောချင်တာက ကလလရေကြည်ကြောင့် ပဋိသန္ဓေစိတ်ဖြစ်လာတယ်၊ ပဋိသန္ဓေစိတ်က နာမ်တရား၊ ကလလရေကြည်က ရုပ်တရား၊ ကလလရေကြည်လေးကြောင့် ပဋိသန္ဓေစိတ်ဖြစ်လာရသလိုပဋိသန္ဓေစိတ်ကလဲ ကလလရေကြည်လေး ပျောက်ပျက်မသွားအောင် စောင့်ရှောက်ပေးပါတယ်၊ "စိတ်ထောင်းကိုယ်ကျေ၊ စိတ်ပျိုကိုယ်နု"ဆိုတာလိုပေါ့၊ ပဋ္ဌဝေါကာရပဋိသန္ဓေအခိုက်မှာ နာမ်ကနေရုပ်၊ ရုပ်ကနေနာမ်ကို အချင်းချင်းအညမညပစ္စည်းနဲ့ကျေးဇူးပြုပေးနေပါတယ်၊

လောကကြီးမှာလဲ ဒကာကြီးက ဒကာမကြီးကို မတောင့်မတ မကြောင့်မကျ မပူမပင် စိန်နားကပ်ကြီးဆင်ထားတော့ဒကာမကြီးကလဲ ဒကာကြီးသဘောကျ နှစ်သက်တဲ့ဟင်းလေး ချက်ကျွေးမယ်၊ နေထိုင်မကောင်းဖြစ်လဲ အကြင်နာထား ကရုဏာပွါးကာ ယုယစွာဖြင့်ပြုစုမယ်၊ဒါအညမညပစ္စည်းနဲ့အချင်းချင်းအပြန်အလှန်ကျေးဇူးပြုနေတာပါ၊ မိဘတွေက သားသမီးတွေကို ဘွဲ့ထူး ဂုဏ်ထူးတွေရအောင် ကျောင်း

ထားပေးတယ်၊ သားသမီးတွေကြီးလာလို့ အလုပ်အကိုင်တွေအဆင်ပြေလာတဲ့အခါ မိဘတွေကိုတဖန် ပြန်ပြီး စောင့်ရှောက်တယ်၊ ဒါ မိဘနဲ့သားသမီး အချင်းချင်း အပြန်အလှန် အညမညပစ္စည်းနဲ့ ကျေးဇူး ပြုနေတာပါပဲ၊

## (၈) နိဿယပစ္စည်း

နိဿယပစ္စည်းက မှီရာဖြစ်၍ ကျေးဇူးပြုတတ်တဲ့တရားလို့ အဓိပ္ပါယ်ရပါတယ်၊ သဟဇာတ နိဿယ၊ ပုရေဇာတနိဿယ နှစ်မျိုးရှိပါတယ်၊ သဟဇာတနိဿယကတော့ သဟဇာတပစ္စည်းနဲ့အတူ တူပါပဲ၊ ယခု ပုရေဇာတနိဿယကိုပြောပါမယ်–––

### မြေကြီးပမာနိဿယာ

ပုရေဇာတနိဿယပစ္စည်းကဘာနဲ့တူသလဲဆိုတော့ မြေကြီးနဲ့တူပါတယ်၊ မြေကြီးသည်သစ်ပင် တော တောင် အိမ် ကျောင်းစသည်တို့ထက်ရှေးဦးစွာဖြစ်ပါတယ်၊ သစ်ပင် အိမ် ကျောင်းစသည်တို့အား တည်ရာ မှီရာအဖြစ်ဖြင့်ကျေးဇူးပြုသကဲ့သို့ ရှေးဦးစွာဖြစ်ပြီး မှီရာအဖြစ်ဖြင့်ကျေးဇူးပြုတဲ့တရားကို ပုရေဇာတနိဿယပစ္စည်းလို့ခေါ်ပါတယ်၊ မျက်စိအကြည်နဲ့အဆင်းနဲ့တိုက်မိတဲ့အခါ မြင်သိစိတ်ဖြစ်ပါ တယ်၊ မြင်သိစိတ်ကဘာကိုမှီဖြစ်သလဲဆိုတော့ မျက်စိအကြည်ကိုမှီ၍ဖြစ်ရပါတယ်၊ မျက်စိအကြည် သည်မြင်သိစိတ်မဖြစ်ခင် ရှေးကတည်းကဖြစ်နေတာမို့ ပုရေဇာတ၊ မြင်သိစိတ်ရဲ့မှီရာဖြစ်သောကြောင့် နိဿယ၊ နှစ်ရပ်ပေါင်းတော့ “ပုရေဇာတနိဿယ”ခေါ်ပါတယ်၊

နားအကြည်နဲ့အသံနဲ့တိုက်မိတဲ့အခါ ကြားသိစိတ်ပေါ်ပါတယ်၊ ကြားသိစိတ်ဘာကိုမှီဖြစ်သလဲ ဆိုတော့ နားအကြည်ကိုမှီ၍ဖြစ်ရပါတယ်၊ နားအကြည်သည်ကြားသိစိတ်မဖြစ်ခင် ရှေးကတည်းကဖြစ် နေတာမို့ ပုရေဇာတ၊ ကြားသိစိတ်ရဲ့မှီရာဖြစ်သောကြောင့်နိဿယ၊ နှစ်ရပ်ပေါင်းတော့“ပုရေဇာတ နိဿယ”ခေါ်ပါတယ်၊ ကျန်နှာခေါင်း လျှာ ကိုယ် စိတ်တို့လဲအတူတူပါပဲ၊

| | |
|---|---|
| စက္ခုပသာဒ= | မျက်စိအကြည်၊ |
| စက္ခုဝတ္ထု= | မြင်သိစိတ်၏မှီရာဖြစ်သောအကြည်ရုပ်၊ |
| စက္ခာယတန= | မြင်သိစိတ်ဖြစ်ခြင်း၏အကြောင်းဖြစ်သော မျက်စိအကြည်ရုပ်၊ |
| စက္ခုဝိညာဏ်= | မြင်သိစိတ်၊ |

**ပုရေဇာတနိဿယ၏အကြောင်းပစ္စည်းဖြစ်သော (ဝတ္ထုရုပ် ၆–ပါး)**

| | | |
|---|---|---|
| စက္ခုပသာဒ | စက္ခုဝတ္ထု | မျက်စိအကြည် |
| သောတပသာဒ | သောတဝတ္ထု | နားအကြည် |
| ဃာနပသာဒ | ဃာနဝတ္ထု | နှာခေါင်းအကြည် |
| ဇိဝှါပသာဒ | ဇိဝှါဝတ္ထု | လျှာအကြည် |
| ကာယပသာဒ | ကာယဝတ္ထု | ကိုယ်အကြည် |
| | ဟဒယဝတ္ထု | နှလုံးအကြည်(စိတ်အကြည်) |

ဟူ၍ခြောက်ပါးက ပစ္စည်းတရားဖြစ်ပါတယ်၊

**ပုရေဇာတနိဿယ၏အကျိုးပစ္စယုပ္ပန်ဖြစ်သော (ဝိညာဏ်၆–ပါး)**

| | |
|---|---|
| စက္ခုဝိညာဏ် | မြင်သိစိတ် |
| သောတဝိညာဏ် | ကြားသိစိတ် |
| ဃာနဝိညာဏ် | နံသိစိတ် |
| ဇိဝှါဝိညာဏ် | စားသိစိတ် |
| ကာယဝိညာဏ် | ထိသိစိတ် |
| မနောဝိညာဏ် | တွေးတောကြံစည်စိတ် |

ဟူ၍အသိစိတ်ခြောက်ပါးက ပစ္စယုပ္ပန်ဖြစ်ပါတယ်၊

**“စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော”**
စက္ခာယတနံအရ–စက္ခုဝိညာဏ်ရဲ့အကြောင်းဖြစ်လို့မျက်စိအကြည်ရုပ်က အကြောင်းပစ္စည်း–

တရား၊ မျက်စိအကြည်လေးဟာ မြင်သိစိတ်ဖြစ်ဖို့ရာ အကြောင်းလဲဟုတ်တယ်၊ မြင်သိစိတ်ရဲ့မှီရာလဲ ဟုတ်တယ်၊ မြင်သိစိတ်မဖြစ်ခင် ရှေးကလဲဖြစ်တယ်၊

စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံအရ–မြင်သိစိတ်စက္ခုဝိညာဏ်ဒွေးနှင့်ယှဉ်ဘက်စေတသိက်(၇)ပါးက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊အကြောင်းအကျိုးကို ပုရေဇာတနိဿယသတ္တိနဲ့ကျေးဇူးပြုပါသည်၊

သောတာယတနံအရ– နားအကြည်လေးကအကြောင်းတရား၊ နားအကြည်လေးဟာ ကြားသိစိတ်ဖြစ်ဖို့ရာ အကြောင်းလဲဟုတ်တယ်၊ ကြားသိစိတ်ရဲ့ မှီရာလဲဖြစ်တယ်၊ရှေးကလဲဖြစ်တယ်၊သောတ–ဝိညာဏ်ဒွေးနှင့်ယှဉ်ဘက် စေတသိက်(၇)ပါးက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ကျန် ဃာန ဇိဝှါ ကာယတို့လဲအတူတူပင်ဖြစ်ပါသည်၊

ယံ ရူပံ နိဿာယ (ပ) တံ ရူပံ ဒီပါဠိအရ–နှလုံးအကြည်ခေါ်တဲ့ ဟဒယဝတ္ထုရုပ်ကအကြောင်းပစ္စည်းတရား၊ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံအရ– မနောဓာတ်(၃)ပါး၊ မနောဝိညာဏဓာတ်(၇၂)ပါး စေတသိက် (၅၂)ပါးက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

## ဟဒယဝတ္ထုရုပ်၏တည်ရာ

ဟဒယဝတ္ထုကနှလုံးသားနှစ်ခုအလယ် ရင်လယ်မှာတည်နေပါတယ်၊ နှလုံးအိမ်အတွင်း ပုန်းညက်စေ့ခန့်ကျယ်တဲ့ တွင်းငယ်လေးမှာ သွေးတွေများစွာရှိပါတယ်၊ အဲဒီသွေးတွေထဲမှာ ပျံ့နှံ့ပြီးတော့ ဟဒယဝတ္ထုရုပ်များတည်ရှိတယ်၊ ပေါ်ပြီးပျောက် ပေါ်ပြီးပျောက်၊ ပေါ်တာကဖြစ်၊ ပျောက်တာကပျက်၊ ဖြစ်ပျက်သဘောမို့မမြဲတဲ့အနိစ္စ၊ဖြစ် ပျက်ဒါဏ်ကို ခံနေရလို့ဒုက္ခ၊ဟဒယဝတ္ထုရုပ်လေးမပျက်ပါစေနဲ့လို့ တောင့်တလို့မရတဲ့အတွက် အနတ္တ၊ ဒီလိုရှုလိုက်ရင်ဝိပဿနာဖြစ်ပါတယ် *(သဒ္ဓမ္မဂုံသီဆရာတော်)*

မြင်သိစိတ် ကြားသိစိတ်စသည်တို့က နှစ်ခုစီရှိပါတယ်၊ပါဠိလိုတော့စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး ဃာနဝိညာဏ်ဒွေးစသည်ဖြင့်ခေါ်ပါတယ်၊ မျက်စိနှစ်လုံးရှိလို့စက္ခုဝိညာဏ်ဒွေး၊ နားနှစ်ပေါက်ရှိလို့သောတဝိညာဏ်ဒွေး၊ နှာခေါင်းနှစ်ပေါက်ရှိလို့ ဃာနဝိညာဏ်ဒွေးလို့ တစ်ချို့ကပြောကြတယ်၊ ဒီလိုမဟုတ်ပါဘူး၊ ကုသလဝိပါက်စက္ခုဝိညာဏ်နဲ့ အကုသလဝိပါက်စက္ခုဝိညာဏ်ရယ်လို့နှစ်ပါးရှိပါတယ်၊ အတိတ်ဘဝက ကုသိုလ်ကံသင်္ခါရတွေထူထောင်ခဲ့လို့ ဒီဘဝမှာကုသလဝိပါက်စက္ခုဝိညာဏ်ဆိုတာလာဖြစ်ရတယ်၊ ကျောင်း ကန် ဘုရား စေတီ ပုထိုးတွေကိုဖူးရ မြင်ရ တွေ့ရှိရတာက အတိတ်က မိမိတို့ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ မြင်သိစိတ်ဖြစ်ရပါတယ်၊ ဒါကိုတော့ ကုသလဝိပါက်စက္ခုဝိညာဏ်လို့ခေါ်ပါတယ်၊

အတိတ်ကအကုသိုလ်ကံသင်္ခါရတွေ ပြုစုပျိုးထောင်ခဲ့မယ်ဆိုရင်တော့ ဒီဘဝမှာ ကိုယ်မမြင်ချင် မတွေ့ချင် မဆုံချင်တဲ့ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တွေနဲ့ မြင်ရ တွေ့ရ ဆုံဆည်းရတာကအတိတ်သံသရာတခွင်ကျင်လည်စဉ်က မိမိတို့ပြုစုပျိုးထောင်ခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့မြင်သိစိတ်ဖြစ်ရတယ်၊ ဒါကိုတော့ အကုသလဝိပါက်စက္ခုဝိညာဏ်လို့ခေါ်ပါတယ်၊ သောတဝိညာဏ်စသည်တို့လဲ ဒီလိုပဲပေါ့၊ ကောင်းတဲ့တရားသံတွေ ချီးကျူးထောမနာသြဘာပေးသံတွေ ကြားနေရတာက ကုသလဝိပါက်သောတဝိညာဏ်၊မကောင်းတဲ့ ဆဲသံ ဆိုသံ ကလော်တုတ်သံ အတင်းအဖျင်းပြောသံတွေ ကြားနေရတာက အကုသလဝိပါက်သောတဝိညာဏ်ဖြစ်ပါတယ်၊ ကောင်းတာတွေ နမ်းရှုနေရတာက ကုသလဝိပါက်ဃာနဝိညာဏ်၊ မကောင်းတဲ့အပုတ်နံ့တွေ နမ်းရှုနေရတာက အကုသလဝိပါက်ဃာနဝိညာဏ်ဖြစ်ပါတယ်၊ ကိုယ်နဲ့သပ္ပါယဖြစ်တဲ့အာဟာရကိုသုံးဆောင်နေရတာက ကုသလဝိပါက်ဇိဝှါဝိညာဏ်၊ ကိုယ်မစားချင်တာတွေ မိတ်ကြိတ်သီးခံပြီးစားနေရတာက အကုသလဝိပါက်ဇိဝှါဝိညာဏ်ဖြစ်ပါတယ်၊ ကောင်းတဲ့အသုံးအဆောင် ပရိဘောဂတွေ သုံးစွဲနေရတာက ကုသလဝိပါက်ကာယဝိညာဏ်၊ မကောင်းတဲ့ ကြမ်းထမ်းတဲ့အသုံးအဆောင်တွေ သုံးစွဲနေရတာက အကုသလဝိပါက်ကာယဝိညာဏ်ဖြစ်ပါတယ်၊

ပဋိစ္စသမုပ္ပါဒ်ပါဠိတော်မှာ မြတ်စွာဘုရားက "သင်္ခါရ ပစ္စယာ ဝိညာဏံ"လို့ ဟောတော်မူတယ်မဟုတ်လား၊ ဘဝငယ် ဘဝကြီးအသီးသီးက ထူထောင်ခဲ့တဲ့ ကောင်းကံ မကောင်းကံတွေကြောင့်ဒီဘဝမှာကောင်းဝိညာဏ်နဲ့ မကောင်းဝိညာဏ်ဆိုပြီးလာဖြစ်ရတာပါ၊ "ဘယ်သူမပြုမိမိမှု၊ ကိုယ်ပြုကိုယ်ခံကိုယ်သာစံ" ကြရမယ်ဆိုတာတော့ သင်တန်းသားအားလုံးနားလယ် သဘောပေါက်လောက်ပါပြီ၊

## (၉) ဥပနိဿယပစ္စည်း

ဥပနိဿယပစ္စည်းက အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယရယ်လို့သုံးမျိုးရှိပါတယ်၊ အာရမ္မဏူပနိဿယက အာရမ္မဏာဓိပတိပစ္စည်းနဲ့တူပြီး အနန္တရူပနိဿယကတော့ အနန္တရပစ္စည်းနဲ့တူပါတယ်၊ မတူတာကတော့ပကတူပနိဿယပစ္စည်းပဲဖြစ်ပါတယ်၊ ဒီဥပနိဿယပစ္စည်းမှာ ကုသိုလ်ကနေကုသိုလ်၊ ကုသိုလ်ကနေအကုသိုလ်၊ ကုသိုလ်ကနေ အဗျာကတဆိုပြီးကုသိုလ်ဘက်မှာသုံးချက်၊အကုသိုလ်ဘက်မှာလဲ အကုသိုလ်ကနေအကုသိုလ်၊ အကုသိုလ်ကနေကုသိုလ်၊ အကုသိုလ်ကနေအဗျာကတဆိုပြီးသုံးချက်၊ အဗျာကတဘက်မှာလဲ အဗျာကတကနေအဗျာကတ၊ အဗျာကတကနေကု–သိုလ် အဗျာကတကနေအကုသိုလ်ဆိုပြီးသုံးချက်အားလုံးပေါင်းကျေးဇူးပြုပုံ(၉)ချက်ရှိပါတယ်၊

### မိုးဥပမာမှတ်ဖို့ရာ

ဥပနိဿယပစ္စည်းက ဥပမာအားဖြင့်ဘာနဲ့တူသလဲဆိုတော့ မိုးရွာချလိုက်တာနဲ့တူပါတယ်၊အားလုံးသော သစ်ပင်တောတောင်တွေဟာ မိုးနဲ့မကင်းကြပါ၊ မိုးနဲ့မကင်းသည့်အားလျော်စွာ မိုးရွာချလိုက်ပြီဆိုရင် သစ်ပင်တွေဟာ ထွားကြိုင်းသန်မာ ဝေဝေဆာဆာဖြစ်လာပါတယ်၊ ထို့အတူရှေးရှေးစိတ်က နောက်နောက်စိတ်ဖြစ်ဖို့ရန် အားကြီးသောမှီရာဖြစ်လို့မို့ ဥပနိဿယသတ္တိလို့ဟောတော်မူပါတယ်၊

### ကုသိုလ်အကုသိုလ်အဗျာကတမည်ပုံ

အပြစ်မရှိခြင်း ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိတာကို ကုသိုလ်ခေါ်ပါတယ်၊ အပြစ်လဲရှိ၊ မကောင်းကျိုးကိုလဲ ဖြစ်စေတတ်တာကို အကုသိုလ်လို့ခေါ်ရပြီး နောက်ဘဝမှာကောင်းကျိုး ဆိုးကျိုးထိုနှစ်မျိုးကိုမပေးနိုင်တာ အဗျာကတခေါ်ပါတယ်၊

ဆောင်

ပြုဆဲခိုက်မှာ၊ ကုသလာ၊ မှန်စွာပြစ်ကင်းသည်၊
ပြုပြီးသောခါ၊ ထိုသူမှာ၊ လွန်စွာချမ်းသာသည်၊
အကုသိုလ်ဟာ၊ ပြုစဉ်မှာ၊ လွန်စွာဆင်းရဲသည်၊
ပြုပြီးခါလဲ၊ ဆိုးကျိုးပဲ၊ မလွဲတွေ့ရမည်၊
ကောင်းကျိုး ဆိုးကျိုး၊ နှစ်မျိုးမပေး၊ ဗျာကတာ၊ သေချာမှတ်ရမည်၊

#### ကုသိုလ်ကနေကုသိုလ်ကျေးဇူးပြုပုံ

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊**

ပုရိမာ ပုရိမာ ကုသလာဓမ္မာအရ ပစ္စည်းတရားက အရဟတ္တမဂ်ကြဉ်သောကုသိုလ်စိတ်၂၀–ကို ကောက်ရပါတယ်၊ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံအရ ကုသိုလ်စိတ်၂၁–ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

**သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ** *(ပဋ္ဌာဝါဂုပါဠိတော်)*

ယုံကြည်မှုသဒ္ဓါတရားကိုအကြောင်းပြု၍ အလှူဒါနပြုလျှက်သီလဆောက်တည်တယ်၊ သဒ္ဓါက ပစ္စည်းတရား၊ အလှူပေး ဥပုဒ်စောင့် တရားအားထုတ်တာကပစ္စယုပ္ပန်တရား၊ ယုံကြည်မှုသဒ္ဓါတရားနဲ့ အလှူပေးရာမှာ ကုသိုလ်ကနေကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ ရှေးကကုသိုလ်သင်္ခါရတွေအားထုတ်ခဲ့လို့ ဒီဘဝမှာဘုရားဝတ်တက် တရားထိုင် ပုတီးစိတ် မေတ္တာပို့ ပဋ္ဌာန်းရွတ် ပရိတ်ရွတ်စတဲ့ကုသိုလ်တွေ ပြုလုပ်ခွင့်ရနေတာလဲ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုနေတာပါပဲ၊ တိသရဏကျောင်းလာပြီး ဆွမ်းကပ်တာက ရှေ့ကုသိုလ်၊ ဆွမ်းကပ်ပြီး သီလယူ ပရိတ်တရားနာ ရေစက်ချ အမျှဝေစတဲ့ကုသိုလ်တွေကနောက်နောက်ကုသိုလ်၊ ရှေ့ရှေ့ကုသိုလ်က နောက်နောက်ကုသိုလ်ကိုကျေးဇူးပြုနေတာပါ၊

#### ကုသိုလ်ကနေအကုသိုလ်ကျေးဇူးပြုပုံ

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ **(***ကောသင်စီဟုဖတ်***)**

ပစ္စည်းတရားက လောကီကုသိုလ်၁၇–ပါး၊ ပစ္စယုပ္ပန်တရားက အကုသိုလ်စိတ်၁၂–ပါး၊ ဒီနေရာမှာ

ပစ္စည်းတရားဘက်က မင်္ဂကုသိုလ်လေးပါးကိုမယူရပါဘူး၊ မင်္ဂကုသိုလ်က အကုသိုလ်ကိုမဖြစ်စေနိုင်၊ ဝါ ကျေးဇူးမပြုနိုင်သောကြောင့် လောကီကုသိုလ်ဖြစ်တဲ့ မဟာကုသိုလ်၈-ပါး၊ မဟဂ္ဂုတ်ကုသိုလ်၉-ပါး ကိုသာယူရပါတယ်၊

**သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊(*ပဋ္ဌာဝါဂုပါဠိတော်*)**

ယုံကြည်မှုသဒ္ဓါနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်က "ဒီလို ကထိန်ခင်းနိုင်တာ ငါမို့ခင်းနိုင်တာ၊ သူများတွေ ငါ့လိုမခင်းနိုင်ဘူး၊ ငါ့လိုသဒ္ဓါတရားမျိုးဘယ်သူရှိနိုင်မှာလဲ" သဒ္ဓါဟူသောကုသိုလ်က မာနဆိုတဲ့အကု သိုလ်ကိုကျေးဇူးပြုလိုက်တာပါ၊"ဒီလူက မိဘအမွေတွေထိုင်စားနေတာ၊ မိဘတွေအတွက်ကုသိုလ်လေး မှလုပ်ဖော်မရ"လို့ သူတစ်ပါးအပြစ်ပြောမှာကြောက်သည့်အတွက် အလှူ၏အကျိုးကိုမယုံကြည်သော် လဲ ပေးလှူခြင်းသည်၊ ကုသိုလ်ကနေ ဒိဋ္ဌိအကုသိုလ်ကိုကျေးဇူးပြုလိုက်ပါတယ်၊ ဘုရားတည် ကျောင်း ဆောက်ပြီး ပွဲလမ်းသဘင်များဖြင့် ရေစက်ချပွဲကျင်းပခြင်း၊ နာမည်ကြီးချင်လို့၊ တီဗွီနဲ့ သီတင်းစာထဲမှာ စာလုံးမဲကြီးနဲ့ပါချင်လို့လှူတာမျိုး၊ သားရှင်ပြု သမီးနားသ ရဟန်းခံပွဲမှာ ဝက်သားအချိန်တရာ Order မှာပြီးလှူတာတွေဟာ ကုသိုလ်ကနေ အကုသိုလ်ကို ဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုနေတာပါ၊ ကေသဋ္ဌိ အချို့သောအကုသိုလ်တို့ဟာ အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဟူသော အဓိပ္ပါယ်ကိုပြပါ သည်၊ ဝီထိစဉ်အနေနဲ့ပြောရရင် ကုသိုလ်ဇောရဲ့အခြားမဲ့မှာ အကုသိုလ်ဇော စောခွင့်မရှိတာကို ရည် ရွယ်ပြီး ကေသဋ္ဌိလို့ဟောတော်မူပါတယ်၊

**ကုသိုလ်ကနေအဗျာကတကျေးဇူးပြုပုံ**

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊**

ပစ္စည်းဘက်က ကုသိုလ်စိတ်၂၁-ပါး၊ ပစ္စယုပ္ပန်ဘက်က ဝိပါက်စိတ်၃၆-ပါး၊ကြိယာစိတ်၂၀-ရပါတယ်၊

**သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ (*ပဋ္ဌာဝါဂုပါဠိတော်*)**

ကထိန်ခင်းတာကကုသိုလ်၊ ကထိန်ပွဲအကြောင်းပြုပြီး သွားရ လာရ လုပ်ကိုင်ရ ပစ္စည်းဝယ်ရ၊ Hall ခန်းငှားရ သယ်ရ ပိုးရ ချက်ပြုတ်ကျော်လှော်ရစတဲ့ ကိုယ်ဆင်းရဲမှုကအဗျာကတ၊ ကုသိုလ်ကနေ အဗျာကတကိုကျေးဇူးပြုပါတယ်၊ တရားထိုင်တာကကုသိုလ်၊ ပြောင်းပြ ကိုက်ခဲ ထုံကျင် အောင့်အီး စတဲ့ကာယိကဒုက္ခအဗျာကတ၊ ကုသိုလ်ကနေအဗျာကတကိုကျေးဇူးပြုတာပါ၊ အတိတ်ဘဝဆည်းပူး အားထုတ်ခဲ့တဲ့ ကောင်းမှုသင်္ခါရကံတွေက ကုသလ၊ ယခုဘဝရရှိထားတဲ့ ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ လူ နတ် ဗြဟ္မာခန္ဓာကအဗျာကတစသည်ဖြင့် ကုသိုလ်ကနေအဗျာကတကိုဥပနိဿယသတ္တိနဲ့ကျေးဇူးပြုနေ တယ်ဆိုတာလဲ ပဋ္ဌာန်းနည်းအရသိရပါတယ်၊

**အကုသိုလ်ကနေအကုသိုလ်ကျေးဇူးပြုပုံ**

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊**

ပစ္စည်း ပစ္စယုပ္ပန်၂ပါးစလုံး အကုသိုလ် ၁၂-ပါးကိုကောက်ရပါတယ်၊

**ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ (*ပဋ္ဌာဝါဂုပါဠိတော်*)**

လိုချင်တပ်မက်နှစ်သက်မှုလောဘကိုအကြောင်းပြု၍ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းခိုးခြင်းစသည်ကျူးလွန်ဖြစ်ပါတယ်၊ လိုချင်တပ်မက်တဲ့လောဘကအကုသိုလ်၊ သတ်ခြင်း ခိုးခြင်း ကလဲ အကုသိုလ်၊ အကုသိုလ်ကနေအကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ မကျေနပ်လို့သတ်ခြင်း လူမှားပြီး သတ်ခြင်းမှာ မကျေနပ်တာကဒေါသအကုသိုလ်၊ သတ်တာကပါဏာတိပါတအကုသိုလ်၊ လူမှားတာက မောဟအကုသိုလ်၊ သတ်တာကပါဏာတိပါတအကုသိုလ်၊ မိဘဆီကအမွေလိုချင်တော့ ရန်တွေ့တရား စွဲပြီးတောင်းပါတယ်၊ အမွေလိုချင်တာကလောဘအကုသိုလ်၊ တရားစွဲတာကဒေါသအကုသိုလ်၊ဒါ အကု သိုလ်ကနေ အကုသိုလ်ကိုကျေးဇူးပြုနေတာပါ၊

**အကုသိုလ်ကနေကုသိုလ်ကျေးဇူးပြုပုံ**

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊**

ပစ္စည်းကအကုသိုလ်စိတ်၁၂-ပါး၊ပစ္စယုပ္ပန်က ကုသိုလ်စိတ်၂၁-ပါး၊ ကေသဉ္စိ-ဆိုတာက ဇောအခိုက်မှာ

အကုသိုလ်ဇောဆိုလဲ အကုသိုလ်ချည်း(၇)ကြိမ်ဆက်တိုက်ဖြစ်ပါတယ်၊ အကုသိုလ်ဇောမှာကုသိုလ်ဇော ကြားညှပ်ပြီး မဖြစ်နိုင်တဲ့အတွက်ကြောင့် အနန္တရူပနိဿယမရပါ၊ အကုသိုလ်ကနေကုသိုလ်ကို အလေး အမြတ်အာရုံမပြုနိုင်တာကြောင့် အာရမ္မဏူပနိဿယလဲမရပါ၊ ဒါကိုရည်ရွယ်ပြီး ကေသဍ္ဍိလို့ဟော တော်မူပါတယ်၊

**ရာဂံ နိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊** *(ပဋ္ဌာန်ပါဠိတော်)*

နောက်ဘဝမှာ ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း၊ စကြာဝတေးမင်းစည်းစိမ်လိုချင်လို့၊ ဗိုလ်ချုပ် မှူးကြီးဖြစ်ချင်လို့၊ ဗိုလ်ချုပ်မှူးကြီးကတော်ဖြစ်ချင်လို့ တောင့်တပြီးလှူတာက လောဘအကုသိုလ်၊ ကထိန်သင်္ကန်းကပ်တာက ဒါနကုသိုလ်၊ အကုသိုလ်ကကုသိုလ်ကိုကျေးဇူးပြုနေပါတယ်၊ "သရာဂံ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ"သတိပဋ္ဌာန်ပါဠိတော်အရ လောဘဖြစ်နေတဲ့စိတ်ကို လောဘဖြစ်နေတယ်၊ လောဘဖြစ်နေတယ်လို့ ရှုနေတဲ့ယောဂီပုဂ္ဂိုလ်မှာ လောဘစိတ်ကအကုသိုလ်၊ ရှုနေတာက သတိပဋ္ဌာန် ဘာဝနာကုသိုလ်၊အကုသိုလ်ကနေ ကုသိုလ်ကိုကျေးဇူးပြုနေတာပါ၊ အိမ်မှာခိုင်းနေတဲ့နွားလေးသတ်ပြီး သားရှင်ပြု သမီးနားသမင်္ဂလာမှာ ကျွေးလိုက်ပါတယ်၊ နွားသတ်တာကအကုသိုလ်၊ ရှင်ပြု နားသမှာ ကျွေးတာက ကုသိုလ်စသည်ဖြင့် ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုနေပါတယ်၊

### အကုသိုလ်ကနေအဗျာကတကျေးဇူးပြုပုံ

**ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊**
ပစ္စည်းဘက်ကအကုသိုလ်စိတ်၁၂–ပါး၊ပစ္စယုပ္ပန်ဘက်ကဝိပါက်စိတ်၃၆–ပါး၊ ကြိယာစိတ်၂၀–ရပါတယ်၊

**ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ** *(ပဋ္ဌာန်ပါဠိတော်)*

လိုချင်တပ်မက် နှစ်သက်မှုကိုအကြောင်းပြုပြီး သွားရ လာရ လုပ်ကိုင်ရ ရှာဖွေရ စုဆောင်းရ သိမ်းဆည်းရ သိုမှီးရတဲ့ဒုက္ခတွေဖြစ်ပါတယ်၊ လိုချင်တပ်မက် ငန်းငန်းတက်ဖြစ်နေတာကလောဘ အကုသိုလ်ပစ္စည်းတရား၊ ရှာဖွေရတဲ့ဒုက္ခက အဗျာကတပစ္စယုပ္ပန်ဖြစ်ပါတယ်၊ ရှေးဘဝက အကုသိုလ် ဒုစရိုက်မှုတွေကျူးလွန်ခဲ့လို့ ဒီဘဝမှာ အပါယ်လေးပါးခန္ဓာရလာပါတယ်၊ ရှေးဘဝကအားထုတ်ခဲ့တဲ့ ဒုစရိုက်အကုသိုလ်ကကျေးဇူးပြုလိုက်လို့ ဒီဘဝ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့အဗျာကတ ခန္ဓာရလာခြင်းဖြစ်ပါတယ်၊ ဒါဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပါ၊

### အဗျာကတကနေအဗျာကတကျေးဇူးပြုပုံ

**ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေနပစ္စယော၊**
ဝိပါက်စိတ်၃၆–ပါး၊ ကြိယာစိတ်၂၀၊ ရုပ်၂၈–ပါး၊ နိဗ္ဗာန်ကပစ္စည်းတရား၊ ဝိပါက်စိတ်၃၆–ပါး၊ကြိယာ စိတ်၂၀–ကပစ္စယုပ္ပန်တရား၊

**ကာယိကံ သုခံ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဥပနိဿယပစ္စယေန ပစ္စယော၊**

ရှေးရှေးဒါနကုသိုလ်ကံကြောင့် ဒီဘဝမှာမတောင့်မတ မကြောင့်မကျ၊ မပူမပင် ချမ်းချမ်း သာ သာနေရပါတယ်၊ ဒါလောက်တင်အားမရသေးလို့ "ရလေလိုလေ အိုတဏှာ"ဆိုတာလို ဒါထက်ပိုပြီး ချမ်းသာချင်တော့ ထပ်ကျိုးစား ရှာဖွေရပါတယ်၊ မပူမပင် ချမ်းချမ်း သာသာနေရတာက အဗျာကတ ပစ္စည်းတရား၊ ပိုချမ်းသာချင်လို့ရှာဖွေရတဲ့ ကိုယ်ဆင်းရဲမှုက အဗျာကတပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ချမ်းချမ်း သာသာနေရတာက ကာယိကသုခ(အဟိတ်ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဉ်စိတ်) ကအဗျာကတပစ္စည်းတရား၊ ကိုယ်ဆင်းရဲမှုက ကာယိကဒုက္ခ(အဟိတ်အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်)ကအဗျာကတပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ အစားအသောက်နဲ့ပတ်သက်ပြီး ကိုယ်နဲ့ သပ္ပါယဖြစ်တဲ့ခဲဘွယ်ဘောဇဉ်ကိုစားနေရလို့ကျမ္မာပြီး နေသာထိုင်သာဖြစ်နေရပါတယ်၊ သပ္ပါယဖြစ်တဲ့ အစားအစာက အဗျာကတပစ္စည်းတရား၊ ကျမ္မာရေးကောင်းနေတာက အဗျာကတပစ္စယုပ္ပန်တရား ဖြစ် ပါတယ်၊ ဒါဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုနေတာပါ၊

### အဗျာကတကနေကုသိုလ်ကျေးဇူးပြုပုံ

**ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေနပစ္စယော၊**
အရဟတ္တဖိုလ်ကြဉ်သော ဝိပါက်စိတ်၃၅–ပါးကပစ္စည်းတရား၊ ကုသိုလ်စိတ်၂၁–ပါးကပစ္စယုပ္ပန်တရား၊

ရဟန္တာဖြစ်ပြီး ကုသိုလ်ကိုကျေးဇူးမပြုသောကြောင့် အရဟတ္တဖိုလ်ကိုကြဉ်ရပါသည်၊

**ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ** *(ပဋ္ဌာန်ပါဠိတော်)*

ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရတာကိုအကြောင်းပြုပြီး နောင်သံသရာမှာလဲ ချမ်းချမ်း သာသာ ဖြင့်နေချင်တဲ့အတွက် ဒါနပြုပါတယ်၊ ပြည့်ပြည့် စုံစုံဖြစ်နေတာက အဗျာကတ၊ ဒါနပြုတာက ကုသိုလ် ဖြစ်ပါတယ်၊ စီးပွါးရေး အဆင်ပြေ ကျမ္မာရေးလဲကောင်းတုန်း ဒါနပြု သီလဆောက်တည်၊ တရား အားထုတ်ဦးမှပဲဆိုပြီးကုသိုလ်တွေပြုပါတယ်၊ ဒါကလဲ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ ကုသိုလ်ပြုဖို့ သတိရ တာပါ၊အသိဉာဏ်မပါတဲ့ပုဂ္ဂိုလ်များမှာတော့ ငါးပါးအာရုံကာမဂုဏ်တွေခံစားကာ အချိန်ဖြုန်းနေတတ် ပါတယ်၊ကျမ္မာပြီး စီးပွါးဥစ္စာပြည့်စုံနေတာက အဗျာကတပစ္စည်းတရား၊ ဒါန သီလ ဘာဝနာ ကောင်းမှု တွေပြုတာက ကုသိုလ်ပစ္စယုပ္ပန်တရား၊ အဗျာကတကနေ ကုသိုလ်ကိုကျေးဇူးပြုနေတာပါ၊

**အဗျာကတာကနေအကုသိုလ်ကိုကျေးဇူးပြုပုံ**

**ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊**
လောကီဝိပါက်၃၂–ပါး၊ ရုပ်၂၈–ပါးကပစ္စည်းတရား၊ (လောကုတ္တရာဝိပါက်၄–ပါးနဲ့ကြိယာစိတ်၂၀–က အကုသိုလ်ကို ကျေးဇူးမပြုနိုင်သောကြောင့် မယူရပါ၊ ရူပါရုံစသည်ကိုအကြောင်းပြုပြီး အကုသိုလ်တွေ ဖြစ်နိုင်တဲ့အတွက် ရုပ်၂၈–ပါးယူရပါတယ်) အကုသိုလ်စိတ်၁၂–ပါးကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

**ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ** *(ပဋ္ဌာန်ပါဠိတော်)*

လက်ရှိရထားတဲ့ ချမ်းသာလေးပျောက်ပျက်မသွားအောင် ဝက်သတ်ပြီးအသက်မွေး စီးပွါးရှာပါ တယ်၊ လက်ရှိချမ်းသာကအဗျာကတပစ္စည်းတရား၊ ဝက်သတ်တာက အကုသိုလ်ပစ္စယုပ္ပန်ဖြစ်ပါတယ်၊ ထိုင်းဝန်ကြီးချုပ် Thaksin Shinawatra လက်ရှိစည်းစိမ်ပျက်စီးသွားမှာစိုးလို့ ပေးဆောင်ရမဲ့အခွန်ကို မပေးပဲတဖက်လှည့်နဲ့ ရှောင်လွှဲလိုက်ပါတယ်၊ Mr Thaksin ရဲ့ စီးပွါးဥစ္စာပြည့်စုံမှုနဲ့ ဝန်ကြီးချုပ်စည်း စိမ်ခံစားနေတာက အဗျာကတ၊ ပေးဆောင်ရမဲ့ ဘီလျံနဲ့ချီတဲ့အခွန်ဘဏ္ဍာကို နိုင်ငံတော်အားမပေးပဲ ရှောင်လွှဲပြီး ခိုးလိုက်တာက အကုသိုလ်၊ အဗျာကတကနေ အကုသိုလ်ကို ဥပနိဿယပစ္စည်းနဲ့ကျေးဇူး ပြုလိုက်လို့ အာဏာသိမ်းခံလိုက်ရပြီး အင်္ဂလန်သမီးအိမ်ကိုထွက်ပြေးနေရတာပါ၊

**ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊**
**သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊**

အအေးအပူညီညွတ်မျှတနေတဲ့အခါမှာ တရားအားထုတ်ရတာအဆင်ပြေပြီး သမာဓိဉာဏ်တွေ တက်ပါတယ်၊ဒါ ရာသီဥတု အပူအအေးကိုအကြောင်းပြုပြီး ကုသိုလ်ကိုကျေးဇူးပြုလိုက်တာပါ၊ အစား ကောင်းကောင်းလေးစားသောက်နေရတဲ့အခါ မြန်မာပြည်မှာရှိတဲ့ကိုယ့်မိဘနှစ်ပါးကို ကျွေးချင် စားစေ ချင်ပြီး မျိုလို့မကျလည်ပင်းတစ်နေတတ်ပါတယ်၊ ကောင်းတဲ့အစားအစာကိုစားနေရတာကအဗျာကတ၊ မိဘနှစ်ပါးစားစေချင် ကျွေးချင်တာက ကုသိုလ်၊ အဗျာကတကနေကုသိုလ်ကိုကျေးဇူးပြုနေတာပါ၊ထွင်း စားနေတဲ့အခါ ထွင်းလုပ်ပြင်ရင်ပြင်တယ်၊ ပါးစပ်ထဲခွံ့ရင်ခွံ့တယ်၊ ဝါးရင်ဝါးတယ်၊ မျိုချရင်မျိုချတယ် စသည်ဖြင့်မှတ်သိစိတ်နဲ့ စားနေတဲ့ယောဂီမှာ ထွင်းစားတာက အဗျာကတ၊ ဘာဝနာမှတ်သိစိတ်က ကုသိုလ်၊ စားဖွယ်သောက်ဖွယ်ကိုအကြောင်းပြုပြီးလဲ အဗျာကတကနေ ကုသိုလ်ကို ပဋ္ဌာန်းနည်းနဲ့ ကျေးဇူးပြုနေပါတယ်၊ ကလျာဏမိတ္တလို့ခေါ်ရတဲ့မိဘ ဆရာသမား ရဟန်းသံဃာတွေအကြောင်းပြုပြီး ဒါန သီလ ဘာဝနာကုသိုလ်တွေပြုခွင့်ရပါတယ်၊ ကလျာဏမိတ္တပုဂ္ဂိုလ်က အဗျာကတ၊ ဒါန သီလ ဘာဝနာတွေပြုခွင့်ရတာကကုသိုလ်ဖြစ်ပါတယ်၊ ဒီလိုမိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းရတဲ့အခါမှာ အဗျာကတကနေ ကုသိုလ်ကိုကျေးဇူးပြုသလိုပဲ ရှင်ဒေဝဒတ်လိုမိတ်ယုတ်ဆွေယုတ်နဲ့ပေါင်းရတဲ့အဇာ– တသတ်မင်းမှာတော့ ခမည်းတော်ကိုသတ်မိတဲ့ပိတုဃာတကကံကြီးထိုက်ကာ အဗျာကတကနေ အကု သိုလ်ကိုကျေးဇူးပြုလိုက်ပါတယ်၊ သင့်လျော်လျောက်ပတ်တဲ့ ကျောင်း အိပ်ရာ နေရာမှာနေထိုင်ရတဲ့ အခါစိတ်ချမ်းသာစွာကုသိုလ်တွေလုပ်ဖြစ်သလိုဆောင်းရာသီ ဟီတာပျက်နေတဲ့အခါမျိုးမှာတော့ ကိုယ် စိတ်နှစ်ပါးဆင်းရဲပြီး အကုသိုလ်ဖြစ်ရမှာပါ၊ ကျောင်းအိပ်ရာနေရာလို့ခေါ်တဲ့အဗျာကတကိုအကြောင်း ပြုပြီး ကုသိုလ်နဲ့အကုသိုလ်ဖြစ်အောင် ဥပနိဿယပစ္စည်းနဲ့ကျေးဇူးပြုလိုက်ပါတယ်၊

## (၁၀) ပုရေဇာတပစ္စည်း

ပုရေ+ဇာတ၊ပုရေ–ကရှေ့၌၊ဇာတ–ကဖြစ်တဲ့ပစ္စည်းတရားဖြစ်ပါတယ်၊ရှေ့ကဖြစ်နှင့်ပြီးကျေးဇူးပြုတတ်သောတရားကို ပုရေဇာတပစ္စည်းခေါ်ပါတယ်၊ ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ မိဘနဲ့သားသမီးလိုပါပဲ၊ သားသမီးတွေလူတစ်လုံး သူတစ်လုံးဖြစ်ကာ ကြီးပွါးလာကြတာဟာ မိဘအရိပ်ကိုခိုလှုံရလို့ပါပဲ၊ မိဘနှစ်ပါးကရှေ့ကဖြစ်နှင့်ပြီး သားသမီးတို့ကို ကျေးဇူးပြုတတ်သလို ပုရေဇာတပစ္စည်းကလဲ ရှေးကဖြစ်နှင့်ပြီး (ဝါ) အရင်ဖြစ်နှင့်ပြီးမှ နောက်နောက်ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုတတ်ပါတယ်၊

တနည်းအားဖြင့် နေလတို့ဟာ ကမ္ဘာဦးကလူသားတွေထက် အရင်ဖြစ်ပါတယ်၊ လူသားတွေက နောက်မှဖြစ်တာပါ၊ နေလတို့ကရှေးဦးစွာအရင်ဖြစ်နှင့်ပြီး လူသားတို့အား အလင်းရောင်ဓာတ်ကိုပေးလျှက်ကျေးဇူးပြုတတ်သောကြောင့် ပုရေဇာတပစ္စည်းနဲ့တူပါတယ်၊

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊**

စက္ခာယတနံအရ မျက်စိအကြည်ရုပ်က အကြောင်းပစ္စည်းတရား၊ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံအရ မြင်သိစိတ်၊ မြင်သိစိတ်နှင့်အတူဖြစ်သော စေတသိက်(၇)လုံးက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ပစ္စည်းဘက်က ရုပ်တရား၊ ပစ္စယုပ္ပန်ဘက်က စိတ် စေတသိက်နာမ်တရားဖြစ်ပါတယ်၊

စက္ခာယတနံကို ပုဒ်ခွဲလိုက်ရင် စက္ခု+အာယတနဖြစ်ပါတယ်၊ စက္ခု–ကမျက်စိအကြည်ရုပ်၊ အာယတန–ကအကြောင်းတရား၊ ဘယ်သူဖြစ်ခြင်းရဲ့အကြောင်းတရားလဲဆိုတော့ စက္ခုဝိညာဏ်=မြင်သိစိတ်ဖြစ်ခြင်းရဲ့အကြောင်းတရားဖြစ်ပါတယ်၊ ဦးဖင်းတို့သဏ္ဍာန်မှာရှိတဲ့ မျက်စိအကြည်ရုပ်လေးဟာ မြင်သိစိတ်ဖြစ်ခြင်းရဲ့ အဇ္ဈတ္တအကြောင်းတရားပါ၊ ဗဟိဒ္ဓအကြောင်းတရားကတော့ အဆင်းမျိုးစုံရူပါရုံတွေပဲပေါ့၊ မျက်စိအကြည်နဲ့ အဆင်းမျိုးစုံရူပါရုံဆုံမိမှ အော် ဒါက မောင်ဖြူပဲ မောင်လှပဲကိုးလို့ မြင်သိစိတ်ဖြစ်ရပါတယ်၊ မျက်စိအကြည်ရုပ်သည် ရှေးကဖြစ်နှင့်ပြီးဖြစ်၍ မြင်သိစိတ်ဖြစ်ပေါ်လာအောင် ပုရေဇာတပစ္စည်းနဲ့ ကျေးဇူးပြုလိုက်ပါတယ်၊ မြင်သိစိတ်ဖြစ်ပေါ်လာရန် အကြောင်းလေးချက်ပြည့်စုံရပါတယ်၊ စက္ခုဆိုတဲ့မျက်စိအကြည်ရှိခြင်း၊ အာလောကခေါ်တဲ့အရောင်အလင်းရှိခြင်း၊ ရူပါရုံအဆင်းရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း ဒီအင်္ဂါလေးပါးပြည့်စုံမှ စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* စက္ခာလောက၊ ရူပထင်ပြီ၊ မနသိ လေးလီစက္ခုဖို့၊*(ဘာသာဋီကာဆရာတော်)*

သောတာယတန၊သောတ+အာယတန၊သောတ–ကနားအကြည်ရုပ်၊ အာယတန–ကအကြောင်းတရား၊ ကြားသိစိတ်ဖြစ်ခြင်းရဲ့အကြောင်းတရားဖြစ်ပါတယ်၊ နားအကြည်ရုပ်ကြောင့် ကြားသိစိတ်ဖြစ်ရပါတယ်၊ နားအကြည်ရုပ်သည် ရှေးကဖြစ်နှင့်ပြီးဖြစ်၍ ကြားသိစိတ်ဖြစ်ပေါ်လာအောင် ပုရေဇာတပစ္စည်းကကျေးဇူးပြုပါတယ်၊ ကြားသိစိတ်ဖြစ်ဖို့လဲ အင်္ဂါလေးပါးပြည့်စုံရပါတယ်၊နားအကြည်လဲရှိခြင်း၊ အသံသဒ္ဒါရုံရှိခြင်း၊ အာကာသခေါ်တဲ့အကြားအပေါက်ရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း ဒီအင်္ဂါလေးပါးပြည့်စုံမှကြားသိစိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* သောတသဒ္ဒါ၊ အာကာရှိခြင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊ မှန်စွာကြားစိတ်ဖြစ်ကြောင်းတည်း၊ *(သဒ္ဒမ္မဂုံသီဆရာတော်)*

ဃာနာယတန၊ဃာန–ကနှာခေါင်းအကြည်ရုပ်၊ အာယတန–ကအကြောင်းတရား၊ နံသိစိတ်ဖြစ်ခြင်းရဲ့အကြောင်းတရားဖြစ်လို့မို့ ဃာနာယတနခေါ်ပါတယ်၊ နှာခေါင်းအကြည်ရုပ်ကြောင့် နံသိစိတ်ဖြစ်ရတာပါ၊ နှာခေါင်းအကြည်ရုပ်က ရှေးကဖြစ်နှင့်ပြီးဖြစ်၍ နံသိစိတ်ကို ပုရေဇာတပစ္စည်းကကျေးဇူးပြုပါတယ်၊ နံသိစိတ်ဖြစ်ရာမှာလဲ အင်္ဂါလေးချက်ရှိပါတယ်၊ နှာခေါင်းအကြည်ရှိခြင်း၊ အနံ့မျိုးစုံဂန္ဓာရုံရှိခြင်း၊ ဆောင်လာသောလေညှင်းရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဒီအင်္ဂါလေးပါးစုံမှ နံသိစိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* ဃာနဂန္ဓာ၊ ဆောင်လာလေညှင်း၊ နှလုံးသွင်းပါ၊
ဤလေးဖြာ၊မှန်စွာနံသိစိတ်ဖြစ်ကြောင်းတည်း၊*(သဒ္ဒမ္မဂုံသီဆရာတော်)*

ဇိဝှါယတန၊ဇိဝှာ–ကလျှာအကြည်ရုပ်၊ အာယတန–ကအကြောင်းတရား၊ စားသိစိတ်ဖြစ်ခြင်းရဲ့အကြောင်းဖြစ်လို့ ဇိဝှါယတနခေါ်ပါတယ်၊ လျှာအကြည်ရုပ်က ရှေ့ကဖြစ်နှင့်ပြီးဖြစ်၍ ပုရေဇာတပစ္စည်း

ဖြင့်ကျေးဇူးပြုလိုက်လို့ စားသိစိတ်ဖြစ်ပါတယ်၊ စားသိစိတ်ဖြစ်ရာမှာလဲ အင်္ဂါလေးပါးပြည့်စုံရပါတယ်၊ လျှာအကြည်ရုပ်ရှိခြင်း၊ ရသာရုံရှိခြင်း၊ အစိုဓာတ်ရှိခြင်း၊ လျှာကခြောက်နေရင်အရသာမသိနိုင်ပါ၊ အရသာမသိရင် စားသိစိတ်မဖြစ်နိုင်ပါ၊ နှလုံးသွင်းမှုရှိခြင်း၊ ဒီအင်္ဂါလေးပါးပြည့်စုံမှ စားသိစိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* ဇိဝှါရသာ၊ စိုတာရှိခြင်း၊ နှလုံးသွင်းပါ၊

ဤလေးဖြာ၊ မှန်စွာစားသိစိတ်ဖြစ်ကြောင်းတည်း၊ *(သဒ္ဒမ္မရံသီဆရာတော်)*

ကာယာယတန၊ကာယ-ကခန္ဓာကိုယ်အကြည်ရုပ်၊ အာယတန-ကအကြောင်းတရား၊ ထိသိစိတ်ဖြစ်ခြင်းရဲ့အကြောင်းတရားဖြစ်လို့ ကာယာယတနခေါ်ပါတယ်၊ ခန္ဓာကိုယ်အကြည်ရုပ်က ရှေ့ကဖြစ်နှင့်ပြီးဖြစ်၍ ပုရေဇာတပစ္စည်းဖြင့်ကျေးဇူးပြုလိုက်လို့ ထိသိစိတ်ဖြစ်ပါတယ်၊ ထိသိစိတ်ဖြစ်ရာမှာ အင်္ဂါလေးပါးပြည့်စုံရပါတယ်၊ ခန္ဓာကိုယ်အကြည်ရုပ်ရှိခြင်း၊ တွေ့ထိစရာအာရုံရှိခြင်း၊ အမာခံပထဝီဓာတ်ရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း ဤအင်္ဂါလေးပါးပြည့်စုံမှ ထိသိစိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* ကာယဖောဋ္ဌဗ္ဗ၊ မာခံရှိခြင်း၊ နှလုံးသွင်းပါ၊

ဤလေးဖြာ၊ မှန်စွာထိစိတ်၊ ဖြစ်ကြောင်းတည်း၊ *(သဒ္ဒမ္မရံသီဆရာတော်)*

မနာယတန၊ မန-ကဟဒယဝတ္ထုဟူသောမနောအကြည်၊ အာယတန-ကအကြောင်းတရား၊ တွေးတောကြံစည်စိတ်ဖြစ်ခြင်းရဲ့ အကြောင်းတရားဖြစ်လို့ မနာယတနခေါ်ပါတယ်၊ တွေးတောကြံစည်စိတ်ဖြစ်ရာမှာလဲ အင်္ဂါလေးချက်ပြည့်စုံရပါတယ်၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ဘဝင်လဲထင်ရှားရှိခြင်း၊ ကြံတွေးစရာအာရုံကလဲ အဲဒီဘဝင်မှာလာထိခိုက်ခြင်း၊ မှီရာဟဒယဝတ္ထုလဲရှိခြင်း၊ နှလုံးသွင်းမှုလဲရှိခြင်း ဤအင်္ဂါလေးပါးစုံမှ တွေးတောကြံစည်စိတ်ဖြစ်ပါတယ်၊

*(ဆောင်ပုဒ်)* ဘဝင်အာရုံ၊ ဝတ္ထုံဟဒယ၊ ထင်စွာဖြစ်ခြင်း၊ နှလုံးသွင်းပါ၊

ဤလေးဖြာ၊ မှန်စွာကြံစိတ်ဖြစ်ကြောင်းတည်း၊ *(သဒ္ဒမ္မရံသီဆရာတော်)*

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊**

ရူပါယတနံ၌ ရူပ-ကအဆင်းမျိုးစုံရူပါရုံ၊ အာယတန-ကအကြောင်း၊ ဘယ်သူရဲ့အကြောင်းလဲဆိုတော့ မြင်သိစိတ်ရဲ့အကြောင်းဖြစ်ပါတယ်၊ အဆင်းမျိုးစုံရူပါရုံရှိမှ မြင်သိစိတ်ဖြစ်ရပါတယ်၊ မျက်စိအကြည်ရုပ်တော့ရှိတယ်၊ ရူပါရုံမရှိလျှင်မြင်သိစိတ်မဖြစ်နိုင်ပါ၊ အဆင်းရူပါရုံသည်မြင်သိစိတ်ဖြစ်ခြင်း၏အကြောင်းဖြစ်ပါတယ်၊ စက္ခာယတနံ-ဟူသောပါဠိဖြင့် မြင်သိစိတ်ရဲ့ အဇ္ဈတ္တအကြောင်းကိုပြပါတယ်၊ ရူပါယတနံ-ဟူသောပါဠိဖြင့် မြင်သိစိတ်ရဲ့ဗဟိဒ္ဓအကြောင်းကိုပြပါတယ်၊

ရူပါယတနံအရ အဆင်းရူပါရုံရုပ်တရားကအကြောင်းပစ္စည်းတရား၊ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စဓမ္မာနံအရ မြင်သိစိတ်နဲ့ယှဉ်ဘက် စေတသိက်(၇)လုံးက အကျိုးပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ဒီပုရေဇာတပစ္စည်းမှာ စက္ခာယတနံမှ မနာယတနံအထိဝတ္ထုရုပ် (၆) ပါးကပစ္စည်းတရား၊ ဆဝိညာဏဓာတ်နှင့်ယှဉ်ဘက်စေတသိက်များက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ရူပါယတနံမှဓမ္မာယတနံအထိ အာရုံ(၆)ပါးကပစ္စည်းတရား၊ ဆဝိညာဏဓာတ်နှင့် ယှဉ်ဘက်စေတသိက်များက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ (ပ) တံရူပံအထိ ဟဒယဝတ္ထုရုပ်ကပစ္စည်းတရား၊ မနောဓာတုယာ (ပ) တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အရမနောဓာတ် မနောဝိညာဏဓာတ်နှင့်ယှဉ်ဘက် စေတသိက်(၅၂)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယောပါဠိအရ အချို့သောပဝတ္တိအခါမှာ ဝတ္ထာရမ္မဏပုရေဇာတဖြင့်ကျေးဇူးပြုပြီး အချို့သောပဋိသန္ဓေအခါမှာ ဝတ္ထာရမ္မဏပုရေဇာတဖြင့်ကျေးဇူးမပြုပုံကိုပြပါတယ်၊ ဝတ္ထာရမ္မဏပုရေဇာတကို ပုဒ်ခွဲလိုက်ရင် ဝတ္ထု+အာရမ္မဏ+ပုရေဇာတလို့ဖြစ်ပါတယ်၊ ဝတ္ထု-ကဝတ္ထုရုပ်(၆)ပါး၊ အာရမ္မဏ-ကအာရုံ(၆)ပါး၊ ပုရေဇာတ-ကရှေးကဖြစ်ခြင်း၊ ဝတ္ထုရုပ်(၆)ပါးနဲ့အာရုံ(၆)ပါးကိုမှီပြီး ဝိညာဏ်အသိစိတ်(၆)ပါးဖြစ်တာကို ရည်ရွယ်ကာ ဝတ္ထာရမ္မဏပုရေဇာတလို့ ဆိုပါတယ်၊ ဒီနေရာမှာပဋိသန္ဓေနဲ့ ပဝတ္တိဆိုပြီးရှိပါတယ်၊သုတ္တန်နည်းအရ "ပဋိသန္ဓေ" ဆိုတာ မမွေးခင် (ဝါ) အမိဝမ်းကမဖွားခင်အချိန်ကိုခေါ်ပြီး မွေးဖွားပြီးသည်မှ စုတိစိတ်မကျမှီအတွင်း "ပဝတ္တိ" လို့ခေါ်ပါတယ်၊ အဘိဓမ္မာနည်းအရတော့စုတိစိတ်ကျပြီး ပဋိသန္ဓေနောင်ဘဝင် ၁၅ကြိမ် ၁၆ကြိမ်ကျ၊ မနောဒွါရာဝဇ္ဇန်း၊

ဘဝနိကန္တိကလောဘဇော(၇)ကြိမ်ဖြစ်ပါတယ်၊ "ပဋိသန္ဓေ" ကာလဆိုတာဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ စိတ္တက္ခဏ တစ်ချက်လေးပဲဖြစ်ပါတယ်၊ ပဋိသန္ဓေစိတ္တက္ခဏတစ်ချက်လွန်ပြီးနောက် ပထမဘဝင်၏ဥပါဒ်ခဏမှစ၍ စုတိစိတ်မကျမချင်း "ပဝတ္တိ"ခေါ်ပါတယ်၊ သုတ္တန်နည်း အဘိဓမ္မာနည်းဤသို့ထူးပါသည်၊

*(ဆရာတော်ဦးပဏ္ဍိတာဘိဝံသ)*

## (၁၁) ပစ္ဆာဇာတပစ္စည်း

ပစ္ဆာ–နောက်ကာလ၌၊ ဇာတ–ဖြစ်သောတရား၊ လောကမှာအကြောင်းနှင့် အကျိုးနှစ်မျိုးရှိရာ အကြောင်းတရားကရှေ့ဖြစ်ပြီး အကျိုးတရားကနောက်မှဖြစ်ရိုးထုံးစံဖြစ်ပါတယ်၊ရှေးရှေးပစ္စည်းတွေမှာ အကြောင်းကိုရှေ့ထားပြီး အကျိုးကိုနောက်ထားကာဟောတော်မူပါတယ်၊ ဒီပစ္စည်းမှာတော့ ဘုရားရှင် ကိုယ်တော်မြတ်က အကြောင်းတရားကနောက်မှဖြစ်ပြီး အကျိုးတရားကရှေ့၌ဖြစ်တယ်လို့ဟောတော် မူပါတယ်၊

### လင်းတဥပမာမှတ်လိုက်ပါ

လင်းတငယ်လေးတွေပေါက်လာပြီဆိုရင် မိဘများအစာရှာ သွားကြတယ်၊ အစာရှာသွားကြပေ မဲ့သူတို့ပဲစားခဲ့ကြတယ်၊ ကလေးတွေအတွက်ဘာမှယူမလာခဲ့ကြဘူး၊ လင်းတငယ်လေးတွေခမျာ ဘာ မှမစားကြရရှာဘူး၊ နှုတ်ချိုတိုက်ကျွေးမွေးမြူခြင်းလဲမရှိဘူး၊ ဒါပေမဲ့ မိဘတွေပြန်လာရင် ဒို့အစာစားရမှာ ပဲဆိုတဲ့ မျှော်လင့်ချက်အာသာလေးတော့ရှိတယ်၊ ညမိုးချုပ်တော့မိဘတွေပြန်လာ၊ "အေး နောက်နေ့ ကျရင် သားသားတို့ မီးမီးတို့အတွက် ဒက်ဒီနဲ့မာမီ အစာရှာလာခဲ့မယ်နော်"လို့ပြောပြီး ကလေးတွေရဲ့ စိတ်နှလုံးကို ရွှင်ပြုံးစေခဲ့ကြတယ်၊ နောက်နေ့ မိဘတွေအစာရှာထွက်၊ ဒက်ဒီနဲ့မာမီပြန်လာရင် ဒို့စားရ တော့မှာပဲဆိုတဲ့မျှော်လင့်ချက် ထားကြပြန်တယ်၊ ညမိုးချုပ်မိဘတွေပြန်လာတော့လဲ သားသားနဲ့မီးမီး အတွက်ဘာတစ်ကောင် တစ်မှိုးမှမပါလာဘူး၊ ဒါပေမဲ့ မိဘနဲ့နေရလို့စိတ်ချမ်းသာပြီးနောက်နေ့စားရမှာ ပဲဆိုတဲ့ မျှော်လင့်ချက်အာသာနဲ့ပဲ သူတို့လေးတွေရဲ့ဘဝ ရှင်သန်ရပ်တည်ခဲ့ကြရတာပါ၊

နောက်ဥပမာတစ်ခုကတော့ ရှေ့ရှေ့လတွေ နှစ်တွေကစိုက်ပျိုးထားတဲ့သစ်ပင်တွေဟာ နောက် နောက်လတွေ နှစ်တွေမှာရွာချတဲ့မိုးကြောင့် ရှင်သန်ကြီးထွားပြီး ဝေဝေဆာဆာဖြစ်လာရပါတယ်၊ နောက်နောက်ရွာတဲ့မိုးက ရှေ့ကပေါက်နှင့်ပြီးဖြစ်သော သစ်ပင်များကို ဝေဝေဆာဆာဖြစ်အောင် တန်း ဆာဆင် ကျေးဇူးပြုပေးလိုက်သလို ဦးဇင်းတို့ရဲ့ခန္ဓာကြီးကိုလဲနောက်ဖြစ်တဲ့စိတ်တွေက ကျေးဇူးပြုပေး နေပါတယ်၊ နောက်စိတ်တွေကကျေးဇူးပြုပေးလို့ ရုပ်ခန္ဓာကြီးရပ်တည်နေရတာပါ၊ စိတ်အားထက်သန် ရင်ရုပ်တွေလဲကြည်လင်နေပါတယ်၊ ဥပမာ လောဘဒေါသဖြစ်နေတဲ့အခါ မျက်နှာနဲ့ မေတ္တာပွါးနေတဲ့ အခါ တရားအားထုတ်နေတဲ့အခါမျိုးမှာဖြစ်နေတဲ့မျက်နှာ ပုံပန်းသဏ္ဍာန်ဟာသိတ်ကွာခြားလှပါတယ်၊ ဒါနောက်စိတ်က ပစ္ဆာဇာတပစ္စည်းနဲ့ကျေးဇူးပြုနေတာပါပဲ၊

**ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊**

နောက်နောက်ဖြစ်တဲ့ စိတ်စေတသိက်တရားတွေက ရှေးရှေးဖြစ်တဲ့ ကံကြောင့်ဖြစ်တဲ့ရုပ် ဥတု ကြောင့်ဖြစ်တဲ့ရုပ် အာဟာရကြောင့်ဖြစ်တဲ့ရုပ်နဲ့ ရှေ့စိတ်နှင့်အတူဥပါဒ်၍ဖြစ်သောရုပ်များကို နောက် နောက် စိတ် စေတသိက်တွေက ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုပါသည်၊

*(မှတ်ချက်)* ရုပ်သက်တစ်ချက်ကို စိတ်သက်(၁၇)ချက်ရှည်ပါသည်၊

လောကမှာ သားကောင်း သမီးကောင်း သားလိမ္မာ သမီးလိမ္မာတွေ ဘွဲ့ထူးဂုဏ်ထူးရလာတဲ့အခါ မိဘတွေမှာ စိတ်ချမ်းသာခဲ့ရတယ်၊ နောက်အလုပ်အကိုင်တွေ အဆင်ပြေ ဝင်ငွေတွေကောင်းလာတဲ့ အချိန်ကြတော့ မိဘတွေရဲ့ကျေးဇူးကိုပြန်ဆပ်တဲ့အနေနဲ့ နေရေး ထိုင်ရေး ကျန်းမာရေး အဆင်ပြေအောင် စောင့်ရှောက်ကြပါတယ်၊ဒါနောက်မှဖြစ်တဲ့သားသမီးတွေကရှေ့ကဖြစ်တဲ့မိဘတွေကို ပစ္ဆာဇာတပစ္စည်း နဲ့ကျေးဇူးပြုပေးနေတာပါ၊တိသရဏာကျောင်းရောက်လာပြီး စကားပြောရင်း ကျောင်းကြွေမကျေသေး တာနဲ့ ပေါင်စတာလင်ငါးထောင်လှူပါတယ်၊ ပထမတော့ရည်ရွယ်ချက်မရှိပါဘူး၊ နောက်မှစေတနာ အလျှောက်သဒ္ဓါပေါက်ပြီးလှူတာပါ၊ နောက်မှလှူတဲ့ပေါင်ငါးထောင်ကရှေ့ကဖြစ်တဲ့တိသရဏာကျောင်း ကို ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာပါပဲ၊

## (၁၂) အာသေဝနပစ္စည်း

အာသေဝနဆိုတာ ထပ်ကာထပ်ကာထုံတာမျိုးကိုခေါ်ပါတယ်၊ ဥပမာအားဖြင့် ရှေးရှေးကနံ့သာတွေ

လိမ်းထားတယ်၊ နောက်ထပ်ပြီးလိမ်းပေးတဲ့အခါ အမွေးနံ့သာကပိုအားကောင်းလာပါတယ်၊ ပထမတစ်ခါထက် ဒုတိယတစ်ခါလိမ်းပေးတော့ အနံ့ကပိုမွှေးလာပါတယ်၊ စားပွဲတစ်ခုကိုအရောင်တင်ဆီသုတ်တဲ့အခါ ထပ်ခါထပ်ခါသုတ်ပေးတော့ အရောင်တက်လာသလိုပေါ့ ရှေးရှေးကသင်ကြားထားတဲ့စာပေကျမ်းဂန်တွေသည် နောက်နောက်သင်ယူသည့်ကျမ်းစာတို့အား ကျေးဇူးပြုပါသည်၊ ယခင်ပြုထားသည့်ကုသိုလ် အကုသိုလ်တွေကလဲ နောက်မှပြုလုပ်သည့် ကုသိုလ်အကုသိုလ်တို့အား ကျေးဇူးပြုပေးနေပါတယ်၊ ဒါအာသေဝနရဲ့သဘောပါပဲ၊ ပါဠိတော်ကိုပူဇော်ကြည့်ရအောင်–––

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊**

ရှေးရှေးကုသိုက်က နောက်နောက်ကုသိုလ်အား အာသေဝနပစ္စည်းဖြင့်ကျေးဇူးပြုပါတယ်၊ ဒီနေရာမှာ ဝီထိစဉ်နဲ့ပြောမှပိုရှင်းပါမယ်၊မြင်သိစိတ်ဖြစ်ရာမှာ စိတ်အစဉ်အတန်း(၁၇)ချက်ဖြစ်ပါတယ်၊ ဒါကိုဝီထိစဉ်လို့ခေါ်ပါတယ်၊ စက္ခုဝိညာဏဝီထိဖြစ်ပုံကိုကြည့်ရအောင်–––

**တီ န ဒ ပ စ သံ တီ ဝု ဇော ဇော ဇော ဇော ဇော ဇော ဇော ရုံ ရုံ**

တီ–အတီတဘဝင်၊ဘဝင်တစ်ချက်လွှန်သွားပါတယ်၊ န–ဘဝင်္ဂစလန၊ မျက်စိအကြည်မှာရူပါရုံလာတိုက်တော့ ဘဝင်စပြီးလှုပ်ပါတယ်၊ ဒ–ဆိုတာ ဘဝင်္ဂုပစ္ဆေဒ၊ ဘဝင်ပြတ်သွားတာဖြစ်ပါတယ်၊ ဒီကစပြီးဘဝင်မဖြစ်တော့ပါဘူး၊ ပ–ဆိုတာ ပဉ္စဒွါရာဝဇ္ဇန်း၊ ငါးဒွါရမှာကျလာတဲ့အာရုံကိုဆင်ခြင်တဲ့စိတ်ဖြစ်ပါတယ်၊ စ–ဆိုတာ စက္ခုဝိညာဏ်၊မြင်သိစိတ်ဖြစ်ပါတယ်၊ သံ–ဆိုတာ သမ္ပဋိစ္ဆိုင်း အာရုံကိုပျောက်မသွားအောင်ခံယူလိုက်ပါတယ်၊ တီ–ကခံယူထားတဲ့အာရုံကို ကောင်းမကောင်း ချောမချော စုံစမ်းတဲ့သန္တီရဏဖြစ်ပါတယ်၊ ဝု–ကဝုဋ္ဌော၊ ဒီအာရုံကချောတယ်၊ မချောဘူးစသည်ဖြင့်ဆုံးဖြတ်ပါတယ်၊ ဇော–ကအာရုံရဲ့ အရသာကိုခံစားပါတယ်၊ ကောင်းရင်လဲကောင်းတဲ့သဘော၊ မကောင်းရင်လဲ မကောင်းတဲ့သဘောကို ခံစားပါတယ်၊ ရုံ–ကတဒါရုံ၊ ဇောရဲ့အာရုံကိုပင်အာရုံပြုပါတယ်၊ ရူပါရုံဆိုလဲရူပါရုံ၊ သဒ္ဒါရုံဆိုလဲသဒ္ဒါရုံ ကိုအာရုံပြုပါတယ်၊ မြင်သိစိတ်မှာလိုပဲ ကြားသိစိတ်စသည်မှာလဲ စိတ်အစဉ်အတန်း(၁၇)ချက်ဖြစ်ပါတယ်၊ အာသေဝနပစ္စည်းနဲ့ ဆိုင်တာကတော့ ဇော(၇)ကြိမ်ပါပဲ၊ ဒီဇောကလဲ ကုသိုလ်ဇော အကုသိုလ်ဇော၊ ကြိယာဇောဆိုပြီးသုံးမျိုးရှိပါတယ်၊ ရူပါရုံကိုတွေ့တဲ့အခါ နှလုံးသွင်းမှန်ရင်ကုသိုလ်ဇောဖြစ်သလို နှလုံးသွင်းမမှန်ရင် အကုသိုလ်ဇောဖြစ်ပါတယ်၊ ဇော(၇)ကြိမ်တွင် ပထမဇောကဒီဘဝမှာအကျိုးပေးပါတယ်၊ သတ္တမဇောက ဒုတိယဘဝမှာအကျိုးပေးပြီး အလယ်ဇော(၅)ချက်က တတိယဘဝကစပြီး နိဗ္ဗာန်မရမချင်းအကျိုးပေးပါတယ်၊

ပထမဇောထက် ဒုတိယဇောကပိုအားကောင်းပါတယ်၊ ပထမဇောကအထုံရလာလို့ပါပဲ၊ တတိယဇောကလဲ ဒုတိယဇောထက်ပိုပြီးအားကောင်းလာပါတယ်၊ နောက်ဆုံးသတ္တမဇောကျတော့ ရှေ့ဇော(၆)ကြိမ်ရဲ့အထုံတွေပါလာတာမို့ အားအကောင်းဆုံးဖြစ်သွားပါတယ်၊ ဥပမာ ပုဝါလေးတထည်ကို ရေမွှေးဆွတ်ပေး၊ ဒုတိယနေ့လဲထပ်ဆွတ်ပေး ပထမနေ့ကအထုံရလာလို့ ပိုမွှေးလာပါတယ်၊ နောက်နေ့တွေမှာ အထုံတွေပါလာတာမို့ ပိုပိုပြီးမွှေးလာရသလိုပါပဲ၊ ဇောတွေရဲ့သဘောကလဲဒီအတိုင်းပါပဲ၊

မြတ်စွာဘုရားလက်ထက်က မောင်ပုဏ္ဏ မယ်ဘဒ္ဒိကာဆင်းရဲသား ဇနီးမောင်နှံနဲ့ သမီးလေး ဥတ္တရာတို့သားအမိသုံးယောက်ရှိပါတယ်၊ တစ်နေ့ လယ်ထွန်သွားရင်းလယ်တောထဲမှာ မောင်ပုဏ္ဏကရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးအား ရေနဲ့ ဒန်ပူလောင်းလှူလိုက်ပါတယ်၊ ဇနီးသည်လေး မယ်ဘဒ္ဒိကာကလဲ မောင်ပုဏ္ဏအတွက်ချက်လာတဲ့ထမင်းကို အရှင်မြတ်ကြီးအားလောင်းလှူလိုက်ပါတယ်၊ မပြောပစဖွယ်အနည်းငယ်သောကုသိုလ်လေးက စေတနာသုံးတန်ခြံရံတာရယ်၊ ပစ္စည်းက ဓမ္မိယလဒ္ဓဖြစ်ပြီးသန့်ရှင်းနေတာရယ်၊ နိရောဓသမာပတ်မှထလာတာရယ်၊ ရဟန္တာသို့မဟုတ် အနာဂါမ်တစ်ပါးပါးလှူလိုက်ရတာရယ်ကြောင့်အင်္ဂါလေးချက်ပြည့်စုံပြီး ထွန်စာခဲတွေကရွှေတုံးရွှေခဲတွေဖြစ်ကာ ချက်ချင်း Millioner သူဌေးဖြစ်သွားပါတယ်၊ ဒါပထမဇောကဒီဘက်ဘဝမှာအကျိုးပေးလိုက်တာပါ၊

*( ဥပဂိပဏ္ဏာသအဋ္ဌကထာ ၄ )*

သတ္တမဇောကတော့ အားအကောင်းဆုံးအဖြစ်နဲ့ ဒုတိယဘဝမှာအကျိုးပေးပါတယ်၊ဗာရာဏသီပြည်သား နန္ဒိယဥပါသကာက ဘုရားအမှူးရှိသောသံဃာတော်တွေအတွက် ဘုရားကျောင်းတော်ကြီးနဲ့ သံဃိကအသုံးအဆောင် ခုတင်ညောင်စောင်းစသည်တို့ကိုလှူဒါန်းခဲ့သောကုသိုလ်ကြောင့်မကွယ်လွန်မီကတည်းက တာဝတိံသာနတ်ပြည်မှာ ယူဇနာ(၁၂၀)ကျယ်ဝန်းပြီး ယူဇနာ(၁၀၀)မြင့်တဲ့ နတ်ဗိမာန်ကြီး

ပေါ်ပေါက်ကာ စုတေတော့ သူ့ဗိမာန်မှာသွားဖြစ်ပါတယ်၊ ဒါဒုတိယဘဝမှာ သတ္တမဇောကအကျိုးပေးလိုက်တာပါပဲ၊ ပထမဇောက ပစ္စုပ္ပန်ဘဝမှာချမ်းသာအောင်ပြုပေးနိုင်ပြီး ဘဝသစ်တစ်ခုကိုမဖြစ်စေနိုင်ပါဘူး၊ သတ္တမဇောကတော့ ဘဝသစ်ကိုလဲထူထောင်နိုင်သလို ချမ်းသာအောင်လဲပြုပေးနိုင်ပါတယ်၊ အကုသိုလ်ဘက်ကလဲ နည်းတူပါပဲ၊ *(ဓမ္မပဒအဋ္ဌကထာ ၃ ၁၈၉)*

အလယ်ဇော(၅)ချက်ကတော့ တတိယဘဝကနေ နိဗ္ဗာန်မရမချင်း အခွင့်သာတဲ့အခါ အကျိုးပေးပါတယ်၊ အတိတ်ဘဝက ကုသိုလ်ကောင်းမှုအထုံပါလာရင် ဒီဘဝမှာကုသိုလ်တွေပဲပြုချင်နေတယ်၊ ကုသိုလ်ကောင်းမှုပြုရတာကို ပျော်နေပါတယ်၊ တစ်ချို့များငယ်ငယ်လေးကတည်းက အလှူအတန်း ဝါသနာပါပြီး မိဘတွေနဲ့ အတူလိုက်ဥပုဒ်စောင့်၊ တရားနာ၊ တရားထိုင်ကြတာရှိတယ်၊ ဒါအတိတ်ဘဝကကုသိုလ်တွေ အထုံအဖြစ်နဲ့ပါလာလို့ဖြစ်ပါတယ်၊ ဒီဘဝမှာလဲ ငယ်ငယ်ကအဖိုးတွေအဖွားတွေနဲ့ ကျောင်းလိုက်သွား ဥပုဒ်စောင့် တရားထိုင်ကြတဲ့ကလေးများရှိတယ်၊ သူတို့ကြီးလာတော့ ဥပုဒ်စောင့်ဖို့ တရားအားထုတ်ဖို့တိုက်တွန်းစရာမလိုတော့ဘူး၊ ဝါသနာကငယ်ငယ်လေးကတည်းက ပါလာတာမို့ ကုသိုလ်ကောင်းမှုနဲ့ရင်းနှီးပြီးသားဖြစ်နေတယ်၊ ဒါအထုံဝါသနာအဖြစ်နဲ့ပါလာပြီး အဖိုးအဖွားတွေကအာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊ အကုသိုလ်အထုံပါလာရင်တော့တရားနာ တရားထိုင်ဖို့ဆိုရင် တီကောင်ဆားနဲ့တို့လိုက်သလို ခါးသီးစွာခံစားနေရတာပါ၊ အကုသိုလ်အထုံတွေပါလာတော့ သတ်ဖို့ဖြတ်ဖို့ ခိုးဖို့ ဝှက်ဖို့ဆိုစိတ်ကပျော်နေတတ်ပါတယ်၊

**ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊**

နွားလယ်လိုးတဲ့ကုလားကလဲ ရမ်မဒမ်ဥပုဒ်လပြီးရင် နွားလယ်လိုးဖို့ပဲ စဉ်းစားနေမှာပဲ အတိတ်ကအကုသိုလ်တွေက အထုံဝါသနာအဖြစ်နဲ့ပါလာပြီး ဒီဘက်ဘဝအကုသိုလ်ပြုချင်အောင် ကျေးဇူးပြုလိုက်ပါတယ်၊ ရှေးရှေးအကုသိုလ်တွေက ဓာတ်ခံအဖြစ်နဲ့ပါလာခဲ့မယ်ဆိုရင်တော့ အသေခံဖုံးခွဲဖို့ ကားဖုံးထောင်ဖို့ဆိုတာတွေလဲဝန်မလေးတော့ပါဘူး၊ ဒါရှေးရှေးအကုသိုလ်က နောက်နောက်အကုသိုလ်ကို အထုံဝါသနာအဖြစ်ဖြင့်ပါလာပြီး အာသေဝနပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပါပဲ၊

**ပုရိမာ ပုရိမာ ကြိယာအဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာအဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊**

ဘုရားရဟန္တာပုဂ္ဂိုလ်များလဲ ကုသိုလ်တွေပြုပါတယ်၊သို့သော် ကိလေသာခြံရံသောကုသိုလ်များ မဟုတ်သောကြောင့် ဘဝသစ်ကိုမဖြစ်စေနိုင်ပဲ ပြုကာမတ္တ ကြိယာဖြစ်သွားပါတယ်၊ ရှေးရှေးကြိယာ ပထမဇောက နောက်နောက်ကြိယာဒုတိယဇောစသည်အား အာသေဝနပစ္စည်းဖြင့်ကျေးဇူးပြုပါတယ်၊ ဒီနေရာမှာ မြတ်စွာဘုရားနှင့်ရဟန္တာပုဂ္ဂိုလ်များ ကိလေသာပယ်ပုံချင်း မတူကြပုံကိုလည်းသတိပြုသင့်ပါတယ်၊ ဘုရားကတော့အထုံဝါသနာနှင့်တကွပယ်ပါတယ်၊ ရဟန္တာကြီးများမှာတော့ အတိတ်သံသရာကဆည်းပူးလာခဲ့တဲ့ အထုံဝါသနာဓာတ်သတ္တိလေးကျန်နေပါတယ်၊ ဥပမာ အရက်ထဲ့ထားတဲ့ပုလင်း အရက်မရှိတော့ပေမဲ့ အရက်နံ့က ကျန်နေသေးသလိုပဲ ရဟန္တာအရှင်မြတ်များမှာ ကိလေသာမရှိတော့ပေမဲ့အထုံလေး ကျန်နေပါသေးတယ်၊ ဝါသနာ ဓာတ်သတ္တိခေါ်ပါတယ်၊

မြတ်စွာဘုရားလက်ထက်က ပိလိန္ဒဝစ္ဆမထေရ်ဆိုတဲ့ ရဟန္တာကြီးတစ်ပါးရှိပါတယ်၊ အမြဲတမ်းစကားပြောတဲ့အခါနုတ်ထွက်ကြမ်းလေ့ရှိတယ်၊ အမျိုးသမီးတွေနဲ့တွေ့တဲ့အခါ "ဟေ့ကောင်မ ဘယ်ကလာသလဲ၊ ဟေ့ကောင်မ နေကောင်းလား" အမျိုးသားတွေနဲ့တွေ့တဲ့အခါ"ဟေ့လူယုတ် မင်းဘယ်သွားမလို့လဲ၊ ဟေ့လူယုတ်နေကောင်းလား"စသည်ဖြင့် နုတ်ဆက်လေ့ရှိတယ်၊ မြတ်စွာဘုရားလျှောက်တော့ "အေး ငါ့သားတော်က ဒေါသစိတ်နဲ့ပြောတာမဟုတ်ဘူး၊ ရှေးရှေးဘဝငါးရာက ဝသလအမျိုးမှာဖြစ်ခဲ့တဲ့အတွက် အထုံဝါသနာပါလာပြီးပြောခြင်းသာဖြစ်တယ်" လို့ မိန့်တော်မူပါတယ်၊ ရဟန္တာအရှင်မြတ်ကြီးရဲ့သန္တာန်မှာ ကြမ်းထမ်းတဲ့အထုံဝါသနာတွေ အာသေဝနပစ္စည်းနဲ့ ဘဝငါးရာထုံလာခဲ့လို့ နောက်ဆုံးရဟန္တာဖြစ်တဲ့အထိပါလာခဲ့ပါတယ်*(ဓမ္မပဒအဋ္ဌကထာ။၃။၄၇၉)*

လောကမှာတစ်ချို့အပြောအဆိုကြမ်းတာတွေရှိတယ်၊ တဖက်သားခံနိုင်ရင်ခံ မခံနိုင်–လဲသေဆိုတာလို "ပိတ်သလေးဘေးပြစ်" ပြောတတ်ကြတယ်၊ ဒါပေမဲ့ စိတ်ကောင်းတော့ရှိကြတယ်၊ သူတစ်ပါးအပေါ်ကောက်ကျစ်ယုတ်မာတဲ့စိတ်ထားမျိုးတော့မရှိကြဘူး၊ ဒါအတိတ်ဘဝက ကြမ်းထမ်းတဲ့အမူအယာတွေ အာသေဝနပစ္စည်းနဲ့ ထုံလာခဲ့လို့ပဲဖြစ်ပါတယ်၊

## (၁၃) ကမ္မပစ္စည်း

ကမ္မ–ကံ၊ရုပ်သစ်နာမ်သစ်ခန္ဓာသစ်ဖြစ်ပေါ်လာအောင် ပြုပြင်စီရင်တတ်သော သဘောတရားကို"ကံ"လို့ခေါ်ပါတယ်၊ ကမ္မပစ္စည်းမှာ နာနာက္ခဏိကကံနှင့် သဟဇာတကံရယ်လို့နှစ်မျိုးရှိပါတယ်၊ အများနားလည်သဘောပေါက်ပြီးဖြစ်တဲ့ကံကိုတော့နာနာက္ခဏိကကံဟုခေါ်ပြီး အများနားမလည်တဲ့ကံကတော့ သဟဇာတကံပါပဲ၊ အခုကုသိုလ်ပြုပြီး နောက်မှအကျိုးပေးတဲ့ကံ၊ အတိတ်ကကံတွေထူထောင်ခဲ့ပြီးဒီဘဝအကျိုးပေးတဲ့ကံ၊ ဒီဘဝကံတွေပြုပြီး နောက်နောက်ဘဝတွေမှအကျိုးပေးတဲ့ကံကို နာနာက္ခဏိကကံလို့ခေါ်ပြီး အခုပြုအခုချက်ချင်းအကျိုးပေးတဲ့ကံတွေကို သဟဇာတကံခေါ်ပါတယ်၊

### မျိုးစေ့အလားကမ္မတရား

ကမ္မပစ္စည်းကဘာနဲ့တူသလဲဆိုတော့ မျိုးစေ့နဲ့တူပါတယ်၊ မျိုးစေ့ဆိုရာမှာ အညွန့်မျိုး၊ အခက်မျိုး၊ ပင်စည်မျိုး၊ အမြစ်မျိုး၊ အစေ့မျိုးအားလုံးဖြစ်ပါတယ်၊ သစ်ပင်တစ်ပင်ပေါက်ဖို့ရာ ရေ မြေ လေမျိုးစေ့ဟူသောအကြောင်းလေးပါးစုံရပါတယ်၊ သို့သော်မျိုးစေ့ကအဓိကဖြစ်ပါတယ်၊ မျိုးစေ့မရှိရင်သစ်ပင်မပေါက်နိုင်ပါ၊ ဒီလိုပါပဲ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ တိရစ္ဆာန်ဘဝဆိုတဲ့ သစ်ပင်ပေါက်ရာမှာလဲ "ကံ"ဆိုတဲ့မျိုးစေ့ရှိရပါတယ်၊ ဒါကတော့ ဦးဇင်းတို့နေ့စဉ်ပြုနေတဲ့ ကုသိုလ် အကုသိုလ်တွေပါပဲ၊
**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ၊**(အင်္ဂုတ္တိုရ်)

အကုသိုလ်ပြုရာမှာတိုက်တွန်းမှုစေတနာပါရသလို ဒါန သီလဆောက်တည် တရားအားထုတ်ရာမှာလဲ စေတနာကတိုက်တွန်းလို့ ကောင်းမှုတွေလုပ်ဖြစ်ပါတယ်၊ ကာယကံ ဝစီကံ မနောကံနဲ့ပြုလုပ်ပြောဆို ကြံစည်ရာမှာတိုက်တွန်းမှုစေတနာလေးပါရပါတယ်၊ ဒါကိုဗုဒ္ဓမြတ်စွာက "ကံ"လို့ဟောတော်မူပါတယ်၊ ရုပ်သစ် နာမ်သစ် ဘဝသစ်တစ်ခုဖြစ်ဖို့အတွက် ဒီကံကအဓိကပါပဲ၊ ဒါကြောင့်မျိုးစေ့နဲ့တူပါတယ်၊ ဘုရား ရဟန္တာပုဂ္ဂိုလ်များမှာ ကံမရှိတော့တဲ့အတွက် ဘဝသစ်ဆိုတဲ့အပင် မပေါက်တော့ပါဘူး၊
**ကမ္မပစ္စယောတိ–––**
**ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊**
**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊**

ကုသိုလ်အကုသိုလ်စေတနာကပစ္စည်းတရား၊ ဝိပါက်စိတ်၊ စေတသိက်၊ ကမ္မဇရုပ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ **"ကမ္မံ သတ္တေ ဝိဘဇ္ဇတိ"** အယုတ် အလတ် အမြတ်သဘောအားဖြင့် ကံတရားကခွဲခြားဝေဖန်ပေးပါတယ်၊ အနမတဂ္ဂသံသရာဆိုတာ အလွန်ကြာခဲ့တဲ့အတွက်ကြောင့် ဦးဇင်းတို့တတွေဂတိငါးဖြာနဲ့ သုံးဆဲ့တစ်ဘုံမှာ ချာချာလည်ခဲ့ကြရပါတယ်၊ ဒေဝဂတိဆိုတဲ့နတ်ပြည်(၆)ထပ်နဲ့ သုဒ္ဓါဝါ–သငါးဘုံကလွဲရင် ကျန်တဲ့ဗြဟ္မာ့ဘုံတွေမှာလဲဖြစ်ခဲ့ဘူးပြီ၊ မနုဿဂတိ–လူ့ဘဝလဲအကြိမ်ကြိမ်၊ အလွှာအမျိုးမျိုး အဆင့်အတန်းအမျိုးမျိုးမှာ ဖြစ်ခဲ့ကြတယ်၊ နိရယဂတိ–ငရဲမှာလဲခံခဲ့ကြရပြီ၊ ပေတဂတိခေါ်တဲ့ တစ္ဆေ ပြိတ္တာဖြစ်ခဲ့ရတဲ့ဘဝတွေလဲ မနဲတော့ဘူး၊ တိရစ္ဆာနဂတိ–မိုးကိုဖီလာကန့်လန့် ကျောပေးပြီးသွားနေတဲ့သတ္တဝါတွေလဲအကြိမ်ကြိမ်ဖြစ်ခဲ့ဘူးပြီ၊ ယုတ်နိမ့်တဲ့ဘုံတွေမှာ ဘယ်သူမှမဖြစ်ချင်ကြပါဘူး၊ အထက်တန်းဘုံတွေမှာသာထပ်ကာတလဲလဲ ဖြစ်ချင်ကြတာပါ၊ သို့သော်"ဘယ်သူမပြု မိမိမှု"ဆိုတာလိုတရားခံလက်သယ်ကိုရှာလိုက်တော့ အတိတ်သံသရာက ဦးဇင်းတို့တတွေပြုခဲ့ကြ၊ ထူထောင်ခဲ့ကြ၊ အားထုတ်ခဲ့ကြတဲ့ ကံတရားတွေပါပဲ၊

နေ့စဉ်ပြုနေတဲ့ဒါန၊ ဆောက်တည်တဲ့သီလ၊ ကြီးသူတို့အားအရိုအသေပေးရတဲ့ အပစာယန၊ ဝိုင်းဝန်းကူညီရတဲ့ဝေယျာဝစ္စ၊ မိမိပြုတဲ့ကုသိုလ်ကောင်းမှုကို အမျှပေးဝေတဲ့ပတ္တိဒါန၊ သူတစ်ပါးပြုတဲ့ကုသိုလ်ကောင်းမှုကိုဝမ်းမြောက်တဲ့ပတ္တာနုမောဒန၊ သူတော်ကောင်းတရားနာရတဲ့ ဓမ္မဿဝနစတဲ့ ကုသိုလ်တွေက ကာမာဝစရကုသိုလ်ကံတွေဖြစ်ပါတယ်၊ ဒီကာမာဝစရကုသိုလ်ကံက လူ့ပြည်နဲ့ နတ်ပြည် (၆) ထပ်မှာအကျိုးပေးပါတယ်၊ အကုသိုလ်ကံတွေကတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံမှာအကျိုးပေးပါတယ်၊ ရူပဈာန်ရအောင်အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်ရူပါဝစရကုသိုလ်ကံတွေက ရူပ(၁၆)ဘုံမှာအကျိုးပေးပါတယ်၊ အရူပဈာန်ရအောင်အားထုတ်တဲ့ပုဂ္ဂိုလ်များအတွက် အရူပါဝစရကုသိုလ်ကံတွေက အရူပ(၄)ဘုံကိုရောက်စေပါတယ်၊ ကောင်းကံ မကောင်းကံဆိုတဲ့ကံအမျိုးမျိုးကို ထူထောင်ခဲ့ကြတဲ့အတွက် ဘုံဘဝအမျိုးမျိုးတွေမှာ ကျင်လည်ခဲ့ကြပါတယ်၊ကံကမှိုင်းနဲ့တူပြီး၊ ဘဝခန္ဓာက

မီးပုံပျံနဲ့တူပါတယ်၊ ကုသိုလ်ကံမှိုင်းအရှိန်ကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်မှာဖြစ်ရပေမဲ့ ကုသိုလ်ကံကုန်တော့ အပါယ်လေးဘုံပြန်ရောက်ရပါတယ်၊

## မှိုင်းနဲ့တူတဲ့ကံတရား

ဒီနေရာမှာကံတရားက မှိုင်းနဲ့တူပုံကိုသာဓကလေးတစ်ခု ထုတ်ပြပါမယ်၊ တစ်ခါတော့ မြတ်စွာဘုရားရာဇဂြိုဟ်မြို့ထဲဆွမ်းခံဝင်တော်မူပါတယ်၊ မြို့တစ်ခါးဝအရောက် ဝက်မလေးတစ်ကောင်ကိုမြင်တော်မူလို့ပြုံးတော်မူပါတယ်၊ ရှင်အာနန္ဒာကပြုံးတော်မူခြင်းအကြောင်းကိုလျှောက်တော့ "အာနန္ဒာဟောဟို ဝက်မလေးကိုမြင်ရဲ့လား" မြင်ပါတယ်ဘုရား၊ "အေးအဲဒီဝက်မလေးဟာ ဗြဟ္မာ့ပြည်ကလာဖြစ်တဲ့ဝက်မလေးပဲ" လို့ မိန့်တော်မူလိုက်တော့ ရှင်အာနန္ဒာစိတ်ဝင်တစားဖြစ်ကာ မှန်လှပါ ထူးဆန်းလိုက်တာအမိန့်ရှိတော်မူပါအုံးဘုရားလို့လျှောက်တော့ ဘုရားရှင်ကိုယ်တော်မြတ်က "ဒီဝက်မလေးဟာ ကဿပဘုရားလက်ထက်က ကြက်မဖြစ်ခဲ့တယ်၊ တစ်နေ့ရဟန်းတော်တစ်ပါးရဲ့ ကမ္မဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်နေတဲ့အသံကို ကြားနာရင်းသေဆုံးသွားတဲ့အခါ ဥဒုမ္ဗရီဆိုတဲ့မင်းသမီးလာဖြစ်တယ်၊ သံဝေဂဖြစ်၊ ပရိဗိုဇ်မဝတ်ကာ တရားအားထုတ်နေတယ်၊ တစ်နေ့ရေအိမ်ဝင်ရင်း ပိုးလောက်တွေကြည့်ပြီး စက်ဆုပ်ရွံရှာဖွယ်အဖြစ်နဲ့ရှုမှတ်လိုက်တာ ပဌမဈာန်ရလို့ကွယ်လွန်တဲ့အခါဗြဟ္မာ့ပြည်မှာသွားဖြစ်ပါတယ်၊ ဗြဟ္မာသက်တမ်းကုန်တော့ လူ့ပြည်မှာသူဌေးသမီးလာဖြစ်တယ်၊ သူဌေးသမီးဖြစ်စဉ်ကုသိုလ်ကောင်းမှုတွေမပြုပဲ မေ့မေ့လျော့လျော့နေကာ မကောင်းမှုအကုသိုလ်တွေနဲ့သာ မွေ့လျော်ပျော်ပိုက်နှစ်မြိုက်စွာဖြင့်အချိန်တွေကုန်လွန်ခဲ့ပြီး ငါဘုရားလက်ထက်မှာ ဝက်မလေးလာဖြစ်ရတယ်" လို့ ဘုရားရှင်က ဝက်မလေးရဲ့ Biography ကိုအကျဉ်းချုပ်ဟောကြားတော်မူလိုက်တော့ရဟန်းတော်များ ထိတ်လန့်သွားကြပြီး နောက်တရားဆက်နာလိုက်တဲ့ခါမှာ သောတာပန်ဖြစ်သွားကြပါတယ်၊ *(ဓမ္မပဒအဋ္ဌကထာ၂-၃၃၇)*

"ဗြဟ္မာ့ပြည်တဝင်း ဝက်စားကျင်း တရှုတ်ရှုတ်" ဆိုတဲ့စကားပုံအတိုင်း အရိယာမဖြစ်သေးသမျှတော့ ဗြဟ္မာကြီးပင်ဖြစ်လင့်ကစား ဦးဇင်းတို့ရဲ့ဘဝစိတ်မချရသေးပါ၊ ကုသိုလ်ကံဆိုတဲ့မှိုင်း မကုန်မချင်း အထက်ကိုတက်နေပေမဲ့ မှိုင်းကုန်တဲ့အခါမှာတော့အောက်ကိုပြန်ကျရမှာပါ၊ ဈာန်ရ-ထားလို့ဗြဟ္မာ့ပြည်ရောက်ရပေမဲ့ ဈာန်အရှိန်ကုန်တဲ့အခါ အပါယ်လေးဘုံမှာလဲပြန်ဖြစ်နိုင်ပါသေးတယ်၊

## အကျိုးပေးရာကာလအားဖြင့်ကံလေးမျိုးကွဲပုံ

အကျိုးပေးရာကာလ၏အစွမ်းဖြင့် **ဒိဋ္ဌဓမ္မဝေဒနိယကံ** ဆိုတာရှိတယ်၊ ယခုမျက်မှောက်ဘဝမှာအကျိုးပေးတဲ့ကံ၊ ကဿပမြတ်စွာဘုရားလက်ထက်က မဟာဒုက်ဆင်းရဲသားဇနီးမောင်နှံရှိတယ်၊ သံဃာတစ်ပါးဆွမ်းကပ်ဖို့အတွက် သူဌေးအိမ်မှာကျေးကျွန်အဖြစ်အလုပ်လုပ်ပြီး ရတဲ့ပိုက်ဆံလေးနဲ့ ဇနီးမောင်နှံ သံဃာခွဲတမ်းမရတော့လို့ နောက်ဆုံးကံကောင်းထောက်မစွာဖြင့် ဘုရားရှင်ရဲ့သပိတ်တော်ကိုရပြီး ဆွမ်းကပ်ခွင့်ရကာ ပျော်တပြုံးပြုံး မော်မဆုံးနဲ့ နှလုံးပီတိ ဝွမ်းဆီထိသလိုအလွန်ရွှင်လန်း တက်ကြွစွာဖြင့် ဘုရားရှင်အားဆွမ်းကပ် တရားနာပြီး ရတနာ(၇)ပါး အိမ်ထဲလိုမ့်ဝင်လာလို့ တမုဟုတ်ချင်းပဲ သူဌေးကြီး သူဌေးကတော်ကြီး ဖြစ်သွားပါတယ်၊ *(ဓမ္မပဒအဋ္ဌကထာ ၁-၃၅၉)*

ဒါပထမဇောက ဒိဋ္ဌဓမ္မမျက်မှောက်အကျိုးကိုပေးလိုက်တာပါ၊ ပထမဇောစေတနာက မျက်မှောက်ဘဝမှာအကျိုးမပေးရင်တော့ အဟောသိကံဖြစ်သွားပါတယ်၊နောက်**ဥပပဇ္ဇဝေဒနိယကံ**ကဒုတိ-ယဘဝမှာ အကျိုးပေးပါတယ်၊ မြတ်စွာဘုရားလက်ထက်က ဓမ္မိကဥပါသကာဆိုတာ သား(၇)ယောက်သမီး(၇)ယောက်ရှိပါတယ်၊ တပည့်အခြံအရံငါးရာနှင့်တကွ စိတ်တူ ကိုယ်တူ သဘောတူ ဒါနပြု သီလဆောက်တည် ဘာဝနာပွါး သံဃာတော်များလိုအပ်ရာရာ ပစ္စည်းများဖြင့် ထောက်ပံ့လှူဒါန်းကာ လူမှုရေးလုပ်ငန်းတွေလဲဆောင်ရွက်ခဲ့ပါတယ်၊ တစ်နေ့ကျတော့ ရောဂါထန်သီးဖိစီးနှိပ်စက်လာလို့ သေရာညောင်စောင်းလျောင်းစက်ရင်းသံဃာတော်များရွတ်ဖတ်တဲ့ သတိပဋ္ဌာန်တရားတော်ကိုနာကြားပါတယ် တရားနာ၍မပြီးဆုံးခင်မှာပဲ သတိလစ်သလိုဖြစ်ပြီး လက်ကာပြပါတယ်၊ သံဃာတော်များကသူတို့အရပ်ခိုင်းတယ်ထင်လို့ ရှေ့ဆက်မရွတ်တော့ပဲ ကျောင်းတော်သို့ ပြန်ကြွသွားကြပါတယ်၊ သားသမီးများလဲ ငါတို့ဖခင်ကြီး တသက်လုံးကုသိုလ်ကောင်းမှုတွေနဲ့ မွေ့လျော်ပျော်ပိုက်နှစ်ချိုက်ခဲ့ပြီး အခုတော့ သတိလက်လွတ်ဖြစ်ကာသံဃာတော်တွေရွတ်တဲ့ တရားတော်ကို မနာယူလိုတော့ဘူး၊ အခြေအနေ မကောင်းတော့ဘူးဆိုကာ စိတ်မကောင်းဖြစ်နေကြတယ်၊ သတိပြန်ရလာတော့ သံဃာတော်တွေ ဘယ်ကြွကုန်

သလဲမေးတဲ့အခါ အဖေကမရွတ်တော့နဲ့တားလို့ ကျောင်းပြန်ကြွသွားပြီလို့ပြောကြတယ် “ဟဲ့ ငါက သံဃာတော်တွေတားတာမဟုတ်ဘူး၊ နတ်ပြည် (၆) ထပ်ကနတ်ရထား (၆) စီး သူ့ရထားတက်ပါ၊ ငါ့ရထားတက်ပါနဲ့ပြောလို့၊ခဏလေးစောင့်ကြအုံး”လို့တားတာဆိုတော့ဒို့အဖေကြီး ဂယောင်ချောက်ချားတွေပြောနေတယ်ထင်ပြီး စိတ်လက်မအေး ပူဆွေးနေကြတယ်၊ ကဲမင်းတို့မယုံရင် ပန်းကုံးကို ကောင်းကင်မြှောက်တင်လိုက်၊“တုသိတာနတ်ရထားမှာ ချိတ်စေသတည်း”လို့လဲ အဓိဋ္ဌာန်လိုက်တယ်၊ ကောင်းကင်မှာပန်းကုံးက ရပ်တည်နေပါတယ်၊ ဒါကိုဘုဥ်းကံရှင်ဖြစ်တဲ့ ဓမ္မိကတစ်ယောက်သာတွေ့ရပါတယ်၊ သေတော့တုသိတာနတ်ပြည်ရောက်သွားတယ်*(ဓမ္မပဒအဋ္ဌကထာ၁-၈၃)*ဒါဒုတိယဘဝမှာဥပပဇ္ဇဝေဒနိယကံက အကျိုးပေးတာပါ၊ ဇော အနေနဲ့ပြောတော့ အားအကောင်းဆုံးသတ္တမဇောပဲပေါ့၊

**အပရာပရိယဝေဒနိယကံ** ဆိုတာက တတိယဘဝမှစပြီး နိဗ္ဗာန်မရောက်မချင်း အခွင့်သာတဲ့ဘဝမှာ အကျိုးပေးပါတယ်၊ ဇောအနေနဲ့ပြောရင် အလယ်ဇော(၅)ချက်ဖြစ်ပါတယ်၊ အကျိုးပေးရမဲ့ဘဝမှာ အကျိုးမပေးတဲ့ကံတွေလဲရှိပါတယ်၊ ဒါကိုတော့ **အဟောသိကံ** ခေါ်ပါတယ်၊ တနည်း **ဂရုကကံ**–အလွန်ကြီးလေးတဲ့ကံ၊ ကုသိုလ်ဘက်ကမဟဂ္ဂုတ်ကုသိုလ်ကံတွေဖြစ်ပါတယ်၊ ဈာန်ရ–ထားတဲ့ပုဂ္ဂိုလ်သေချာပေါက်ဒုတိယဘဝမှာ ဗြဟ္မာဖြစ်ရပါတယ်၊ မဖြစ်ပဲမနေဘူး၊ အကုသိုလ်ဘက်က ပဥ္စာနန္တရိယကံတွေပေါ့၊ အမိသတ်တဲ့ကံ အဖသတ်တဲ့ကံ ရဟန္တာသတ်တဲ့ကံ မြတ်စွာဘုရားသွေးစိမ်းတည်အောင်ပြုတဲ့ကံ သံဃာတွေတစ်ပါးနဲ့တစ်ပါးစိတ်ဝမ်းကွဲအောင်ပြုတဲ့ကံ၊ ဒီကံကြီးငါးပါးတစ်ပါးပါးလွန်ကျူးမိရင် ဒုတိယဘဝမှာ အဝီစိကျရပါတယ်၊ မကျပဲမနေရပါဘူး၊ ဘယ်ကံမှဝင်တားလို့မရဘူး၊ အနည်းငယ်သက်သာခွင့်တော့ရတယ်၊ လုံးဝလွတ်ခွင့်တော့မရှိဘူး၊ ရှင်ဒေဝဒတ် မြတ်စွာဘုရားသွေးစိမ်းတည်အောင်ပြုတဲ့ကံ၊ သံဃာအုပ်စုကွဲအောင်ခွဲခဲ့တဲ့ကံတွေကျူးလွန်ခဲ့လို့ အဝီစိငရဲမှာကျရပါတယ်၊ အဇာတသတ်လဲ ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့တဲ့ကံကြောင့် အဝီစိကျရပါတယ်၊ ဘုရားကြည်ညိုပြီး ပထမသံဂါယနာတင်ခဲ့တဲ့ကံတွေက ရှေ့နေလိုက်ပေးလို့ သက်သာခွင့်ရသွားတယ်၊လုံးဝကွင်းလုံးကျွတ်တရားသေတော့မလွတ်နိုင်ပါ၊ ဥပမာ သေဒဏ်ကနေ တစ်သက်တစ်ကျွန်းကျသလိုပဲပေါ့၊ ဒါဒုတိယဘဝမှာ သေချာပေါက်အကျိုးပေးတဲ့ ဂရုကကံခေါ်ပါတယ်၊

**အာသန္နကံ** ဆိုတာ သေခါနီးကပ်ပြီးပြုတဲ့ကံဖြစ်ပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် သတ်ဖြတ်ထိုးခုတ်ဒေါသတကြီးနဲ့သေတဲ့ကံ၊ တစ်ချို့သေခါနီးမှာ ဆရာသမား ဆွေမျိုးသားချင်းတွေက ကြေးစည်သံလေးပေး၊ ပရိတ် ပဋ္ဌာန်းတွေရွတ်၊ ဘုရားစကား တရားစကားပြောပေးလို့ ဒုတိယဘဝမှာဂရုကကံမရှိဘူးဆိုရင် ဒီ အာသန္နကံက သေချာပေါက်အကျိုးပေးပါတယ်၊ မလ္လိကာမိဖုယားကြီး ရေချိုးအိမ်မှာ အချစ်တော်ခွေးနဲ့ပြစ်မှားနေစဉ် ကောသလမင်းကြီးတွေ့တော့ အဘယ်ကြောင့်ဒီလိုယုတ်မာတဲ့အမှုပြုကျင့်ရသနည်းဟုပြောသည့်အခါ မိဖုယားကြီးက ခါးခါးသီးငြင်းဆိုပြီး ဒီရေချိုးအိမ်တွင်းဝင်ရင်အထင်မှားတတ်ကြောင်းပြောဆိုလျှက် မင်းကြီးကိုရေချိုးအိမ်တွင်းဝင်စေကာ ဆိတ်မတစ်ကောင်နဲ့လွန်ကျူးနေကြောင်း လိမ်ပြော၍စွပ်စွဲပြောဆိုခဲ့တယ်၊ ရတနာသုံးပါးကိုင်းရှိုင်းပြီး အမြဲတမ်းကုသိုလ်ကောင်းမှုနဲ့ပျော်မွေ့ခဲ့တဲ့ မိဖုယားကြီးဟာ သေခါနီးတော့ မပြောပစဖွယ် အနည်းငယ်သောဒီအကုသိုလ်ကံလေးအာရုံပြုမိတဲ့အတွက် အဝီစိငရဲမှာ(၇)ရက်ကျခဲ့ရပါတယ်၊*(ဓမ္မပဒအဋ္ဌကထာ၂–၇၅)*

ဒါ အာသန္နကံကအကျိုးပေးလိုက်တာပါ၊ ဂဂ္ဂရာရေကန်အနီးဝယ်ဘုရားရှင်တရားဟောနေစဉ် ဖားငယ်တစ်ကောင်ဘုရားရှင်၏သာယာသောအသံတော်ကို နားထောင်နေခိုက် နွားကျောင်းသားတစ်ယောက်ဒုတ်နဲ့ထောက်မိသဖြင့် ဖားငယ်သေဆုံးကာနတ်ပြည်မှာဖြစ်ရပါတယ်၊*(ဝိမာနဝတ္ထုအဋ္ဌကထာ ၂၀၇)* ဒါ အာသန္နကံကဒုတိယဘဝမှာ အကျိုးပေးလိုက်တာပါပဲ၊**အာစိဏ္ဏကံ** ကနေ့စဉ်မိမိတို့ပြုနေတဲ့ကံတွေဖြစ်ပါတယ်၊ နေ့စဉ်သားကောင်တွေသတ်ပြီးအသက်မွေး၊ အရက်သေစာတွေ ရောင်းချသုံးစွဲ၊ ဈေးရောင်းရာမှာ အလေးချိန်တိုးအောင် ဝက်သားထဲရေထိုးခြင်း၊ အလေးခိုးခြင်း၊ စပါးတင်းတောင်းခိုးခြင်း၊ သပိတ်သက်န်းအဟောင်းများကို မီးပူတိုက်ကော်တင်ပြီး အသစ်လို့လိမ်ရောင်းခြင်းစသော နေ့စဉ်ပြုတဲ့အကုသိုလ်ကံတွေဟာ အကုသိုလ်အာစိဏ္ဏကံတွေပဲဖြစ်ပါတယ်၊ ကုသိုလ်ဖက်ကဆွမ်းကပ် ပရိတ်ရွတ်မေတ္တာပို့ တရားထိုင်စတဲ့ကံတွေလဲ အာစိဏ္ဏကံတွေပါပဲ၊ သေခါနီးအာသန္နကံမရှိရင် အမြဲလေ့ကျက်နေတဲ့အာစိဏ္ဏကံကအကျိုးပေးပါတယ်၊ နွားတွေခြံထဲသွင်းတော့ နွားပျိုတွေကအရင်ဝင်အထဲရောက်၊ နွားအိုတွေကနောက်မှဝင်တော့အပေါက်ဝကနေရကာ နောက်နေ့ထွက်တဲ့အခါ နွားအိုတွေကအရင်ထွက်ရ

ပြီး နွားပျိုတွေကနောက်မှထွက်ရသလို အာစိဏ္ဏကံကနွားပျိုနဲ့တူပြီး အာသန္နကံကနွားအိုနဲ့တူပါတယ်၊ အာသန္နကံသည် အာစိဏ္ဏကံလောက်အားမရှိစေကာမူ မရဏာသန္နဇောနှင့်နီးကပ်နေသည့်အတွက်ရှေးဦးစွာထွက်၍ပဋိသန္ဓေကျိုးကိုပေးပါသည်၊ ဦးဇင်းတို့တတွေမှာဂရုကကံဆိုတာမရှိကြပါဘူး၊ အာသန္နကံဆိုတာလဲ ကိုယ်ဘယ်ပုံဘယ်နည်းနဲ့သေမယ်ဆိုတာ မသိနိုင်တဲ့အတွက် အားကိုးလို့မရပါ၊ ဒီတော့နေ့စဉ်မိမိတို့ပြုနေတဲ့ကံတွေပဲ အားကိုးကြရမှာပါ၊

**ကဋတ္တာကံ** ဆိုတာက ဟိုနားဒီနား စပ်မိစပ်ရာပြုတဲ့ကံတွေရယ်၊ အတိတ်ကပါလာတဲ့ သိတ်အားမကောင်းတဲ့ကံတွေရယ် ဒါကိုကဋတ္တာကံခေါ်ပါတယ်၊ ရှေ့ကံ(၃)ပါးဖြစ်တဲ့ ဂရုကကံ အာသန္နကံ အာစိဏ္ဏကံမရှိမှအကျိုးပေးပါတယ်၊ (၄၊ ၅၊ ၁၀) ဘဝလောက် ခြားပြီးမှအကျိုးပေးတဲ့ကံဖြစ်ပါတယ်၊ ရှင်သာရိပုတ္တရာ တစ်ခုသောဘဝကမျှော့ကိုဆားနဲ့ပက်ပြီးသတ်ခဲ့လို့ သွေးအံ့ပြီးပရိနိဗ္ဗာန်စံရပါတယ်၊ မြတ်စွာဘုရားနုစဉ်ဘဝက တံငါသည်တွေငါးဦးခေါင်းထုကာ တဖြတ်ဖြတ်ဖြစ်နေတာကိုကြည့်ပြီး ဝမ်းသာခဲ့မိလို့ ဦးခေါင်းတော်ခဲရပါတယ်၊ ဒါကဋတ္တာကံတွေအကျိုးပေးတာပါပဲ၊ အကုသိုလ်တစ်ခုခုကိုပြုပြီးနောက် ခဏခဏသတိရ၍ငါပြုမိတာမှားသွားပြီဆိုပြီး နောင်တတတဖန်ပူပန်ခြင်းဆိုတဲ့ ဝိပ္ပဋိသာရနဲ့နှလုံးမသာယာမှုဒေါမနဿတို့ထပ်ကာထပ်ကာတိုးပွါးနေပြန်လျှင် ထိုတစ်ကြိမ်တစ်ခါပြုမိသော အကုသိုလ်သည် အာစိဏ္ဏကံဖြစ်ပြန်ပါသည်၊ ကုသိုလ်တစ်ခုခုကိုအားရပါးရဝမ်းမြောက်ဝမ်းသာ ပြုပြီးနောက် ထိုကုသိုလ်ကို မကြာမကြာသတိရ၍ ဝမ်းမြောက်ဝမ်းသာသောမနဿဖြစ်နေပါလျှင် ထိုတစ်ကြိမ်တစ်ခါကုသိုလ်ကလဲ အာစိဏ္ဏကံပင်ဖြစ်ပါတယ်၊

ဦးဇင်းတို့နေ့စဉ်ပြုနေတဲ့ ကာယကံ ဝစီကံ မနောကံဆိုတာရှိပါတယ်၊ ကာယကံက(၃)ပါး သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ သူ့သားမယားပြစ်မှားဆိုတဲ့ဒီသုံးပါးကို ကိုယ်ထိလက်ရောက်ကျူးလွန်ရတာမို့ ကာယကံခေါ်ပါတယ်၊ မုသားပြော၊ ချောပြစ်ဂုံးတိုက်၊ ဆဲရေးတိုင်းထွာ၊ အနှစ်သာရကင်းသိန်ဖျင်းသောစကားကိုပြောတာက ဝစီကံလေးပါး၊ ဒီကာယကံသုံးပါးနဲ့ ဝစီကံလေးပါးကိုသီလလုံအောင်ထိန်းပြီးပယ်ရပါတယ်၊ သူတစ်ပါးစည်းစိမ်မတရားရလိုခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ မှားသောအယူကိုယူခြင်းဆိုတဲ့သုံးပါးကတော့စိတ်ထဲမှာ ဖြစ်နေတာမို့မနောကံခေါ်ပါတယ်၊ ဒီအကုသိုလ်မနောကံသုံးပါးကို ဘုရားအာရုံပြု၊ ပဋ္ဌာန်းရွတ်၊ ပရိတ်ရွတ်၊ တရားနာ၊ မေတ္တာပို့၊ ပုတီးစိတ်စတဲ့သမာဓိနဲ့ပယ်ရပါတယ်၊ ဘဝအဆက်ဆက် သံသရာအဆက်ဆက်ကပါလာတဲ့ မကောင်းမှုအကုသိုလ်ဒုစရိုက်တွေကိုတော့ ခန္ဓာငါးပါးရဲ့ မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေးသုံးပါးတင် ဆင်ခြင်ရှုမှတ်ပွါးများခြင်း ဝိပဿနာပညာဖြင့်ပယ်ရပါတယ်၊

**ဒါနပြုရာ ကမ္မနှစ်မျိုးပါ**

မဟာဒုက်တို့လို ဒီဘဝဒါနပြုချက်ချင်းသူဌေးဖြစ် ဒါသဟဇာတကမ္မပစ္စည်းနဲ့ကျေးဇူးပြုတာပါ၊ ဓမ္မိကဥပါသကာတို့လို ဒီဘဝကုသိုလ်ပြု နောက်ဘဝမှအကျိုးပေးတာက နာနာက္ခဏိကကမ္မပစ္စည်းနဲ့ကျေးဇူးပြုတာပါ၊ ဆွမ်းကပ်ရာမှာလဲ ကမ္မပစ္စည်းနှစ်မျိုးစလုံးရနိုင်ပါတယ်၊ ဆွမ်းလှုတဲ့ကာမာဝစရကုသိုလ်စေတနာကပစ္စည်းတရား၊ လှူဒါန်းနေတဲ့ကိုယ်အမူအယာ၊ အရှင်ဘုရားတို့အားရပါးရဘုဉ်းပေးကြပါဘုရားဆိုတာကနုတ်အမူအယာ၊ ငါတို့ချက်လာတဲ့ဟင်း မြတ်မြတ်နိုးနိုးဘုဉ်းပေးကြပါစေ၊ မြိန်မြိန်ယှက်ယှက် ဘုဉ်းပေးကြပါစေဆိုတာက မနောကံမေတ္တာစိတ်အမူအယာတွေဖြစ်အောင် သဟဇာတကမ္မပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ စေတနာသမ္ပယုတ္တကာနံ ဓမ္မာနံ–စသောပါဠိဖြင့် နေ့စဉ်ပြုတဲ့ကုသိုလ်တွေမှာသဟဇာတပစ္စည်းနဲ့ကျေးဇူးပြုနေပုံကိုပြပါတယ်၊ ကုသလာကုသလံ ကမ္မံ–စတဲ့ပါဠိဖြင့် ဒီဘဝဆွမ်းကပ် နောက်ဘဝနတ်ပြည်ရောက် သက်ရှည် ဆင်းလှ ချမ်းသာရ ဗလ ဥာဏ်ပညာဆိုတဲ့အကျိုးတွေရတာက နာနာက္ခဏိကပစ္စည်းနဲ့ကျေးဇူးပြုနေပုံကိုပြပါတယ်၊

## (၁၄) ဝိပါကပစ္စည်း

**ဝိပါကပစ္စယောတိ–ဝိပါကာ စတ္တာရောခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော၊**

ဝိပါက–ဆိုတာ ရင့်ကျက်နေတဲ့အကျိုးတရားဖြစ်ပါတယ်၊ ဝိပါက်ဖြစ်သော နာမက္ခန္ဓာလေးပါးက ဝိပါက်ဖြစ်တဲ့နာမက္ခန္ဓာလေးပါးကို အချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေပါတယ်၊ ၁–ပါးသောနာမက္ခန္ဓာက ၃–ပါးသောနာမက္ခန္ဓာကို၊ ၃–ပါးသော နာမက္ခန္ဓာက ၁–ပါးသော နာမက္ခန္ဓာကို၊ ၂–ပါးသောနာမက္ခန္ဓာက ၂–ပါးသောနာမက္ခန္ဓာကို အပြန်ပြန် အလှန်လှန်ကျေးဇူးပြုနေပါတယ်၊

## ဝိပါက်ဥပမာအေးငြိမ်းတာ

ဝိပါက်စိတ်တွေကဘာနဲ့တူသလဲဆိုတော့ ပြာလဲ့လဲ့ကောင်းကင်ပြင်မှာ လေပြေ လေညှင်း လေအေးတိုက်ခတ်နေစဉ် သစ်ပင်ရိပ်အောက်မှာ ပုလွေမှုတ် ဇိမ်ခံပြီး Feeling တက်နေတာနဲ့တူပါတယ်၊ ဝိပါက်စိတ်တွေဆိုတာလဲ ဘာမှလှုပ်ရှားမှုမရှိ၊ ကြောင်းကြဖျာပါရကင်းပြီးအေးငြိမ်းနေပါတယ်၊ ယှဉ်ဘက်စေတသိက်တရားတွေကလဲ အေးချမ်းငြိမ်သက်နေတဲ့သဘောပါ၊ ဥပမာအိပ်ပျော်နေတဲ့အခါ ဝီထိစိတ်မဖြစ်ပေမဲ့ ငြိမ်သက်တဲ့ဘဝင်စိတ်ကတော့ဖြစ်နေပါတယ်၊ အဲဒီဘဝင်စိတ်ကအမိဝမ်းမှာ ပဋိသန္ဓေနေခဲ့တဲ့ဝိပါက်စိတ်ပဲဖြစ်ပါတယ်၊

ဝိပါက်ရဲ့သဘောက ရင့်ကျက်ခြင်းသဘောဖြစ်ပါတယ်၊ သရက်သီးမှာ အပွင့်အခိုက်အတန့်၊ အကင်းအခိုက်အတန့်၊ ဝမ်းပြင်းအခိုက်အတန့်၊ မှဲ့နေတဲ့အခိုက်အတန့်လို့လေးမျိုးရှိသလို ဝိပါက်မှာလဲ စေတနာအခိုက်အတန့်၊ ကံအခိုက်အတန့်၊ နိမိတ်အခိုက်အတန့်၊ ဝိပါက်အခိုက်အတန့်လို့လေးမျိုးရှိပါတယ်၊ ***(ဒီပနီ–၄၈၆)***

နေ့စဉ်ဒါနပြု သီလဆောက်တည် ဘာဝနာပွါးတဲ့သုစရိုက်ကုသိုလ်တွေရှိတယ်၊ သတ်ဖြတ်ခိုးဝှက်လိမ်ငြာစတဲ့ ဒုစရိုက်အကုသိုလ်တွေလဲရှိတယ်၊ ကုသိုလ်ပြုဆဲနဲ့ အကုသိုလ်ပြုဆဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာကို စေတနာအခိုက်အတန့်လို့ခေါ်ပါတယ်၊ အဲဒီစေတနာကိုကံလို့လဲခေါ်တယ်၊ ဥပမာအားဖြင့် သရက်ပင်ကသရက်ပွင့်တွေ ပွင့်နေတဲ့အခိုက်အတန့်နဲ့တူပါတယ်၊ ကုသိုလ် အကုသိုလ်စေတနာလေးဟာ **ဥပါဒ် ဋ္ဌီ ဘင် ဖြစ် တည် ပျက်** ဆိုပြီး ချုပ်ပျက်သွားပေမဲ့ သူရဲ့သတ္တိလေးကတော့စိတ်အစဉ် နာမ်အစဉ်မှာကျန်ရစ်နေပါတယ်၊ ဒါကိုကံအခိုက်အတန့်ခေါ်ပြီး သရက်ပင်ကအကင်းအခိုက်အတန့်နဲ့တူပါတယ်၊ တစ်ဘဝအတွက်နိဂုံးချုပ်အဆုံးသတ်ခါနီးမှာ နိမိတ်တွေထင်လာပါတယ်၊ ဒီအခိုက်အတန့်ကို နိမိတ်အခိုက်အတန့်လို့ခေါ်ပြီး သရက်သီး၏မမှဲ့ခင် ဝမ်းပြင်းအခိုက်အတန့်နဲ့တူပါတယ်၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုပြီးနိမိတ်သုံးမျိုးထင်လာပါတယ်၊မိမိတို့တစ်ဘဝလုံးပြုခဲ့တဲ့ ဖြူစင်ကောင်းမွန်တဲ့အလုပ်နဲ့ မကောင်းတဲ့အလုပ်တွေရှိပါတယ်၊ ကောင်းတာများရင်ကောင်းတာတွေပေါ်လာပြီး မကောင်းတာအပြုများရင်တော့ မကောင်းတာတွေလာပေါ်ပါတယ်၊ ဒါကို "ကံနိမိတ်"ခေါ်ပါတယ်၊ ကျောင်းလှူတော့ ကျောင်းအာရုံ၊ သင်္ကန်းလှူတော့သင်္ကန်းအာရုံ၊ ဆွမ်းကပ်တော့ဆွမ်းအာရုံ၊ သံဃာ့အာရုံ၊ တရားထိုင်တော့ကမ္မဋ္ဌာန်းကျောင်းအာရုံစတာတွေပေါ်လာတာကို "ကမ္မနိမိတ်"ခေါ်ပါတယ်၊ အကုသိုလ်ဘက်က ဆိုရင်လဲ ဓား လှံ လေး မျှား တောင်း ပလုံး သားကောင်စတဲ့အာရုံတွေဟာ "ကမ္မနိမိတ်"ဖြစ်ပါတယ်၊

မိမိကလူ့ပြည်ရောက်မယ်ဆိုရင် အမိဝမ်းရေနီရဲရဲ၊ ငရဲကျမယ်ဆိုရင် ငရဲအိုး ငရဲထိန်း ခွေးနက်ကြီးတွေ၊ နတ်ပြည်ရောက်မယ်ဆိုရင် နတ်သား နတ်သမီး ဗိမာန် ဥယျာဉ် ပဒေသာပင်တွေ၊ ပြိတ္တာ ဖြစ်မယ်ဆိုရင်မြစ်တွေ ချောင်းတွေ တောတောင်တွေ၊ တိရစ္ဆာန်ဖြစ်မယ်ဆိုရင် တိရစ္ဆာန်အမိဝမ်းရေစသည်၊ မိမိလားရောက်ရမည့်ဘဝရဲ့ အာရုံနိမိတ်တွေကိုတော့ "ဂတိနိမိတ်"ခေါ်ပါတယ်၊ ဒါကိုနိမိတ်အခိုက်အတန့်လို့ခေါ်ရပါတယ်၊ ဘဝဟောင်းမှသည် ဘဝသစ်သို့သွားဖြစ်တာကို "ပဋိသန္ဓေ"လို့ခေါ်ရပြီး၊ ဘဝသစ်မှာပဋိသန္ဓေနေတာဒီဝိပါက်စိတ်ပါပဲ၊ တစ်ခြားစိတ်နဲ့ပဋိသန္ဓေနေလို့မရပါဘူး၊ ဒုဂ္ဂတိအဟိတ်ဖြစ်တဲ့အပါယ်တိရစ္ဆာန်များဆိုရင် အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေပါတယ်၊သုဂတိအဟိတ်ဖြစ်တဲ့ အင်္ဂါခြေလက်ချို့တဲ့ ဆွံ့အ နားပင်း မျက်စိနှစ်ကွင်းအလင်းမရသူတွေက အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေပါတယ်၊ အလောဘ အဒေါသ ဟိတ်နှစ်ပါးနဲ့ယှဉ်တဲ့ ဒွိဟိတ်ပုဂ္ဂိုလ်များက မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးပါးနဲ့ ပဋိသန္ဓေနေပါတယ်၊ အလောဘ အဒေါသ အမောဟဟိတ်သုံးပါးနဲ့ယှဉ်တဲ့တိဟိတ်ပုဂ္ဂိုလ်များက မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးပါးနဲ့ ပဋိသန္ဓေနေပါတယ်၊ ရူပဗြဟ္မာများကရူပဝိပါက်စိတ်ငါးပါး၊ အရူပဗြဟ္မာများကအရူပဝိပါက်စိတ်လေးပါးနဲ့ အသီးသီးပဋိသန္ဓေနေကြပါတယ်၊ ဘယ်သူပဲဖြစ်ဖြစ်ပဋိသန္ဓေနေရင် ဒီဝိပါက်စိတ်နဲ့ပဲနေကြရပါတယ်၊ ငရဲသူ ငရဲသား တစ္ဆေ သူရဲ ပြိတ္တာ မှင်စာတို့ရဲ့ပဋိသန္ဓေစိတ်ဟာလဲ အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ပဲဖြစ်ပါတယ်၊ နတ်ပြည်(၆)ထပ်မှနတ်တွေလဲ မဟာဝိပါက်စိတ်(၈)ပါးတွင် တစ်ချို့နတ်များက ဉာဏသမ္ပယုတ်စိတ်၊ တစ်ချို့နတ်များက ဉာဏဝိပ္ပယုတ်စိတ်၊ တစ်ချို့သောမနဿသဟဂုတ်စိတ်၊ တစ်ချို့ဥပေက္ခာသဟဂုတ်စိတ်စသည်ဖြင့်အသီးသီးပဋိ–သန္ဓေနေကြပါတယ်၊ ဘယ်ပုဂ္ဂိုလ်ရဲ့ပဋိသန္ဓေစိတ်ပဲဖြစ်ဖြစ် ဝိပါက်စိတ်သာဖြစ်ပါတယ်၊

## ပဋိသန္ဓေလေးမျိုး

(၁)**သံသေဒဇပဋိသန္ဓေ**-ပဒုမ္မာကြာတိုက် ကိုယ်ဝန်အငြစ်အကြေး ပန်းမှိုက်ပုပ်၊ ငါးပုပ်၊ ရေပုပ်၊ မစင်ပုပ်စသည်တို့၌စွဲမှီ၍ဖြစ်သောသတ္တဝါများကို သံသေဒဇသတ္တဝါဟုခေါ်ပါသည်၊ ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေတည်သော ပဒုမဝတီမိဖုယားနှင့် ပေါက္ခရသာတိပုဏ္ဏား၊ ဝါးလုံးခေါင်း၌ပဋိသန္ဓေတည်သော ဝေဠုဝတီမိဖုယား၊ မန်ကျီးပင်၌ပဋိသန္ဓေတည်သော စိဉ္စမာဏဝိကာအမျိုးသမီး၊ ပဒုမဝတီ၏သားငါးရာတွင်ပဒုမမင်းသားတစ်ယောက်သာ ကိုယ်ဝန်တည်ပြီး ကျန်(၄၉၉)ယောက်သောသားတို့မှာမိခင်၏ကိုယ်ဝန်အညစ်အကြေးကိုစွဲမှီလျက် ဖွားမြင်ကြသောကြောင့် သံသေဒဇပုဂ္ဂိုလ်များဖြစ်ကြပြီး ပိုးလောက်စသောသတ္တဝါများလဲ သံသေဒဇသတ္တဝါများပင်ဖြစ်ပါသည်၊

(၂)**ဩပပါတိကပဋိသန္ဓေ**-ဘဝဟောင်းမှ ခုန်လွှားကျရောက်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဘွားကနဲပေါ်လာသော ပုဂ္ဂိုလ်များကို ဩပပါတိကပုဂ္ဂိုလ်ဟုခေါ်ပါသည်၊ ငရဲသူ ငရဲသား တစ္ဆေသူရဲ ပြိတ္တာ ကမ္ဘာဦးကလူများနှင့် နတ်ဗြဟ္မာများဟာ ဩပပါတိကပုဂ္ဂိုလ်များဖြစ်ကြပါတယ်၊

(၃)**ဂဗ္ဘသေယျကပဋိသန္ဓေ**-ဒီပဋိသန္ဓေကိုတော့ အဏ္ဍဇသတ္တဝါ ဇလာဗုဇသတ္တဝါရယ်လို့နှစ်မျိုးခွဲပါတယ်၊ ဥခွံတွင်း၌ဖြစ်ကြသော ငှက်အမျိုးမျိုးနှင့် မြွေ လိပ် ငါးစသောသတ္တဝါများသည် အဏ္ဍဇသတ္တဝါများဖြစ်ပြီး မိခင်ဝမ်း၌ကိုယ်ဝန်တည်၍ မွေးဖွားလာသော၊ မိခင်သားအိမ်၌ပဋိသန္ဓေ တည်၍ မွေးဖွားလာသော လူ ဆင် မြင်း ခွေးစသောသတ္တဝါများကို ဇလာဗုဇသတ္တဝါလို့ခေါ်ပါတယ်၊

## ကလလရေကြည်နှင့်ဝိပါက်စိတ်

အမိဝမ်းမှာပဋိသန္ဓေနေခဲ့ရသောသတ္တဝါများသည် ရှေးဦးစွာကာယဒသက ကလာပ်၊ကာယပသာဒရုပ်၁-ပါး၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ပထဝီ အာပေါ တေဇော ဝါယော အဝိနိဗ္ဘောဂရုပ်၈-ပါး၊ ဇီဝိတရုပ်၁-ပါး ဟူသောကာယဒသက ကလာပ်(၁)စည်း၊ ဟဒယဝတ္ထုရုပ်နှင့်ကျန်၉-ပါးဟူသောဝတ္ထုဒသက ကလာပ်၁-စည်း၊ ဣတ္ထိဘာဝရုပ် ပုံဘာဝရုပ်နှင့် ကျန်ရုပ်၉-ပါးဟူသော ဘာဝဒသက ကလာပ်၁-စည်းအားဖြင့်ကလာပ်၃-စည်း၊ ရုပ်(၃၀)ကိုပင် ကလလရေကြည်ဟုခေါ်ပါသည်၊ ကလလရေကြည်က ရုပ်တရား၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်အလိုက်ဖြစ်တဲ့ ဝိပါက်စိတ်၊ ဘယ်ဘဝပဲဖြစ်ဖြစ် ဘဝတစ်ခုမှာသတ္တဝါတွေရဲ့ ပဋိသန္ဓေဝိညာဏ်စိတ်သည်အကျိုး ဝိပါက်စိတ်သာဖြစ်ပါသည်၊ပဋိသန္ဓေဝိညာဏ်စိတ်နဲ့ယှဉ်ဘက် စေတသိက်ကအညသမာန်းစေတသိက်၁၃-ပါး၊ ဝိရတီ အပ္ပမညာကြဉ်သောစေတသိက်၂၀-ပါး၊ ပေါင်း၃၃-ပါး၊ပဋိသန္ဓေစိတ် စေတသိက်နဲ့ ရုပ်ကလာပ် ၃-စည်းဟာတပြိုင်နက်ဖြစ်ကြပါတယ်၊

ဘဝဟောင်းကနေဘဝသစ်မှာ ပဋိသန္ဓေနေတာဟာလဲ စိတ်ဝင်စားစရာပါ၊ ငှက်များဟာ တစ်ပင်မှ တစ်ပင်သို့ ပျံသွားသလို ဘဝဟောင်းက အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်လေးက ဘဝသစ် ခန္ဓာသစ်မှာပြောင်းဖြစ်တယ်လို့ ယူလိုက်ရင် "သဿတဒိဋ္ဌိ" ဖြစ်ပါတယ်၊ မြဲတယ်ဆိုတဲ့အယူပေါ့၊ ဒီဘဝကရုပ်နာမ်တွေ ဒီဘဝမှာပဲ ချုပ်ခဲ့ ပြတ်ခဲ့ ကုန်ခဲ့ပြီ၊ နောက်ဘဝသစ်နဲ့ဘာမှမဆိုင်ဘူး၊ ဘဝဆိုတာ တစ်ခုပဲရှိတယ်၊ နှစ်ခုမရှိဘူးလို့ယူလိုက်ရင် "ဥစ္ဆေဒဒိဋ္ဌိ"ဖြစ်ပါတယ်၊ နောက်ဘဝမှာပဋိသန္ဓေ နေတာဟာဘဝဟောင်းကအကြောင်းမကင်းသလို ဘဝဟောင်းက ရုပ်နာမ်တွေဟာလဲ တစ်ဆံချည်လေးမှ ရွှေ့ရှားသွားခြင်းမရှိပါဘူးဆိုတာလဲ ထင်ရှားပါတယ်၊ ဒါဖြင့်ဘယ်ပုံ ဘယ်နည်းနဲ့ဘဝသစ်မှာ ပဋိသန္ဓေနေ-သလဲ၊ ဥပမာအားဖြင့်ပြောရလျှင်-ကိုယ်လုံးပေါ်မှန်ရှေ့မှာမတ်တပ်ရပ်ကြည့်၊ မှန်ထဲမှာကိုယ့်အရိပ်ပေါ်လိမ့်မယ်၊ မှန်ထဲကလူနဲ့ မှန်ရှေ့ကလူတူသလားဆိုတော့ မတူပါဘူး၊ တခြားစီပါပဲ၊ တူတယ်ဆိုရင် မှန်ရှေ့ကလူကိုလက်သီးနဲ့ထိုးကြည့် မှန်ထဲကလူနာရမှာပေါ့၊ သို့သော်မှန်ရှေ့ကလူနဲ့ကင်းပြီး မှန်ထဲမှာပုံရိပ်မပေါ်နိုင်ပါဘူး၊ ထို့အတူအတိတ်ကပြုခဲ့တဲ့ကံတွေကြောင့် ဘဝသစ်မှာလူ နတ် ဗြဟ္မာဆိုတဲ့ပုံရိပ်ပေါ်တာကိုပဲ ပဋိသန္ဓေနေတယ်လို့ခေါ်ပါတယ်၊

တောတောင်ထဲရောက်နေတဲ့လူတစ်ယောက်က "ဟေး"ဆိုတဲ့အသံကို ကျယ်လောင်စွာအော်လိုက်ရင် ပဲ့တင်သံကလဲ "ဟေး"လို့ပြန်အော်လိမ့်မယ်၊ ပကတိလူအော်သံနဲ့ ပဲ့တင်သံ အတူတူလားဆိုတော့ မတူပါဘူး၊ တခြားစီပါပဲ၊ သို့သော်လူရဲ့အသံနဲ့ကင်းပြီးတော့မဖြစ်နိုင်ပါ၊ ဒီလိုပါပဲဘဝဟောင်းက

ကံတွေက ဘဝသစ်မှာလူ နတ် ဗြဟ္မာဆိုတဲ့ပဲ့သင်သံ ဖြစ်တာကိုပဲ ပဋိသန္ဓေနေတယ်လို့ခေါ်ပါတယ်၊

ပထမအိမ်တစ်အိမ်မှာ မီးတစ်တိုင်ထွန်းထားတယ်၊ နောက်အိမ် နောက်အိမ်တွေကလာပြီးပထမအိမ်ကမီးတိုင်မှာထွန်းကြတယ်၊ ကူးယူကြတယ်၊ နောက်အိမ်တွေကမီးတိုင်သည် ပထမအိမ်ကမီးတိုင်လားဆိုတော့ မဟုတ်ပါ၊ တခြားစီပါပဲ၊ သို့သော် ပထမအိမ်ကမီးတိုင်နဲ့ကင်းပြီး နောက်အိမ်တွေကမီးတိုင်များမဖြစ်နိုင်ပါ၊ ထို့အတူ ဘဝဟောင်းကကံတွေကြောင့် ဘဝသစ်မှာ လူ နတ် ဗြဟ္မာဆိုတဲ့ မီးတိုင်ပေါ်လာတာကို ပဋိသန္ဓေနေတယ်လို့ခေါ်ပါတယ်၊

နောက်တစ်ခုက ရာဘာတံဆိပ်တုံးပေါ်မှာ မှင်လေးဆွတ်ပြီးစက္ကူပေါ်ရိုက်လိုက်တဲ့အခါ တံဆိပ်ရာသွားထင်ပါတယ်၊စက္ကူပေါ်ကတံဆိပ်နဲ့ရာဘာတုံးထဲကတံဆိပ် အတူတူလားဆိုတော့မတူပါ၊ တခြားစီပါပဲ၊ သို့သော်ရာဘာတုံးထဲကတံဆိပ်နဲ့ကင်းပြီးတော့ စက္ကူပေါ်မှာ တံဆိပ်ရာမထင်နိုင်ပါ၊ ဒီဥပမာလိုပါပဲ၊ အတိတ်ကထူထောင်ခဲ့တဲ့ ကံဟူသောအကြောင်းကြောင့်ဘဝသစ်မှာ လူ နတ် ဗြဟ္မာ တိရစ္ဆာန်ဆိုတဲ့ တံဆိပ်ရာထင်တာကိုပဲ ပဋိသန္ဓေနေတယ်လို့ခေါ်ပါတယ်၊ လူ နတ် ဗြဟ္မာ တိရစ္ဆာန်ဘဝတွေမှာ ပဋိသန္ဓေနေတယ်ဆိုတာ ဝိပါက်စိတ်ပဲဖြစ်ပါတယ်၊

ဆောင်ပုဒ်

ဒီဘဝမှာ၊ ရုပ်နာမ်ဟာ၊ နောက်ဘဝနှင့်မဆိုင်ပါ၊
ဒီလိုယူက၊ ဥစ္ဆေဒ၊ မှတ်ကြဒိဋ္ဌိသာ၊
အသက် လိပ်ပြာ၊ မပျက်ပါ၊ နောက်ခန္ဓာထဲပြောင်းဝင်ကာ၊
ဒီလိုယူက၊ သဿတ၊ မှတ်ကြဒိဋ္ဌိပါ၊
သဘောမမိ၊ ဒိဋ္ဌိငြိ၊ လားဘိပါယ်လေးရွာ၊
မှန်ရိပ် ပဲ့တင်၊ မီးတိုင်ပင်၊ နှိပ်လျှင်တံဆိပ်ရာ၊
နောက်ဘဝဝယ်၊ သန္ဓေတွယ်၊ မှတ်ဘွယ်ဥပမာ၊

လူတိုင်းလူတိုင်း ဘဝနိဂုံး အဆုံးသတ်ခါနီးမှာ နိမိတ်တွေထင်လာရပြီး ဒီပုဂ္ဂိုလ်တော့ဖြင့် နတ်ပြည်ရောက်မယ်၊ လူ့ပြည်ပြန်ဖြစ်မယ်၊ ဒီလူကတော့ဖြင့်သူ့ရဲဖြစ်ပြီး ဒို့ပြန်ခြောက်တော့မှာပဲဆိုတာ သိနိုင်ပါတယ်၊ ဒီလိုထင်လာတဲ့နိမိတ်တွေကို အာသန္နကံနဲ့ပြောင်းပေးလို့ရပါတယ်၊ တစ်ခါကသီဟိုဠ်ကျွန်းမှာဦးသောဏဆိုတဲ့ဓမ္မကထိကရဟန်းတစ်ပါးရှိတယ်၊ သူ့ဖခင်ကြီးကတောလိုက်မုဆိုးဘဝနဲ့ အသက်မွေးနေတယ်၊ သားရဟန်းကဘယ်လိုပင်ပြောသော်လဲ သူ့ရဲ့ဝါသနာကိုမစွန့်နိုင်ပဲ မုဆိုးအလုပ်ကိုသာလုပ်ကိုင်ရင်းအသက်မွေးခဲ့တယ်၊ နောက်အိုမင်းမစွမ်းဖြစ်လာတော့ သားရဟန်းရဲ့တိုက်တွန်းမှုကြောင့် အသက်ကြီးသော်သေလုသော်မှ မပျော်လူ့ဘောင် သံဝေဆောင်၍ ရဟန်းဘောင်မှီး တောထွက်ကြီးဖြစ်လာခဲ့တယ်၊ တစ်နေ့မှာသေလောက်တဲ့ရောဂါဝေဒနာစွဲကပ်လာလို့ ငရဲနိမိတ်တွေထင်လာကာခွေးနက်ကြီးတွေ စားမယ်ဝါးမယ် ကိုက်မယ်ခဲမယ်နဲ့ သွားတဖြဲဖြဲ တဟဲဟဲဖြစ်နေသတဲ့ ဒီတော့ကြောက်လန့်ပြီး "မောင်သောဏကယ်ပါအုံး၊ ခွေးနက်ကြီးတွေကိုက်တော့မယ် ငါ့သားရဲ့ လုပ်ပါအုံး ခြောက်ပါအုံး" နဲ့ အော်တော့ ဦးသောဏကသိတယ်၊ အင်း ဒီအတိုင်းသာသေရင်တော့ ငါ့ဖခင်ကြီးသေချာပေါက်ငရဲကျတော့မယ်ဆိုတာသိတော့ပန်းတွေ ဆီမီးတွေဘုရားရင်ပြင်မှာ ပူဇော်ထားပြီးဦးဇင်းကြီးကို ကုဋင်လေးနဲ့ မ-ယူသွားပြီး ဘုရားရင်ပြင်ရှေ့ချထားကာ ဦးဇင်းကြီး "ဘုရားမှာပန်းတွေ ဆီမီးတွေ ရေချမ်းတွေပူဇော်ထားတယ်၊ မျက်လုံးလေးဖွင့် ဘုရားဖူးလိုက် ဘုရားဖူးလိုက်" နဲ့ပြောတော့ မျက်လုံးလေးအားယူဖွင့်လို့ဘုရားဖူးလိုက်တယ်ဆိုရင် "ဟဲ့ မောင်သောဏ ဖယ်ပေး ဖယ်ပေး၊ သားရဲ့မိထွေးတွေလာနေတယ် လာနေတယ်" နဲ့ပြောတယ်၊ ငရဲနိမိတ်တွေပျောက်ပြီး နတ်သမီးတွေ ရောက်လာကာ နတ်ပြည်နိမိတ်တွေပေါ်လာလို့ဖယ်ခိုင်းတာဖြစ်ပါတယ်၊ ချက်ချင်းပဲ အာသန္နကံကုသိုလ်ကပြောင်းပေးလိုက်တဲ့ အတွက် ပျံလွန်တော်မူတဲ့အခါမှာတော့ နတ်ပြည်ရောက်သွားရပါတယ်၊ *(ဥပရိပဏ္ဏာသ အဋ္ဌကထာ-၈၈)*

တရားအားထုတ်တဲ့ယောဂီများမှာ တစ်ခါတစ်ရံ ထိုင်လို့သိတ်ကောင်းပြီးသက်တောင့်သက်သာနဲ့ very comfortable ဖြစ်ကာ ရှုလို့ကောင်း မှတ်လို့ကောင်း ထိုင်လို့ကောင်းနေတာက သုခသဟဂုတ်ကာယဝိညာဉ်စိတ်ခေါ်ပါတယ်၊ ဒါအတိတ်ကမိမိတို့တတွေ ကောင်းတဲ့ကံတွေထူထောင်ခဲ့လို့ကောင်းတဲ့ ကုသလဝိပါက် ကာယဝိညာဉ်ဖြစ်ရတာပါ၊ တစ်ခါတစ်ရံမှာတော့ ဘယ်လိုမှထိုင်လို့မရလောက်အောင် ရောဂါဝေဒနာတွေ ဖိစီးနှိပ်စက်လို့လာပါတယ်၊ ဒါအတိတ်က အကုသိုလ်ကံကြောင့်ရရှိတဲ့ ဒုက္ခသဟ-ဂုတ်ကာယဝိညာဉ်စိတ်ဖြစ်ပါတယ်၊ အကုသိုလ်ရဲ့အကျိုးဝိပါက်ဖြစ်တဲ့ ကာယဝိညာဉ်ပါပဲ၊ တရားမထိုင်

နိုင်လောက်အောင်နာကျင်နေတဲ့ ဒုက္ခဝေဒနာကိုစိတ်စိုက်ပြီး နာတယ် နာတယ်လို့ မှတ်ပေးရပါတယ်၊ အဲဒီနာတာလေးက အမြဲနာနေသလား မဟုတ်ပါဘူး၊ ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက် မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်းမှာ ကုဋေတစ်သိန်းလောက်ဖြစ်ပျက်နေလို့ မမြဲတဲ့အနိစ္စ ဖြစ်ပျက်ဒါဏ်ကိုခံနေရလို့ဒုက္ခ၊ မနာပါနဲ့ရယ်လို့တောင့်တမရတဲ့အတွက်အနတ္တ၊ ဝေဒနာဖြစ်ပျက်အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ရှုလိုက်ရင် နာတဲ့သဘောတရားလေးပျောက်သွားပြီး ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ သုခသဟဂုတ်ကာယဝိညာဉ် ဖြစ်လာလိမ့်မယ်၊ ဒါကောင်းသောကုသလဝိပါက်ခေါ်ပါတယ်၊

## (၁၅) အာဟာရပစ္စည်း

အာဟာရဆိုတာ ဆောင်ပေးနေခြင်းဆိုတဲ့အဓိပ္ပါယ်ရပါတယ်၊ရုပ်အာဟာရကလဲ ခန္ဓာကိုယ်ကြီးကိုကျေးဇူးပြုပြီးဆောင်ပေးနေသလို နာမ်အာဟာရကလဲ စိတ် စေတသိက်တွေကို ကျေးဇူးပြုပြီးဆောင်ပေးနေပါတယ်၊

### ထောက်ကျားပမာအာဟာရာ

အိမ်ကြီးကိုထောက်ခံထားသည့်ကျားတိုင်များမရှိဘူးဆိုရင် လေဒါဏ်မိုးဒါဏ်ကြောင့် တစ်ချိန်ချိန်မှာပြိုလဲသွားနိုင်ပါတယ်၊ ထို့နည်းတူစွာ သတ္တဝါတွေမှာ ရုပ်အာဟာရ နာမ်အာဟာရမရှိခဲ့လျှင် အသက်ရှင်ရပ်တည်နိုင်ရန်မလွယ်လှပါ၊ ထို့ကြောင့် အာဟာရပစ္စည်းသည် ခန္ဓာကိုယ်ကိုကျားကန်ပေးထားသည့်တိုင်နှင့်တူပါသည်၊

**အာဟာရပစ္စယောတိ–––**

**ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရပစ္စယေန ပစ္စယော၊**

**အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော၊**

ကဗဠီကာရောအာဟာရောအရ အဆီအဆေးဩဇာဟူသော အာဟာရကပစ္စည်းတရား၊ ဣမဿ ကာယဿအရ စတုသမုဋ္ဌာနိကရုပ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

အရူပိနောအာဟာရာအရ–ဖဿ စေတနာ ဝိညာဉ်ဟူသောနာမ်အာဟာရ တရားကိုယ်၃–ပါးက ပစ္စည်းတရား၊ စိတ်၈၉–ပါး၊စေတသိက်၅၂–ပါး၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ သစ်သီးခဲဘွယ်ဘောဇဉ်ဟူသော အဆီ အဆေးဩဇာရုပ်က စတုသမုဋ္ဌာနိကခန္ဓာကိုယ်ကြီးအားအာဟာရပစ္စည်းဖြင့်ကျေးဇူးပြုပါတယ်၊ ဒီခန္ဓာကြီးက ကံ စိတ် ဥတု အာဟာရဟူသောအကြောင်းလေးပါးကြောင့်ဖြစ်ရပါတယ်၊ ဒါကို စတုသမုဋ္ဌာနိကရုပ်လို့ခေါ်ပါတယ်၊ အတိတ်ကံတွေကထောက်ပံ့ပေးလိုက်တာကြောင့် အင်္ဂါခြေလက် ပြည့်ပြည့်စုံစုံလာဖြစ်ရတယ်၊ မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည်တို့ ပြည့်ပြည့်စုံစုံ ဖြစ်ရပါတယ်၊ ကျမ္မာရေးညံ့မကြာမကြာနေမကောင်းဖြစ်နေရင်ဘုရားမှာပန်း ရေချမ်း ဆီမီးတွေလှူဒါန်းပေးရပါတယ်၊ အတိတ်ကံအားနဲနေရင် ပစ္စုပ္ပန်ကံတွေနဲ့ပေါင်းစပ်ပေးလိုက်တော့အားရှိသွားတယ်၊ တောင်ပေါ်ကကျလာတဲ့ရေကအားနဲနေတဲ့အခါ မိုးရွာချလိုက်ရင် အားကောင်းပြီးရေစီးသန်သွားတယ်၊ ဒီလိုပဲ အတိတ်ကံက အားနဲနေရင်ပစ္စုပ္ပန်ကံနဲ့ဆက်ပေးရပါတယ်၊ ကံတရားကရုပ်ခန္ဓာကြီးကို ထောက်ပံ့ပေးနေတယ်ဆိုတာတော့ထင်ရှားပါတယ်၊

စိတ်ကလဲရုပ်ကိုဖြစ်စေပါတယ်၊ "စိတ်ထောင်းကိုယ်ကျေ၊ စိတ်ပျို့ကိုယ်နု"ဆိုတဲ့စကားအတိုင်းလောဘဒေါသစတဲ့ကိလေသာတွေလွှမ်းမိုးနှိပ်စက်လို့ စိတ်ကငြိစ်နွမ်းနေရင် ရုပ်ခန္ဓာကြီးကလဲ လန်းလန်းဆန်းဆန်းမရှိညှိုးနွမ်းနေပါတယ်၊ရီးစားနဲ့အဆင်မပြေလို့ စိတ်ငြိစ်ပြီးမြစ်ထဲခုံချတာတို့၊ဖွဲကျိုးချပြီးသေတာတို့၊ အဆိပ်သောက်သေတာတို့စတာတွေဟာ စိတ်ကြောင့်ရုပ်ခန္ဓာကြီး ညှိုးနွမ်း ဆင်းရဲရတာဖြစ်ပါတယ်၊ ဒေါသဖြစ်နေတဲ့အခါမျိုးမှာ အသားတွေတဆတ်ဆတ်တုံပြီး မျက်နှာတွေနီရဲလာကာ မွေးညှင်းတွေပါထောင်လာပါတယ်၊ ဒါစိတ်ကြောင့်ရုပ်ဖေါက်ပြန်တဲ့သဘောပါ၊ အရပ်၁၀–မျက်နှာမေတ္တာပို့နေတဲ့အချိန်၊ ဘုရားဝတ်တက် တရားထိုင် ပရိတ် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဘုရားအာရုံပြုနေတဲ့အချိန်မှာ စိတ်ကကြည်နေပါတယ်၊ စိတ်တွေကြည်တော့ သွေးတွေပါကြည်နေပြီး ရုပ်ခန္ဓာကြီးလဲတက်ကြွရွှင်လန်း ပြုံးပန်းတွေဝေနေပါတယ်၊ ဒါစိတ်ကရုပ်ကိုထောက်ပံ့ပေးနေတယ်ဆိုတာသိသာပါတယ်၊

ဥတုကနေရုပ်ကိုဖြစ်စေပါတယ်၊ ရာသီဥတုသာယာလျှင်ရုပ်ကြည်လင်ကာ ကျမ္မာဝဖြိုးအလှတိုးလို့ရွှင်လန်းတက်ကြွနေပါတယ်၊ ရာသီဥတုသိတ်ဆိုးဝါးနေတဲ့အခါမျိုးမှာ အလွန်ပူလွန်း အလွန်အေး

လွန်းနေတဲ့အချိန်မျိုးမှာရုပ်ခန္ဓာကြီးဟာ မကြည်မလင် မရွှင်မပျ နွမ်းလျခွေယိုင် တမှိုင်မှိုင်ဖြစ်နေရပါတယ်၊သန့်ရှင်းသောအဝတ်အထည် အိပ်ရာနေရာတို့မှ တွေ့ထိသောဥတုငွေ့ကြောင့်လဲ ကြည်လင်သောရုပ်ကောင်းများ ဖြစ်ပေါ်လာရပါတယ်၊မသန့်ရှင်းသော ငြစ်ပတ်သောအဝတ်အထည်အိပ်ယာနေရာသုံးစွဲမှုကြောင့် မကောင်းသော ဥတုငွေ့များ ခန္ဓာကိုယ်မှာထိတွေ့ရလျှင် မကြည်လင်သောရုပ်ဆိုးရုပ်ညံ့များ ဖြစ်ပေါ်လာရပြီးကျန်မာရေးပျက်ကာ အသက်တိုစေနိုင်ပါတယ်၊ ဒါဥတုကရုပ်ခန္ဓာကြီးကိုထောက်ပံ့နေပုံဖြစ်ပါတယ်၊

အာဟာရကရုပ်ကိုဖြစ်စေတယ်ဆိုတာတော့ သိတ်ထင်ရှားပါတယ်၊ အာဟာရကိုဝဝလင်လင်စားသောက်နေရတဲ့ပုဂ္ဂိုလ်၊ အဆီအဆေးဩဇာရှိတဲ့ အစားအစာမျိုးကိုစားသောက်နေရတဲ့ပုဂ္ဂိုလ်တွေရဲ့ရုပ်ခန္ဓာကြီးဟာ ကြည်လင်ဝဖြိုး အလှတိုးနေမှာဖြစ်သလို ထမင်းရေသောက် မသေထမင်းမသေဟင်းစားနေရတဲ့ပုဂ္ဂိုလ်၊ ဆန်ကြမ်းနဲ့မြင်းစာပဲစားပြီး ခဲရေသောက်နေရတဲ့ ထောင်သားတွေရဲ့ရုပ်ခန္ဓာဟာ ခြောက်သွေ့ညှိုးနွမ်း မရွှင်မလန်းဖြစ်နေတာကိုကြည့်လိုက်ရင် အာဟာရရဲ့ပံ့ပိုးမှုအရေးကြီးပုံကိုသိနိုင်ပါတယ်၊ ရုပ်ကိုဖြစ်စေတယ်ဆိုရာမှာလဲ ထမင်းခဲဘွယ်ဘောဇဉ်ကဖြစ်စေသည်မဟုတ်ပါ၊ ထမင်းထဲမှာပါတဲ့ အဆီအဆေးခေါ်တဲ့ဩဇာကစတုသမုဋ္ဌာနိကရုပ်ခန္ဓာကြီးကို အာဟာရပစ္စည်းနဲ့ကျေးဇူးပြုနေတာပါ၊ ဩဇာရုပ်ကပြင်ပမှာရှိသလို ခန္ဓာထဲမှာလဲရှိပါတယ်၊ ခန္ဓာထဲကဩဇာရုပ်အားကောင်းမှပြင်ပအဆီအစေးခေါ်တဲ့ဩဇာနဲ့ ပေါင်းစပ်ပြီးရုပ်ကိုဖြစ်စေပါတယ်၊ အလွန်အားနဲနေတဲ့လူမမာတစ်ယောက်ဟာ စားကောင်း သောက်ဖွယ်တွေ ဘယ်လိုကျွေးကျွေး ပြန်လည်နလံထူလာဖို့ခဲယဉ်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ ခန္ဓာထဲကဩဇာရုပ်ပျက်နေသောကြောင့်ဖြစ်ပါတယ်၊ အတွင်းဩဇာရုပ်ကအားကောင်းမှ ပြင်ပစားသမျှအဆီအစေးဩဇာကို လက်ခံပေါင်းစပ်ပြီးရုပ်ကိုထောက်ပံ့လို့နေပါတယ်၊

**အာဟာရဇရုပ်ဘယ်ချိန်မှာစဖြစ်သလဲ**

ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒါ၊
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃဏော၊
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ၊ *(ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ၇၊၇၀)*

ပထမံ ကလလံ ဟောတိ-အမိဝမ်းထဲမှာ ပထမဆုံး ကာယ ဘာဝ ဝတ္ထုဒသကဆိုတဲ့ ကလာပ်သုံးစည်း ရုပ်သုံးဆယ်တို့ကလလရေကြည်အဖြစ်နဲ့စတည်ပါတယ်၊ ကလလာ ဟောတိ အဗ္ဗုဒါ-ကလလာ-ကလလရေကြည်အဖြစ်မှနောက်၌၊ အဗ္ဗုဒါ-အမြှုပ်ပွက်သည်၊ဟောတိ-ဖြစ်၏၊ (၇)ရက်လောက်ကြာတော့ကလလရေကြည်အဖြစ်က ပုံစံတစ်မျိုးပြောင်းကာ အမဲသားဆေးတဲ့ရေမှအမြှုပ်ပွက်ကလေးထသလိုအမြှုပ်ပွက်ကလေးဖြစ်လာပါတယ်၊ အဗ္ဗုဒါ ဇာယတေ ပေသိ-အမြှုပ်ပွက်အဖြစ်မှနောက် (၇)ရက်လောက်ရင့်မာကြီးမားပြီးနောက် နီနီထွေးထွေး အသားတစ်ကလေးအဖြစ် ရောက်လာပါတယ်၊ ပေသိ နိဗ္ဗတ္တတေ ဃနော-ပျော့ပျော့အိအိအသားတစ်အဖြစ်နဲ့(၇)ရက်လောက်ရှိတော့ ကြက်ဥသဏ္ဍာန်ကဲ့သို့ ရှည်ရှည်လျှားလျှားပုံသဏ္ဍာန်ဖြစ်လာပြီး မာမာခက်ခက်တခဲနက် အသားကလေးအဖြစ်ပြောင်းလာပါတယ်၊ ဃနာ ပသာခါ ဇာယန္တိ-ဃနအဖြစ်နဲ့ကြီးပွါးလာရပြီး ဦးခေါင်း ခြေနှစ်ဖက် လက်နှစ်ဖက်ဖြစ်ဖို့ရာအဖုကလေးတွေပေါ်ပေါက်လာရပါတယ်၊ သစ်ပင်၏အကိုင်းအခက်ကြီးများကဲ့သို့ခန္ဓာကိုယ်၏အကိုင်းကြီးအခက်ကြီးများဖြစ်သောကြောင့်"ခက်မ" ဟုခေါ်ပါသည်၊ ဤသို့လျှင်ခက်မငါးဖြာပေါ်လာ၍ (၇)ရက်ရှိသောအခါ သူငယ်ကလေးဟာ (၅)သတ္တာဟ (၃၅)ရက်ရှိနေပါပြီ၊ "ကမေန စက္ခုဒသကာဒီနိ ပါတုဘဝန္တိ"ဤအစဉ်အားဖြင့်တရွေ့ရွေ့ကြီးပြင်းလာခဲ့ရာ ဧကာဒသမသတ္တာဟ(၇၇)ရက် ရောက်သောအခါမှာပဋိသန္ဓေနေစက ဖြစ်ခွင့်မရခဲ့တဲ့ မျက်စိ နား နှာခေါင်း လျှာများဖြစ်ပေါ်လာရပါတယ်၊ ကေသာ လောမာနခါပိစ-ဆံပင် မွေးညှင်း ခြေသည်း လက်သည်းစသည်တို့ဟာ မွေးခါနီး (၄၂)သတ္တာဟ (၂၉၄) ရက်၊ကိုးလကျော်ကျော်(၁၀)လတွင်းရောက်မှပေါ်ပေါက်လာကြပါတယ်၊ *(သဂြိုဟ် ဘာသာဋီကာ)*

ရုပ်ကိုဖြစ်စေနိုင်တဲ့အကြောင်းလေးပါးရှိပါတယ်၊ ဒါကတော့ ကံ စိတ် ဥတု အာဟာရပဲဖြစ်ပါတယ်၊ အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့်လူဖြစ်လာတယ်ဆိုတာ ထင်ရှားပါတယ်၊ စိတ်ဆိုတာကလဲ ကလလရေကြည်ရုပ်ပေါင်း(၃၀)နဲ့ တပြိုင်နက်ဖြစ်ခဲ့ပါတယ်၊ ဥတုကတော့ အမိဝမ်းတွင်းမှဥတုငွေ့တွေက ကလလရေကြည်ကိုကျေးဇူးပြုနေပါတယ်၊ သန္ဓေသားလေးရက်သတ္တ(၃)ပတ် (၂၁)ရက်လောက်ရှိတဲ့အခါမှာ မိခင်စားလိုက်တဲ့အစာလေးတွေဟာ ကလေးရဲ့ခန္ဓာကိုယ်မှာတဖြေးဖြေးစရောက်

ပါတယ်၊ ရက်သတ္တ(၃)ပတ်မြောက်လောက်ရောက်တဲ့အချိန်ကစပြီး အာဟာရဇရုပ်က ကလေးရဲ့ခန္ဓာကိုယ်ခေါ်တဲ့ စတုသမုဋ္ဌာနိကရုပ်ကို ကျေးဇူးပြုပါတယ်၊ အတော်လေးကြီးလာတော့ ကလေးရဲ့ချက်ကြိုးမှတစ်ဆင့် အစာအိမ်ထဲအထိရောက်သွားပါတယ်၊ အဆင်အခြင်မရှိတဲ့ မိခင်များဟာအပူအစပ်အအေးဖြစ်တဲ့ ဂျင်း ပြေပ်သီး ရေခဲမုံ့စသည်စားလိုက်တဲ့အခါ သန္ဓေသားလေးခမျာရဲ့ကျသလိုခံစားရပါတယ်၊ ဖိုးကနဲ ဖတ်ကနဲ ထိုင်လိုက်ထလိုက်တဲ့အခါ ခါးကိုင်ဆောင့်သလိုခံစားရပါတယ်၊ ကုန်းလိုက်ကွလိုက်လုပ်ပြန်လျှင် ကလေးခါးလှန်ချိုးသလို ပြင်းထန်စွာခံစားရပါသတဲ့၊

ရုပ်အာဟာရကျေးဇူးပြုပုံကိုသာဓကထုတ်ရမယ်ဆိုရင် တစ်နေ့ဘုရားရှင်ကိုယ်တော်မြတ်သဗ္ဗ–ညုတဉာဏ်တော်ကွန်ယက် ဖြန့်ကြက်ပြီး ကမ္ဘာလောကကြီးကြည့်တော်မူလိုက်တဲ့အခါ အာဠဝီပြည်သားလယ်သမားဒကာကြီးတစ်ယောက် တရားထူးရမယ်ဆိုတာမြင်တော်မူလို့ရဟန်းတော်များခြံရံကာသာဝတ္ထိပြည်ကနေအာဠဝီပြည် ကြွလာပါတယ်၊ လယ်သမားဒကာကြီးလဲ ဘုရားကြွလာမှန်းသိပါတယ်၊ ဘုရားလဲဖူးချင်၊ဒါပေမဲ့အဲဒီနေ့ကျကာမှ နွားကလဲပျောက် ဖြစ်နေတော့ ဘုရားဖူးရကောင်းမလား၊ နွားပျောက်ရှာရကောင်းမလားနဲ့ ဝေခွဲမရဒွိဟဖြစ်နေစဉ် အဲလေနွားပျောက်ရှာပြီးမှဘုရားဖူးတာပေါ့ဆိုပြီး နံက်စောစောနွားပျောက်ရှာဖို့ထွက်သွားပါတယ်၊ နေတော်တော်မြင့်မှ ပြန်တွေ့ကာနွားတင်းကုတ်တွင် ချည်ခဲ့ပြီးအိမ်မပြန်တော့ပဲမှီလိုမှီငြားဘုရားဖူးရအောင်လာခဲ့ပါတယ်၊ ဘုရားရှင်ကလဲဆွမ်းစားပြီးတရားမဟောသေးပဲနေတော်မူပါတယ်၊ ဘယ်သူကမှလဲလူစုံပါပြီတရားဟောတော်မူပါဘုရားလို့ မလျှောက်ရဲဘူး၊ လယ်သမားဒကာကြီးရောက်လာတော့ ထမင်းဆာနေမှန်းသိတော်မူပါတယ်၊ ဝေယျာဝစ္စဆောင်ရွက်တဲ့ဒကာအား ဒကာကြီးကိုထမင်းကျွေးခိုင်းပါတယ်၊ ထမင်းစားပြီးတော့မှ–––

ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ

ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ၊

စသည်ဖြင့်တရားဟောတော်မူပါတယ်၊ လောကမှာထမင်းဆာခြင်းထက် ပြင်းထန်သောရောဂါ မရှိပါ၊ ခန္ဓာကိုယ်ကြီး ရေမိုးချိုး ဖီးလိမ်းပြုပြင် ရေမွေးနံ့သာနဲ့ တန်ဆာဆင် မျက်ခုံးမွေး ဆွဲပေးရတဲ့ဒုက္ခ က အဆင်းရဲဆုံးပဲတဲ့၊ အချမ်းသာဆုံးကတော့ နိဗ္ဗာန်ပဲဖြစ်ပါတယ်စသည်ဖြင့် တရားဟောလိုက်တာ လယ်သမားဒကာကြီး သောတာပန်ဖြစ်ကာ အပါယ်တံခါးပိတ်သွားပါတယ်၊*(ဓမ္မပဒအဋ္ဌကထာ၂–၁၆၉)*

ဘာ့ကြောင့်ထမင်းကျွေးခိုင်းရသလဲဆိုတော့ ထမင်းဆာနေမှန်းသိတော်မူလို့ ထမင်းဆာနေတဲ့ပုဂ္ဂိုလ်ကိုတရားဟောလိုက်ရင်စိတ်တွေ မငြိမ်မသက်ဖြစ်ကာအာရုံစိုက်လို့နာနိုင်မှာမဟုတ်ပဲ သမာဓိဉာဏ်တွေလဲမဖြစ်၊ တစ်ဆင့်တက်လို့ယထာဘူတဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေမဖြစ်နိုင်ပါ၊ ဒါကြောင့်ရုပ်အာ–ဟာရကအရေးတကြီးကျေးဇူးပြုကာ ခန္ဓာကိုယ်အားထောက်ပံ့နေတယ်ဆိုတာ သိသာထင်ရှားပါတယ်၊ ဖဿ စေတနာ ဝိညာဏ်ခေါ်တဲ့ နာမ်အာဟာရကလဲ ရုပ်ကိုကျေးဇူးပြုပေးနေပါတယ်၊ ဖဿက အာရုံရဲ့ကောင်းဆိုးအရသာတွေတွေ့ပြီး သမ္ပယုတ်တရားတွေကို ထင်ရှားဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးပါတယ်၊ စေတနာကစေ့ဆော်တိုက်တွန်းတဲ့သဘောပါ၊ စေ့ဆော်တိုက်တွန်းတဲ့အနေနဲ့ စိတ်စေတသိက်ရုပ်တရားတွေဖြစ်အောင်ကျေးဇူးပြုပါတယ်၊ ဝိညာဏ်ကအာရုံကိုသိခြင်းလက္ခဏာဖြစ်ပါတယ်၊ အာရုံသိခြင်းကိစ္စအားလျော်စွာ သမ္ပယုတ်တရားတွေကိုဖြစ်စေ သိစေပါတယ်၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တွေကိုလဲဖြစ်စေပါတယ်၊မျက်စိအကြည်ရယ် ရူပါရုံရယ် မြင်သိစိတ်ရယ်သုံးခုပေါင်းဆုံပြီးဖြစ်လာတဲ့အတွေ့ကို ဖဿလို့ခေါ်ပါတယ်၊“စက္ခုံ့စ ပဋိစ္စ ရူပေစ ဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော”ဖဿကနေဝေဒနာကိုကျေးဇူးပြုပါတယ်၊ အတွေ့အထိကောင်းရင်သုခဝေဒနာ၊ အတွေ့အထိမကောင်းရင်ဒုက္ခဝေဒနာ၊ အလယ်အလတ်ဆိုရင်ဉပေက္ခာဝေဒနာဖြစ်ပါတယ်၊ ဖဿပစ္စည်းတရားက ဝေဒနာ တဏှာ ဉပါဒါန်ကံတရားတွေဖြစ်လာအောင် ကျေးဇူးပြုပါတယ်၊ စေတနာဆိုတာကမ္မဘဝကိုခေါ်ပါတယ်၊ကာ–ယကံ ဝစီကံ မနောကံတို့ပဲဖြစ်ပါတယ်၊ ကမ္မဘဝကနေ ဉပပတ္တိဘဝဖြစ်တဲ့ကာမ ရူပ အရူပဘဝတွေဖြစ်အောင်ကျေးဇူးပြုပါတယ်၊ နောက်ဝိညာဏ်ဟူသောပစ္စည်းတရားက “ဝိညာဏပစ္စယာ နာမရူပံ”ဟူသောဒေသနာတော်အရ နာမ်ရုပ်နှစ်ပါးကို ကျေးဇူးပြုပါတယ်၊ ဒါ ဖဿ စေတနာ ဝိညာဏ်ခေါ်တဲ့နာမ်အာဟာရကနေ ရုပ်ခန္ဓာကြီးအား အာဟာရပစ္စည်းနဲ့ကျေးဇူးပြုပုံဖြစ်ပါတယ်၊

## (၁၆) ဣန္ဒြိယပစ္စည်း

ဣန္ဒြိယဆိုတာအစိုးရခြင်း အုပ်ချုပ်ခြင်းဆိုတဲ့အဓိပ္ပါယ်ရပါတယ်၊ကိုယ့်ဆိုင်ရာဆိုင်ရာမှာအကြီးအကဲ

အဖြစ်နဲ့ အစိုးတရအုပ်ချုပ်တာက ဣန္ဒြိယပစ္စည်းဖြစ်ပါတယ်၊ အဓိပတိကလဲ အစိုးရခြင်းလို့အဓိပ္ပါယ်ရပါတယ်၊ ပြိုင်ဘက်မရှိတစ်ပါးတည်း လွှမ်းမိုးအုပ်ချုပ်တာကိုအဓိပတိခေါ်ပါတယ်၊ ကိုယ့်ဌာနကိုယ့်ဆိုင်ရာမှာဝန်ကြီးအဖြစ်နဲ့တာဝန်ယူလျှက်စီမံအုပ်ချုပ်တာကဣန္ဒြိယဖြစ်ပါတယ်၊ စက္ခုန္ဒြေဆိုရင်မျက်စိအကြည်မှာ၊ သောတိန္ဒြေဆိုရင်နားအကြည်မှာ၊ ဃာနိန္ဒြေဆိုရင်နှာခေါင်းအကြည်မှာ၊ ဇိဝှိန္ဒြေဆိုရင်လျှာအကြည်မှာ၊ ကာယိန္ဒြေဆိုရင်ကိုယ်အကြည်မှာအစိုးရတယ်၊ အဓိပတိပစ္စည်းကတော့အားလုံးရဲ့အကြီးအကဲပဓာနနေရာတာဝန်ယူပြီး ဗိုလ်ချုပ်မှူးကြီးအဖြစ်နဲ့အုပ်ချုပ်ပါတယ်၊ဆန္ဒကဦးဆောင်နေရင်ဘုရားအလောင်းတော်ကြီးများရဲ့ဆန္ဒမျိုးလိုပြင်းထန်နေရင် ဝီရိယကလဲဆန္ဒရဲ့အလိုလိုက်ကာ အားထုတ်ပေးရတယ်၊ စိတ်ကလဲဆန္ဒအတိုင်းလိုက်ပေးရတယ်၊ ဝီမံသကလဲဆန္ဒအတိုင်းအရာရာမှာ စီစစ်ပေးရပါတယ်၊

**ဆောင်ပုဒ်**

ကိုယ့်ဌာနမှာ၊ အုပ်ချုပ်တာ၊ မှတ်ပါဣန္ဒြိယာ၊
ပြိုင်ဘက်မရှိ၊ အုပ်ချုပ်ဘိ၊ အဓိပတိပါ၊
ပစ္စည်းနှစ်ပါး၊ အထူးကား၊ မှတ်သားဤသို့သာ၊

ဣန္ဒြိယပစ္စည်းရဲ့အုပ်ချုပ်မှုက အဓိပတိလောက်မကြီးကျယ်ပေမဲ့ သူ့နေရာမှာတော့သူဝန်ကြီးပဲဖြစ်ပါတယ်၊ ဥပမာ–ဘာနဲ့တူသလဲဆိုတော့ ပညာရေးဝန်ကြီး သာသနာရေးဝန်ကြီး ကာကွယ်ရေးဝန်ကြီးတို့လိုပါပဲ၊ ကိုယ့်ဌာနမှာကိုယ်တာဝန်အရှိဆုံး ဩဇာအရှိဆုံး လုပ်ပိုင်ခွင့်အရှိဆုံးဖြစ်သလိုပါပဲ၊ စက္ခုန္ဒြေကလဲမြင်ခြင်းကိစ္စဆိုင်ရာမှာသူအဓိကပဓာနဖြစ်သလို သောတိန္ဒြေတို့ကလဲ သူ့ဆိုင်ရာဌာနတွေမှာပဓာနအဖြစ်နဲ့တာဝန်ယူပြီးအုပ်ချုပ်နေပါတယ်၊

(၁)စက္ခုန္ဒြေကို စက္ခုပသာဒ=မျက်စိအကြည်လို့ခေါ်ပါတယ်၊ အဲဒီမျက်စိအကြည်လေးက မျက်လုံးအတွင်းမျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာအရပ်မှာ သန်းဦးခေါင်းပမာဏခန့် "စက္ခုပသာဒ" ခေါ်တဲ့မျက်စိအကြည်ရုပ်က စက္ခုဝိညာဉ်=မြင်ခြင်းကိစ္စကိုဖြစ်စေတာပါ၊ စက္ခုဝိညာဉ်ကသိတ်မြင်ချင်ပါတယ်၊သို့သော် မျက်စိအကြည်ရုပ် အားကောင်းသလောက်ပဲ သူမြင်နိုင်ပါတယ်၊ မျက်စိအကြည်ရုပ်ကကမ္မဇရုပ်၊ အသက်ငယ်ငယ်မှာမျက်စိအကြည်ရုပ်တွေက သိတ်အားကောင်းတော့ ကြည့်လိုက်ရင်သဲသဲကွဲကွဲထင်ထင်ရှားရှားမြင်ရပြီး အသက်လေးဆယ်ကျော် ငါးဆယ်တွင်းရောက်လာတော့ မျက်စိအကြည်ရုပ်တွေအားနဲလာကာ မြင်ခြင်းကိစ္စလဲဆုတ်ယုတ်လာပါတယ်၊ အရင်ကလိုသဲသဲ ကွဲကွဲ ပီပီ ပြင်ပြင်ထင်ထင်ရှားရှား မမြင်ရတော့ပါ၊ ဒါကြောင့်မျက်မှန်ကူပေးရတယ်၊ မျက်စဉ်းခတ်ပေးရတယ်၊ မျက်စိအားဆေးတွေစားပေးနေရတယ်၊ဘာ့ကြောင့်လဲဆိုတော့ မျက်စိအကြည်ရုပ်အားနဲလာလို့ပါပဲ၊ စက္ခုပသာဒက သူတစ်ဦးတည်းမဟုတ်ပါဘူး၊ သူရဲ့အပေါင်းအဖေါ်တွေကအားနဲလာလို့ အကြည်ရုပ်ကလဲအားနဲလာရတာပါ၊ စက္ခုဝိညာဉ်ကဘာမဆိုမြင်ချင် ကြည့်ချင်ပါတယ်၊ သို့သော်သူမြင်ချင်တိုင်း ကြည့်ချင်တိုင်းခွင့်မပေးပါဘူး၊စက္ခုန္ဒြေခေါ်တဲ့မျက်စိအကြည်ရုပ်က "မင်းသဘောမဟုတ်ဘူး၊ ငါ့သဘော ဒီနေရာဒီဌာနမှာငါဝန်ကြီး ငါအကြီးအကဲ ငါစီမံသလိုမင်းလိုက်နာရမယ်" ဆိုလို့ မျက်မှန်ကူတတ်ပြီး စာဖတ်ပေးနေရတာပါ၊ ဒါမျက်စိအကြည်ရုပ်ကမြင်ခြင်းကိစ္စဆိုင်ရာမှာ အစိုးရပြီးကျေးဇူးပြုလိုက်တာပါပဲ၊

(၂) သောတိန္ဒြေကို သောတပသာဒ=နားအကြည်လို့ခေါ်ပါတယ်၊ နားအကြည်လေးကနား၏အတွင်း လက်စွပ်ကွင်းသဏ္ဍာန်ရှိသောအရပ်ဝယ် နုနယ်နီမြန်းသော အမွေးနုကလေးများပေါက်လျှက်ရှိပါတယ်၊ ထိုအရပ်မှာပျံ့နှံ့လျှက်တည်သော သောတပသာဒ=ခေါ်နားအကြည်ရုပ်က ကြားခြင်းကိစ္စကိုဖြစ်စေပါတယ်၊ သောတဝိညာဉ်ကလဲအရာရာတိုင်းကို သဲသဲကွဲကွဲ ကြားချင်ပါတယ်၊ အသက်လေးနဲနဲကြီးလာတော့နားအကြည်ရုပ်တွေအားနဲလာကာ လေးလံထိုင်းမှိုင်းလာပါတယ်၊ နား နားကပ်ပြီးအော်ပြောမှကြားရတော့တယ်၊ နားကြပ်တွေကူပေးနေရတယ်၊ သောတဝိညာဉ်ကပီပီပြင်ပြင် ကြားချင်ပေမဲ့ သောတိန္ဒြေခေါ်နားအကြည်ရုပ်က "ဒီနေရာမှာ ငါလူကြီး၊ ငါ့သဘော၊မင်းငါစီမံသလိုလိုက်နာရမယ်" ဆိုတဲ့သဘောနဲ့ ကြားခြင်းကိစ္စဆိုင်ရာမှာ အစိုးတရအုပ်ချုပ်ကာကျေးဇူးပြုနေပါတယ်၊

(၃)ဃာနိန္ဒြေကို ဃာနပသာဒ=နှာခေါင်းအကြည်လို့ခေါ်ပါတယ်၊ဒီအကြည်ရုပ်လေးကနှာခေါင်းအတွင်း ဆိတ်သတ္တဝါ၏ခွါနှင့်ပုံသဏ္ဍာန်တူသောအရပ်ဝယ် ပျံ့နှံ့လျှက်တည်ရှိသော နှာခေါင်းအကြည်ရုပ်က နမ်းရှုခြင်းကိစ္စကိုပြီးစေပါတယ်၊ ဃာနဝိညာဉ်ကလဲအရာရာတိုင်းကိုနမ်းချင် ရှုချင်နေပါတယ်၊ မကောင်းတဲ့အနံ့ပင်ဖြစ်လင့်ကစား စုံစမ်းတဲ့သဘောနဲ့ နမ်းကြည့်ချင်ပါတယ်၊ နှာခေါင်းအကြည်ရုပ်ပျက်လာရင် ဘာအနံ့မျိုးကိုမှနမ်းလို့မရတော့ပါ၊ ဃာနဝိညာဉ်နမ်းချင်တိုင်းနမ်းလို့ ရှုလို့မရပါဘူး၊

ဃာနိန္ဒြေခေါ်တဲ့နှာခေါင်းအကြည်ရုပ်က အုပ်ချုပ်ထားတာမို့ သူခွင့်ပြုသလောက်ပဲ နမ်းလို့ရပါတယ်၊ အကြည်ရုပ်ပျက်လာတဲ့အခါမှာအမွှေးနံ့ရော အပုတ်နံ့ပါနမ်းလို့မရပါ၊ ဒါနမ်းရှုခြင်းကိစ္စကို နှာခေါင်းအကြည်ရုပ်ခေါ်တဲ့ဃာနိန္ဒြေက ကြီးစိုးကာကျေးဇူးပြုထားပါတယ်၊

(၄) ဇိဝှိန္ဒြေကို ဇိဝှါပသာဒ=လျှာအကြည်လို့ခေါ်ပါတယ်၊ အကြည်ရုပ်ကလျှာ၏အလယ် ကြာပွင့်ဖတ်များနှင့်အလားတူသောအရပ်ဝယ်တည်ရှိသော လျှာအကြည်ရုပ်က ချို ချဉ် စပ် ငန် ဖန် ခါးဟူသောအရသာခြောက်ပါးကို ခံစားခြင်းကိစ္စဖြစ်ပါတယ်၊ နေထိုင်မကောင်းလို့ခံတွင်းပျက်နေတဲ့အခါမျိုးမှာဘာစားစားအရသာမရှိပါ၊ ဇိဝှါဝိညာဉ်ကအရသာခြောက်ပါးလုံးကို မြိန်မြိန် ယှက်ယှက်အားရပါးရစားပြီးခံစားချင်ပေမဲ့ ဇိဝိတိန္ဒြေခေါ်တဲ့လျှာအကြည်က "ဒါ ငါအုပ်ချုပ်တဲ့နယ်မြေ၊ ငါအပိုင်စားရထားတဲ့နေရာ၊ မင်း န္တားရှေ့ထွန်မကျူးချင်နဲ့" ဆိုပြီးအုပ်စိုးကာ ဣန္ဒြိယပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊

(၅) ကာယိန္ဒြေကိုကာယပသာဒ=ကိုယ်အကြည်ရုပ်လို့ခေါ်ပါတယ်၊ အကြည်ရုပ်က အသားမာ အရေခြောက် ခြေသည်း လက်သည်းဖျား ဆံပင် အမွှေးဖျားမှတစ်ပါး အစိုဓာတ်ရှိသောတကိုယ်လုံးမှာပျံ့နှံ့လျက်တည်ရှိပါတယ်၊ ထိတွေ့နာကျင်ကိုက်ခဲခြင်းကိစ္စကို ခန္ဓာကိုယ်ကသိသည်မဟုတ်ပါ၊ အကြည်ရုပ်ကသိခြင်းသာဖြစ်ပါသည်၊ လေဖြတ်ပြီး ပသာဒရုပ်ပျက်နေတဲ့အခါမျိုးမှာ ကာယဝိညာဉ်ကထိသိစိတ်ကိုခံစားချင်ပေမဲ့ ကာယိန္ဒြေခေါ်တဲ့ခန္ဓာကိုယ်အကြည်ရုပ်က "ငါ့အလိုအတိုင်းလိုက်ရမယ်၊ ငါစီမံသလိုနာခံရမယ်၊ ဖအေ့ထက်သားကတစ်လမကြီးချင်နဲ့" ဆိုကာ အစိုးတရစီမံအုပ်ချုပ် ဣန္ဒြိယပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊

**စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊**

စက္ခုန္ဒြိယံအရ စက္ခုပသာဒခေါ်တဲ့ မျက်စိအကြည်ရုပ်ကပစ္စည်းတရား၊ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံအရစက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ဣန္ဒြိယကသုံးမျိုးရှိပါတယ်၊ (၁)ဝတ္ထုပုရေဇာတိန္ဒြိယ(၂)ရူပဇီဝိတိန္ဒြိယ(၃)မနိန္ဒြိယဖြစ်ပါတယ်၊ စက္ခုန္ဒြိယံကနေ ကာယိန္ဒြိယံထိ ဝတ္ထုပုရေဇာတိန္ဒြိယခေါ်ပါတယ်၊ ဝတ္ထု-မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ဟူသောဝတ္ထုရုပ်ငါးပါးက တည်ရာမှီရာအဖြစ်ဖြင့်၊ ပုရေဇာတ-ကရှေးကဖြစ်နှင့်ပြီး၊ ဣန္ဒြိယ-ကအစိုးတရကျေးဇူးပြုပါတယ်၊ ဝတ္ထုရုပ်(၅)ပါးသည် မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ်တို့၏တည်ရာ မှီရာအဖြစ်ဖြင့် အရင်ဖြစ်နှင့်ပြီးအစိုးတရကျေးဇူးပြုတတ်သောကြောင့် ဝတ္ထုပုရေဇာတိန္ဒြိယဟုခေါ်ပါသည်၊ မျက်စိအကြည်ရုပ်သည်မြင်သိစိတ်၏ မှီရာဖြစ်သောကြောင့်ဝတ္ထု၊ မြင်သိစိတ်မဖြစ်ခင် ရှေးကကြိုတင်၍ဖြစ်နှင့်သောကြောင့်ပုရေဇာတ၊ မျက်စိအကြည်ရုပ်သည် မြင်သိစိတ်ကိုအစိုးရပြီးကျေးဇူးပြုနေတာကြောင့်ဣန္ဒြိယ၊ ဒါကို ဝတ္ထုပုရေဇာတိန္ဒြိယခေါ်ပါတယ်၊ နောက်ရူပဇီဝိတိန္ဒြိယသွားကြစို့---

**ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊**

ဦးဇင်းတို့သန္တာန်မှာရုပ်ဇီဝိတိန္ဒြေဆိုတဲ့ရုပ်တစ်မျိုးရှိတယ်၊ အဲဒိဇီဝိတရုပ်ကလဲရုပ်သက်တွေ ရှင်သန်နေအောင်ကျေးဇူးပြုပေးနေပါတယ်၊ စက္ခုဒသကကလာပ်ဆိုတာရှိတယ်၊ မျက်စိမှာရုပ်(၁၀)ပါး၊နား နှာခေါင်း လျှာ ကိုယ်တို့မှာလဲရုပ်(၁၀)ပါးအပေါင်းရှိတယ်၊ စက္ခုပသာဒရုပ်၊အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ဇီဝိ-တရုပ် ပေါင်း(၁၀)ပါးရှိရာတွင် ဇီဝိတရုပ်ကကျန်တဲ့ရုပ်(၉)ပါးကို ကျေးဇူးပြုထောက်ပံ့ပေးနေပါတယ်၊ ဇီဝိတရုပ်ကပစ္စည်းတရား၊ ကျန်ရုပ်(၉)ပါးကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ဇီဝိတရုပ်ကထောက်ပံ့မှုအားကောင်းလျှင် ကျန်ရုပ်များလဲအားကောင်းကြပါတယ်၊ ဇီဝိတရုပ်ကထောက်ပံ့မှုအားနဲ့သွားရင် ကျန်ရုပ်များလဲအားနဲ့သွားပါတယ်၊ အသက်ကြီးလာတဲ့အခါ မျက်စိမှုံ နားထိုင်း အနံ့ကောင်းကောင်းမရ ခံတွင်းပျက်ခြင်းစတာတွေဟာ ဇီဝိတရုပ်၏ထောက်ပံ့ကျေးဇူးပြုမှု အားနဲ့လာလို့ပဲဖြစ်ပါတယ်၊အသက်ကြီးလာတော့ယယ်ယယ်ကလိုသွက်သွက်လက်လက် သွားလာလှုပ်ရှား ထိုင်ထမလုပ်နိုင်တော့ပါ၊ မျက်စိတွေမွဲ မဲ့ခြောက်တွေစွဲ အရည်တွေတွဲ ဒရွတ်ဆွဲလာတာတွေဟာ ဇီဝိတရုပ်ကအားနဲ့ပြီးကျေးဇူးမပြုနိုင်လို့ပဲဖြစ်ပါတယ်၊ဒီတော့ဇီဝိတရုပ်က ခန္ဓာတစ်ခုလုံးကိုအစိုးတရကျေးဇူးပြုနေတယ်ဆိုတာ ထင်ရှားပြီပေါ့၊ ဇီဝိတရုပ်ကို အာယု=အသက်လို့လဲခေါ်ပါတယ်၊ တစ်ချို့က အသက်ထွက်တယ်ဆိုတာမျက်စိပေါက်ကအသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင်လေးထွက်သွားတယ်၊ နားပေါက် နှာခေါင်းပေါက် ပါးစပ်ပေါက်ကထွက်သွားတယ်လို့ပြောကြတယ်၊ တစ်ဘဝချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းပြီးနောက်ခန္ဓာကိုယ်ကြီးကကျန်

ရစ်ခဲ့ပေမဲ့ အသက်ကောင်လေးက နောက်ဘဝ နောက်ခန္ဓာထဲပြောင်းပြီးတည်နေတယ်လို့ အတ္တဒိဋ္ဌိဝါဒီသမားတွေက ယူဆကြပါတယ်၊ အမှန်က အသက်ဆိုတာဘယ်အပေါက်ကမှထွက်သွားတာမဟုတ်ပါ၊

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ၊

အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ၊ *(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်-၁၁၇)*

သေတယ် အသက်ထွက်တယ်ဆိုတာ (၁) အာယု-ရုပ်ဇီဝိတ နာမ်ဇီဝိတ၂-ပါးပြတ်ဆဲသွားခြင်း၊ (၂) ဥသ္မာ-ခေါ်တဲ့ကိုယ်ငွေ့မရှိတော့ခြင်း၊ (၃) ဝိညာဏံ-ပဋိသန္ဓေနေခဲ့စဉ်ကဝိညာဏ်မျိုးပဲ သေတော့လဲဒီစိတ်ဝိညာဏ်ချုပ်သွားပါတယ်၊ဒီသုံးပါးခန္ဓာကိုယ်မှာ ပြတ်ဆဲသွားပြီချုပ်သွားပြီဆိုရင်အသက်ထွက်တယ် သေတယ် ဘဝနတ်ထံပို့တော်မူတယ် နတ်ရွာစံကံတော်ကုန်တယ် အလွှာအရှင်မြတ်အမိန့်ခံယူသွားတယ် အနိစ္စရောက်တယ်လို့ခေါ်ရပါတယ်၊ ရုပ်ဇီဝိတ နာမ်ဇီဝိတအသက်လဲမရှိတော့ဘူး ကိုယ်ငွေ့တွေလဲချုပ်သွားပြီ ဝိပါက်ဝိညာဏ်လဲပြတ်ဆဲသွားပြီဆိုရင် ခန္ဓာကြီးဟာဘာနဲ့တူသလဲဆိုတော့ အသုံးမကျတဲ့ ထင်းနတ် ထင်းဖွဲ ထင်းဆွေးလိုဖြစ်သွားပါတယ်၊

တစ်ခါကပါယာသိမင်းဆိုတာရှိပါတယ်၊ သူ့အယူက **နတ္ထိ ပရောလောကော**-နောက်ဘဝဆိုတာမရှိ၊**နတ္ထိ သုကတဒုက္ကဋာနံကမ္မာနံ ဖလံ ဝိပါကောဟောတိ**-ကုသိုလ် အကုသိုလ်ရဲ့ကောင်းကျိုးဆိုးကျိုးနှစ်မျိုးစလုံးမရှိဆိုတဲ့ မိစ္ဆာအယူရှိသူဖြစ်တယ်၊ တမလွန်လောက နောက်ဘဝဆိုသူမယုံလေတော့လူသေရင်အသက်ထွက်ပြီး ဘဝသစ် ခန္ဓာသစ်ထဲပြောင်းပြီး တည်နေတယ်ဆိုတာကိုစုံစမ်းလိုတဲ့အတွက်သေဒါဏ်ကျခံထားတဲ့ အကျဉ်းသားတစ်ယောက်ကို စဉ့်အိုးထဲထဲ့ အဖုံးလုံအောင်ပိတ် အပေါ်ကရွှံ့နဲ့မန်ပြီး မီးရှို့သတ်ပါတယ်၊ ဒါက ဘာရည်ရွယ်ချက်လဲဆိုတော့ ထွက်သွားတဲ့အသက်ကိုရှာတာပါ၊ အကျဉ်းသားသေတော့ အိုးအဖုံးဖွင့်ကာထွက်သွားတဲ့အသက်ကိုရှာသော်လဲ သူယူဆထားသလို အသက်ကောင်ဝိညာဏ်ကောင်ဆိုတာမတွေ့ရပါ၊*(ဒီဃနိကာယ် မဟာဝဂ္ဂ ပါယာသိသုတ်)*

နောက်ပါဠိက---

**အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊**

ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသောနာမ်ဣန္ဒြေတရားကိုယ်(၈)ပါးကပစ္စည်းတရား၊ သမ္ပယုတ်ဖြစ်တဲ့ စိတ်၈၉-ပါး၊ စေတသိက်၅၂-ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

စိတ်ကလဲယှဉ်ဘက်တရားဖြစ်တဲ့ ရုပ်နာမ်တွေကိုကျေးဇူးပြုနေလို့ "စိတ်ပျိုတော့ကိုယ်နု စိတ်ထောင်းတော့ကိုယ်ကြေ"ဖြစ်နေရတာပါ၊ စိတ်ဆင်းရဲနေရင်ရုပ်ခန္ဓာကလဲညှိုးနွမ်းနေပါတယ်၊ စိတ်ချမ်းသာနေတဲ့အခါ ရုပ်အဆင်းကကြည်လင်လို့နေပါတယ်၊ ဝေဒနာက ချမ်းသာတဲ့ဝေဒနာဖြစ်နေရင်စိတ်တွေရုပ်တွေဟာကြည်လင်နေပြီး၊ နာကျင်ခံခက်ဆင်းရဲတဲ့ဝေဒနာစွဲကပ်လာတဲ့အခါမှာတော့ စိတ်ရောရုပ်ပါချုံးချုံးချကာ ဖုံးဖုံးလဲကျတော့တာပဲ၊ ဒါဝေဒနာကအစိုးတရကျေးဇူးပြုလိုက်ပါတယ်၊ သဒ္ဓါတရားသိတ်အားကောင်းနေရင် စိတ်ရောရုပ်ပါကြည်လင်နေပါတယ်၊ ဆွမ်းကပ်တဲ့အခါမျိုးမှာထင်ရှားပါတယ်၊ဘုဉ်းပေးကြပါဘုရား၊ အရှင်ဘုရားတို့ဘုဉ်းပေးရင် တပည့်တော်မပင်ပန်းရကျိုးနပ်ပါတယ်ဘုရားနဲ့လျှောက်နေတာက "တံ သမုဋ္ဌာနာနဥ္စရူပါနံ"အရ သဒ္ဓါဟူသောပစ္စည်းတရားက ကျေးဇူးပြုလို့ရုပ်တွေ သွက်သွက်လက်လက်ကြည်ကြည်လင်လင်ဖြစ်ကာ မှိုရတဲ့မျက်နှာလိုရွှင်ပြနေပါတယ်၊ ဝိသာခါကျောင်းအစ်မကြီး ပုဗ္ဗာရုံကျောင်းဆောက်ပြီး ရေစက်ချပွဲကျင်းပတော့ ပျော်လွန်းလို့ကျောင်းကိုလှည့်ကာသီချင်းဆိုပြီးက-သေးတယ်မဟုတ်လား၊ အများစုကစွန့်ကြဲပေးကမ်းလှူဒါန်းနေတာကိုပဲ သဒ္ဓါလို့ထင်ပြီးအလှူအတန်းရက်ရောတဲ့ပုဂ္ဂိုလ်ဆိုရင်ဒီလူက သိတ်သဒ္ဓါတရားကောင်းတာ၊ အလွန်ရက်ရောတာ၊ Computer Soft ware ပိုင်ရှင် Mr Billgate ကိုဒီလူကသိတ်သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်လို့ပြောနေကြတယ်မဟုတ်လား၊ ဟုတ်သင့်သလောက်ဟုတ်ပေမဲ့ အတိအကျတော့ မမှန်သေးဘူး၊ သဒ္ဓါရဲ့ Definition က ရတနာသုံးပါး ကံ ကံရဲ့အကျိုးအပေါ်မှာသက်ဝင်ယုံကြည်ခြင်းဖြစ်ပါတယ်၊ဘုရားဝတ်တက်၊တရားထိုင်၊မေတ္တာပို့၊ဥပုသ်စောင့်၊ ပရိတ်ပဋ္ဌာန်းတွေရွတ်ဖတ်ပြီး ဘုရားအာရုံပြု ကြည်ငြိုနေတာကို သဒ္ဓါလို့ခေါ်ပါတယ်၊ ဒီလိုကုသိုလ်တွေပြုနေတဲ့အခါ ကိလေသာတွေကင်းပြီး စိတ်တွေရုပ်တွေကြည်လင်ကာကြည့်ရတာကြက်သရေရှိနေပါတယ်၊ ဒါသဒ္ဓါကကျေးဇူးပြုလို့ရုပ်တွေစိတ်တွေကြည်လင်ရွှင်ပြဖြစ်နေရတာပါပဲ၊ ဘာပဲလုပ်လုပ်လုံ့လဝီရိယက တက်တက်ကြွကြွဖြစ်နေရင် စိတ်တွေရုပ်တွေပါတက်ကြွနေပြီး မလုပ်ချင်

လုပ်ချင်ဆိုရင်ရုပ်တွေစိတ်တွေထိုင်းမှိုင်းနေပါတယ်၊ ဒါဝီရိယက ကျေးဇူးပြုတာပါပဲ၊ သွားလာနေထိုင် စားသောက်မှုတွေမှာ သတိအားကောင်းနေရင် ရုပ်တွေလဲတက်ကြွကြည်လင်ပြီး သတိအားနဲနေရင် တော့ဂူတောင်မမြင်ပဲဝင်တိုက်တတ်ပါတယ်၊"သတိမမူ ဂူမမြင်"ဆိုတာလိုဖြစ်တတ်ပါတယ်၊ ဒါသတိက အစိုးရပြီးကျေးဇူးပြုနေတာပါ၊ ကေဂ္ဂတာ-စိတ်တွေမငြိမ်မသက် ရောက်ရက်ခတ်ပြီး တောမျောက်လို ဖြစ်နေရင်ကိုယ် နှုတ် စိတ်အမူအယာတွေဟာ အလွဲလွဲအမှားမှားတွေဖြစ်ကာ စိတ်တည်တည်ငြိမ်ငြိမ်ဆို ရင်ဘာပဲလုပ်လုပ်အဆင်ပြေပါတယ်၊ ဒါကေဂ္ဂတာက ကျေးဇူးပြုနေတာဖြစ်ပါတယ်၊ ပညာကထက်မြက် နေရင်ယုဉ်ဘက်တရားတွေကလဲ ပညာနောက်လိုက်ကာ အတွေးအခေါ်စိတ်ကူးစိတ်သန်းတွေ ထက် မြက်ပါတယ်၊ အရာရာမှာစဉ်းစားနိုင်းချိန်တတ်တာကိုပညာခေါ်ပါတယ်၊ ဒီပညာကလဲအစိုးရပြီးကျေးဇူး ပြုနေပါတယ်၊ နာမ်က္ခန္ဓာတရားကိုယ်(၈)ပါးထဲမှာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဟူသောငါးပါးက အချင်းချင်း Balance ဖြစ်ပြီး ချိန်ခွင်ရှာညီမျှနေမှ အကျိုးစီးပွါးဖြစ်ထွန်းနိုင်ပါတယ်၊ တစ်ပါးပါးက လွန်ကဲနေပြီး Out of Balance ဖြစ်နေရင် အကျိုးမပြီး အချည်းနှီးဖြစ်တတ်ပါတယ်၊

သဒ္ဓါနည်း၍ပညာလွန်ကဲလျှင်ကောက်ကျစ်စဉ်းလဲတတ်ပါတယ်၊ အရာရာမှာစီစစ်နေပြီး ငါလှူ တာအကျိုးမှရှိပါ့မလား၊ တကယ်လိုအပ်နေတာကောဟုတ်ရဲ့လား၊ငါ့ပစ္စည်းတွေဖြုန်းတီးပြစ်သလိုများ ဖြစ်နေမလားစသည်ဖြင့်စီစစ်နေတတ်ပြီး အလှူတစ်ခုလုပ်ဖို့ခဲယင်းနေတတ်ပါသည်၊ ပညာအားနဲပြီး သဒ္ဓါလွန်ကဲနေပြန်ရင်လဲအပြောကောင်း၊ အဟောကောင်း၊ စည်းရုန်းရေးကောင်းတာနဲ့တကယ်အကျိုး ရှိ မရှိ မစဉ်းစားတတ်ပဲ"တလွဲဆံပင်ကောင်း"ဆိုတာလို မလိုအပ်တဲ့နေရာတွေမှာ ပုံအောပြီးလှူတတ် ပါတယ်၊ သဒ္ဓါနဲ့ ပညာညီမျှနေမှအရာရာမှာ အကျိုးရှိစေမှာဖြစ်ပါတယ်၊

ဝီရိယလွန်ကဲပြီးသမာဓိအားနဲနေရင် ပျံ့လွင့်မှုဥဒ္ဒစ္စဖြစ်တတ်ကာ သမာဓိလွန်ကဲကာဝီရိယနဲနေ ပြန်ရင်တော့ထိနမိဒ္ဓဝင်ပြီး ပျင်းရိငိုက်မျဉ်းတတ်ပါတယ်၊ ဝီရိယနဲ့သမာဓိချိန်ခွင်ရှာညီမျှရန်အထူးလို အပ်ပါတယ်၊ သတိကဘယ်တော့မှပိုတယ်လို့မရှိ၊ အမြဲတန်းပဲလိုနေတာပါ၊ မြတ်စွာဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူပြီး ၃-လနဲ့ ၅-ရက်အကြာမှာ ရှင်မဟာကဿပခေါင်းဆောင်ပြီးပထမသံဂါယနာတင်ပွဲ ကျင်းပခဲ့ပါတယ်၊ ထိုသံဂါယနာပွဲမှာ ရဟန္တာအရှင်မြတ်(၅၀၀)စုပေါင်းညီညာသံဂါယနာတင်ကြမှာဖြစ် လို့ ခေါင်းဆောင်ဖြစ်တဲ့ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးက (၄၉၉)ပါးရွေးချယ်ထားပါတယ်၊ ရှင်အာနန္ဒာမပါလို့လဲသံဂါယနာတင်ပွဲ မဖြစ်နိုင်သလို ရဟန္တာမဖြစ်သေးတဲ့အတွက် ရှင်အာနန္ဒာပါလို့လဲ မဖြစ်ပါ၊ မနက်ဖြန်ဝါခေါင်လဆုတ်၅-ရက်နေ့ဆိုရင် သံဂါယနာတင်ပွဲဆင်နွှဲတော့မှာမို့ရှင်အာနန္ဒာအရှင် မြတ်ကြီးမှာမအိပ်မနေကျိုးစားနေပါတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချ တယ်နဲ့ခြေတစ်လှမ်းကို၂-ချက်မှတ် ၃-ချက်မှတ်ကိုမှတ်ပါတယ်၊ တစ်ခါပြောင်းလို့ ကြွတယ် မြောက် တယ် လှမ်းတယ် ချတယ် ထိတယ် ဖိတယ်စသည်ဖြင့် ၆-ချက်နည်းနဲ့လဲအမြဲမပြတ်ဒလစပ်မှတ်ပြီး မနက်ဖြန်သံဂါယနာတင်ပွဲအမှီဆိုပြီး တညလုံးအားထုတ်နေပေမဲ့တရားထူးမရပါ၊ အေးလေ ငါဝီရိယ လွန်ကဲပြီးသမာဓိအားနဲကာဥဒ္ဒစ္စဖြစ် စိတ်တွေပျံ့လွင့်လို့ တရားထူးမရဖြစ်နေပြီ၊ ဝီရိယနဲ့သမာဓိညီမျှ အောင်အားထုတ်တော့မယ်လို့ကြံစည်ဆင်ခြင်တော်မူလျက် ခဏလေးနားလိုက်အုံးမှဆိုပြီး အိပ်ယာ ညောင်စောင်းလေးပေါ်မှာလျောင်းဖို့ ကြမ်းပြင်မှခြေတောက်နှစ်ဖက်မြှောက်လိုက်ပြီး ဦးခေါင်းကလဲ ခေါင်းအုံးပေါ်မရောက်သေးခင်ဝါခေါင်လပြည့်ကျော်၄-ရက်မိုးသောက်ယာမ်အချိန်ဘုရားပရိနိဗ္ဗာန်စံပြီး ၃-လနဲ့၄-ရက်အကြာ လျောင်း ထိုင် ရပ် သွားဣရိယာပုထ်လေးပါးကလွတ်ပြီး အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပါတယ်၊ သံဂါယနာတင်ပွဲမှာ အဓိကကဏ္ဍမှပါဝင်လျက်ရှင်မဟာကဿပ ရှင်ဥပါလိတို့ နှင့်တွဲကာဦးဆောင်သံဂါယနာတင်တော်မူခဲ့ပါတယ်၊*(သုတ်သီလက္ခန်အဋ္ဌကထာ-၇)*

ဒါကတော့ဝီရိယလွန်ကဲနေတာကိုလျော့လိုက်ပြီး သမာဓိနဲ့ငြိလိုက်တဲ့အခါမှာ တရားထူးရသွား တာဖြစ်ပါတယ်၊ တစ်ခုခုလွန်ကဲနေရင်တော့အကျိုးမရှိဖြစ်တတ်ပါတယ်၊

## (၁၇) ဈာနပစ္စည်း

ပါဠိလိုဈာနကိုမြန်မာမှုပြုလိုက်တော့ ဈာန်ဖြစ်သွားတယ်၊ ဈာန်လို့ကြားလိုက်တာနဲ့ မြေလျှိုး မိုးပျံတာကိုပဲဈာန်လို့ထင်ကြတယ်၊ ဈာန်ရဲ့အဓိပ္ပါယ်ကအာရုံတစ်ခုထဲမှာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ရှုမှတ် နေခြင်းဖြစ်ပါတယ်၊ မြေလျှိုးမိုးပျံတာက အဘိညာဉ်ဖြစ်ပါတယ်၊သို့သော်ဈာန်ပျံတယ်လို့ပြောကြတယ်၊

*(ဆောင်ပုဒ်)* စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန် ဈာန်ဟုခေါ်သတတ်၊*(လယ်တီဆရာတော်ကြီး)*

ဈာန်ကဘာနဲ့တူသလဲဆိုတော့ တောင်ထိပ်ပေါ်ကနေအောက်ကိုကြည့်လိုက်ရင် ရှုခင်းတွေသာသာယာယာတွေ့ရမယ်၊ ရေကန် ဥယာဉ် လယ်ကွင်း စေတီပထိုး ကျောင်းကန်ဘုရားတွေနဲ့သာယာပြီးမြင်ကွင်းကျယ်ကိုတွေ့ရမယ်၊ အမြင့်ရောက်သွားလေ သာယာသောသဘာဝရှုခင်းများကို ကြည့်ရှုခံစားရလေဖြစ်သလို ကုသိုလ်ဈာန်ငါးပါးကို စူးစူးစိုက်စိုက်ရှုတဲ့ပုဂ္ဂိုလ်မှာလဲအမြင်တွေကြည်လင်သန့်ရှင်းကာနောက်ဆုံးနိဗ္ဗာန်အထိရရှိပြီး ချမ်းသာသုခကိုခံစားကြရပါတယ်၊

**ဈာနပစ္စယောတိ–ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဈာနပစ္စယေနပစ္စယော၊**

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတရားကိုယ်ငါးပါးကပစ္စည်းတရား၊ ဒွေပဉ္စဝိညာဉ်၁၀ ကြဉ်သောစိတ်(၇၉)ပါး စေတသိက်(၅၂)ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်တရား၊ ဈာန်ကကုသိုလ်ဘက်မှာရှိသလို အကုသိုလ်ဘက်မှာလဲရှိပါတယ်၊ ကုသိုလ်ဖြစ်တဲ့ဈာန်ကတော့ဘုရားဂုဏ်တော်တွေပွါးပြီး ဘုရားအာရုံပြုနေတဲ့အချိန်မှာ စိတ်ကိုဘုရားအာရုံပေါ်ရောက်အောင်တင်ပေးနေပြီး ဘုရားအကြောင်းတွေ ဂုဏ်တော်တွေကြံစည်လို့နေတာကဝိတက်၊ ဂုဏ်တော်တွေထပ်ကာထပ်ကာအာရုံပြုကြည်ငြိုနေတာကဝိစာရ၊ ဘုရားအာရုံပေါ်မှာ စိတ်ကရောက်နေပြီဆိုတော့နှစ်သက်ကျေနပ်မှုကပီတိ၊ ကိုယ်စိတ်နှစ်ပါးအေးချမ်းနေတာကသုခ၊ တခြားအာရုံပေါ်စိတ်မရောက်ပဲဘုရားအာရုံတစ်ခုတည်းမှာစိတ်ကလေးနစ်မြုပ်နေတာကဧကဂ္ဂတာဖြစ်ပါတယ်၊ ဒီကာမာဝစရကုသိုလ်ဈာန်ငါးပါးက စိတ်တွေ ရုပ်တွေငြိမ်းချမ်းနေအောင် ဈာနပစ္စည်းနဲ့ကျေးဇူးပြုပေးနေတာပါ၊

ဘာသာခြားတွေတစ်နေ့၅–ကြိမ်ဝတ်ကျောင်းထဲမှာဘုရားရှိခိုးပြီး ငြိမ်နေကြတာလဲဈာန်လို့ခေါ်ပါတယ်၊ သို့သော်ဘုရားရှိခိုးတိုင်းတော့ကုသိုလ်မရပါ၊ အာရုံမှန်မှကုသိုလ်ရပါတယ်၊ အကုသိုလ်ဘက်မှာလဲဈာန်ရှိပါတယ်၊ Boyfriend နဲ့ Girlfriend တစ်ယောက်နဲ့ တစ်ယောက်အချင်းချင်းတွယ်တာပြီးတော့စိုက်စိုက်စူးစူးကြည့်ကာတစ်ယောက်အကြောင်းတစ်ယောက်ကြံစည်တွေးတောနေတာကဝိတက်၊ ထပ်ကာထပ်ကာအာရုံပျောက်မသွားအောင် သုံးသပ်စဉ်းစားနေတာကဝိစာရ၊ နှလုံးအကြည်ဆိုက်ဘဝင်ခိုက်အောင် ရယ်လိုက်မောလိုက်ဖြစ်နေတာကပီတိ၊ အခိုက်အတန့်ကိုယ်စိတ်နှလုံးရွှင်ပြုံးနေတာကသုခ မိုးမမြင် လေမမြင် နှစ်ယောက်တကမ္ဘာလို့ထင်နေတာကဧကဂ္ဂတာဖြစ်ပါတယ်၊ဒီငါးပါးကတော့အကု–သိုလ်ဈာန်များဖြစ်ကြတယ်၊ ချောင်းထဲမှာ ငါးမျှားနေတဲ့အင်္ဂလိပ်တွေလဲ ငါးမျှားတန်မှာ ငါးစာချိတ်ပြီးစူးစူး စိုက်စိုက်အာရုံပြုနေတာဖြစ်လို့ အကုသိုလ်ဈာန်ဝင်စားနေတာဖြစ်ပါတယ်၊ ဈာန်ကသမထဈာန်နဲ့ဝိပဿနာဈာန်ဆိုပြီးနှစ်မျိုးရှိပါတယ်၊ သမထဈာန်ကတော့ အာနာပါန ကသိုဏ်း၁၀–ပါး၊ကောဋ္ဌာသစတဲ့ကမ္မဋ္ဌာန်းတွေရှုမှတ်ရပါတယ်၊ ဝင်လေထွက်လေ အပေါ်မှာစိတ်ကို တင်ပေးပြီးကြံစည်နေတဲ့သဘောကဝိတက်၊ ဝင်လေထွက်လေကိုထပ်ကာထပ်ကာအာရုံပြုပြီး ရှုမှတ်နေတာကဝိစာရ၊ အာရုံပေါ်မှာစိတ်တည်ပြီးကျေနပ်နှစ်သက်နေတာကပီတိ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာနေတာကသုခ၊ ဝင်လေထွက်လေအာရုံတစ်ခုတည်းမှာ စိတ်တည်ငြိမ်နေတာကဧကဂ္ဂတာဖြစ်ပါတယ်၊ ဒါကတော့ ဈာန်အင်္ဂါငါးပါးကစိတ်တွေရုပ်တွေငြိမ်းချမ်းနေအောင်ကျေးဇူးပြုပေးပါတယ်၊ တဆင့်တက်လို့ရူပဈာန် အရူပဈာန်တွေရသည်အထိကျေးဇူးပြုပေးပါတယ်၊

သီဟိုဠ်ကျွန်းမှာဈာန်အဘိညာဉ်ရ သာမဏေတစ်ပါးရှိပါတယ်၊ ဆရာဥပဇ္ဈာယ်မဟာစေတီမှာပန်းတွေနဲ့ပူဇော်ဘို့အတွက် ဟိမဝန္တာကပန်းများကိုတံခိုးဖြင့်ယူဆောင်ပြီး ဆရာအားဆက်ကပ်ပါတယ်၊ ဆရာကငါ့တပည့် သိတ်တံခိုးကြီးတယ်၊ ဒီတံခိုးကြာရှည် တည်နိုင်ပါ့မလားလို့ ဆင်ခြင်ကြည့်လိုက်တော့ မကြာခင်ဈာန်လျှောကာ မျက်စိကဏ်းတဲ့ ယက်ကန်းသည်မလေးနဲ့ ညားလိမ့်မယ်ဆိုတာ သိသဖြင့်အကျိုးအကြောင်းပြ ဆုံးမသော်လဲ လိုက်နာခြင်းမရှိပဲ ငါ့ဆရာဘာတွေ ရှောက်ပြောနေပါ လိမ့်မလဲဆိုပြီးမကြားချင်ယောင်ဆောင်ကာ လှဲ့ထွက်သွားပါတယ်၊ မကြာခင် ကောင်းကင်ခရီးဈာန်ယာဉ်စီးလို့သွားနေတုန်း မြေပြင်မှာသီးချင်းဆိုယင်းပန်းခူးနေတဲ့ ယက်ကန်းသည်မလေးရဲ့ သာယာငြိမ့်ပြောင်းနာပျော်ဘွယ်ကောင်းတဲ့ သီချင်းသံလေးကိုကြားရသဖြင့် သာယာနှစ်သက်စွဲမက်ပြီး ဈာန်လျှောလို့ အာကာဝေဟင် ထက်ကောင်းကင်မှ သစ်ရွက်လေးများလေထဲဝဲပျံနေသလို မြေပြင်သို့ ကျလာကာယက်ကန်းသည်မလေးနဲ့ဖူးစာဆုံပြီး ရေးကံဟောင်းနဲ့ အကြောင်းဆက် ပေါင်းဖက်လျှက် တူနှစ်ကိုတဲအိုပျက်မှာ နွဲပျော်လျှက်သာ နေနေတုန်း စကားများရန်ဖြစ် ယောကျ်ားကဒုတ်နဲ့ပြစ်လိုက်လို့ မျက်စိကဏ်းသွားပါတယ်၊ ဒါကိုဆရာဘုန်းကြီးကမြင်တော်မူလို့ “ကိုရင်ကလေး ခပ်ငယ်ငယ် ဈာန်မပျံနဲ့

ကွယ် ကဏ်းမနဲ့ညားလိမ့်မယ်” လို့ ဩဝါဒစကား မိန့်ကြားခဲ့တာပါ၊ *(မဇ္ဈိမပဏ္ဏာသအဋ္ဌ-၁၇၀)*

ဒါကတော့ သမထစျာန်အဘိညာဉ်ရဲ့အစွမ်းကြောင့် ကောင်းကင်မှာပျံနိုင်ပြီးဆန့်ကျင်ဘက် အာရုံနဲ့ တွေ့တဲ့အခါစျာန်ကလျှောကျနိုင်ပါတယ်၊

ဝိပဿနာစျာန်ဆိုတာက အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ လက္ခဏာရေးသုံးပါးတင်ဆင်ခြင်ရှုမှတ်တာဖြစ်ပါတယ်၊ ဝင်လေထွက်လေကိုရှုမှတ်နေတဲ့ယောဂီပုဂ္ဂိုလ်များမှာ ဝင်လေထွက်လေကအမြဲတည်သလား၊ မတည်ပါ၊ဖြစ်လိုက်ပျက်လိုက် ပေါ်လိုက်ပျောက်လိုက်မို့ မမြဲတဲ့အနိစ္စ၊ အဖြစ်အပျက်ဒါဏ်ကိုခံနေရတဲ့အရာဝတ္ထုမှန်သမျှမချမ်းသာပါဘူး၊ အမှန်ပဲဆင်းရဲပါတယ်၊ ဒုက္ခပါ၊ ဝင်လေထွက်လေပျောက်မသွားပါစေနဲ့လို့ တောင့်တမရတဲ့အတွက်အစိုးမရအနတ္တပါ၊ ဝင်လေထွက်လေအပေါ်မှာ လက္ခဏာရေးသုံးပါးဖြင့်ရှုလိုက်ရင် ဝိပဿနာစျာန်ဖြစ်ပါတယ်၊ တခြားခန္ဓာငါးပါးရုပ်နာမ်တရားတွေအပေါ်မှာ ဒီအတိုင်းရှုရင်ဝိပဿနာစျာန်ခေါ်ပါတယ်၊ ရုပ်နာမ်တွေရဲ့အဖြစ်အပျက်ကိုမြင်လာတဲ့ယောဂီဟာ စိတ်တွေငြိမ်းချမ်းနေပါတယ်၊ ဒါဝိပဿနာစျာန်ကကျေးဇူးပြုလိုက်တာပါပဲ၊

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ပိုင်းမှာ ဖုဿဒေဝမထေရ်ဆိုတာရှိတယ်၊ စေတီတော်ရင်ပြင်မှာတံမျက်လှဲ သဲဖြူခင်းပြီး ပုံတော်မှတစ်ဆင့်ဘုရားရဲ့ အရဟံစတဲ့ဂုဏ်တော်တွေကို စိုက်စိုက်စူးစူး စွဲစွဲ မြဲမြဲ သမာဓိရှိရှိနဲ့ အာရုံပြုကြည်ငြိုနေစဉ် မာရ်နတ်ကရဟန္တာဖြစ်တရားထူးတွေရပြီး သူ့ပိုင်နက်ကလွတ်သွားမှာစိုးလို့မျောက်ညိုကြီးယောင်ဆောင်ကာ ရင်ပြင်ပေါ်ကဖြတ်သွားသတဲ့၊ အဲဒီနေ့မှာ သမာဓိပျက်သွားရတယ်၊ နောက်ဒုတိယနေ့ရင်ပြင်တော် တံမျက်လှဲပြီးဘုရားအာရုံပြုပြန်တယ်၊ မာရ်နတ်က နွားအိုကြီးယောင်ဆောင်ကာ ရင်ပြင်ကဖြတ်သွားလို့သမာဓိပျက်ခဲ့ရပြန်တယ်၊ တတိယမြောက်နေ့လဲ ရင်ပြင်တော်မှာဘုရားအာရုံပြုနေစဉ် ခြေတောက်ခွင်ခွင် အရုပ်ဆိုးဆိုး လူအိုကြီးယောင်ဆောင်ပြီးလာပြန်တယ်၊ဒီတစ်ခါမထေရ်မြတ်ကစဉ်းစားတယ်“ ဒီနယ်မြေမှာ ဒီလောက်အရုပ်ဆိုးတဲ့လူမရှိဘူး၊ ကေ့န္တမာရ်နတ်ပဲဖြစ်ရမယ်၊ သင်မာရ်နတ်မဟုတ်လား”လို့မေးလိုက်တဲ့အခါ ဟုတ်မှန်ကြောင်းဝန်ခံပါတယ်၊ “သင်မာရ်နတ်ကတံခိုးလဲကြီးတယ်၊ ဘုရားလဲဖူးလိုက်ရတယ်၊ ဒါကြောင့်ဘုရားပုံတော်ဖန်ဆင်းပြစမ်းပါ” ဆိုတော့ ဘုရားနဲ့တူအောင်တော့မပြနိုင်ပါဘူး၊ ဒါပေမဲ့ တော်တော်တူအောင်တော့ပြနိုင်ပါရဲ့ဆိုကာ သင်္ကန်းရုံ သပိတ်လွယ်ပြီးဖန်ဆင်းပြတယ်၊ မထေရ်မြတ်က ပုံတော်အတုတောင်ဒီလောက်ကြည်ငြိုစရာကောင်းရင် ရာဂ ဒေါသ မောဟတွေကင်းပြီးမေတ္တာ ကရုဏာ သဗ္ဗညုတဉာဏ်တော် ဂုဏ်တော်တွေနဲ့မွှမ်းထုံလွှမ်းခြုံထားတဲ့သက်တော်ထင်ရှား မြတ်စွာဘုရားဆို ဘယ်လောက်ကြည်ငြိုစရာကောင်းလိုက်မလဲနဲ့ဘုရားဂုဏ်တော်တွေပေါ်စိတ်ကရောက်၊ ထပ်ကာထပ်ကာအာရုံပြု၊ နှစ်သက်ကျေနပ်၊ကိုယ်စိတ်နှစ်ပါးချမ်းသာကာ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲကြည်ငြိုလို့ဖြစ်ပေါ်လာတဲ့ပီတိကို မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တလို့လက္ခဏာရေးသုံးပါးတင်ဆင်ခြင်ရှုမှတ်လိုက်တာထိုနေရာမှာပဲအာသဝေါကုန်ခန်းရဟန္တာဖြစ်သွားပါတယ်၊ *(ဝိနည်းပရိဝါအဋ္ဌကထာ-၁၇၄)*

ဒါဝိပဿနာစျာန်ဖြစ်ပါတယ်၊စျာန်အင်္ဂါ၅-ပါးကကျေးဇူးပြုလိုက်လို့ ဖုဿဒေဝမထေရ်ရဟန္တာဖြစ်သွားရတာပါ၊ စျာန်အင်္ဂါ၅-ပါးတွင်ဝိတက်-ကသမ္ပယုတ်တရားတွေကို အာရုံပေါ်သို့ရေးရှုတင်ပေးခြင်းဖြစ်တယ်၊ ကြံစည်တယ်လို့လဲမြန်မာဝေါဟာရပြုပါတယ်၊ ဝိစာရ-ကအာရုံကိုထပ်ကာထပ်ကာသုံးသတ်ဆင်ခြင်တာဖြစ်တယ်၊ပီတိ-ကသမ္ပယုတ်တရားတွေကိုနှစ်သက်အားရစေပါတယ်၊သုခ-ကအာရုံရဲ့အရသာကိုခံစားခြင်းဖြစ်ပါတယ်၊ ဧကဂ္ဂတာ-ကအာရုံပေါ်မှာ စိတ်ကိုစူးစူးစိုက်စိုက် စွဲစွဲမြဲမြဲထားခြင်းဖြစ်ပါတယ်၊ တရားထိုင်တဲ့အခါ ထိနမိဒ္ဓဝင်တယ်ဆိုတာရှိပါတယ်၊ စိတ်တွေငိုက်မြည်းပြီး စေတသိက်တွေလျော့ရဲသွားအောင်လုပ်တာကို ထိနမိဒ္ဓခေါ်ပါတယ်၊ ဝိတက်ကထိနမိဒ္ဓကိုပယ်ပါတယ်၊ ဝိစာရ-ကဝိစိကိစ္ဆာကိုပယ်ပါတယ်၊ ဝိစိကိစ္ဆာဆိုတာမဆုံးဖြတ်နိုင်တာ၊ ဝိစာရကထပ်ကာထပ်ကာရှုပေးနေခြင်းဖြင့် သို့လောသို့လောဖြစ်နေတဲ့သံသယကိုပယ်လိုက်ပါတယ်၊ ပီတိ-ကဗျာပါဒကိုပယ်ပါတယ်၊တရားထိုင်နေတဲ့အခါအိမ်မှာရှိတဲ့သမီးက စာမှကောင်းကောင်းကျက်ပါ့မလား၊ သားက ဘယ်ဟာမတွေများ အိမ်ပေါ်ခေါ်တင်ထားမလဲနဲ့ကြောင့်ကြမှုတွေကိုပယ်ပါတယ်၊ သုခ-ကဥဒ္ဓစ္စနဲ့ ကုက္ကုစ္စကိုပယ်ပါတယ်၊ ဥဒ္ဓစ္စ-ကစိတ်တွေဃနာမငြိမ်ယောက်ယက်ခတ်ပြီးပြေးသွားနေတာဖြစ်ပါတယ်၊ကုက္ကုစ္စ-ကပြုလိုက်မိတဲ့ဒုစရိုက်နဲ့မပြုလိုက်ရတဲ့သုစရိုက်တွေကို နောင်တတတဖန်ပူပန်နေတာဖြစ်ပါတယ်၊ ငါဘယ်တုံးကဘယ်သူ့အပေါ်ကလိမ်ကျခေါင်းပုံဖြတ်ပြီးစီးပွါးရှာခဲ့တယ်၊ မနှစ်ကစီးပွါးရေးအဆင်ပြေရဲ့သားနဲ့ သားလေးတွေရှင်မပြု

ခဲ့ရဘူး၊စသည်ဖြင့်ပြုပြီးတဲ့အကုသိုလ်နဲ့ မပြုလိုက်မိတဲ့ကုသိုလ်တွေအတွက်နောင်တရပူပန်နေတဲ့ဥဒ္ဓနဲ့ ကုက္ကုစ္စဒီနှစ်ပါးကိုသုခ–ကပယ်ပါတယ်၊ ဧကဂ္ဂတာ–ကလိုချင်တပ်မက်နှစ်သက်မှုလောဘ ကိလေသာကိုပယ်ပါတယ်၊

ဒီနေရာမှာဈာန်နဲ့အဘိညာဉ် ဘယ်လိုထူးသလဲဆိုတာပြောပါမယ်၊ ဈာန်ဆိုတာကကောင်းတဲ့ အာရုံပဲဖြစ်ဖြစ်၊ မကောင်းတဲ့ အာရုံပဲဖြစ်ဖြစ် စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲရှုနေတာ၊ ကြည့်နေတာကိုဈာန်လို့ ခေါ်ပါတယ်၊ ကောင်းတဲ့အာရုံပေါ်မှာစိတ်ကလေးတင်ပေးထားပြီး စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲရှုနေတာကို တော့ကုသိုလ်ဈာန်ခေါ်ပါတယ်၊ မကောင်းတဲ့အာရုံပေါ်မှာစိုက်စိုက်စူးစူးရှုကြည့်နေတာကိုတော့ အကု–သိုလ်ဈာန်လို့ခေါ်ရပါတယ်၊အဘိညာဉ်ဆိုတာကဘာလဲ၊ အဘိ–ကလွန်လွန်ကဲကဲ၊ညာ–ကသိတာ၊ အဘိညာဉ်ဆိုတာပါဠိသက် မြန်မာဝေါဟာရပါ၊ သိမာပုဒ်ကိုသိမ်ခေါ်သလိုပေါ့၊ ရိုးရိုးမျက်စိကအကြည်ရုပ်အားကောင်းသလောက်ပဲမြင်နိုင်စွမ်းရှိပါတယ်၊ ဒိဗ္ဗစက္ခုခေါ်တဲ့နတ်မျက်စိနဲ့တူတဲ့အဘိညာဉ် ကတော့ အဝေးကအဆင်းမျိုးစုံရုပ်ပါရုံတွေကိုလဲလှမ်းကြည့်လို့ရတယ်၊ ဖုံးလွှမ်းကွယ်ကာအုပ်ဆိုင်းထားတာတွေကိုလဲကြည့်လို့ရတယ်၊ ပကတိမျက်စိထက်ထူးပြီးနတ်မျက်စိကဲ့သို့မြင်တာကိုတော့ဒိဗ္ဗစက္ခုအဘိညာဉ်ခေါ်ပါတယ်၊နတ်တို့၏နားကဲ့သို့အဝေးမှစကားပြောသံ၊အတင်းအုတ်သံ၊ဆဲသံဆိုသံတွေလဲကြားရတယ်၊ တိုးတိုးလေးလေးသံနဲ့ပြောတာလဲကောင်းကောင်းကြားရတယ်၊ ပကတိနားထက်ထူးပြီး ကြားနိုင်တာကို ဒိဗ္ဗသောတအဘိညာဉ်စသည်ဖြင့်ခေါ်ပါတယ်၊

အဘိညာဉ်ကအားလုံး(၆)ပါးရှိတယ်၊လျှာယားသွားအောင် ပါဠိလိုဆိုကြည့်ကြမယ်–––

**ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ စေတောပရိယဉာဏကံ၊**

**ပုဗ္ဗေနိဝါသဉာဏဉ္စ၊ဒိဗ္ဗစက္ခာသဝက္ခယန္တိ၊** *(မဇ္ဈိမပဏ္ဏာသပါဠိတော်–၂၀၉)*

(၁) ဣဒ္ဓိဝိဓ–မိုးပျံ မြေငုပ် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောအဘိညာဉ်၊

(၂) ဒိဗ္ဗသောတ–နတ်တို့၏နားကဲ့သို့ဝေးသောအသံ၊တိုးသောအသံတို့ကိုကြားနိုင်သောအဘိညာဉ်၊

(၃) စေတောပရိယ–သူတစ်ပါးတို့၏စိတ်ကိုသိနိုင်သောအဘိညာဉ်၊

(၄) ပုဗ္ဗေနိဝါသ–ရှေးရှေးဘဝများစွာကဖြစ်ခဲ့ဘူးသောခန္ဓာအစဉ်ကိုအောက်မေ့နိုင်သောအဘိညာဉ်၊

(၅) ဒိဗ္ဗစက္ခု–နတ်မျက်စိကဲ့သို့ဝေးသောအဆင်းနှင့် သေးငယ်သောအဆင်းတို့ကိုမြင်နိုင်သော––– အဘိညာဉ်၊

(၆) အာသဝက္ခယ–အာသဝေါတရားတို့ကိုကုန်ခမ်းစေတတ်သော အရဟတ္တမဂ်ဉာဏ်၊

ရှေ့ငါးပါးက လောကီအဘိညာဉ်ဖြစ်ပြီး နောက်တစ်ပါးကားလောကုတ္တရာ အဘိညာဉ်ဖြစ်ပါသည်၊သမထဘာဝနာကိုနိုင်နင်းစွာအားထုတ်နိုင်က သာသနာပအခါ၌လည်းရှေ့အဘိညာဉ်ငါးပါးကိုရနိုင်ပါသည်၊ လောကုတ္တရာအဘိညာဉ်ကတော့ဘုရားသာသနာနှင့်ကြုံမှသာရနိုင်ပါသည်၊

(၁) ယထာကမ္မူပဂအဘိညာဉ်–သတ္တဝါတို့ကံအားလျော်စွာ ထိုထိုဘုံဘဝသို့လားကြသည်ကိုမြင်သိနိုင်သောအဘိညာဉ်နှင့် (၂) အနာဂတ်ကာလ၌ဖြစ်လတ့ံသည်ကိုသိနိုင်သောအနာဂတံသအဘိညာဉ်ဤနှစ်ပါးကိုဒိဗ္ဗစက္ခုအဘိညာဉ်သို့သွင်းယူရပါမည်၊ *(ပိဋကလမ်းညွှန်–၄၂)*

ဒီတော့ဈာန်အင်္ဂါငါးပါးက ဈာန်အဘိညာဉ်ရအောင်လဲကျေးဇူးပြုတယ်၊ မြေငုပ်မိုးပျံ အခိုးအလျှံတွေထွက်အောင်လဲကျေးဇူးပြုတယ်၊ ရဟန္တာဖြစ်အောင်လဲကျေးဇူးပြုနေပါတယ်၊ အကုသိုလ်ဈာန်တွေကတော့ မကောင်းတဲ့အပါယ်လေးဘုံကိုရောက်အောင်ကျေးဇူးပြုပါတယ်၊

## (၁၈) မဂ္ဂပစ္စည်း

မဂ္ဂဆိုတာလမ်းခရီးကိုဟောတယ်၊ ပကတိသွားလာနေကြတဲ့လမ်းက လမ်းကောင်းလမ်းမှန်နဲ့ လမ်းလွဲလမ်းမှားဆိုပြီးနှစ်မျိုးရှိတယ်၊ လမ်းကောင်းလမ်းမှန်ကတော့ မိမိသွားလိုရောက်လိုရာဖြစ်တဲ့မြို့ရွာဒေသကိုရောက်အောင်ပို့ပေးသလို လမ်းလွဲလမ်းမှားကမျက်စိလည်ပြီး တောပုန်းဓားပြတွေခိုအောင်းရာဖြစ်တဲ့နေရာကိုပို့ပေးပါတယ်၊ ထို့အတူမဂ္ဂင်မည်သောလမ်းကလဲ ယှဉ်ဖေါ်ယှဉ်ဖက်တရားများကို အထက်တန်းကျမြင့်မြတ်တဲ့ဘုံဘဝတွေနဲ့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာနိဗ္ဗာန်ကိုပို့ပေးတဲ့ကောင်းသောမဂ္ဂင်များရှိသလို မကောင်းသောဘုံဘဝတွေ ယုတ်နိမ့်အောက်ကျတဲ့ဘုံဘဝတွေကိုပို့ပေးတဲ့ မဂ္ဂင်တွေလဲရှိပါတယ်၊ သမ္မာမဂ္ဂင်နဲ့မိစ္ဆာမဂ္ဂင်များဖြစ်ကြပါတယ်၊

**မဂ္ဂပစ္စယောတိ–မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ မဂ္ဂပစ္စယေနပစ္စယော၊**

မဂ္ဂင်္ဂါနိအရ–မဂ္ဂင်တရားကိုယ်တစ်ဆယ့်နှစ်ပါးကပစ္စည်းတရား၊ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စရူပါနံအရ သဟိတ်စိတ်(၇၁)ပါး၊ စေတသိက်(၅၂)ပါး သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

ကောင်းတဲ့မဂ္ဂင်က(၈)ပါး၊မကောင်းတဲ့မဂ္ဂင်က(၄)ပါးအားဖြင့်(၁၂)ပါးဖြစ်ပါတယ်၊ ကောင်းတဲ့မဂ္ဂင်ရှစ်ပါးကကောင်းတဲ့လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်နှင့် နိဗ္ဗာန်ရောက်အောင်ကျေးဇူးပြုပါတယ်၊ မိမိနဲ့ယှဉ်ဖက်ဖြစ်တဲ့ စိတ် စေတသိက် ရုပ်တရားတွေကိုလဲ ကောင်းတဲ့အပြစ်ကင်းတဲ့ သန့်ရှင်းဖြူစင်တဲ့ စိတ် စေတသိက် ရုပ်တရားတွေဖြစ်အောင်ကျေးဇူးပြုပေးနေသလို မကောင်းတဲ့မဂ္ဂင်လေးပါးကလဲယှဉ်ဖက်ဖြစ်တဲ့ စိတ် စေတသိက် ရုပ်တရားတွေကို ငြိစွန်းမဲငြစ်စေပြီး ယုတ်ညံ့တဲ့ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်အပါယ်လေးဘုံရောက်အောင် ကျေးဇူးပြုပေးပါတယ်၊ မဂ္ဂရဲ့အဓိပ္ပါယ်က ကိလေသေ–မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါဟူသောပါဠိအရ အပါယ်ရောက်ကြောင်းဖြစ်တဲ့လောဘ ဒေါသစတဲ့ ကိလေသာတွေကိုပယ်သတ်လျက် နိဗ္ဗာန်သို့သွားရောက်တတ်သောကြောင့် “မဂ္ဂ”လို့ခေါ်ပါတယ်၊ ကောင်းတဲ့မဂ္ဂင်ရှစ်ပါးက–––

(၁) သမ္မာဒိဋ္ဌိ–ကောင်းသောအမြင် ကောင်းသောအယူ ကောင်းသောအသိဉာဏ်၊
(၂) သမ္မာသင်္ကပ္ပ–ကောင်းသောအကြံအစည်ကိုကြံစည်ခြင်း၊
(၃) သမ္မာဝါစာ–အပြစ်ကင်းသောစကားကိုပြောဆိုခြင်း၊
(၄) သမ္မာကမ္မန္တ–ကောင်းသောအလုပ် အပြစ်ကင်းသောအလုပ်ကိုလုပ်ခြင်း၊
(၅) သမ္မာအာဇီဝ–အပြစ်ကင်းသောအသက်မွေးခြင်း၊
(၆) သမ္မာဝါယာမ–ကောင်းသောအားထုတ်ခြင်း၊
(၇) သမ္မာသတိ–ကောင်းသောအမှတ်ရခြင်း၊
(၈) သမ္မာသမာဓိ–ကောင်းသောတည်ကြည်ခြင်းတို့ဖြစ်ပါတယ်၊

ဥပရိပဏ္ဏာသအဋ္ဌကထာနှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာတို့မှာ သမ္မာဒိဋ္ဌိ(၆)မျိုး ဖွင့်ဆိုထားပါတယ်၊ (၁) ကမ္မသကတာသမ္မာဒိဋ္ဌိ(၂) ဝိပဿနာသမ္မာဒိဋ္ဌိ (၃) ဈာနသမ္မာဒိဋ္ဌိ (၄) မဂ္ဂသမ္မာဒိဋ္ဌိ (၅) ဖလသမ္မာဒိဋ္ဌိ (၆)ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဟူ၍(၆)မျိုးရှိရာတွင် ဖလသမ္မာဒိဋ္ဌိဆိုတာမဂ်လေးပါးရဲ့အကျိုးပါပဲ၊မဂ်–လေးပါးရရင်ဖိုလ်လေးပါးဆိုတာရတော့တာပါပဲ၊ **မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ**–မဂ်စိတ်ကတစ်ကြိမ်ပဲဖြစ်ခွင့်ရှိတာမို့ ဖိုလ်ဆိုတာတန်းဖြစ်ပါတယ်၊ အထူးအားထုတ်နေဖို့မလိုပါဘူး၊ နောက်ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိဆိုတာလဲ ရပြီးတဲ့မဂ်ဖိုလ်တွေနဲ့ပယ်ပြီး မပယ်ရသေးတဲ့ ကိလေသာတွေကို ပြန်ပြီးဆင်ခြင်လိုက်ရင် ဖြစ်သွားတာပါပဲ၊ အထူးအားထုတ်စရာမလိုတော့ပါ၊ ကျန်လေးပါးက–––

(၁)ကမ္မသကတာသမ္မာဒိဋ္ဌိကိုပုဒ်ခွဲလိုက်ရင် ကမ္မ+သက+တာ+သမ္မာ+ဒိဋ္ဌိလို့ဖြစ်ပါတယ်၊ကမ္မ–ကံသာလျှင်၊သက–ကိုယ်ပိုင်ဉစ္စာ၊တာ–ရှိသည်၏အဖြစ်ကို၊သမ္မာ–မှန်မှန်ကန်ကန်၊ဒိဋ္ဌိ–သိမြင်ခြင်း၊မိမိပြုတဲ့ကံသာလျှင် ကိုယ်ပိုင်ဉစ္စာရှိသည်၏အဖြစ်ဟု မှန်ကန်စွာသိမြင်ခြင်းကို ကမ္မသကတာသမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်၊ စေ့စော်တိုက်တွန်းမှုသဘောကို စေတနာဟုခေါ်ရပြီး ထိုစေတနာကိုပင် “ကံ”ဟုဟောတော်မူပါတယ်၊“စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ” ရဟန်းတို့ကိုယ် နုတ် စိတ်အမူအယာဖြင့် ပြုလုပ်ဖြစ်အောင် စေ့ဆော်တိုက်တွန်းတဲ့စေတနာကို“ကံ” ဟူ၍ငါဘုရားဟောတော်မူတယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူသလို ကိုယ်၌ဖြစ်တဲ့စေတနာကိုကာယကံ၊ နုတ်၌ဖြစ်တဲ့စေတနာကိုဝစီကံ၊ စိတ်၌ဖြစ်တဲ့စေတနာကိုမနောကံလို့ခေါ်ပါတယ်၊ ယင်းစေတနာကဖြူစင်သန့်ရှင်းလျှင်ကုသိုလ်ကံ၊ မည်းငြစ်လျှင်အကုသိုလ်ကံဖြစ်ပါတယ်၊ မိမိရဲ့နှလုံးသွင်းမှု မနသိကာရအပေါ်မှာမူတည်ပြီး ကုသိုလ်ကံအကုသိုလ်ကံများဖြစ်ကြပါတယ်၊ ထိုကောင်းမကောင်းကံတို့ဟာကမ္မသတ္တိအဖြစ်တည်ရှိပြီး ယခုဘဝ နောက်ဘဝအဆက်ဆက်မှာကောင်းကျိုးဆိုးကျိုးများကို ဖြစ်ပေါ်စေကာ ခန္ဓာကိုယ်အမျိုးမျိုးနှင့် လူ့ဘဝ နတ်ဘဝစတဲ့ဘဝအမျိုးမျိုးတွေကိုလဲဖြစ်စေပါတယ်၊ ဒါကတော့ကမ္မသကတာသမ္မာဒိဋ္ဌိပဲဖြစ်ပါတယ်၊

## (၂) ဝိပဿနာသမ္မာဒိဋ္ဌိ

မဂ္ဂင်ရှစ်ပါးပွါးများပြီးခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟုရှုဆင်ခြင်သော ဉာဏ်ပညာကို ဝိပဿနာသမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်၊ ကမ္မသကတာသမ္မာဒိဋ္ဌိမဂ္ဂင်၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်

များရှေးဦးစွာအခြေခံအားဖြင့်ပြည့်စုံရပါမယ်၊ ဦးဇင်းတို့ဗုဒ္ဓဘာသာဝင်တွေမှာ ရတနာသုံးပါး ကံ ကံ၏ အကျိုးတရားကိုယုံကြည်ပြီးသားမို့ ကမ္မသကတာသမ္မာဒိဋ္ဌိနဲ့ပြည့်စုံနေပါပြီ၊ သီလမဂ္ဂင်ကအနဲဆုံးငါးပါး သီလလုံရမယ်၊ ဖြစ်နိုင်ရင် ရှစ်ပါး ကိုးပါး အာဇီဝဋ္ဌမကသီလများဆောက်တည်ရမယ်၊ဒါဆိုသီလမဂ္ဂင် ပြည့်စုံပြီပေါ့၊ နောက်သမာဓိမဂ္ဂင် ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟုစူးစူးစိုက်စိုက် ရှုမှတ်ပွါးများနေသောအခါ အရှုခံကရုပ်တရား ရှုသိတာကနာမ်တရားဟုနာမ်ရုပ်ကိုပိုင်းခြားသိတဲ့ဉာဏ် စတင်ဖြစ်ပေါ်လာပြီး ထိုအရှုခံရုပ်တရားများလဲဖြစ်တိုင်းဖြစ်တိုင်းပျက်လို့နေပါတယ်၊ ရှုသိနေတဲ့စိတ် စေတသိက်နာမ်တရားများလဲခုတစ်မျိုးတော်ကြာတစ်မျိုး အမျိုးမျိုးပြောင်းလွဲနေတာပါ၊ ဒါ့ကြောင့်ရုပ် နာမ်တရားများရဲ့မမြဲ ဆင်းရဲ အစိုးမရပုံကိုရှုမြင်သုံးသတ်တဲ့ဉာဏ်ကိုဝိပဿနာသမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်၊

## (၃) ဈာနသမ္မာဒိဋ္ဌိ

သမထယာနိက ဝိပဿနာယာနိကနှစ်မျိုးတွင်ပထဝီကသိုဏ်းစတဲ့ ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို ရှုမှတ်ပွါးများလို့ဈာန်အဘိဉာဏ်ရ၊ သေတော့ဗြဟ္မာ့ပြည်ရောက်ရပါတယ်၊ သာသနာပမှာသမထလမ်းပဲ ရှိတော့သမထကမ္မဋ္ဌာန်းကိုပဲပွါးများကြတာပါ၊ ဝိပဿနာကမ္မဋ္ဌာန်းကတော့ဘုရားပွင့်လာမှအားထုတ် ခွင့်ရကြတာပါ၊ သမထရဲ့ခရီးလမ်းဆုံးက လောကီဈာန်အဘိဉာဏ်ဖြစ်ပြီး ဝိပဿနာရဲ့ခရီးဆုံးကတော့ မဂ်ဖိုလ်နိဗ္ဗာန်ပဲဖြစ်ပါတယ်၊ ဘုရားလက်ထက်ကသမထအားထုတ်ပြီးရှေးဘဝ နောက်ဘဝတွေကိုမြင် နိုင်တဲ့ ဝင်္ဂီသ ဆိုတဲ့လုလင်တစ်ယောက်ရှိတယ်၊ သူကသေတဲ့လူရဲ့ဦးခေါင်းကိုခေါက်ပြီး ဘယ်ဘုံရောက် တယ်ဆိုတာအတတ်ပြောနိုင်တယ်၊တစ်နေ့–ဘုရားရှင်နဲ့တွေ့တော့ဘုရားကတံခိုးတော်နဲ့ဦးခေါင်းခွံများ ကိုယူပြီးဝင်္ဂီသကိုပေးတယ်၊ဝင်္ဂီသကမန္တာန်ရွတ်ဒေါက်ဒေါက်ဒေါက်နဲ့ခေါက် ဒီလူကနတ်ပြည်ရောက်နေ ကြောင်းပြောတယ်၊ နောက်တစ်ခေါင်းပေး မန္တာန်ရွတ်ခေါက်ပြီး လူ့ပြည်မှာပြန်ဖြစ်နေကြောင်းပြောပါ တယ်၊ နောက်တစ်ခေါင်းပေး ငရဲရောက်နေကြောင်းပြောတယ်၊ သူပြောတာတွေအားလုံးမှန်နေတယ်၊ ရှင်ဂေါတမကောသိသလားလို့မေးတယ် အေးငါဘုရားလဲသိတယ်ပြောတော့ အောင်မယ်ရှင်ဂေါတမက ဘယ်ဆိုးလို့လဲလို့ချီးမွမ်းတယ်၊ နောက်တစ်ခေါင်းဘုရားကထပ်ပေးတယ်၊ မန္တာန်ရွတ် ဒေါက်ဒေါက်နဲ့ ခေါက်မသိဘူး၊ နောက်တစ်ကြိမ်ထပ်ခေါက် အဖြေမထွက်ဘူး၊ ဝင်္ဂီသချွေးပြန်နေပြီ၊ ဘယ်နဲ့လဲ ဝင်္ဂီသ မရတော့ဘူးလားကွ၊ ဝင်္ဂီသကအရှုံးမပေးသေးဘူး၊ ငါ့မန္တာန်များမှားနေလို့လား၊ ဒါမျိုးတစ်ခါမှမဖြစ် ဘူး ဘူး၊ မကျေနပ်သေးဘူးဆိုပြီး၊ နောက်တစ်ခါထပ်ခေါက်တယ်၊ဒါပေမဲ့ ဘာမှအဖြေ ထွက်မလာဘူး၊

**ဝင်္ဂီသ**–ရှင်ဂေါတမကောသိလားလို့မေးတယ်၊

**ဘုရားရှင်**–ငါသိတာပေါ့ ဝင်္ဂီသသရဲ့၊

**ဝင်္ဂီသ**–ဟုတ်လားရှင်ဂေါတမဘယ်ဆိုးလို့လဲ၊ အဲဒီပညာကျွန်ုပ်ကိုသင်မပေးနိုင်ဘူးလား၊

**ဘုရားရှင်**–သင်ပေးနိုင်ပါတယ် ဝင်္ဂီသရဲ့၊ ဒါပေမဲ့ အဖိုးအခရမှသင်ပေးနိုင်မယ်ကွ၊

**ဝင်္ဂီသ**–ဟုတ်လား၊ ရှင်ဂေါတမဘယ်လောက်ပေးရမလဲအပြတ်ပြော၊ အပြတ်ပြော၊

**ဘုရားရှင်**–အော် အဖိုးအခဆိုတာ တခြားမဟုတ်ပါဘူးကွာ၊ဒို့လိုသင်္ကန်းဝတ်၊ ခေါင်းတုံးရိတ်ရမယ်ကွ၊

**ဝင်္ဂီသ**–OK တပည့်တို့ငါ ရဟန်းဂေါတမနောက်လိုက်ပြီး ပညာသင်လိုက်အုံးမယ်၊ ဒီတစ်ခုပဲလိုတော့ တယ်၊ ဒီပညာရရင် ဇမ္ဗူတလွှားကျော်ကြားပြီ၊ဒါလေးတစ်ခုပဲလိုတော့တယ်၊ ငါပညာသင်ပြီးရင်ပြန်လာ ခဲ့မယ်နဲ့ပြောပြီး ဘုရားနောက်တော်ပါးကလိုက်သွားကာ ကျောင်းရောက်ခေါင်းတုံးရိတ်၊ သင်္ကန်းဝတ်၊ ဘုရားက ကေသာလောမာစတဲ့ကမ္မဋ္ဌာန်းကိုအနုလုံ ပဋိလုံရွတ်ခိုင်းပါတယ်၊ပါရမီဓာတ်ခံပါလာတာမို့ မကြာခင်ပဲရဟန္တာဖြစ်သွားပါတယ်၊ ဘုရားရှင်ကြွလာကာ ဝင်္ဂီသဘယ်နဲ့လဲ၊ ရပြီလားလို့မေးတော်မူ လိုက်တဲ့အခါမှန်လှပါ၊ တပည့်တော်သိတာကအကာပါ၊ မြတ်စွာဘုရားသိတာကအနှစ်ပါ၊ တပည့်တော် ကတပည့်ပါ၊ မြတ်စွာဘုရားကဆရာပါလို့ရှောက်ပါတယ်၊ ဘုရားနောက်ဆုံးပေးလိုက်တဲ့ ဦးခေါင်းက ရဟန္တာရဲ့ဦးခေါင်းဖြစ်လို့မသိတာပါ၊ ဝင်္ဂီသပညာညံ့လို့မဟုတ်ပါဘူး၊ ခုတော့သူကိုယ်တိုင်ရဟန္တာဖြစ် သွားပြီမို့သိသွားပါပြီ၊ ဝင်္ဂီသပထမသိတာကဈာန်အဘိညာဉ်ရဲ့အစွမ်းနဲ့သိတာပါ၊ နောက်ဘဝပြန်မဖြစ် တော့ဘူးလို့သိသွားတာက ဝိပဿနာအစွမ်းနဲ့သိသွားခြင်းဖြစ်ပါတယ်၊*(သံယုတ်အဋ္ဌကထာ ၁–၂၂၆)*

## (၄) မဂ္ဂသမ္မာဒိဋ္ဌိ

ကိလေသာကို ပယ်သတ်ပြီး မဂ်စိတ်လေးပါးနှင့် ယှဉ်တဲ့ဉာဏ်ကို မဂ္ဂသမ္မာဒိဋ္ဌိလို့ခေါ်ပါတယ်၊

ဈာနသမာဓိကိုဖြစ်စေ၊ ဝိပဿနာသမာဓိကိုဖြစ်စေ တစ်ခုခုကိုထူထောင်ပြီး မိမိခန္ဓာရဲ့မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောတွေကိုထပ်ကာထပ်ကာရှုမှတ်နေတဲ့ယောဂီပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်တွေရင့်သန်လာပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်များအဆင့်ဆင့်ရကာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရပါတယ်၊

## (၂) သမ္မာသင်္ကပ္ပမဂ္ဂင်

သမ္မာသင်္ကပ္ပကမှန်ကန်သောကြံစည်ခြင်း ဖြစ်ပါတယ်၊ မဂ်စိတ်လေးပါးနဲ့ယှဉ်တဲ့ဝိတက်ကိုသမ္မာ–သင်္ကပ္ပလို့ခေါ်ပါတယ်၊ သမ္မာသင်္ကပ္ပကသုံးမျိုးရှိပါတယ်၊ (၁)နေက္ခမ္မသင်္ကပ္ပ–လောကီအာရုံကာမဂုဏ်တို့မှထွက်မြောက်ကြောင်းကိုကြံစည်ခြင်း၊ (၂)အဗျာပါဒသင်္ကပ္ပ–သတ္တဝါတို့မသေစေရန် မသတ်ဖြတ်ရန်အသက်ချမ်းသာစေရန်ကြံစည်ခြင်း၊ ကောင်းကျိုးလိုလားမေတ္တာပွါးနေခြင်း၊ (၃)အဝိဟိံသာသင်္ကပ္ပသတ္တဝါတို့အားသနားငဲ့ညှာသောကြံစည်ခြင်း၊ သနားကြင်နာသောကရုဏာဖြင့်ကြံစည်ခြင်း၊နေက္ခမ္မ–သင်္ကပ္ပ အဗျာပါဒသင်္ကပ္ပ အဝိဟိံသာသင်္ကပ္ပသုံးမျိုးကိုကြံစည်နေခြင်း၊ ဘုရားဂုဏ်တော်တွေအာရုံပြုပရိတ် ပဋ္ဌာန်းများရွတ်ဖတ်နေခြင်း၊ မေတ္တာပို့နေခြင်းသည် သမ္မာသင်္ကပ္ပဖြစ်ပါတယ်၊

## (၃) သမ္မာဝါစာမဂ္ဂင်

သမ္မာဝါစာသည် မှန်ကန်တဲ့စကား၊ ချိုသာတဲ့စကား၊ အကျိုးရှိတဲ့စကားကိုပြောဆိုခြင်းဖြစ်ပါတယ်၊တရားကိုယ်ကတော့သမ္မာဝါစာဝိရတိစေတသိက်ပါပဲ၊သမ္မာဝါစာကလေးမျိုးရှိပါတယ်၊
(၁)မုသာဝါဒဝိရတိ–မဟုတ်မမှန်ပြောဆိုခြင်း၊ (၂)ပိသုဏဝါစာဝိရတိ–ချောပြစ်ကုန်းတိုက်ခြင်းမှရှောင်ကြဉ်ခြင်း၊(၃)ဖရုသဝါစာဝိရတိ–ကြမ်းကြမ်းထမ်းထမ်းပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊(၄)သမ္ဖပ္ပလာပဝိ–ရတိ–အကျိုးမရှိပိန်ဖျင်းသောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဤလေးပါးနဲ့ပြည့်စုံရင် သမ္မာဝါစာမဂ္ဂင်ဖြစ်ပါတယ်၊စေတနာမပါတဲ့ ကြမ်းထမ်းမှုမျိုးကတော့ ဖရုသဝါစာမဟုတ်ပါဘူး၊ ဘုရားလက်ထက်ကပိလိန္ဒဝစ္ဆရဟန္တာအရှင်မြတ်ကြီးတစ်ပါးကလူမြင်ရင် ဟေ့လူယုတ်စသည်ဖြင့်နှုတ်ဆက်လေ့ရှိပါတယ်၊ သို့သော်ဝါသနာအလျောက်ပြောခြင်းသာဖြစ်ပြီး ဖရုသဝါစာမဖြစ်ပါ၊

## (၄) သမ္မာကမ္မန္တမဂ္ဂင်

ကာယဒုစရိုက်သုံးပါးက ရှောင်ကြဉ်လိုက်ရင် သမ္မာကမ္မန္တဖြစ်ပါတယ်၊ (၁)ပါဏာတိပါဝိရတိ–သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ (၂)အဒိန္နာဒါနဝိရတိ–သူ့ပစ္စည်းခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) ကာမေသုမိစ္ဆာစာရဝိရတိ– သူတစ်ပါးသားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်ပါတယ်၊ ကိုယ့်လာကိုက်တဲ့ခြင်လေးမသတ်ပဲ ကရုဏာပွါး မေတ္တာထားကာ ခြောက်လွှတ်လိုက်ရင် သမ္မာကမ္မန္တဖြစ်ပါတယ်၊

## (၅) သမ္မာအာဇီဝမဂ္ဂင်

အသက်မွေးဝမ်းကြောင်းနဲ့ဆိုင်သောကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးက မိစ္ဆာအာဇီဝဖြစ်ပါတယ်၊ထိုမိစ္ဆာအာဇီဝ–မှားယွင်းသောအသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းကိုသမ္မာအာဇီဝ–ကောင်းသောအသက်မွေးခြင်းလို့ခေါ်ပါတယ်၊အသက်မွေးဝမ်းကြောင်းနဲ့မဆိုင်တဲ့ကာယဒုစရိုက် ဝစီဒုစရိုက်များကိုတော့ မိစ္ဆာကမ္မန္တ မိစ္ဆာဝါစာလို့ခေါ်ပါတယ်၊ မိစ္ဆာအာဇီဝလို့မခေါ်ရပါဘူး၊ ဒေါသအလျောက်မြွေကင်းစသည်သတ်တာမျိုးလဲ မိစ္ဆာအာဇီဝမဟုတ်ပါ၊ စားဝတ်နေရေးအတွက်သတ္တဝါတွေသတ်ရောင်းတာတို့အဆိပ်လက်နက်တွေရောင်းတာတို့ လူအရောင်းအဝယ်လုပ်တာတို့ကို မိစ္ဆာအာဇီဝခေါ်ပါတယ်၊ တဖက်သားမုန်းလို့ခိုးတာမိစ္ဆာအာဇီဝမခေါ်ပါ၊ စားဝတ်နေရေးအတွက်ခိုးတာမျိုးကိုယ့်ပစ္စည်းကိုပြန်ခိုးတာမျိုးတွေဟာမိစ္ဆာအာဇီဝဖြစ်ပါတယ်၊စပါးရောင်းဝယ်ရာမှာတင်းတောင်းမမှန်မကန်လုပ်ခြင်း၊ အလေးခိုးခြင်းအချိန်တိုးအောင်ဝက်သားရေထိုးခြင်း၊ အခွန်ရှောင်ခြင်းစတာတွေဟာမိစ္ဆာအာဇီဝဖြစ်ပါတယ်၊

## (၆) သမ္မာဝါယာမမဂ္ဂင်

သမ္မာဝါယာမမဂ္ဂင်ဆိုတာကုသိုလ်တရားတို့၌ ကောင်းစွာအားထုတ်ခြင်း ဝီရိယပါပဲ၊ သမ္မာဝါ–ယာမ–ကလေးမျိုးရှိပါတယ်၊မိမိမှာဖြစ်ဘူးပြီးဖြစ်တဲ့အကုသိုလ်တွေ ထပ်ပြီးမဖြစ်အောင်အားထုတ်ခြင်း၊မဖြစ်သေးတဲ့အကုသိုလ်တွေဖြစ်ခွင့်မရအောင်အားထုတ်ခြင်း၊ မိမိသန္တာန်မဖြစ်ဘူးသေးတဲ့ကုသိုလ်တွေဖြစ်ပေါ်လာအောင်အားထုတ်ခြင်း၊ ဖြစ်ပြီးသားကုသိုလ်တွေတိုးပွါးလာအောင်အားထုတ်ခြင်းဆိုပြီးလေး

ပါးရှိပါတယ်၊ ဒီလေးပါးမှာအားထုတ်တာကို သမ္မာဝါယာမမဂ္ဂင်ခေါ်ပါတယ်၊

## (၇) သမ္မာသတိမဂ္ဂင်

သမ္မာသတိဆိုတာကာယ ဝေဒနာ စိတ္တ ဓမ္မခေါ်တဲ့လေးဌာနမှာသတိရနေတာကိုခေါ်ပါတယ်၊ နှာသီးဝမှာဝင်လာတဲ့လေနဲ့ ထိပြီးထွက်သွားတဲ့လေကိုသိအောင်မှတ်နေတာ သမ္မာသတိပါ၊ မိမိခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ကောင်းမကောင်းဝေဒနာနဲ့ အလယ်အလတ်ဝေဒနာကိုသိနေတာလဲသမ္မာသတိပါ၊ စိတ်ကူးကြံစည်တိုင်းသိနေတာ၊ ခန္ဓာရဲ့မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောကိုသိနေတာသမ္မာသတိခေါ်ပါတယ်၊

## (၈) သမ္မာသမာဓိမဂ္ဂင်

မိမိရဲ့စိတ်ကလေးဘယ်မှမသွားတော့ပဲ ကမ္မဋ္ဌာန်းအာရုံပေါ်မှာ စူးစူးစိုက်စိုက် တည်တည်ကြည်ကြည်နဲ့ ငြိမ်ဝပ်စွာကပ်နေတဲ့သဘောက သမ္မာသမာဓိခေါ်ပါတယ်၊ နွားကျောင်းသားနဲ့တူတဲ့ယောဂီပုဂ္ဂိုလ်ဟာ စိတ်ဆိုတဲ့နွားမိုက်ကို နှာသီးဝခေါ်တဲ့ချည်တိုင်မှာ သတိတည်းဟူသောကြိုးဖြင့် ခိုင်ခိုင် မြဲမြဲချည်ထားလိုက်ရင်နွားမိုက်နဲ့တူတဲ့စိတ်လေးဟာ ဘယ်မှမပြေးတော့ပဲ နှာသီးဝမှာပဲကပ်လျှက်သာနေပါတော့တယ်၊ ဒါကိုသမ္မာသမာဓိမဂ္ဂင်ခေါ်ပါတယ်၊

မဂ္ဂင်ရှစ်ပါးကိုသီလ သမာဓိ ပညာသုံးပါးနဲ့ခွဲလိုက်ရင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသုံးပါးကသီလမဂ္ဂင်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိသုံးပါးက သမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနှစ်ပါးက ပညာမဂ္ဂင်များဖြစ်ပါတယ်၊

လောကီနဲ့လောကုတ္တရာခွဲလိုက်ရင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာ–သမာဓိငါးပါးကလောကီမဂ္ဂင်၊ သမ္မာဒိဋ္ဌိစသောရှစ်ပါးက လောကုတ္တရာမဂ္ဂင်များဖြစ်ပါတယ်၊ လောကီစိတ်မှာယှဉ်ခိုက်ဖြစ်သော မဂ္ဂင်ကိုလောကီမဂ္ဂင်၊ လောကုတ္တရာစိတ်မှာ ယှဉ်ခိုက်ဖြစ်သောမဂ္ဂင်ကိုလောကုတ္တရာမဂ္ဂင်ဟုခေါ်ပါသည်၊ ဝိရတီစေတသိက်(၃)ပါးသည် လောကီစိတ်၌ရံခါသာယှဉ်ပြီး လောကု–တ္တရာစိတ်၌အမြဲယှဉ်သည်ကိုရည်ရွယ်၍ လောကီမဂ္ဂင်(၅)ပါး လောကုတ္တရာမဂ္ဂင်ရှစ်ပါးဟု ပြောရပါသည်၊ **အဘိဓမ္မာနည်းအလို** မိစ္ဆာမဂ္ဂင်လေးပါးက မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိ ဖြစ်ပါတယ်၊ မိစ္ဆာသင်္ကပ္ပ ကသူတစ်ပါးစီးပွါးဥစ္စာအခြောင်ရလိုမှုဖြင့် ကြံစည်ခြင်း၊ သူတစ်ပါးသတ်ဖို့ဖြတ်ဖို့ ညှင်းပန်းနှိပ်စက်ဖို့ကြံစည်ခြင်းများဖြစ်ပါတယ်၊ မိစ္ဆာဝါယာမကဖြစ်နေတဲ့ အကုသိုလ်တွေတိုးပွါးလာအောင်အားထုတ်ခြင်း စသည်တို့ဖြစ်ပါတယ်၊ မိစ္ဆာသမာဓိကမှားယွင်းသောအာရုံ၌ စိတ်ကိုငြိမ်ဝပ်စွာထားခြင်းဖြစ်ပါတယ်၊ **သုတ္တန်နည်းအလို** မိစ္ဆာဒိဋ္ဌိ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝဖြစ်ပါတယ်၊ မိစ္ဆာဒိဋ္ဌိ–ကကံနဲ့ကံရဲ့အကျိုး ကိုမယုံကြည်ခြင်း၊ ဒါနပြုငွေကုန်တယ်၊ သီလဆောက်တည် ထမင်းငတ်တယ်၊ တရားထိုင်အညောင်းမိတယ် ဘာမှအကျိုးမရှိလို့ယူတာမိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာကမ္မန္တဆိုတာသူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးခြင်း သူ့သားမယားပြစ်မှားခြင်းဟူသော မှားယွင်းသော အပြုအမူများဖြစ်တယ်၊ မိစ္ဆာအာဇီဝက ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါးကိုကျူးလွန်ပြီး မှားယွင်းသောအသက်မွေးခြင်းဖြစ်ပါတယ်၊ ဒီမဂ္ဂင်များကတော့ မကောင်းတဲ့မဂ္ဂင်များသာဖြစ်ပါတယ်၊ ဒီမိစ္ဆာမဂ္ဂင်များရှိနေရင်တော့ အပါယ်လေးဘုံရောက်အောင် ကျေးဇူးပြုပါလိမ့်မယ်၊

## မဂ္ဂင်ရှစ်ပါးနေ့တိုင်းပွါး

ဘုရားရှေ့မှာပရိတ် ပဋ္ဌာန်းရွတ်ဖတ်ကာပူဇော်နေခြင်းသည် ဘုရားအာရုံပေါ်မှာယုံကြည်နေတဲ့ သမ္မာဒိဋ္ဌိဖြစ်ပါတယ်၊ ဘုရားအကြောင်းတွေစဉ်းစားကြံစည်နေတာကသမ္မာသင်္ကပ္ပ၊ ပရိတ်ပဋ္ဌာန်းစတဲ့ ဘုရားတရားတော်တွေ ရွတ်ဖတ်ပူဇော်နေတာကသမ္မာဝါစာ၊ အပြစ်ကင်းပြီးသန့်ရှင်းတဲ့အလုပ်ကိုလုပ်နေတာက သမ္မာကမ္မန္တ၊ ကာယဒုစရိုက်သုံးပါးနဲ့ ဝစီဒုစရိုက်လေးပါးကလွတ်ပြီးကောင်းသော အသက်မွေးခြင်းဖြစ်နေတာကသမ္မာအာဇီဝ၊ အားထုတ်မှုကအပြစ်ကင်းပြီးမှန်ကန်နေတာကြောင့် သမ္မာဝါယာမ၊ ကောင်းသောဘုရားအာရုံပေါ်မှာ စိတ်ဝင်စားနေတာက သမ္မာသတိ၊ တခြားအာရုံမရောက်ပဲ ဘုရားအာရုံမှာသာစိတ်ကလေးငြိမ်ဝပ်စွာတည်နေတာကသမ္မာသမာဓိဖြစ်ပါတယ်၊ နေ့စဉ်မိမိတို့အိမ်မှာဘုရားရှိခိုး ပုတီးစိတ် မေတ္တာပို့ တရားထိုင် ပရိတ်ပဋ္ဌာန်းတွေ ရွတ်ဖတ်နေရာမှာမဂ္ဂင်ရှစ်ပါးပါဝင်နေပါတယ်၊ မဂ္ဂင်ရှစ်ပါးလမ်းမပေါ်ရောက်နေတဲ့ သူတော်ကောင်းများသည် ကိုယ်စိတ်ငြိမ်းချမ်းကာ ထိုမှတစ်ဆင့်တက်လို့ဈာန်တရား မဂ်တရား ဖိုလ်တရားများရပြီးဒုက္ခခပ်သိမ်းငြိမ်းရာဖြစ်သောမြတ်နိဗ္ဗာန်ကိုလည်း

မျက်မှောက်ပြုရပါတယ်၊ ဒီအကျိုးတရားတွေရအောင် မဂ္ဂပစ္စည်းကကျေးဇူးပြုလိုက်တာပါ၊ မိစ္ဆာမဂ္ဂင်လေးပါးကလဲ အပါယ်လေးဘုံရောက်အောင်ကျေးဇူးပြုပါတယ်၊

## (၁၉) သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တကိုပုဒ်ခွဲလိုက်ရင် သံ+ပ+ယုတ္တဖြစ်ပါတယ်၊သံ-ကသမပြီးရောနှောနေအောင်၊ ပ-က အတူဖြစ်ခြင်း အတူချုပ်ခြင်း အာရုံအားဖြင့်တူခြင်း မှီရာဝတ္ထုအားဖြင့်တူခြင်း၊ ယုတ္တ-ကယှဉ်ခြင်းဖြစ်ပါတယ်၊ ဥပမာ-ဖိဿဝိညာဉ်ဒွေးမှာယှဉ်တာက သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးဖြစ်ပါတယ်၊ ဒီလိုယှဉ်လိုက်တယ်ဆိုရင် စိတ်နဲ့စေတသိက်ကခွဲခြားလို့မရတော့ပါ၊ ဒါကစိတ်ရဲ့သတ္တိ ဒါကဖဿရဲ့သတ္တိ၊ ဒါကစေတနာရဲ့သဘောလို့ခွဲခြားမရတော့ပါဘူး၊ စိတ်နဲ့စေတသိက်က အတူဖြစ်ခြင်း အတူချုပ်ခြင်း အာရုံတူခြင်း မှီရာဝတ္ထုအနေဖြင့်တူခြင်းအားဖြင့် ရောနေအောင်ယှဉ်ကြပါတယ်၊

### လေးမျိုးစတုမဓုဥပမာယူ

ဥပမာအားဖြင့် ဘာနဲ့တူသလဲဆိုတော့ စတုမဓုချက်တဲ့နေရာမှာ ပျားရည် ထောပတ် သကာရည် ဆီလေးမျိုးရောပြီးသမသွားအောင်မွှေလိုက်တဲ့အခါမှာ ဒါကပျားရည်အရသာ ဒါကထောပတ်အရသာ၊ ဒါကသကာရည်ရဲ့အရသာ၊ ဆီရဲ့အရသာဖြစ်တယ်စသည်ဖြင့် ခွဲခြားမရအောင်တစ်မျိုးတည်းသောအရသာဖြစ်သွားပါတယ်၊ ဒီလိုပါပဲ စိတ်နဲ့အတူဖြစ်တဲ့စေတသိက်များဟာလဲ ဒါကစိတ်ရဲ့သဘော၊ ဒါကစေတသိက်ရဲ့သတ္တိစသည်ဖြင့်ခွဲခြားမရတော့ပဲ တစ်မျိုးတည်းဖြစ်သွားပါတယ်၊

**သမ္ပယုတ္တပစ္စယောတိ-စတ္တာရောခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော၊**

စတ္တာရော ခန္ဓာ အရူပိနောအရ-ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသောနာမ်ခန္ဓာလေးပါး၊ ဒါကတော့အပေါင်းအားဖြင့်ရေတွက်ခြင်းဖြစ်ပါတယ်၊ အရူပိနောမှာ အ-က Negative ဆန့်ကျင်ဘက် မရှိ မဟုတ်ဆိုတဲ့အဓိပ္ပါယ်၊ ရူပ-ကရုပ်တရား၊ပုဒ်ပြီးသွားတော့ ရူပိနောလို့ ဖြစ်သွားတယ်၊ အဓိပ္ပါယ်က ရုပ်တရားများဖြစ်တယ်၊ အရူပိနော-ရုပ်တရားများမဟုတ်ကြဘူး၊ (ဝါ) နာမ်တရားများဖြစ်ကြတယ်လို့ အဓိပ္ပါယ်ရတယ်၊ အစိတ်အားဖြင့်ရေတွက်လိုက်ရင် စိတ်တစ်ခုယုတ်၉၀၊ စေတသိက်ဒွေပညာသ-က ပစ္စည်းတရားဖြစ်ပါတယ်၊ စိတ်တစ်ခုယုတ်-၉၀ဆိုတာကိုစိတ်တစ်ခု-ရုပ်၉၀လို့တစ်ချို့ကပြောကြတယ်၊ ယပလက်တသတ်ယုတ်က ယုတ်လျော့ခြင်း မပြည့်ခြင်းလို့အဓိပ္ပါယ်ရတယ်၊ ရကောက်ပသတ်ရုပ်က ရုပ်တရားဆိုတဲ့အဓိပ္ပါယ်ဖြစ်ပါတယ်၊ ဖတ်ရင်လဲစိတ်တစ်ခု-ရုပ်၉၀လို့မဖတ်ပဲ၊ စိတ်တစ်ခုယုတ်-၉၀ ဖတ်ရပါတယ်၊ စေတသိက်ဒွေပညာသတွင်ဒွေ-ကနှစ်၊ ပညာသ-ကငါးဆယ်၊ နှစ်ငါးဆယ်လို့မယူရပဲ ပါဠိသဘောအရ ပြောင်းပြန်ယူရပါတယ်၊ ဒါကြောင့် ငါးဆယ့်နှစ်လို့ယူပါ၊ ဒါပစ္စည်းဘက်ကယူရမည့် တရားများဖြစ်ပါတယ်၊ ပစ္စယုပ္ပန်ဘက်ကလဲ ထို့အတူ နာမ်ခန္ဓာလေးပါးပင်ဖြစ်ပါတယ်၊ စိတ်နဲ့စေတသိက်တို့ဟာအာရုံလဲတူ၊ ဖြစ်တာလဲတူ၊ ချုပ်တာလဲတူ၊ မှီရာဝတ္ထုလဲတူကြပါမှသမ္ပယုတ္တဖြစ်ပြီးတော့ ပစ္စည်း ပစ္စယုပ္ပန်ကျေးဇူးပြုပါတယ်၊

ဥပမာ စားသိစိတ်ဆိုကြပါစို့ ပါဠိလိုတော့ ဇိဝှါဝိညာဉ်ပေါ့၊ အဲဒီစားသိစိတ်လေးဘာကိုမှီဖြစ်သလဲဆိုတော့ ဇိဝှါပသာဒ၊ ဇိဝှါယတန၊ ဇိဝှါဝတ္ထုခေါ်တဲ့လျှာအကြည်ရုပ်ကိုမှီပြီးဖြစ်ရပါတယ်၊ စားသိစိတ်နဲ့တွဲပြီးဖြစ်တဲ့စေတသိက်က သဗ္ဗစိတ္တသာဓာရဏ(၇)ပါး၊သဗ္ဗ-ကအားလုံး၊ စိတ္တ-ကစိတ်၊သာဓာ-ရဏ-ကဆက်ဆံတာ၊ ယှဉ်တာ၊ စိတ်အားလုံးနဲ့ယှဉ်တဲ့ စေတသိက်လို့အဓိပ္ပါယ်ရတယ်၊ ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရစေတသိက်(၇)ပါးပါပဲ၊ စားသိစိတ်ကလေးဖြစ်တာနဲ့ တပြိုင်နက်သူနဲ့ယှဉ်ဖော်ယှဉ်ဖက်စေတသိက်(၇)ပါးလဲဖြစ်တယ်၊ စားသိစိတ်ကလေးဘာကိုအာရုံပြုသလဲဆိုတော့ ချို ချဉ် စပ် ငန် ဖန် ခါးဟူသောပစ္စုပ္ပန်ရသာရုံကိုအာရုံပြုသလို ယှဉ်ဘက်စေတသိက်(၇)ပါးလဲ ပစ္စုပ္ပန်ရသာရုံကိုပဲ အာရုံပြုပါတယ်၊ စားသိစိတ်လေးချုပ်သွားတာနဲ့ ယှဉ်ဘက်စေတသိက်များလဲချုပ်သွားကြတယ်၊ စားသိစိတ်ကလေးဘယ်ကိုမှီပြီးဖြစ်သလဲဆိုတော့ လျှာအကြည်ရုပ်ခေါ်တဲ့ဇိဝှါ-ဝတ္ထုကိုမှီပြီးဖြစ်သလို သူနဲ့ယှဉ်ဘက်စေတသိက်(၇)ပါးလဲ လျှာအကြည်ကိုမှီပြီးဖြစ်ကြပါတယ်၊ စားသိစိတ်ဖြစ်ပြီး ယှဉ်ဘက်စေတသိက်တွေမဖြစ်သေးပဲ နောက်မှဖြစ်တာမျိုးလဲမရှိ၊ တပြိုင်နက်ဖြစ် တပြိုင်နက်ချုပ်ကြပါတယ်၊ စားသိစိတ်လေးကပစ္စုပ္ပန်ရသာရုံကိုအာရုံပြုပြီး ယှဉ်ဘက်စေတသိက်များက အနံ့မျိုးစုံပစ္စုပ္ပန်ဂန္ဓာရုံကိုအာရုံပြုတယ်ဆိုတာမရှိပါ၊ဒါကြောင့်ပါဠိလို ဧကုပ္ပါဒ-အတူဖြစ်ခြင်း၊ ဧကနိ-ရောဓ-အတူချုပ်ခြင်း၊ ဧကာလမ္ဗဏ- အာရုံတူခြင်း၊ ဧကဝတ္ထုက-မှီရာအားဖြင့်လဲတူခြင်း၊ဒီအင်္ဂါလေး

ပါးညီမှုသမ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

မျက်စိအကြည်နဲ့အဆင်းနဲ့ဆုံတော့ မြင်သိစိတ်ဖြစ်တယ်၊ မြင်သိစိတ်ကဝိညာဏက္ခန္ဓာ၊မြင်စိတ်နဲ့အတူကောင်းမကောင်း ချောမချော လှမလှအာရုံကိုခံစားတာကဝေဒနာက္ခန္ဓာ၊မောင်ဖြူပဲ မောင်လှပဲလို့အာရုံကိုမှတ်သားတာကသညာက္ခန္ဓာ၊မြင်စိတ်ဖြစ်ပေါ်လာဘို့တွေ့ဆုံပေးလိုက်တဲ့ဖဿကသင်္ခါရက္ခန္ဓာ၊ ဒီနာမ်ခန္ဓာလေးပါးက အတူဖြစ်အတူချုပ်ကာ သမ္ပယုတ္တပစ္စည်းကကျေးဇူးပြုပေးပါတယ်၊

ဥပမာပြောရရင်ဇနီးမောင်နှံ နှစ်ယောက် Holiday ထွက်ကြရာမှာ လည်တော့အတူလည်၊ သွားတော့အတူသွား စားတော့အတူစား အချိန်တန်အိမ်ပြန်ကြတော့လဲနှစ်ယောက် အတူတူပြန်ကြပါတယ်၊ တစ်ယောက်တစ်ရက်စီခွဲပြီးတော့မပြန်ကြပါဘူး၊ ဒါသမ္ပယုတ္တပစ္စည်းနဲ့ ဇနီးမောင်နှံအားကျေးဇူးပြုနေတာဖြစ်ပါတယ်၊ မိခင်ဖြစ်သူက လူမမယ်ကလေးငယ်လေးအား စောင့်ရှောက်ရာမှာလဲ အတူတူပါပဲ၊

## (၂၀) ဝိပ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စည်းကယှဉ်ပြီးတော့ကျေးဇူးပြုတယ်၊ ဝိပ္ပယုတ္တပစ္စည်းကမယှဉ်ဘူး၊ မယှဉ်ပေမဲ့ အချင်းချင်းကျေးဇူးပြုတဲ့တရားမျိုးဖြစ်ပါတယ်၊ သမ္ပယုတ္တပစ္စည်းကျေးဇူးပြုတာကအင်္ဂါလေးပါးပြည့်စုံရင်ကျေးဇူးပြုတယ်၊ ဝိပ္ပယုတ္တပစ္စည်းကတော့ပြောင်းပြန်၊ ထိုအင်္ဂါလေးပါးနဲ့မယှဉ်ရင်ကျေးဇူးပြုပါတယ်၊ အတူဖြစ်ခြင်းမရှိခြင်း၊အတူချုပ်ခြင်းမရှိခြင်း၊ အာရုံအားဖြင့်မတူခြင်း၊မှီရာဝတ္ထုအားဖြင့်ကွဲပြားခြင်းအားဖြင့်အင်္ဂါလေးပါးပြည့်စုံမှဝိပ္ပယုတ္တပစ္စည်းကကျေးဇူးပြုပါတယ်၊

### ခြောက်ပါးအရသာဥပမာ

ချို ချဉ် စပ် ငန် ဖန် ခါးဟူသောအရသာခြောက်ပါးရှိတယ်၊ ထိုအရသာခြောက်ပါးရောစပ်လိုက်တဲ့အခါအချိုကလဲအချိုအရသာထွက်တယ်၊ အချဉ်ကလဲအချဉ်အရသာ၊ အစပ်ကလဲအစပ်အရသာစသည်ဖြင့်သူ့သတ္တိနဲ့သူအသီးသီး အစွမ်းပြကြပါတယ်၊ တစ်ခုနဲ့တစ်ခုရောမသွားပါဘူး၊ သို့သော်အချင်းချင်းကျေးဇူးပြုနေကြလို့ ဟင်းလျာက စားလို့ကောင်းတဲ့အရသာတစ်ခုဖြစ်သွားပါတယ်၊ ထို့အတူပါပဲ ရုပ်တရား နာမ်တရားများကလဲမယှဉ်ကြပေမဲ့ အချင်းချင်းကျေးဇူးပြုနေကြပါတယ်၊

**ဝိပ္ပယုတ္တပစ္စယောတိ–ရူပိနောဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊**
**အရူပိနောဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊**

ရူပိနောဓမ္မာအရ–ဝတ္ထုရုပ်၆–ပါးပစ္စည်းတရားနဲ့ အရူပီနံ ဓမ္မာနံအရ နာမ်ဖြစ်တဲ့အရူပဝိပါက်လေးခုကြဉ်သောသတ္တဝိညာဏဓာတ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊အရူပိနော ဓမ္မာအရ အရူပဝိပါက်လေးခုကြဉ်သောစိတ်၈၉–ပါး၊ စေတသိက်၅၂ပညာသပစ္စည်းတရားနဲ့ ရူပီနံဓမ္မာနံအရစတုသမုဋ္ဌာနိကရုပ်ဖြစ်သည့် ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

ဝိပ္ပယုတ္တပစ္စည်းက ပုရေဇာတဝိပ္ပယုတ္တ ပစ္ဆာဇာတဝိပ္ပယုတ္တ သဟဇာတဝိပ္ပယုတ္တဆိုပြီးသုံးမျိုးရှိတယ်၊ရူပိနောဓမ္မာအရ–ဝတ္ထုရုပ်၆–ပါးကပစ္စည်းတရား၊ဝတ္ထုရုပ်၆–ပါးကစက္ခုဝတ္ထု–မျက်စိအကြည်၊ သောတဝတ္ထု–နားအကြည်၊ဃာနဝတ္ထု–နှာခေါင်းအကြည်၊ ဇိဝှါဝတ္ထု–လျှာအကြည်၊ကာယဝတ္ထု–ကိုယ်အကြည်၊ဟဒယဝတ္ထု–စိတ်နှလုံးအကြည်၊ ဒါကအကြောင်းပစ္စည်းတရားဖြစ်ပါတယ်၊ ပစ္စယုပ္ပန်ဘက်က အရူပီနံဓမ္မာနံအရ သတ္တဝိညာဏဓာတ်၊ သတ္တ–က၇–ခုဝိညာဏဓာတ်ကအသိစိတ်၊ စက္ခုဝိညာဏဓာတ် မြင်သိစိတ်၊သောတဝိညာဏဓာတ်–ကြားသိစိတ်၊ ဃာနဝိညာဏဓာတ်–နံသိစိတ်၊ ဇိဝှါဝိညာဏဓာတ်–စားသိစိတ်၊ ကာယဝိညာဏဓာတ်–ထိသိစိတ်၊ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်းဒွေဟူသောမနောဓာတ်၊မနောဓာတ်သုံးပါးမှတစ်ပါး ဟဒယဝတ္ထုကိုမှီ၍ဖြစ်သောစိတ်ကမနောဝိညာဏဓာတ်၊ မနောဓာတ်မနောဝိညာဏဓာတ်နှစ်ပါးက တွေးတောကြံစည်စိတ်များဖြစ်ပါတယ်၊ ဒါကအကျိုးပစ္စယုပ္ပန်တရားများပါပဲ၊ စက္ခုဝတ္ထုရုပ်ကိုမှီပြီးတော့ မြင်သိစိတ်ဖြစ်တယ်၊ သောတဝတ္ထုရုပ်ကိုမှီပြီးတော့ကြားသိစိတ်ဖြစ်တယ်၊ ဃာနဝတ္ထုရုပ်ကိုမှီပြီးတော့နံသိစိတ်ဖြစ်တယ်၊ ဇိဝှါဝတ္ထုရုပ်ကိုမှီပြီးတော့စားသိစိတ်ဖြစ်တယ်၊ ကာယဝတ္ထုရုပ်ကိုမှီပြီးတော့ထိသိစိတ်ဖြစ်တယ်၊ ဟဒယဝတ္ထုရုပ်ကိုမှီပြီးတော့ တွေးတောကြံစည်စိတ်တွေဖြစ်ပါတယ်၊ မျက်စိအကြည် နားအကြည်စတဲ့အကြည်ရုပ်၆–ပါးက ရှေးဦးကတည်းကဖြစ်နေကြတယ်၊ မြင်သိစိတ် ကြားသိစိတ်စတဲ့အသိစိတ်များက နောက်မှဖြစ်ကြတယ်၊ ဖြစ်တာချင်းလဲမတူသလို အသိစိတ်၆–ပါးနဲ့ အကြည်ရုပ်၆–ပါးချုပ်တာချင်းလဲမတူကြပါဘူး၊ ရုပ်တရားတွေကအသက်ရှည်တယ်၊စိတ်

သက်ကတိုတယ်၊ အဖြစ်မြန်သလိုအချုပ်လဲမြန်တယ်၊ ရုပ်သက်တစ်ချက်ကိုစိတ်သက်ကတစ်ဆဲ့ခုနှစ်–ချက်ရှိတာကြောင့်ဖြစ်တာနဲ့ချုပ်တာမတူကြပါ၊ နောက်အာရုံပြုတာကောတူရဲ့လားကြည့်လိုက် မြင်–သိစိတ်ကပစ္စုပ္ပန်ဖြစ်တဲ့ရူပါရုံကိုအာရုံပြုတယ်၊ကြားသိစိတ်ကသဒ္ဒါရုံ၊ နံသိစိတ်ကဂန္ဓာရုံ၊ စားသိစိတ်ကကိုယ့်ရှေ့ရောက်လာတဲ့ဟင်း၊ မကောင်းရင်လဲမကောင်းတဲ့ဟင်း ကောင်းရင်လဲကောင်းတဲ့ဟင်းရသာရုံကို အာရုံပြုပါတယ်၊ ထိသိစိတ်ကဖောဋ္ဌဗ္ဗာရုံ၊ တွေးတောကြံစည်စိတ်က ကြံတွေးစရာအာရုံကိုအသီးသီးအာရုံပြုကြပါတယ်၊

ပစ္စည်းအကြည်ရုပ်၆–ပါးကတော့ အနာရမ္မဏတရား၊ ဘာကိုမှအာရုံမပြုတတ်ပါဘူး၊ နောက်ရုပ်တရားများကအပ္ပဟာတဗ္ဗ–ပယ်လို့မရတဲ့တရား၊ မျက်စိအကြည်ကိုပယ်လိုက်ရင် မျက်စိကန်းသွားမှာပါ၊နားအကြည်ကိုပယ်လိုက်ရင်နားပင်းသွားလိမ့်မယ်၊ ဒါကြောင့်ပယ်လို့မရတဲ့တရား၊ရုပ်တရားများအနာရမ္မဏဖြစ်လို့မို့ ပစ္စည်းနဲ့ ပစ္စယုပ္ပန်အာရုံချင်းလဲ ကွဲနေပါတယ်၊ မြင်သိစိတ် ကြားသိစိတ် နံသိစိတ်စားသိစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်ဟူသော အသိစိတ်၆–ပါးသည် စက္ခုဝတ္ထု သောတဝတ္ထုဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထုဟူသောအကြည်ရုပ်၆–ပါးကိုမှီ၍ဖြစ်ကြပြီးဝတ္ထုရုပ်၆–ပါးကတော့ ပထဝီ အာပေါ တေဇော ဝါယောဟူသောမဟာဘုတ်လေးပါးကိုမှီ၍ဖြစ်ကြပါတယ်၊ မှီရာဝတ္ထုချင်းလဲမတူကြဘူး၊ ဧကုပ္ပါဒ–ဖြစ်တာချင်းလဲမတူ၊ ဧကနိရောဓ–ချုပ်တာချင်းလဲမတူ၊ဧကာလမ္ဗ–ဏ–အာရုံပြုပုံလဲမတူ၊ ဧကဝတ္ထုက–မှီရာဝတ္ထုရုပ်လဲ မတူတာကြောင့်လည်းကောင်း၊ ဝတ္ထုရုပ်၆–ပါးသည်ရှေ့ကဖြစ်နှင့်နေတာကြောင့်လည်းကောင်း ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဖြင့် အသိစိတ်၆–ပါးကိုကျေးဇူးပြုနေပါတယ်၊ ရုပ်တရားကဘာကိုမှမသိတတ်ဘူး၊ ပယ်လို့လဲမရဘူး၊ နာမ်တရားကတော့သိတတ်တယ်၊ ပယ်လို့လဲရတယ်၊ဒါကြောင့်ဝိပ္ပယုတ္တဖြစ်ပြီးကျေးဇူးပြုနေပါတယ်၊

**အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ**–ပစ္စည်းဘက်က အရူပဝိပါက်လေးခုကြဉ်သောစိတ်၈၅၊ စေတ–သိက်၅၂ပါး၊ပစ္စယုပ္ပန်ဘက်ကစတုသမုဋ္ဌာနိကဖြစ်သောဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယရုပ်တရားရပါတယ်၊ သဟဇာတဝိပ္ပယုတ္တပစ္စည်းနဲ့လဲ ကျေးဇူးပြုပါတယ်၊ စိတ်ရဲ့ဥပါဒ်အခိုက်နဲ့ ရုပ်ရဲ့ဥပါဒ်အခိုက်ကတော့တူကြတယ်၊ ဘင်ဆိုတဲ့ချုပ်တဲ့နေရာ စိတ်နဲ့ရုပ်မတူကြဘူး၊ ရုပ်သက်တစ်ချက်မှာစိတ်သက်ကတစ်ဆဲ့ခုနှစ်ချက်ဆိုတော့ စိတ်ကအရင်ချုပ်တာမို့ ချုပ်တာချင်းမတူကြဘူး၊ အာရုံချင်းလဲမတူ၊မှီရာဝတ္ထုချင်းလဲမတူကြတာကြောင့်ဝိပ္ပယုတ္တဖြစ်ပါတယ်၊ စိတ်နဲ့ရုပ်တို့ဖြစ်ရာဥပါဒ်ချင်းတူကြတာမို့သဟဇာတ၊ ချုပ်တာရယ်၊ အာရုံပြုတာရယ်၊ မှီရာဝတ္ထုရယ်မတူကြတာကြောင့်ဝိပ္ပယုတ္တ၊သဟဇာတဝိပ္ပယုတ္တပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊

ပစ္ဆာဇာတဝိပ္ပယုတ္တအတွက်လဲ အရကောက်အတူတူပါပဲ၊ပစ္စည်းတရားကအရူပဝိပါက်၄–ခုကြဉ်သောစိတ်၈၅–ခု၊ဖြစ်တယ်၊ အရူပဝိပါက်၄–ခုကရုပ်မရှိတဲ့ နာမ်သက်သက်ဘုံမှာသာဖြစ်တယ်၊ ရုပ်ကိုကျေးဇူးပြုရမယ်ဆိုတော့သူကကျေးဇူးမပြုနိုင်တဲ့အတွက်ကြဉ်ရတယ်၊ပစ္စယုပ္ပန်ဘက်ကစတုသမုဋ္ဌာနိ–ကဖြစ်တဲ့ ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယရုပ်များကောက်ရတယ်၊ ဧကဇကာယမှာဧက–ကတစ်၊ဇ–ကဖြစ်တာ၊ရုပ်တစ်ပါးတည်းရှိတဲ့ဧကဇကာယ၊ ရုပ်နှစ်ပါးရှိတဲ့ဒွိဇကာယ၊ ရုပ်သုံးပါးရှိတဲ့တိဇကာယ၊ရုပ်လေးပါးရှိတဲ့စတုဇကာယရုပ်များသည် ကံကြောင့်ဖြစ်တဲ့ရုပ် စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်တရားများဖြစ်ကြတယ်၊ပဋိသန္ဓေစိတ်ရဲ့ဌီခဏမှာကံကြောင့်ဖြစ်တဲ့ရုပ်ကိုဧကဇကာယ၊ပဋိသန္ဓေစိတ်ရဲ့ဘင်ခဏမှာ ကံနှင့်ဥတုကြောင့်ဖြစ်တဲ့ရုပ်ကိုဒွိဇကာ–ယ၊ပထမဘဝင်၏ဌီခဏမှာ ကံ စိတ် ဥတုကြောင့်ဖြစ်တဲ့ရုပ်ကို တိဇကာယ၊ အစာအာဟာရတွေစားသုံးရလို့ဖြစ်တဲ့ရုပ်ကို ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်လို့စတုဇကာယလို့ခေါ်တယ်၊

**ဆောင်ပုဒ်**

ပဋိသန္ဓေ၊ ဌီ၌ပေ၊ တစ်ထွေဧကမည်၊
ပဋိသန္ဓေ၊ ဘင်၌ပေ၊ နှစ်ထွေဒွိဇမည်၊
ပထမဘဝင်ေ၊ ဌီ၌ပေ၊ သုံးထွေတိဇမည်၊
အာဟာရတွေ၊ ပျံ့နှံ့ပေ၊ လေးထွေစတုဇမည်၊ *(သဒ္ဓမ္မဂုံသီဆရာတော်ကြီး)*

ပဋိ ဘဝင် (၁၅ကြိမ်၁၆ကြိမ်) မနော ဇော (၇ကြိမ်)

စတုသမုဋ္ဌာနိကရုပ်ဆိုတာက ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်များဖြစ်ကြတယ်၊ ကမ္မဇရုပ်များဘယ်ချိန်စဖြစ်သလဲဆိုတော့ –––

**ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ၊** *(အဘိဓမ္မတ္ထသင်္ဂဟ)*
ကမ္မဇရုပ်များ ပဋိသန္ဓေစိတ်၏ဥပါဒ်ကစပြီး ပဋိသန္ဓေစိတ်နဲ့တပြိုင်တည်းဖြစ်ကြတယ်၊ ကျေးဇူးပြုကြတယ်၊**ဒုတိယစိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ**-စိတ်ကြောင့်ဖြစ်တဲ့ရုပ်များကတော့ ပဌမဘဝင်ရဲ့ဥပါဒ်ကစပြီးဖြစ်ကြတယ်၊ကျေးဇူးပြုတယ်၊**ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ**(အဘိဓမ္မာသင်္ဂဟ) အအေး အပူဥတု ကြောင့်ဖြစ်တဲ့ရုပ်ဟာ ပဋိသန္ဓေစိတ်ရဲ့ ဌီကာလကစပြီးတော့ဖြစ်လာကြတယ်၊ ကျေးဇူးပြုတယ်၊ **သြဇာဖရဏမုပါဒါယ အာဟာရသမုဋ္ဌာနာ**-အမိစားလိုက်တဲ့အဆီအစေးခေါ်သော သြဇာအာဟာရရုပ်တွေက သန္ဓေသားလေးမှာ ဘယ်ချိန်စဖြစ်သလဲဆိုတော့ ရက်သတ္တ(၃)ပတ်လောက်ရောက်တဲ့အခါစပြီး ကျေးဇူးပြုတယ်၊ ဒီတော့ဦးဇင်းတို့ခန္ဓာကိုယ်ကို ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တွေ ဘယ်ချိန်ကစပြီးကျေးဇူးပြုတယ်ဆိုတာသိသွားပါပြီ၊

## ဝိပ္ပယုတ္တပစ္စည်းကျေးဇူးပြုပုံ

ရူပိနောဓမ္မာ အရူပီနံဓမ္မာနံ-ရုပ်ကနာမ်ကိုကျေးဇူးပြုရာမှာ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်ကြီးလေးပါးညီညွတ်မျှတနေလို့ တရားနာဖြစ်ပါတယ်၊ တစ်ပါးပါးဖေါက်ပြန်နေရင်တရားမနာနိုင်ပါ၊ဘုရားတရားအကြောင်းတွေသိရလို့ဝမ်းသာတာကဝေဒနာက္ခန္ဓာ၊ မှတ်မှတ်သားသားနားစိုက်ထောင်နေတာကသညာက္ခန္ဓာ၊ စေ့စော်တိုက်တွန်းတဲ့စေတနာကသင်္ခါရက္ခန္ဓာ၊ တရားနာချင်တဲ့စိတ်က ဝိညာဏက္ခန္ဓာ၊ ဓာတ်ကြီးလေးပါးရုပ်တရားက နာမ်ခန္ဓာလေးပါးကိုဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

အရူပိနောဓမ္မာ ရူပီနံဓမ္မာနံ-နာမ်ကရုပ်ကိုကျေးဇူးပြုရာမှာ တရားနာချင်တဲ့စိတ်ကနာမ်တရား၊ တရားနာချင်တဲ့စိတ်ဦးဆောင်ပြီး စေတနာကတိုက်တွန်းလိုက်လို့ ဘယ်တစ်လှမ်း ညာတစ်လှမ်း လှမ်းပြီးတိသရဏကျောင်းရောက်လာပါတယ်၊ ကိုယ်အမူအယာတွေလှုပ်ရှား ကားမောင်းပြီးကျောင်းရောက်လာတာကရုပ်တရား၊ ရုပ်တရားကြီး ကျောင်းရောက်လာအောင် ဘယ်သူကကျေးဇူးပြုလိုက်လို့လဲဆိုတော့ စိတ်နာမ်တရားကကျေးဇူးပြုလိုက်ပါတယ်၊ ဒါကတော့ နာမ်ကရုပ်ကိုကျေးဇူးပြုပုံဖြစ်ပါတယ်၊

## သမ္ပယုတ္တပစ္စည်းနှင့် ဝိပ္ပယုတ္တပစ္စည်းအထူး

မိသားစုတွေညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့မိဘအုပ်ထိန်းမှုအောက်မှာနေပြီးတစ်ယောက်အကျိုးစီးပွါးတစ်ယောက်ဆောင်ရွက်၊ နေထိုင်မကောင်းဖြစ်လဲကူညီဖေးမပြုစုစောင့်ရှောက်လို့ကျေးဇူးပြုနေတာကသမ္ပယုတ္တပစ္စည်း၊ တစ်ချို့ဆွေမျိုးတော့မတော်စပ်ဘူး၊ ဒါပေမဲ့ချစ်ချစ်ခင်ခင် ကျင်ကျင်နာနာ ရင်းရင်း နှီးနှီး ဖြစ်ပြီးတစ်ယောက်အကျိုးတစ်ယောက်ဆောင်ရွက်၊နေထိုင်မကောင်းဖြစ်တော့လဲအကျင်နာထားမေတ္တာပွါးကာ ပြုစုစောင့်ရှောက်၊ Visa တိုးစရာရှိတော့လဲ Immigration အတူတူသွား၊ ကျောင်းအပ်တော့လဲ လိုက်ပါကူညီ၊ ဒီလိုတစ်ယောက်နဲ့တစ်ယောက် အချင်းချင်းအပြန်ပြန်အလှန်လှန်ကျေးဇူးပြုနေတာကတော့ဝိပ္ပယုတ္တပစ္စည်း ဖြစ်ပါတယ်၊

## (၂၁) အတ္ထိပစ္စည်း

အတ္ထိပစ္စည်းကထင်ရှားရှိပြီး ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဥပမာအားဖြင့်ဘာနဲ့တူသလဲဆိုတော့မြေကြီးတို့ မြင့်မိုရ်တောင်တို့နဲ့တူပါတယ်၊ မြေကြီး မြင့်မိုရ်တောင်တို့က သစ်ပင်များကိုစိမ်းရှင်နေအောင်ထောက်ပံ့ပေးပါတယ်၊ ထောက်ပံ့ရာမှာ မြေကြီး မြင့်မိုရ်တောင်နှင့်သစ်ပင်များပါထင်ရှားရှိရပါတယ်၊ မြေကြီးမရှိပဲသစ်ပင်များစိမ်းလန်းအောင်ကျေးဇူးမပြုနိုင်သလို သစ်ပင်များမရှိပဲလဲမြေကြီးက ကျေးဇူးမပြုနိုင်ပါ၊ နှစ်ခုထင်ရှားရှိပြီးတော့ ကျေးဇူးပြုနေပါတယ်၊လူတစ်ယောက်က ဟော့ကောင် မင်းမှာ ပိုက်ဆံရှိလားလို့မေးတဲ့အခါဟုတ်ကဲ့ရှိပါတယ်လို့ဖြေလိမ့်မယ်၊ သို့သော်သူ့အိပ်ထဲမှာတော့မရှိဘူး၊ Bank မှာရှိတာကိုရည်ရွယ်ပြီးရှိတယ်လို့ဖြေလိုက်တယ်၊ ဒါမျိုးကိုအတ္ထိပစ္စည်းလို့မခေါ်ရဘူး၊ လက်ရှိသူ့အိပ်ထဲမှာရှိနေမှ အတ္ထိ-ရှိတယ်လို့ပြောရတယ်၊ ဒီဥပမာလိုပဲ ရုပ်တရား နာမ်တရားတွေဟာမိမိတို့ထင်ရှားရှိခိုက် ထင်ရှားရှိနေတဲ့အခြားရုပ်နာမ်တရားတွေကိုထောက်ပံ့ပြီး ကျေးဇူးပြုနေပါတယ်၊

အတ္ထိပစ္စည်းက သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိလို့ငါးမျိုးရှိပါတယ်၊ သဟဇာတတ္ထိရဲ့ပစ္စည်း ပစ္စယုပ္ပန်ကသဟဇာတပစ္စည်းနဲ့တူပါတယ်၊ ပုရေဇာတတ္ထိရဲ့ပစ္စည်း ပစ္စယုပ္ပန်က ပုရေဇာတပစ္စည်းနဲ့တူပါတယ်၊ ပစ္ဆာဇာတတ္ထိရဲ့ပစ္စည်း ပစ္စယုပ္ပန်က ပစ္ဆာဇာတပစ္စည်းနဲ့တူပါတယ်၊ အာဟာရတ္ထိရဲ့ပစ္စည်း ပစ္စယုပ္ပန်က ရုပ်အာဟာရပစ္စည်းနဲ့တူပါတယ်၊ ဣန္ဒြိယတ္ထိရဲ့ပစ္စည်း ပစ္စယုပ္ပန်ကရူပဇီဝိတိန္ဒြိယနဲ့တူပါတယ်၊*(ရူပဇီဝိတိန်ဒြိယဟုဖတ်)*

အတ္ထိပစ္စယောတိ---

**စတ္တာရောခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊**
**စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊**
**ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊**
**စိတ္တ စေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနာနံရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊**
**မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊**

စတ္တာရော ခန္ဓာ အရူပိနော-၌ နာမ်ခန္ဓာလေးပါးက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဖြစ်ပါတယ်၊ အပြည့်အစုံကောက်လိုက်တော့ စိတ်၈၉-ပါး၊ စေတသိက်၅၂-ပါးဖြစ်ပါတယ်၊ ဒါက ပစ္စည်းတရား၊ အညမညံအရ-အချင်းချင်းအားဆိုရာမှာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ပစ္စည်းအကြောင်းတရားဘက်ကလဲ နာမက္ခန္ဓာလေးပါး၊ ပစ္စယုပ္ပန်အကျိုးတရားဘက်ကလဲ ဒီနာမက္ခန္ဓာလေးပါးပင်ကောက်ရမည်ဟုပြပါသည်၊ ပစ္စည်းနဲ့ ပစ္စယုပ္ပန်အချင်းချင်း အပြန်ပြန်အလှန်လှန် တစ်ပါးက သုံးပါးကို သုံးပါးကတစ်ပါးကို နှစ်ပါးကနှစ်ပါးကိုကျေးဇူးပြုကြပါတယ်၊

**စတ္တာရော မဟာဘူတာ အညမညံ**-ပစ္စည်းဘက်က ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်လေးပါးပစ္စည်းတရားရပါတယ်၊ အညမညံအရ ပစ္စယုပ္ပန်ဘက်ကလဲထိုမဟာဘုတ်လေးပါးပင်ဖြစ်ပါတယ်၊ ပထဝီကကျန်သုံးပါးကို ကျန်သုံးပါးက ပထဝီမဟာဘုတ်ကိုစသည်ဖြင့် ကျေးဇူးပြုပါတယ်၊ အတူတကွဖြစ်ပြီးကျေးဇူးပြုတာမို့သဟဇာတ၊ ပစ္စည်းရော ပစ္စယုပ္ပန်ပါ နှစ်ဘက်လုံးမှာရှိပြီးကျေးဇူးပြုတာကြောင့်အတ္ထိ၊ နှစ်ရပ်ပေါင်းတော့ သဟဇာတတ္ထိဖြင့်ကျေးဇူးပြုပါတယ်၊ *(အင်သြမင်သံဟုဖတ်)*

**ဩက္ကန္တိက္ခဏေ နာမရူပံ**-၌ ပဋိသန္ဓေ(၁၅)ပါး၊ ဟဒယဝတ္ထု၊ ဩက္ကန္တိက္ခဏေ-အရ ပဉ္စဝေါကာရပဋိသန္ဓေရဲ့ ဥပါဒ် ဌီ ဘင် အခိုက်မှာဟဒယဝတ္ထုကို ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာက ကျေးဇူးပြုပါတယ်၊ ဟဒယဝတ္ထုကလဲ ပဉ္စဝေါကာရပဋိသန္ဓေ (၁၅)ပါးကိုအချင်းချင်း အပြန်ပြန်အလှန်လှန်ကျေးဇူးပြုပါတယ်၊ *(အောက်ကန်တိတ်ခဏေဟုဖတ်)*

**စိတ္တ စေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ**-၌ရုပ်ကိုဖြစ်စေနိုင်တဲ့စိတ်(၇၅)ပါး၊စေတသိက်(၅၂)ပါးကပစ္စည်းတရား၊ ဒွေပဉ္စဝိညာဏ်(၁၀)နဲ့ အရူပဝိပါက်(၄)ပါးကရုပ်ကိုမဖြစ်စေနိုင်ကြတဲ့အတွက် ကြဉ်လိုက်လို့ စိတ်(၇၅)ပါးရပါတယ်၊

**စိတ္တသမုဋ္ဌာနာနံ**-အရစိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ ဒီပါဠိတော်မှာ အညမညံ ဆိုတဲ့ပုဒ်မပါပါဘူး၊ ဘာကြောင့်လဲဆိုတော့ စိတ် စေတသိက်တရားတွေက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ကိုဖြစ်ပေါ်အောင် ကျေးဇူးပြုနိုင်သော်လဲ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်များက စိတ် စေတသိက်တရားတွေကိုကျေးဇူးမပြုနိုင်သောကြောင့် အညမညံ-အချင်းချင်းအပြန်အလှန်ဆိုတဲ့စကားမထဲ့ပဲဟောတော်မူပါတယ်၊ ဘာနဲ့တူသလဲဆိုတော့ စိတ် စေတသိက်တရားတွေကသစ်ပင်ကြီးနဲ့တူပြီး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တရားများက သစ်ပင်ကြီး၏အရိပ်နဲ့တူပါတယ်၊ သစ်ပင်ကြီးကအရိပ်ဖြစ်အောင်ပြုနိုင်ပေမဲ့ အရိပ်ကသစ်ပင်ကြီးဖြစ်လာအောင်မပြုနိုင်သလို စိတ် စေတသိက်တရားတွေက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ဖြစ်အောင်ကျေးဇူးပြုနိုင်သော်လဲ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တရားများက စိတ် စေတသိက်တရားများဖြစ်ပေါ်လာအောင် ကျေးဇူးမပြုနိုင်ကြပါ၊

**မဟာဘူတာ ဥပါဒါရူပါနံ**-၌ မဟာဘုတ်လေးပါးကပစ္စည်းတရား၊ ဥပါဒါရုပ်(၂၄)ပါးကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊မဟာဘုတ်တရားဆိုတာက ဥပါဒါရုပ်တို့ထက် တောင့်တင်းခက်မာသောသဘောလက္ခဏာအားဖြင့် ကြီးကျယ်ထင်ရှားသောရုပ်များဖြစ်ကြပါတယ်၊ ဥပါဒါရုပ်များကတော့ မဟာဘုတ်လေးပါးကိုအမှီပြု၍ဖြစ်ရသောရုပ်များ ဖြစ်ပါတယ်၊ ပထမပါဠိက နာမ်အချင်းချင်းကျေးဇူးပြုပုံဖြစ်ပါတယ်၊ ဒုတိယပါဠိက ရုပ်အချင်းချင်းကျေးဇူးပြုပုံဖြစ်ပါတယ်၊တတိယပါဠိက ရုပ် နာမ်နှစ်ပါးကရုပ်နာမ်နှစ်ပါးကိုကျေးဇူးပြုပုံဖြစ်ပါတယ်၊ စတုတ္ထပါဠိက နာမ်တရားတွေက ရုပ်တရားတွေကိုကျေးဇူးပြုပုံဖြစ်ပါတယ်၊ ပဉ္စမပါဠိက ရုပ် ရုပ်အချင်းချင်း ကျေးဇူးပြုပုံကိုပြပါတယ်၊

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊**
**(ပ) ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊**
ပါဠိတော်မှာ--စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထုဟူသောဝတ္ထု-

ရုပ်(၆)ပါးက ပစ္စည်းတရား၊ စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဝိညာဏဓာတ် ကာယဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ စက္ခာယတန်–၌ စက္ခု+အာယတနံဟုနှစ်ပုဒ်ခွဲ၊ စက္ခု–ကမျက်စိအကြည်ရုပ်၊ အာယတန–ကအကြောင်းတရား၊ ဘာရဲ့အကြောင်းတရားလဲဆိုတော့ စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်ရဲ့အကြောင်းတရား၊ မျက်စိအကြည်ရုပ်လေးဟာ မြင်သိစိတ်ရဲ့ အကြောင်းတရားဖြစ်ပါတယ်၊ မြင်သိစိတ်မဖြစ်ခင် အရင်ဖြစ်နှင့်ပြီး ကျေးဇူးပြုတာကြောင့် ပုရေဇာတတ္တိဖြစ်ပါတယ်၊

မိမိတို့နေ့စဉ်လျှောင်း ထိုင် ရပ် သွားလှုပ်ရှားနေတဲ့ ကိုယ်အမူအယာများဟာစိတ်ကြောင့်ဖြစ်ရတာပါ၊ ဥပမာ–အိပ်ချင်တယ်ဆိုကြပါစို့၊ အိပ်ချင်တဲ့စိတ်ဖြစ်လို့အိပ်ရတာပါ၊ အိပ်ချင်တဲ့စိတ်ဖြစ်တာက ပဋ္ဌာန်းပါဠိတော်အလို **စိတ္တ စေတသိကာဓမ္မာ** ဖြစ်ပြီး၊ အိပ်တဲ့အမူအယာက **စိတ္တသမုဋ္ဌာနာနံရူပါနံ** ဖြစ်ပါတယ်၊ **စိတ္တ စေတသိကာဓမ္မာ** စားချင်တဲ့စိတ်ကြောင့် **စိတ္တသမုဋ္ဌာနာနံရူပါနံ** စားတဲ့အမူအယာဖြစ်ရတာပါ၊ သွားချင်တယ် သွားချင်တယ် သွားတယ် သွားတယ်၊ ထိုင်ချင်တယ် ထိုင်ချင်တယ် ထိုင်တယ် ထိုင်တယ်စတဲ့အမူအယာတိုင်းမှာမပြတ်မှတ်နေတာက **စိတ္တ စေတသိကာဓမ္မာ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ** ဟူသောပဋ္ဌာန်းပါဠိတော်အရဖြစ်ပါတယ်၊

မိမိတို့မှာ ရုပ်တရားဆိုတာရှိတယ်၊ အဲဒီရုပ်တရားကြီးပုတ်သိုးမသွားအောင် စောင့်ရှောက်ပေးနေတာက စိတ် စေတသိက်နာမ်တရားတွေပါပဲ၊စိတ် စေတသိက်နာမ်တရားတွေက ရုပ်ခန္ဓာကြီးကိုအရှိတရားအနေနဲ့ကျေးဇူးပြုနေလို့ သွားလာလှုပ်ရှားနေနိုင်တာပါ၊ စိတ် စေတသိက်တရားတွေကတကယ်လဲရှိနေတယ်၊ စိတ်ဆိုတာက သွားချင် လာချင် လုပ်ချင် ကိုင်ချင် စားချင် သောက်ချင်တာမှန်သမျှတွေဟာစိတ်နာမ်တရားတွေပါပဲ၊ အာရုံငါးပါးပေါ်မှာ တွယ်တာမက်မောတဲ့သဘောကလောဘ၊ မကျေနပ်စရာအာရုံနဲ့တွေ့ရတဲ့အခါမှာ စိတ်ဆိုးအမျက်ထွက်တာကဒေါသ၊ ငါ့လောက်တော်တဲ့လူရှိရဲ့လား၊ ငါ့လောက်ချမ်းသာတဲ့လူရှိရဲ့လား၊ ငါ့လိုကားကောင်းကောင်းစီး အိမ်ကောင်းကောင်းနဲ့နေနိုင်ကြရဲ့လားဆိုတာတွေကမာန၊ ဒီလောဘ ဒေါသ မာနစသည်တို့က စေတသိက်နာမ်တွေပါ၊ မိမိသန္တာန်မှာစိတ် စေတသိက်နာမ်တွေကတကယ်ရှိနေကြတာပါ၊ အရှိတရားအနေနဲ့ရုပ်ခန္ဓာကြီးကိုကျေးဇူးပြုနေပါတယ်၊ ဒါအတ္တိပစ္စည်းကကျေးဇူးပြုနေတာပါ၊ ဦးဇင်းတို့ခန္ဓာမှာမဟာဘုတ်လေးပါးဆိုတာရှိတယ်၊ပထဝီ–တောင့်တင်းတဲ့သဘော၊ အာပေါ–ယိုစီး ဖွဲ့စီးတဲ့သဘော၊ တေဇော–ပူတဲ့သဘော၊ အေးတဲ့သဘော၊ နွေးတဲ့သဘော၊ ဝါယော–တွန်းကန်လှုပ်ရှားတဲ့သဘောဆိုပြီးလေးမျိုးရှိတယ်၊အပူလွန်ကဲရင်ဦးနှောက်ကြောပြတ်ပြီးသေတာတို့၊ အအေးဓာတ်လွန်ကဲတေဇောဖေါက်ပြန်လာရင် နှာစေး ချောင်းဆိုး အအေးမိဖြစ်တာတို့၊ ဝါယောဓာတ်လွန်ကဲရင် လေဖြတ်ပြီးအိပ်ယာထဲလဲ Disabled ဖြစ်နေတာတို့၊ ပထဝီဓာတ်လွန်ကဲရင် တကိုယ်လုံးဖေါရောင်လာတာတို့စသည်တွေဟာ ဓာတ်ကြီးလေးပါးမညီမျှလို့ဖြစ်ရတာပါ၊ ဓာတ်ကြီးလေးပါးညီမျှပြီး Balance ဖြစ်နေရင်ကျမ္မာရွှင်ပြုံး နှလုံးပီတိ ဂွမ်းဆီထိဖြစ်နေရပါတယ်၊ ဒါ–ဓာတ်ကြီးလေးပါးကထင်ရှားရှိပြီး အတ္တိပစ္စည်းနဲ့ကျေးဇူးပြုနေတာပါပဲ၊

လောကမှာမိဘရဲ့အရိပ်အဝါလွှမ်းမိုးမှုအောက်မှာ နေကြတဲ့သားသမီးတွေရှိတယ်၊ မိဘရဲ့အဆုံးအမ မိဘရဲ့လမ်းညွှန်မှု Instruction ကိုလေးစားလိုက်နာနေတဲ့သားသမီးတွေဟာ ဘယ်တော့မှမဆင်းရဲကြဘူး၊ မိဘအဆင်ပြေသလိုသားသမီးတွေလဲအဆင်ပြေတယ်၊ မိဘကအိမ်ပိုင်ယာပိုင်နဲ့နေရသလို သားသမီးတွေလဲနေရတယ်၊ ငါ့သားသမီးတွေငါတို့မရှိတဲ့အခါ လူတစ်လုံးသူတစ်လုံးနဲ့နေနိုင်ကြပါစေ၊ လူတန်းစေ့စေ့နေနိုင်ကြပါစေ၊ လူ့အောက်မကျပါစေနဲ့ဆိုပြီး မိဘဦးဆောင်ကာ အိမ်တွေတစ်လုံးပြီးတစ်လုံးဝယ်ပေးလို့ သားသမီးတွေအဆင်ပြေ ဝင်ငွေတွေကောင်းကာ မကြောင့်မကျ မပူမပင်နေကြရတယ်၊ ဒါမိဘနှစ်ပါး ထင်ရှားရှိပြီးသားသမီးတွေကို ကျေးဇူးပြုလိုက်တာပါပဲ၊ ဘာပစ္စည်းနဲ့ကျေးဇူးပြုလိုက်သလဲဆိုတော့ အတ္တိပစ္စည်းနဲ့ကျေးဇူးပြုလိုက်ပါတယ်၊

ဦးဇင်းတို့သန္တာန်မှာကိလေသာဆယ်ပါးဆိုတာ ထင်ရှားရှိနေတယ်၊ လောဘ ဒေါသစတဲ့တရားဆိုးတွေပါပဲ၊ လောဘကနှိပ်စက်ပြီး မင်း–အိမ်တစ်လုံးနဲ့ကျေနပ်မနေနဲ့၊ နောက်အိမ်တစ်လုံးထပ်ဝယ်အုံးဆိုလို့ အိမ်တစ်လုံးထပ်ဝယ်နိုင်ဖို့အတွက် အလုပ်ပိုလုပ်ရတယ်၊ မင်းကားက Out of model ဖြစ်နေပြီ၊ New Model တစ်စီးထပ်ဝယ်အုံးဆိုလို့ Retire မယူနိုင်သေးပဲ၊ တရားအလုပ်ကို ဘေးဖယ်ထား ကားဝယ်နိုင်ဖို့အလုပ်သွားနေရတုံးပဲရှိသေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် စကားများရန်ဖြစ်ရာမှစလို့

အချင်းချင်းထိုးကြိတ် ရိုက်နှက်မှုတွေဖြစ်ရတာက ဒေါသနှိပ်စက်နေတာပါ၊ ကိလေသာဆယ်ပါးကပုံစံအမျိုးမျိုး အသွင်အမျိုးမျိုးနဲ့ ပြောင်းပြီးမိမိကိုနှိပ်စက်နေပါတယ်၊ ဒီလောဘ ဒေါသစတဲ့ကိလေသာဆိုးတွေက မိမိသန္တာန်မှာ ထင်ရှားရှိပြီးနှိပ်စက်ကာ မကောင်းသဖြင့်ကျေးဇူးပြုနေတာက အတ္ထိပစ္စည်းပါပဲ၊ ဒီကိလေသာတရားဆိုးတွေကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးမည်တမ်း လွမ်းဆွတ်ရတာတွေဟာလဲ ထင်ရှားရှိတဲ့ကိလေသာတွေက မိမိကို အတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၂၂) နတ္ထိပစ္စည်း

အတ္ထိပစ္စည်းကထင်ရှားရှိပြီးကျေးဇူးပြုတဲ့တရား၊ နတ္ထိပစ္စည်းကမရှိမှကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဥပမာအားဖြင့်ဘာနဲ့တူသလဲဆိုတော့ ဆီမီးငြိမ်းသွားရင် အမှောင်ထုလွှမ်းမိုးလာပါတယ်၊အလင်းပျောက်တော့အမှောင်ရောက်လာရသလိုပါပဲ၊ မီးရောင်မရှိမှုဟာ အမှောင်ဖြစ်ဖို့အတွက်ကျေးဇူးပြုလိုက်ပါတယ်၊ ဆီမီး၏ငြိမ်းသွားခြင်းသည် အမှောင်အားကျေးဇူးပြုလိုက်သလိုဖြစ်ပါတယ်၊ ညဥ့်ရဲ့ကုန်ဆုံးမှုဟာနေထွက်ဖို့အတွက် ကျေးဇူးပြုလိုက်သလို ရှေးရှေးစိတ်ရဲ့ချုပ်ငြိမ်းမှုဟာ နောက်နောက်စိတ်တွေဖြစ်လာဖို့အတွက်ကျေးဇူးပြုလိုက်ပါတယ်၊မြင်သိစိတ်ဖြစ်တဲ့စိတ်အစဉ်မှာစက္ခုဝိညာဉ်စိတ်က ဥပါဒ် ဌီ ဘင်သဘောအရခဏငယ်သုံးချက်ပြတ်စဲသွားမှ သမ္ပဋိစ္ဆိုင်းခေါ်တဲ့နောက်စိတ်ဖြစ်ရပါတယ်၊ သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ခွင့်ရဖို့အတွက် ရှေ့စိတ်ဖြစ်တဲ့ စက္ခုဝိညာဏ်ကအပြီးသတ်ချုပ်ပေးပြီး ကျေးဇူးပြုလိုက်ပါတယ်၊ ဒါနတ္ထိပစ္စည်းနဲ့ကျေးဇူးပြုပေးလိုက်တာပါပဲ၊ *(သမ်ပတိတ်ဆိုင်း ဟုဖတ်)*

**သမနန္တရနိရုဒ္ဓါ စိတ္တ စေတသိကာဓမ္မာ ပဋုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော၊**

ကောင်းစွာရှေ့၌ဖြစ်၍ချုပ်ကုန်ပြီးသော (ဝါ) တဆက်တည်းဖြစ်၍ပျက်သွားကုန်သော၊ စိတ် စေတသိက်တရားတို့သည် မိမိသို့အတုလိုက်၍ဖြစ်ကုန်သော (ဝါ) ပစ္စုပ္ပန်ဖြစ်ကုန်သောစိတ်စေတသိက်တရားတို့အား နတ္ထိပစ္စယသတ္တိဖြင့်ကျေးဇူးပြုပါတယ်၊ *(ပတုပ်ပန်နာနံ ဟုဖတ်)*

နတ္ထိပစ္စည်းရဲ့ပစ္စည်း ပစ္စယုပ္ပန်တရားတွေဟာ အနန္တရ သမနန္တရ ပစ္စည်းနဲ့တူပါတယ်၊ အနန္တရပစ္စည်းကအကြားမရှိဆက်တိုက်အကျိုးပေးတဲ့တရား၊ သမနန္တရပစ္စည်းကကောင်းစွာအကြားမရှိအကျိုးပေးတဲ့တရားဖြစ်ပါတယ်၊ ရှေ့စိတ်ဖြစ်ပြီးပျက်သွားရင် အကြားမရှိ နောက်စိတ်တွေဖြစ်ပေါ်လာအောင်ကျေးဇူးပြုပါတယ်၊ နတ္ထိပစ္စည်းက ရှေ့စိတ်ချုပ်သွားပြီးမရှိတော့တဲ့အခါ နောက်စိတ်အသစ်တွေဖြစ်ပေါ်လာအောင်ကျေးဇူးပြုပါတယ်၊အဘိဓမ္မာမှာ ဒေသနာဝိလာသ၊ပုဂ္ဂလဇ္ဈာသယအားဖြင့်အတူဖြစ်တဲ့တရားများထပ်ပြီးဟောထားတာတော်တော်များများရှိပါတယ်၊

လောကမှာရုပ်နာမ်ဆိုတဲ့ပရမတ္ထတရားက တကယ့်အရှိတရား၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ဇနီးမယား သမီးသားဆိုတာက တကယ်အရှိမဟုတ်တဲ့ပညတ်တရား၊ ခေါ်ဝေါ်သုံးနှုံးရလွယ်ကူအောင်မှည့်ခေါ်ထားတဲ့ သမုတိပညတ်တရား၊ ဇနီး မယား သမီးသား လင်ယောကျ်ားတွေဆုံးရှုံးပျက်စီးတဲ့အခါ စိုးရိမ် ပူဆွေး ငိုကြွေး မည်တမ်း လွမ်းဆွတ်ရတဲ့ဒုက္ခတွေဖြစ်ရတယ်၊ ဒီဒုက္ခတွေဖြစ်အောင်ဘယ်သူကကျေးဇူးပြုလိုက်သလဲဆိုတော့တကယ်အရှိမဟုတ်တဲ့ ပညတ်တရား ဇနီးမယား သမီးသားကကျေးဇူးပြုလိုက်တာပါပဲ၊ မရှိတရားကကျေးဇူးပြုတဲ့အတွက် နတ္ထိပစ္စည်းခေါ်ပါတယ်၊

ဝန်ကြီးချုပ်Thaksin Shinawatra ကိုရာထူးကနေဖယ်ရှားပြီးဗိုလ်ချုပ်ကြီး Surayud Chulanont ခေါင်းဆောင်ဖြစ်လာခဲ့တယ်၊ Surayud ခေါင်းဆောင်ဖြစ်လာရတာဟာ ဝန်ကြီးချုပ် Thaksin မရှိမှဖြစ်လာရတာပါ၊Thaksin ကမရှိတဲ့အနေနဲ့ နတ္ထိပစ္စည်းကကျေးဇူးပြုလိုက်လို့ Surayud ခေါင်းဆောင်ဖြစ်လာပါတယ်၊ ဖြစ်တာကအတ္ထိပစ္စည်း၊ ပျက်တာကနတ္ထိပစ္စည်း၊ ခန္ဓာကဖြစ်ပျက်၊ ရှုတဲ့ဉာဏ်ကမဂ်၊ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်ပြီးသေသွားတာက သမုဒယသစ္စာ၊ သမုဒယတဏှာသေတော့နောင်ဘဝ လူနတ်ဆိုတဲ့ခန္ဓာမရတော့ပါ၊ ဒီတော့ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သေတာက သမုဒယသစ္စာ၊ ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ နောင်ခန္ဓာမလာတာက နိရောဓသစ္စာ၊ သစ္စာလေးပါးဆိုက်လို့ အရိယာဖြစ်သည်အထိ ကျေးဇူးပြုတာကပဋ္ဌာန်းပစ္စည်းပါ၊

## (၂၃) ဝိဂတပစ္စည်း

နတ္ထိပစ္စည်းကမရှိမှကျေးဇူးပြုတဲ့တရားဖြစ်ပြီး ဝိဂတပစ္စည်းကတော့ ကင်းပြီးမှကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ မရှိတာနဲ့ဘာထူးသလဲဆိုတော့ ဥပမာ–စက္ခုဝိညာဏ်စိတ်ချုပ်သွားမှ နောက်သမ္ပ–ဋိစ္ဆိုင်းစိတ်ဖြစ်ရပါတယ်၊ ယောကျ်ားပဲ မိန်းမပဲစသည်လက်ခံတဲ့သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ခွင့်ရအောင် စက္ခု

ဝိညာဏ်–မြင်သိစိတ်ကချုပ်ပေးရပြီးမရှိသောအားဖြင့်နတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်ပါတယ်၊မြင်သိစိတ် စက္ခုဝိညာဏ်မရှိတော့ပေမဲ့ သတ္တိလေးကျန်နေသေးရင် သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ခွင့်မရှိပါ၊ မဖြစ်နိုင်ပါ၊သတ္တိလေးကုန်သွားမှ နောက်လက်ခံစိတ်ဖြစ်ပါတယ်၊ ဒါဝိဂတပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပါ၊

ဥပမာ–နေရောင်မရှိတော့မှ အမှောင်ဖြစ်ပြီး ဖိုးရွှေလမင်း ထိန်ထိန်လင်းရသလို အမှောင်ဖြစ်ဖို့နဲ့ ရွှေလသာဖို့အတွက် နေရောင်ကွယ်ပျောက်ပြီး ကျေးဇူးပြုပေးရပါတယ်၊ "နေရောင်ကွယ်ပျောက်၊ အမှောင်ရောက်လာ၊ ရွှေလသာ၊ ပမာပုံသို့မှတ်" ထို့အတူပဲရှေ့ရှေ့စိတ်တွေအပြီးသတ်ချုပ်ငြိမ်းသွားမှ နောက်နောက်စိတ်တွေဖြစ်ရပါတယ်၊

**ဝိဂတပစ္စယောတိ–––**

**သမနန္တရဝိဂတာ စိတ္တ စေတသိကာဓမ္မာ ပဋုပ္ပန္နာနံစိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေနပစ္စယော၊**

ကောင်းစွာအခြားဖြစ်ခဲ့၍ ကင်းလေကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် မိမိသို့အတုလိုက်၍ဖြစ်ကုန်သော ပစ္စုပ္ပန်ဖြစ်ကုန်သော စိတ် စေတသိက်နာမ်တရားတို့အား ဝိဂတပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊

## နတ္ထိပစ္စည်းနဲ့ဝိဂတပစ္စည်းအထူး

နတ္ထိပစ္စည်းကမရှိမှကျေးဇူးပြုပြီး ဝိဂတပစ္စည်းကဘာမှမရှိတော့ပဲ အားလုံးကင်းသွားမှကျေးဇူးပြုပါတယ်၊ ဒီပစ္စည်းနှစ်ပါးရဲ့ထူးခြားချက်ကိုလောကဥပမာနဲ့ပြောရရင် မြန်မာနိုင်ငံမှာ ဗိုလ်ချုပ်ကြီးနေဝင်းအာဏာမရှိတော့တဲ့နောက်ပိုင်းကာလ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းပြည်ရဲ့ခေါင်းဆောင်ဖြစ်လာခဲ့ပါတယ်၊ဦးသန်းရွှေခေါင်းဆောင်ဖြစ်လာဖို့အတွက်ဦးနေဝင်းက အာဏာမရှိသောအားဖြင့်ကျေးဇူးပြုပေးရတယ်၊ ဒါ နတ္ထိပစ္စည်းကကျေးဇူးပြုလိုက်တာပါ၊ သို့သော်လဲ ဦးနေဝင်းရဲ့အရှိန်အဝါ သတ္တိက ဦးသန်းရွှေရဲ့အပေါ်မှာလွှမ်းမိုးနေဆဲမို့ ဦးသန်းရွှေက သူ့သဘော သူ့ဆန္ဒ သူ့စိတ်ကြိုက် သူ့အလိုအတိုင်းလုပ်ခွင့်မရပါဘူး၊ ဦးနေဝင်းဘဝနိဂုံး အဆုံးသတ်သွားတော့မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သူ့ဆန္ဒအတိုင်း စိတ်တိုင်းကျ လွတ်လွတ် လပ်လပ် လုပ်ခွင့်ရသွားတယ်၊ ဒါကတော့ ဝိဂတပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၂၄) အဝိဂတပစ္စည်း

အတ္ထိပစ္စည်း အဝိဂတပစ္စည်းနှစ်ပါးတို့တွင် အတ္ထိပစ္စည်းက ထင်ရှားရှိပြီးကျေးဇူးပြုပါတယ်၊ အဝိဂတပစ္စည်းကမကင်းသောအားဖြင့်ကျေးဇူးပြုပါတယ်၊ ပစ္စယုပ္ပန်တရားတွေနဲ့မကင်းသေးတဲ့အခိုက်အတန့်မှာ အကျိုးတရားတွေဖြစ်အောင်ကျေးဇူးပြုပါတယ်၊ ဒီ အတ္ထိနဲ့ အဝိဂတပစ္စည်းနှစ်ပါးကသဘောအားဖြင့်အတူတူပါပဲ၊

ဥပမာအားဖြင့် သမုဒ္ဒရာရေထဲမှာ ငါး လိပ် မိကျောင်း မဂန်းတွေနေကြတယ်၊ သမုဒ္ဒရာရေက ငါးလိပ်တွေကိုကျေးဇူးပြုထားလို့ သူတို့တတွေချမ်းသာပွါးတိုး အကျိုးများနေကြတာပါ၊ တံငါ့လက်တွင်းသက်ဆင်းကျရောက်သွားတဲ့အခါမှာ သမုဒ္ဒရာရေကကျေးဇူးမပြုနိုင်တော့ပေ၊ ရေထဲမှာရှိနေခိုက်သာ မကင်းမကွာအတူတကွကျေးဇူးပြုနိုင်ပေမဲ့ ရေနဲ့ကင်းကွာသွားတဲ့အခါမှာကျေးဇူးမပြုနိုင်တော့ပါ၊ ထို့အတူ စက္ခုဝိညာဏ်မြင်သိစိတ်ဖြစ်တာက အဆင်းမျိုးစုံ ရူပါရုံနဲ့ကင်းကွာပြီး မဖြစ်နိုင်ပါ၊ အဆင်းရူပါရုံနဲ့ မကင်းမကွာအတူတကွဖြစ်နေမှ မြင်သိစိတ်ဖြစ်အောင်ကျေးဇူးပြုပါတယ်၊ ဒါ အဝိဂတပစ္စည်းနဲ့ကျေးဇူးပြုတာပါ၊ ကြားသိစိတ်ဖြစ်ရာမှာလဲ အသံမျိုးစုံသဒ္ဒါရုံနဲ့မကင်းကွာသောအားဖြင့် အတူတကွဖြစ်နေမှအဝိဂတပစ္စည်းကကျေးဇူးပြုပါတယ်၊အသံတိတ်ဆိတ် လူခြေတိတ်တဲ့ ညချမ်းကာလ ခါသမယမှာကြားသိစိတ်မဖြစ်နိုင်ပါဘူး၊ ဃာနဝိညာဉ် နံသိစိတ်ဖြစ်ရာစသည်တို့မှာလဲ ဆိုင်ရာဆိုင်ရာအာရုံများနဲ့မကင်းကွာသောအားဖြင့်တကွဖြစ်နေမှ နံသိစိတ် စားသိစိတ် ထိသိစိတ်ဖြစ်အောင်အဝိဂတပစ္စည်းက ကျေးဇူးပြုပါတယ်၊ အဝိဂတပစ္စည်းရဲ့ပါဠိတော်ကတော့ အတ္ထိပစ္စည်းနဲ့အတူတူပါပဲ၊

အဝိဂတပစ္စည်းနဲ့ကျေးဇူးပြုပုံကို ပြောရအုံးမယ်၊ မြန်မာပြည်မှာရဟန်းခံရှင်ပြု အလှူပွဲတွေလုပ်ကြတယ်၊ တစ်ချို့ဘုန်းကြီးတွေကတော့ ကြည်ငြိုလို့ စေတနာရှိလို့ပင့်တာရှိတယ်၊ တစ်ချို့ကြတော့ဒီလိုမဟုတ်ဘူး၊တောင်ကျောင်းဘုန်းကြီးကဒကာမကြီးရဲ့ဆွေမျိုးမို့ မကောင်းတတ်လို့ပင့်ရတယ်၊ မြောက်ကျောင်းဘုန်းကြီးကတော့ ဒကာကြီးနဲ့ရင်းနှီးလို့ ချန်ထားမကောင်းတာနဲ့ပင့်ရတယ်၊ ရန်ကုန်သွားတဲ့အခါကျောင်းမှာ တည်းခိုရတာမို့ အဲဒီဘုန်းကြီးလဲ မေ့ထားလို့မဖြစ်သေးဘူးဆိုပြီး ပင့်ရတယ်၊

ဒီလို မကောင်းတတ်ကောင်းတတ် မကင်းရာမကင်းကြောင်းအနေနဲ့ပင့်ရတဲ့ ဘုန်းကြီးတွေက အဝိဂတပစ္စည်းဖြင့်ကျေးဇူးပြုလိုက်လို့ ရှင်ပြုအလှူပွဲ ဝင်နွဲလိုက်ကြပါတယ်၊

**အတ္ထိပစ္စည်းနဲ့အဝိဂတပစ္စည်းအထူး**

အတ္ထိပစ္စည်းကထင်ရှားရှိပြီးကျေးဇူးပြုပါတယ်၊ အဝိဂတပစ္စည်းကမကင်းသောအားဖြင့်ကျေးဇူးပြုပါတယ်၊ ဦးဇင်းတို့နိုင်ငံမှာ သားသမီးတွေအိမ်ထောင်မကျခင် မိဘနဲ့အတူနေကြတယ်၊မိဘတွေနဲ့ လုပ်ကိုင်စားသောက်ပြီး အိုးမကွာ အိမ်မကွာ မိဘတွေရဲ့အုပ်ထိန်းမှုအောက်မှာနေကြကာ မိဘတွေက လဲအစစအရာရာ စားဝတ်နေရေး ပညာရေး ကျန်းမာရေးကအစ လိုလေးသေးမရှိအကုန်တာဝန်ယူစောင့်ရှောက်ပေးကြတယ်၊ မိမိနဲ့အတူရှိနေတဲ့သားသမီးတွေကို တာဝန်ယူစောင့်ရှောက်တာက အတ္ထိပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ အိမ်ထောင်ရက်သားကျလို့ ကိုယ့်အိုး ကိုယ့်အိမ်နဲ့နေကြပြီဆိုတော့ မိဘတွေက လုပ်ကိုင်စားဖို့အရင်းအနှီးထုတ်ပေးပြီး မင်းတို့က ကိုယ့်ခြေတောက်ပေါ်ကိုယ်ရပ်တည်နိုင်ပြီ၊ ကိုယ့်ဖာသာလုပ်ကိုင်စားကြတော့၊ မိဘဆန်အိုးလာမနိုက်ကြတော့နဲ့ဆိုပြီး အတူမနေတဲ့သားသမီးကိုအရင်းအနှီးထုတ် ရသင့်ရထိုက်တဲ့အမွေခွဲပေးလို့ မကင်းသောအားဖြင့် ကျေးဇူးပြုတာကအဝိဂတပစ္စည်း ဖြစ်ပါတယ်၊စာသင်တိုက်မှာပညာသင်နေတဲ့တပည့်များအား ဆရာဘုန်းကြီးများက ပညာသင်စရိတ်ပေးပြီး ထောက်ပံ့နေတာလဲ အဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုနေတာဖြစ်ပါတယ်၊ လောကမှာ ဖြစ်ပျက်နေတာမှန်သမျှ အကြောင်းအကျိုး ဆက်နွယ်ပြီး ပဋ္ဌာန်းပစ္စည်းနဲ့ ကျေးဇူးပြုနေတယ်ဆိုတာသိလောက်ပါပြီ၊

**လန်ဒန်မြို့ တိသရဏဝိဟာရကျောင်းတိုက်၌**
**အပတ်စဉ်တနင်္ဂနွေနေ့တိုင်းပို့ချသော**
**ပဋ္ဌာန်း(အဘိဓမ္မာ)သင်တန်း ကောက်နုတ်ချက် (အကျဉ်းချုပ်)**
**ပဋ္ဌာန်းကျမ်းခေါ်ပုံ**

ပဋ္ဌာန်းဆိုတာ အမျိုးမျိုးအပြားပြားသော အကြောင်းပစ္စည်းတရားတို့ကို ဟောရာဖြစ်သောကျမ်းကို ခေါ်ပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် အကျိုးအမျိုးမျိုးဖြစ်ပုံနှင့် အကြောင်းအကျိုးဆက်စပ်ပုံကို ဟောကြားသောကျမ်းကို ပဋ္ဌာန်းကျမ်းခေါ်ပါတယ်၊

**ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်**

ပစ္စည်းတိုင်းမှာ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်ဆိုပြီး(၃)မျိုးရှိပါတယ်၊ **ပစ္စည်းဆိုတာ** အကျိုးတရားတွေဖြစ်ပေါ်လာအောင်၊ ဖြစ်ပေါ်ပြီးတဲ့ အကျိုးတရားတွေကိုလည်း တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ကျေးဇူးပြုပေးတဲ့ ရုပ်နာမ်တရားများ ဖြစ်ပါတယ်၊**ပစ္စယုပ္ပန်ဆိုတာ** အကြောင်းပစ္စည်းကကျေးဇူးပြုပေးလိုက်လို့ ဖြစ်ပေါ်လာရတဲ့ ရုပ်နာမ်တရားများဖြစ်ပါတယ်၊ **ပစ္စနိက်ဆိုတာ** အကြောင်း အကျိုးတွင် မပါဝင်သောတရားများဖြစ်ပါတယ်၊**ကျေးဇူးပြုတယ်ဆိုတာက** မိမိနှင့်အတူဖြစ်ဖေါ် ဖြစ်ဘက် ယှဉ်ဖေါ် ယှဉ်ဘက်တရားတွေ မဖြစ်သေးရင်ဖြစ်ပေါ်လာအောင် ဖြစ်ပြီးရင်လဲ တည်တံ့ခိုင်မြဲအောင် တည်တံ့ပြီးတဲ့တရားကိုလဲ ကြီးကျယ်ဖွံ့ဖြိုး ပွါးတိုးလာအောင် ဆောင်ရွက်ပေးတာကိုကျေးဇူး ပြုတယ်ခေါ်ပါတယ်၊

**(၁) ဟေတုပစ္စည်း**

**ဟေတုပစ္စယောတိ–––**

**ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော၊**

လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟဟိတ်(၆)ပါးကပစ္စည်းတရား၊ သဟိတ်စိတ်(၇၁)ပါး၊မောဟမူဒွေး၌မောဟကြဉ်သော စေတသိက်(၅၂)ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

**လောဘဒေါသာ ဟိတ်(၆)ဖြာ ပမာရေသောက်မြစ်**

ဟိတ်(၆)ပါးက ရေသောက်မြစ်နဲ့တူပါတယ်၊ရေသောက်မြစ်ကပင်စည် အခက် အလက် အရွက်တို့ကို ဝေဝေဆာဆာဖြစ်အောင် ကျေးဇူးပြုပေးသလို လောဘဒေါသစတဲ့ဟိတ်(၆)ပါးက ယှဉ်ဘက်အတူဖြစ်တဲ့ ရုပ်နာမ်တရားတွေကို တိုးတက်စည်ပင်အောင် ကျေးဇူးပြုပါတယ်၊ အလောဘ အဒေါသ အမောဟကကုသိုလ်ဟိတ်(၃)ပါး လောဘ ဒေါသ မောဟကအကုသိုလ်ဟိတ်(၃)ပါးပါ၊လောဘ–လိုချင်

တတ်မက်နှစ်သက်ခြင်း၊ အလောဘ–စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ဒေါသ–စိတ်ဆိုးအမျက်ထွက်ခြင်း၊ အဒေါသ–အကျိုးလိုလားမေတ္တာထားခြင်း၊ မောဟ–အမှန်အတိုင်းမသိခြင်း၊ အမှန်ကိုအမှား၊ အမှားကို အမှန်ထင်ခြင်း၊ အမောဟ–မတွေဝေခြင်း၊ အမှန်အတိုင်းသိခြင်းဖြစ်ပါတယ်၊

လောဘ ဒေါသ မောဟအကုသိုလ်ဟိတ်(၃)ပါး အခြေခံပြီး သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူ များသားမယားပြစ်မှားမှုစတဲ့အကုသိုလ်တွေ ကျူးလွန်လို့ စိတ်မချမ်းမသာဖြစ်ရခြင်း၊ အထိတ်တလန့် နေရခြင်း၊ သူများတွေပျော်သလိုကိုယ်မပျော်နိုင်ခြင်း၊ တရားရုံးရောက် စစ်ဆေးခံရခြင်း၊ထောင်ကျခြင်း စတဲ့မကောင်းတဲ့စိတ်စေတသိက်ရုပ်တရားတွေဖြစ်အောင် အကုသိုလ်ဟိတ်(၃)ပါးက ကျေးဇူးပြုလိုက် ပါတယ်၊ ကုသိုလ်ဟိတ်(၃)ပါးအကြောင်းပြုပြီး အလှူဒါနပြု သီလဆောက်တည် ဘာဝနာပွါးဖြစ်တယ်၊

ပိုက်ဆံမရလဲနေပေစေတော့ တရားရတော်ပြီဆိုပြီး December တရားစခန်းမှာ တရားလာ ထိုင်တာကအလောဘ၊ တရားမထိုင်မီ ခေတ္တမေတ္တာပွါးတာကအဒေါသ၊ သမာဓိဉာဏ်တွေရင့်ကျက်ပြီး ရုပ်နာမ်နှစ်ပါးပိုင်းခြားသိတာက အမောဟ၊ ဒီကုသိုလ်ဟိတ်(၃)ပါးအခြေခံပြီး ကိုယ်စိတ်နှစ်ပါးချမ်းသာ မှု၊ နှစ်သက်မှု၊ ငြိမ်းချမ်းမှုစတဲ့ အကျိုးတရားတွေဖြစ်အောင် ဟေတုပစ္စည်းက ကျေးဇူးပြုလိုက်ပါတယ်၊ မိမိတို့နေ့စဉ် ပြုလုပ်နေတဲ့ အလုပ်တိုင်းမှာ ဟိတ်(၆)ပါးတစ်ပါးပါး အခြေခံပြီး ပြုလုပ် ပြောဆို ကြံ စည်နေတာမို့ ဟေတုပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊ လောဘအခြေခံပြီးလူသတ်မုဒိမ်းကျင့် အကုသိုလ် တွေပြုလို့ ဖမ်းဆီး ထောင်ချအပြစ်ရတာကလဲ ဟေတုပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၂) အာရမ္မဏပစ္စည်း

**အာရမ္မဏပစ္စယောတိ–––**

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ  အာရမ္မဏပစ္စယေန ပစ္စယော၊**

ပစ္စည်းက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဟူသောအာရုံ(၆)ပါးကောက်ရပြီး၊ ပစ္စယုပ္ပန်က စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနော– ဝိညာဏ်ဟူသော အသိစိတ်ခြောက်ပါးကို ကောက်ရပါတယ်၊ ဓမ္မာရုံအရတရားများကတော့ပသာဒ ရုပ်(၅)ပါး၊ သုခုမရုပ်(၁၆)ပါး၊ စိတ်(၈၉)ပါး၊စေတသိက်(၅၂)ပါး နိဗ္ဗာန် ပညတ်တို့ဖြစ်ပါတယ်၊

### အာရုံ(၆)ပါး တောင်ဝှေး ကြိုးတန်းပမာ

အာရုံ(၆)ပါးက တောင်ဝှေးကြိုးတန်းနဲ့တူပါတယ်၊ မသန်မစွမ်း Disabled ဖြစ်နေသူဟာ တောင် ဝှေးကြိုးတန်းတို့ကို အားကိုးတစ်ခု အမှီပြုပြီး အထိုင်အထလုပ်ရသလို အသိစိတ်ဝိညာဏ် (၆)ပါးကလဲ အာရုံ(၆)ပါးမှီပြီးမှဖြစ်ရပါတယ်၊ငှက်ကလေးဟာ မှီစရာအကိုင်းတစ်ခုခုရမှ နားရသလိုပါပဲ၊ မြင်သိစိတ် ကလဲ သူ့ချည်းမဖြစ်နိုင်ပါ၊ အဆင်းမျိုးစုံ ရူပါရုံကိုမှီပြီးမှဖြစ်ရပါတယ်၊ ကြားသိစိတ်ကလဲ အသံမျိုးစုံ သဒ္ဒါရုံကိုမှီပြီးမှဖြစ်ရပါတယ်၊ နံသိစိတ်ကလဲ အနံ့မျိုးစုံဂန္ဓာရုံကိုမှီပြီးမှ ဖြစ်ရတယ်၊ စားသိစိတ်ကလဲ အရသာမျိုးစုံရသာရုံကိုမှီပြီးမှဖြစ်ရတယ်၊ တွေးတောကြံစည်စိတ်ကလဲ သဘောဓမ္မာရုံခေါ်တဲ့ကြံတွေး စရာအာရုံနဲ့ဆုံမိမှ တွေးတောစိတ်ဖြစ်ရပါတယ်၊

မျက်စိအကြည်နဲ့ အဆင်းရူပါရုံဆုံမှ မြင်သိစိတ်ဖြစ်ပါတယ်၊ မျက်စိအကြည်က အခံဓာတ်၊ အဆင်းရူပါရုံက အတိုက်ဓာတ် အခံဓာတ်နဲ့အတိုက်ဓာတ်ဆုံမှ မြင်သိစိတ်အပွင့်ဓာတ်ပေါ်ပါတယ်၊ မျက်စိအကြည်နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည်ဟူသော အကြည်ရုပ်(၆)ပါးက အခံဓာတ်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသောအာရုံ (၆)ပါးက အတိုက်ဓာတ် မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတောကြံစည် စိတ်(၆)ပါးက အပွင့်ဓာတ် ဖြစ်ပါတယ်၊ မီးခြစ်ဆံဟူသော အတိုက်ဓာတ်နဲ့ မီးခြစ်ဖူးဟူသော အခံဓာတ် သွားထိတဲ့အခါ မီးဟူသောအပွင့်ဓာတ်ပေါ်လာရသလိုပါပဲ၊ ဦးဇင်းတို့သင်္ခန်းမှာနေ့စဉ် မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်တွေဖြစ်တိုင်း အာရမ္မဏပစ္စည်း နဲ့ ကျေးဇူးပြုနေတယ်လို့မှတ်ပါ၊ အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်ကို ရွတ်တိုင်းလဲ အခံဓာတ်အကြည်ရုပ် (၆)ပါးနဲ့အတိုက်ဓာတ်အာရုံ(၆)ပါးတိုက်မိလို့ အသိစိတ်(၆)ပါး ဖြစ်အောင်အာရမ္မဏ ပစ္စည်းနဲ့ကျေးဇူး ပြုပေးနေတယ်လို့ အာရုံပြုပြီးရွတ်နိုင်ပါတယ်၊ ပုရေဇာတပစ္စည်းနဲ့လဲထိုတူကျေးဇူးပြုနေပါတယ်၊

## (၃)အဓိပတိပစ္စည်း

**အဓိပတိပစ္စယောတိ–––**

**ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊**

အဓိပတိကသဟဇာတာဓိပတိနဲ့ အာရမ္မဏာဓိပတိနှစ်မျိုးရှိတယ်၊ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ စိတ္တာဓိပတိ ဝီမံသာဓိပတိပါဠိလေးပုဒ်က သဟဇာတာဓိပတိနဲ့ကျေးဇူးပြုပုံကိုပြပြီး ယံယံဓမ္မံ ဂရုံကတွာ စသောပါဠိကအာရမ္မဏာဓိပတိဖြင့် ကျေးဇူးပြုပုံကိုပြပါတယ်၊ အာရမ္မဏာဓိပတိက အာရမ္မဏပစ္စည်းနဲ့ တူပါတယ်၊ သဟဇာတာဓိပတိအရ ပစ္စည်းတရားကအဓိပတိလေးပါး၊ယှဉ်ဘက်စိတ် စေတသိက် စိတ္တဇ ရုပ်များက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

### အဓိပတိ ဥပမာ ဤသို့ပါ

အဓိပတိရဲ့အဓိပ္ပါယ်က အစိုးရခြင်း အကြီးအကဲဖြစ်ပါတယ်၊ ဥပမာအားဖြင့် စကြာဝတေးမင်းနဲ့တူပါတယ်၊ စကြာဝတေးမင်းဟာ လေးကျွန်းတမြင့်မိုရ်လုံးမှာရှိတဲ့ တစ်ပါးသောမင်းတို့၏ အစိုးတရအုပ်ချုပ်မှုကို တားမြစ်ပြီး တိုင်းသူပြည်သားများ၏ အကျိုးစီးပွါးကို ဆောင်ရွက်လျှက်အုပ်ချုပ်ပါတယ်၊ ထို့အတူပဲ အဓိပတိပစ္စည်းကလဲ တစ်ပါးသောပစ္စည်းတို့၏ အစွမ်းသတ္တိကိုတားမြစ်ပြီး ကျေးဇူးပြုပါတယ်၊ အဓိပတိလေးပါးလုံး တပြိုင်နက်ဦးဆောင်သည်တော့မဟုတ်ပါ၊ ဆန္ဒဦးဆောင်လျှင် ကျန်(၃)ပါးက ဆန္ဒရဲ့အလိုအတိုင်း ဆောင်ရွက်ပေးရတယ်၊ စိတ်ကဦးဆောင်လျှင် စိတ်ရဲ့အလိုအတိုင်းအားလုံး ဆောင်ရွက်လုပ်ကိုင်ပေးရပါတယ်၊

ဆန္ဒ–ကလိုလားတောင့်တမှု၊ ဝီရိယ–ကထက်ထက်သန်သန်အားထုတ်မှု၊ စိတ္တ–ကစိတ်ဓာတ်တက်ကြွမှု၊ ဝီမံသ–ကအရာရာမှာ စူးစမ်းနိုင်းချိန်မှုတို့ဖြစ်ပါတယ်၊ "ဆန္ဒဝတော ကိံနာမ ကမ္မံ နသိဇ္ဈ–တိ၊ ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ"ပါဠိတော်အရ ဘာအလုပ်ပဲလုပ်လုပ် ထက်ထက်သန်သန်တက်တက်ကြွကြွ စိတ်ပါလက်ပါ လိုလိုချင်ချင်နဲ့ကျိုးစားလုပ်ရင် အောင်မြင်နိုင်ပါတယ်၊ လောကီရေးဘက်မှာပဲဖြစ်ဖြစ် လောကုတ္တရာဘက်မှာပဲဖြစ်ဖြစ် အဓိပတိတတ်ပြီးလုပ်ရင် အောင်မြင်ပါတယ်၊ ဘုရားဖြစ်ချင်ရင်တော့ ဘုရားနဲ့ ထိုက်တန်တဲ့ပါရမီတော်တွေ အဓိပတိတတ်ပြီးဖြည့်ကျင့်ရမှာပါ၊ဝန်ကြီးချုပ်ဖြစ်ချင်တဲ့သူကလဲ ငယ်ငယ်လေးကတည်းက သူများတွေထက်ပိုပြီး ကျိုးစားရမှာပါ၊ ဦးဇင်းတို့ဘုရားအလောင်းတော် ဘဝအဆက်ဆက်က ဆန္ဒကအဓိပတိတတ်ပြီး ပါရမီတော်တွေ ဖြည့်ကျင့်တော်မူခဲ့ရပါတယ်၊ ကြင်ယာသက်ထားမဒ္ဒီမိဖုယားနဲ့ သမီးသားတို့အား ဇူဇကာပုဏ္ဏားလက် ဝကွက်ပြီး လှူဒါန်းကာ ပါရမီတွေဖြည့်ကျင့်ခဲ့ရတယ်၊ ဒါဘာအတွက်လဲဆိုတော့ ဘုရားဖြစ်လိုတဲ့ဆန္ဒ၊ သတ္တဝါတွေကယ်တင်လိုတဲ့ ဆန္ဒကြောင့်ပါပဲ၊ မဟာဇနကမင်းကြီးဘဝတုန်းက ဝီရိယာဓိပတိတတ်ပြီး ပါရမီတွေဖြည့်–ကျင့်ခဲ့သလို မဟောသဓာပညာရှိဘဝတုန်းက ဝီမံသာဓိပတိတတ်ပြီး ပါရမီတော်တွေဖြည့်ကျင့်ခဲ့လို့ ဘုရားအဖြစ်ရောက်တော်မူခဲ့ပါတယ်၊ ဒါအဓိပတိပစ္စည်းကကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၄) အနန္တရပစ္စည်း

အကြားမရှိဆက်တိုက်အကျိုးပေးတဲ့တရားဖြစ်ပါတယ်၊ စကြာမင်းကြီး နတ်ရွာစံပြီးတပြိုင်–နက် သားကြီးရတနာရှင်ဘုရင်ဖြစ်လာရသလို ရှေ့စိတ်တွေအပြီးသတ်ချုပ်ပေးပြီးမှ နောက်နောက်စိတ်တွေဖြစ်လာရပါတယ်၊

**စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊**

ပစ္စည်းတရားက ရဟန္တာတို့စုတိစိတ်ကြဉ် ရှေးရှေးဖြစ်သော စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဖြစ်ပြီး ပစ္စယုပ္ပန်တရားက ရဟန္တာတို့၏စုတိစိတ်နှင့်တကွ စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါးဖြစ်ပါတယ်၊ ရဟန္တာတို့၏စုတိစိတ်သည် နောက်ဆုံးဖြစ်သဖြင့် ရှေးရှေးဖြစ်တဲ့ ပစ္စည်းတရားတွင် မကောက်ရပဲ နောက်နောက်ဖြစ်တဲ့ ပစ္စယုပ္ပန်တရားမှာသာ ကောက်ရပါသည်၊

မြင်သိစိတ်ဖြစ်ရာမှာ စိတ်အစဉ်အတန်း(၁၇)ချက်ဖြစ်ရပါတယ်၊ အတီတဘဝင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ်ဆိုပြီး ဒီလိုဖြစ်ပါတယ်၊ မြင်သိစိတ်စက္ခုဝိညာဏ်မဖြစ်ခင် အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ

ပဋ္ဌာဒါရာဝဇ္ဇန်းစိတ်တို့အသီးသီး ချုပ်ပေးရတယ်၊ စိတ်တစ်ခုရှိနေရင် နောက်စိတ်တစ်ခုဖြစ်ခွင့်မရပါ၊ ဒါကြောင့်မြင်သိစိတ်ဖြစ်အောင် ရှေးကပဋ္ဌာဒါရာဝဇ္ဇန်းစိတ်ချုပ်ပေးသောအားဖြင့် အနန္တရပစ္စည်းနဲ့ကျေးဇူးပြုလိုက်လို့ စက္ခုဝိညာဏ်စိတ်ဖြစ်ရပါတယ်၊ လက်ခံစိတ်ကလဲ သူ့ရှေ့ကမြင်သိစိတ် ဥပါဒ် ဌီ ဘင် သဘောအရချုပ်သွားတော့မှ အနန္တရပစ္စည်းနဲ့ကျေးဇူးပြုလိုက်လို့ လက်ခံစိတ်သမ္ပဋိစ္ဆိုင်းဖြစ်ပါတယ်၊ မြင်သိစိတ်ဖြစ်သလိုပဲကြားသိစိတ် နံသိစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်တို့ဖြစ်ရာမှာလဲ ရှေးရှေးစိတ်အစဉ်တွေချုပ်ပေးရတာဟာ နောက်နောက်စိတ်အစဉ်တွေ ဖြစ်ပေါ်လာဖို့အတွက် အနန္တရသတ္တိနဲ့ ကျေးဇူးပြုပေးလိုက်တာဖြစ်ပါတယ်၊

တိသရဏကျောင်းတိုက်မှာ ဆရာတော်ဦးကဝိန္ဒအစစတာဝန်ယူပြီး ဆောင်ရွက်လာခဲ့ပါတယ်၊ ယခု ဘဝနတ်ထံစံတော်မူသောအားဖြင့် အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုလိုက်လို့ အစစကျောင်းတိုက်ရဲ့ ကိစ္စရပ်များကို ဦးဇင်းတို့ကျောင်းသံဃာတော်များက တာဝန်ယူပြီးလုပ်ကိုင်ဆောင်ရွက်နေပါတယ်၊

## (၅) သမနန္တရပစ္စည်း

သမနန္တရပစ္စည်းကကောင်းစွာအခြားမဲ့အဖြစ်နဲ့ ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ စကြာမင်းကြီးတောထွက်ပြီး ရဟန်းပြုသွားတဲ့အခါ သားကြီးရတနာအလိုလိုရှင်ဘုရင်ဖြစ်လာရပါတယ်၊ စကြာမင်းကြီးကတောထွက်သောအားဖြင့် ကျေးဇူးပြုပေးလိုက်လို့ သားကြီးရတနာရှင်ဘုရင်ဖြစ်လာရတာပါ၊ ဒါ သမနန္တရပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာပါပဲ၊ ထို့အတူ ရှေးရှေးစိတ်တွေချုပ်သွားပြီးမှ နောက်နောက်စိတ်တွေသမနန္တရပစ္စည်းနဲ့ကျေးဇူးပြုလိုက်လို့ ဖြစ်လာရပါတယ်၊အနန္တရပစ္စည်းတုန်းက စကြာမင်းကြီးနတ်ရွာစံသောအားဖြင့် ကျေးဇူးပြုလိုက်လို့ သားကြီးရတနာရှင်ဘုရင်ဖြစ်လာရတယ်၊ သမနန္တရပစ္စည်းမှာစကြာမင်းကြီးတောထွက်ရဟန်းပြုသောအားဖြင့် ကျေးဇူးပြုပေးလိုက်လို့ သားကြီးရတနာရှင်ဘုရင်ဖြစ်လာရပါတယ်၊ ဒီနှစ်ပစ္စည်း အဓိပ္ပါယ်ကအတူတူပါပဲ၊ သဒ္ဒါနည်းပဲကွဲတယ်၊ ဘာကြောင့်ထပ်ဟောရသလဲဆိုတော့တစ်ချို့ပုဂ္ဂိုလ်က အနန္တရပစ္စည်းနဲ့ဟောမှ သဘောပေါက်ပြီးတစ်ချို့ပုဂ္ဂိုလ်က သမနန္တရပစ္စည်းနဲ့ဟောမှသဘောပေါက်တာမို့ ပုဂ္ဂိုလ်ရဲ့အလိုဆန္ဒအဇ္ဈာသယကိုကြည့်ပြီး ဟောတော်မူပါတယ်၊

## (၆) သဟဇာတပစ္စည်း

မိမိဖြစ်ပေါ်ဆဲမှာတပြိုင်နက်တည်း မိမိစိတ်နှင့်အတူ ယှဉ်ဘက်တရားများကို ဖြစ်စေတဲ့အနေနဲ့ ကျေးဇူးပြုတဲ့တရားကိုသဟဇာတပစ္စည်းခေါ်ပါတယ်၊ မီးခြစ်ဆံနဲ့မီးခြစ်ဗူးထိလို့ မီးတောက်ပေါ်လာတာနဲ့တပြိုင်နက် အရောင်အလင်းပါဖြစ်ပေါ်လာပါတယ်၊ မီးတောက်နဲ့အရောင်အလင်း တပြိုင်နက်ကျေးဇူးပြုသလိုပစ္စည်းတရားတွေက မိမိနှင့်အတူယှဉ်ဘက်တရားများကို ဖြစ်စေတဲ့အနေနဲ့ကျေးဇူးပြုပါတယ်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်နာမ်ခန္ဓာလေးပါးကလဲ အချင်းချင်း အပြန်ပြန်အလှန်လှန်ကျေးဇူးပြုပါတယ်၊မဟာဘုတ်လေးပါးကလဲ အချင်းချင်းကျေးဇူးပြုနေလို့ ခန္ဓာကိုယ်ကြီးဟာ ကျမ္မာသန်စွမ်းပြီး ရှင်လန်းနေရတာပါ၊ ဥပမာ-လေဖြတ်ပြီးအိပ်ယာထဲ ပုံရက်သားလဲနေတဲ့ပုဂ္ဂိုလ်ဟာ မဟာဘုတ်လေးပါးက အချင်းချင်း အပြန်အလှန် သဟဇာတပစ္စည်းနဲ့ ကျေးဇူးမပြုတဲ့အတွက် Disabled ဖြစ်နေရပါတယ်၊

## (၇) အညမညပစ္စည်း

အချင်းချင်းအပြန်အလှန် ဖြစ်စေတဲ့အနေနဲ့ ထောက်ပံ့တဲ့အနေနဲ့ကျေးဇူးပြုတဲ့ပစ္စည်းကအညမညပစ္စည်းဖြစ်ပါတယ်၊ ဥပမာအားဖြင့်ခြေထောက်(၃)ချောင်းရှိတဲ့စားပွဲဟာ တစ်ချောင်းကျိုးသွားရင် မရပ်တည်နိုင်တော့ပါ၊ တစ်ချောင်းကနှစ်ချောင်းကို နှစ်ချောင်းကတစ်ချောင်းကိုကျေးဇူးပြုနေလို့ ရပ်တည်နေရပါတယ်၊ နာမ်ခန္ဓာလေးပါးကလဲ အချင်းချင်းကျေးဇူးပြုပါတယ်၊ မဟာဘုတ်လေးပါးကလဲ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုပါတယ်၊ ပဋိသန္ဓေဝါကာပဋိသန္ဓေအခါ နာမ်ရုပ်နှစ်ပါးကလဲ အချင်းချင်း အညမညပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊ Boy friend နဲ့ Girl friend တစ်ယောက်ကိစ္စတစ်ယောက် လိုက်ပါကူညီဆောင်ရွက်ပြီး အချင်းချင်းအပြန်အလှန် ကျေးဇူးပြုတာက အညမညပစ္စည်းပါ၊ ကိုယ့်အပေါ်မှာ တစ်စုံတစ်ခု ကျေးဇူးပြုမထားပေမဲ့ အားကိုးတကြီးနဲ့ အကူအညီတောင်းလို့ ဆောင်ရွက်ကူညီပေးတာက သဟဇာတပစ္စည်းဖြစ်ပါတယ်၊

## (၈) နိဿယပစ္စည်း

နိဿယပစ္စည်းက မှီရာဖြစ်၍ကျေးဇူးပြုတတ်တဲ့တရားဖြစ်ပါတယ်၊ သဟဇာတနိဿယ ပုရေဇာတ-

နိဿယ နှစ်မျိုးရှိရာတွင် သဟဇာတနိဿယကတော့ သဟဇာတပစ္စည်းနဲ့တူပါတယ်၊ ပုရေဇာတ နိဿယပစ္စည်းက မြေကြီးနဲ့တူပါတယ်၊ မြေကြီးဟာ သစ်ပင်တောတောင်စသည်တို့ထက် အရင်ဖြစ်နှင့်ပြီး မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပါတယ်၊

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊**

မျက်စိအကြည်ရုပ်ကိုမှီပြီး မြင်သိစိတ်ဖြစ်ပါတယ်၊ မျက်စိအကြည်ရုပ်က မြင်သိစိတ်မဖြစ်ခင် အရင်ဖြစ်နှင့်နေတာမို့ ပုရေဇာတ၊ မြင်သိစိတ်ရဲ့မှီရာဖြစ်လို့ နိဿယ၊ နှစ်ရုပ်ပေါင်းတော့ ပုရေဇာတ နိဿယဖြစ်ပါတယ်၊ ပုရေဇာတနိဿယကကျေးဇူးပြုလိုက်လို့ မြင်သိစိတ်ဖြစ်ပါတယ်၊အလားတူ ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ်တို့ဖြစ်ရာမှာလဲ နားအကြည်ရုပ်ကိုမှီပြီး ကြားသိစိတ်ဖြစ်တယ်၊ နှာခေါင်းအကြည်ရုပ်ကိုမှီပြီး နံသိစိတ်ဖြစ်တယ်၊ လျှာအကြည်ရုပ်ကိုမှီပြီး စားသိစိတ်ဖြစ်တယ်၊ ခန္ဓာကိုယ် အကြည်ရုပ်ကိုမှီပြီး ထိသိစိတ်ဖြစ်တယ်၊ ဆိုင်ရာအကြည်ရုပ်ကိုမှီပြီး ဆိုင်ရာအသိစိတ်များ ဖြစ်ရပါတယ်၊ လောကမှာမိဘတွေကပြုစုပျိုးထောင် မြေထောင်မြှောက်ပေးလိုက်လို့ သားသမီးတွေလူတစ်လုံး သူတစ်လုံးဖြစ်ကာကြီးပွါးတိုးတက်လာရတယ်၊ မိဘတွေဟာသားသမီးတို့၏ အရင်ဖြစ်တဲ့အတွက် ပုရေဇာတ၊သားသမီးတို့၏မှီခိုအားထားရာလဲဖြစ်လို့ နိဿယ၊ မိဘတွေကသားသမီးတွေကို ပုရေဇာတ နိဿယ ပစ္စည်းနဲ့ကျေးဇူးပြုနေပါတယ်၊

## (၉) ဥပနိဿယပစ္စည်း

အားကြီးသောမှီရာ အကြောင်းတရားအဖြစ်နဲ့ ကျေးဇူးပြုတဲ့တရားက ဥပနိဿယပစ္စည်းပါ၊ ဥပနိဿယက အာရမ္မဏူပနိဿယ အနန္တရူပနိဿယ ပကတူပနိဿယလို့သုံးမျိုးရှိတယ်၊ အာရမ္မဏူပ နိဿယကအာရမ္မဏာဓိပတိပစ္စည်းနဲ့တူပြီး အနန္တရူပနိဿယကအနန္တရပစ္စည်းနဲ့တူပါတယ်၊ဥပနိဿယ ပစ္စည်းကမိုးရွာတာနဲ့တူပါတယ်၊ မိုးရေဟာ သစ်ပင်တောတောင်တွေကို စိမ်းလန်းစိုပြေ အခက်အလက်တွေနဲ့ဝေဝေဆာဆာဖြစ်စေတယ်၊ မိုးရေကိုအမှီရလို့သစ်ပင်တွေဟာ ထွားကြိုင်းသန်မာ ဝေဝေဆာဆာ ဖြစ်ရသလို ရှေ့ရှေ့စိတ်က နောက်နောက်စိတ်ဖြစ်ဖို့ရန် အားကြီးသောမှီရာ အကြောင်းတရားဖြစ်လို့မို့ ဥပနိဿယပစ္စည်းခေါ်ပါတယ်၊

ဥပနိဿယပစ္စည်းမှာကျေးဇူးပြုပုံကကုသိုလ်ကနေကုသိုလ်၊ ကုသိုလ်ကနေအကုသိုလ်၊ကုသိုလ်ကနေအဗျာကတ၊ အကုသိုလ်ကနေအကုသိုလ်၊ အကုသိုလ်ကနေကုသိုလ်၊ အကုသိုလ်ကနေအဗျာကတ အဗျာကတကနေအဗျာကတ၊ အဗျာကတကနေကုသိုလ်၊ အဗျာကတကနေအကုသိုလ်ကျေးဇူးပြုသော အားဖြင့် (၉)မျိုးရှိပါတယ်၊ ရှေးရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို လေးလေးနက်နက်ထားပြီး ပြန်ဆင်ခြင်တဲ့အခါမှာဖြစ်တဲ့ စိတ်စေတသိက်တွေကို အားကြီးသောအာရုံအနေနဲ့ ကျေးဇူးပြုတာက အာရမ္မဏူပနိဿယပစ္စည်းဖြစ်ပါတယ်၊ ဖားအောက်ဆရာတော်ကြီးတရားစခန်းမှာ တရားထိုင်လိုက်လို့ သမာဓိတွေရ၊ စိတ်စေတသိက် တွေငြိမ်းချမ်းပြီး အရောင်အလင်းတွေမြင်ရတာကို ပြန်အာရုံပြုပြီး ဝမ်းမြောက်တဲ့ ကုသိုလ်စိတ်တွေဖြစ်နေတာက ကုသိုလ်ကနေကုသိုလ်ကို အာရမ္မဏူပနိဿယပစ္စည်းနဲ့ကျေးဇူးပြုတာပါ၊

ကုသိုလ်ကောင်းမှုပြုလိုက်လို့ ပေါင်တစ်ရာကုန်သွားတာကို အကြောင်းပြုပြီး ငါတော့မှားပြီ အိမ်မှာ Television ပျက်နေတာဝယ်လိုက်ရရင်ကောင်းမှာ၊ ခုတော့ပေါင်တစ်ရာ ပလုံသွားပြီနဲ့ဆိုရင် ကုသိုလ်ကနေအကုသိုလ်ကို အာရမ္မဏူပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာပါ၊ ရဟန္တာအရှင်မြတ်ကြီးတွေအလှူပေးတရားဟောစတဲ့ ကုသိုလ်တွေပြုပြီး ဆင်ခြင်တဲ့အခါ မဟာကြိယာဉာဏသမ္ပယုတ် စိတ်ဖြစ်တာက ကုသိုလ်ကနေ အဗျာကတကိုအာရမ္မဏူပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုတာပါ၊

ရှေးရှေးဖြစ်တဲ့ကုသိုလ်ခန္ဓာတွေဟာ နောက်နောက်ကုသိုလ်ခန္ဓာတွေဖြစ်ဖို့အတွက် အားကြီးတဲ့ အကြောင်းတွေဖြစ်ပါတယ်၊ ဒါ အနန္တရူပနိဿယသဘောပါ၊

ရတနာသုံးပါးကံကံ၏အကျိုးကို ယုံကြည်တဲ့သဒ္ဓါတရားကို အမှီပြုပြီးဒါနပြု သီလဆောက်တည် ဘာဝနာပွါးခြင်းစတဲ့ ကုသိုလ်တွေပြုတယ်၊ ရှေးရှေးပြုတဲ့ကုသိုလ်ကောင်းမှုတို့သည် နောက်နောက်ပြုတဲ့ကုသိုလ်တို့၏အားကြီးသောမှီရာအဖြစ်နဲ့ ကျေးဇူးပြုတာက ပကတူပနိဿယပစ္စည်းဖြစ်ပါတယ်၊ယုံကြည်မှုသဒ္ဓါတရားဖြင့်ဒါနပြု သီလဆောက်တည်ဘာဝနာပွါးရာ၌ ယုံကြည်မှုသဒ္ဓါကကုသိုလ်၊ ဒါနပြု သီလဆောက်တည် ဘာဝနာပွါးတာကလဲ ကုသိုလ်ပဲဖြစ်ပါတယ်၊ ကုသိုလ်ကနေ ကုသိုလ်ကို

ပကတူပနိဿယပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ သဒ္ဓါတရားအကြောင်းပြု ကုသိုလ်ပြုရာဝယ် ဒီလိုအလှူမျိုးငါမို့လုပ်နိုင်တာ၊ တခြားလူတွေဘယ်လုပ်နိုင်မလဲစသည်ဖြင့် မာနဖြစ်တာက ကုသိုလ်ကနေ အကုသိုလ်ကို ကျေးဇူးပြုတာပါ၊ အလှူပြီးလို့ ပြန်နှလုံးသွင်းလိုက်တဲ့အခါ ကိုယ်စိတ်နှစ်ပါးချမ်းသာရတာက ကုသိုလ်ကနေ အဗျာကတကိုကျေးဇူးပြုတာပါ၊

ဒေါသအလျောက် စိတ်ပေါက်လို့ လူတစ်ယောက်ကိုသတ်မိရာ၌ ဒေါသကအကုသိုလ်၊ သတ်တာကလဲပါဏာတိပါတအကုသိုလ်၊ အကုသိုလ်ကနေအကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ ဖြစ်လေရာရာဘဝကြီးငယ် အသွယ်သွယ်၌ ဗိုလ်ချုပ်မှူးကြီးသမီးတော်ဖြစ်ရပါလို၏ဟု ဆုတောင်းပြီး မွေးနေ့ဆွမ်းကပ်ရာ၌သမီးတော်ဖြစ်ချင်တာက လောဘအကုသိုလ်၊ ဆွမ်းကပ်တာကကုသိုလ်၊ အကုသိုလ်ကနေကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ ကားကောင်းကောင်းစီးချင်လို့ အလုပ်ပိုလုပ်ရတယ်၊ ကားကောင်းကောင်းစီးချင်တာက လောဘအကုသိုလ်၊ အလုပ်ပိုလုပ်ရလို့ပင်ပန်းတာက ကာယိကဒုက္ခ၊ (ဒုက္ခသဟဂုတ်ကာယဝိညာဉ် ဝိပါက်စိတ်)က အဗျာကတ၊ အကုသိုလ်ကနေ အဗျာကတကို ကျေးဇူးပြုပါတယ်၊

တရားထိုင်တဲ့ယောဂီများမှာ ပြောင်းပြာ ကိုက်ခဲ ထုံကျင်စတဲ့ဝေဒနာများဖြစ်ပါတယ်၊ ဒီဝေဒနာကိုစိတ်စိုက်ပြီး ပြောင်းတယ် ပြောင်းတယ်စသည်ဖြင့်မှတ်လိုက်ရင် သက်သာပြီး ချမ်းသာသွားလိမ့်မယ်၊ ထုံကျင်စတဲ့ဝေဒနာက ကာယိကဒုက္ခ (ဒုက္ခသဟဂုတ်ကာယဝိညာဉ် ဝိပါက်စိတ်)က အဗျာကတ၊ သက်သာပြီးချမ်းသာသွားတာက  ကာယိကသုခ (သုခသဟဂုတ် ကာယဝိညာဉ် ဝိပါက်စိတ်)က အဗျာကတ၊ အဗျာကတကနေ အဗျာကတကိုကျေးဇူးပြုပါတယ်၊စီးပွါးဥစ္စာပြည့်စုံနေတာကိုအကြောင်းပြုပြီး နောက်ဘဝမှာလဲ ဒီလိုပြည့်စုံချင်လို့ ဒါနပြုတယ်၊ စီးပွါးဥစ္စာပြည့်စုံတာက ကာယိကသုခ၊ အဗျာကတ၊ ဒါနပြုတာက ကုသိုလ်၊ အဗျာကတကနေကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ လက်ရှိချမ်းသာနေတာလေး ထာဝရမြဲမြဲခိုင်ခံ့ တည်တံ့စေဖို့ တောပြောင်း အရက်ရောင်း အိမ်ကောင်းကောင်းနဲ့နေပါတယ်၊လက်ရှိချမ်းသာတာကအဗျာကတ၊ အရက်ရောင်းတာကအကုသိုလ်၊ အဗျာကတကနေအကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ ဥတုဆိုတာကုသိုလ်လဲမဟုတ်အကုသိုလ်လဲမဟုတ်ပဲ အအေးအပူခေါ်တဲ့ တေဇောရုပ် အဗျာကတတရားဖြစ်ပါတယ်၊ ရာသီဥတုကောင်းတဲ့အခါ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်ရပြီး၊ ရာသီဥတုမကောင်းတဲ့အခါကိုယ်စိတ်နှစ်ပါးဆင်းရဲရပါတယ်၊ ချမ်းသာဆင်းရဲဖြစ်ရတာကလဲ အဗျာကတတရားပါပဲ၊အဗျာကတကနေ အဗျာကတကိုကျေးဇူးပြုပါတယ်၊

ရာသီဥတုကောင်းတုန်း December Holiday မှာတိသရဏကျောင်းသွားပြီး တရားစခန်း ဝင်လိုက်အုံးမယ်ဆိုပြီး တရားလာထိုင်တယ်၊ ရာသီဥတုကတေဇောရုပ်အဗျာကတ၊ တရားထိုင်တာကကုသိုလ်၊ အဗျာကတကနေ ကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ ရာသီဥတုသာယာခိုက် အရက်သောက်ပြီး သူငယ်ချင်းတွေနဲ့ထွက်ပျော်လိုက်အုံးမယ်ဆိုရင်၊ ရာသီဥတုက အဗျာကတ၊ အရက်သောက်ပြီးပျော်တာက အကုသိုလ်၊အဗျာကတကနေ အကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ အစားအသောက် နေရာထိုင်ခင်းပုဂ္ဂိုလ်နဲ့ပတ်သက်လို့လဲ မိမိနဲ့သင့်တော်တဲ့အစားအသောက် နေရာထိုင်ခင်း သပ္ပါယဖြစ်တဲ့ပုဂ္ဂိုလ်တွေနဲ့အတူနေရရင် ကုသိုလ်တိုးပွါး အကျိုးများစေပြီး မသင့်လျော်တဲ့အစားအစာ နေရာထိုင်ခင်းစသည်တို့ကို သုံးစွဲရရင် အကုသိုလ်ပွါးတိုး ဆိုးကျိုးများကိုဖြစ်စေပါတယ်၊ အစားအသောက်နေရာထိုင်ခင်းစသည်က အဗျာကတ၊ အကျိုးတရားတိုးပွားတာက ကုသိုလ်၊ အဗျာကတကနေ ကုသိုလ်ကိုကျေးဇူးပြုပါတယ်၊ မသင့်လျော်တဲ့ အစားအသောက်စသည်က ရုပ်တရားအဗျာကတ၊ ဆိုးကျိုးတွေဖြစ်ရတာကအကုသိုလ်၊ အဗျာကတကနေ၊ အကုသိုလ်ကို ပကတူပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

## (၁၀) ပုရေဇာတပစ္စည်း

ပစ္စယုပ္ပန်တရားတွေမဖြစ်မီ အရင်ဖြစ်နှင့်ပြီး ဖြစ်ဆဲ ရှိဆဲအနေနဲ့ ကျေးဇူးပြုတဲ့တရားကပုရေ–ဇာတပစ္စည်းဖြစ်ပါတယ်၊ပုရေ–ရှေ့၌၊ ဇာတ–ဖြစ်တဲ့ပစ္စည်းတရား၊ ဥပမာအားဖြင့် နေလတို့ဟာ ကမ္ဘာဦးကလူသားတို့ထက်အရင် ဖြစ်နှင့်ပြီး လူသားတို့အားအလင်းရောင်ဓာတ်ကိုပေးကာ ကျေးဇူးပြုသလို ပုရေဇာတပစ္စည်းကလဲပစ္စည်းတရားများကအရင်ဖြစ်နှင့်ပြီးပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပါတယ်၊ မိဘများဟာ သားသမီးတွေထက်အရင်ဖြစ်နှင့်ပြီး သားသမီးတွေကိုကျေးဇူးပြုသလိုပါပဲ၊

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊**

မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည်ဟူသော အကြည်–

ရုပ်ငါးပါးကိုမှီ၍ မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ်တို့ဖြစ်ပါတယ်၊ အကြည်ရုပ်ငါးပါးကအသိစိတ်ငါးပါးအရင်ဖြစ်နှင့်တာမို့ပုရေဇာတပစ္စည်းဖြင့်ကျေးဇူးပြုပါတယ်၊ အကြည်ရုပ်ငါးပါးကပစ္စည်းတရား၊ အသိစိတ်ငါးပါးနဲ့ သဗ္ဗစိတ္တသာဓာရဏစိတ်(၇)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊**

အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ အရသာမျိုးစုံရသာရုံ၊ အတွေ့အထိမျိုးစုံ **ဖောဋ္ဌဗ္ဗာရုံ** ဟူသောအာရုံငါးပါးကိုမှီပြီး အသိစိတ်ငါးပါးဖြစ်ပါတယ်၊ အာရုံငါးပါးက အရင်ဖြစ်နှင့်ပြီး အသိစိတ်ငါးပါးကိုပုရေဇာတပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ အာရုံငါးပါးကပစ္စည်းတရား၊ အသိစိတ်ငါးပါးနဲ့စေတသိက်(၇)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊*(ဖွတ်ထပ်မာဂုံဟုဖတ် ဖေါထပ်မာဂုံဟုမဖတ်ရ)*

ယံရူပံ နိဿာယ (ပ) ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော၊

ဒီပါဠိမှာ ဟဒယဝတ္ထုရုပ်က ပစ္စည်းတရား၊ မနောဓာတ် မနောဝိညာဏဓာတ်နှင့် စေတသိက်(၅၂)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ **ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော**–အချို့သောပဝတ္တိအခိုက်မှာ ဝတ္ထာရမ္မဏပုရေဇာတဖြင့်ကျေးဇူးပြုပုံကိုပြပြီး အချို့သောပဋိသန္ဓေအခိုက်မှာ ဝတ္ထာရမ္မဏပုရေဇာတဖြင့်ကျေးဇူးမပြုပုံကို ပြပါသည်၊ ဝတ္ထာရမ္မဏကိုနှစ်ပုဒ်ခွဲလိုက်ရင် ဝတ္ထု+အာရမ္မဏ၊ ဝတ္ထု–ကဝတ္ထုရုပ်(၆)ပါး၊ အာရမ္မဏ–ကအာရုံ(၆)ပါး၊ ဝတ္ထုရုပ်(၆)ပါးနဲ့ အာရုံ(၆)ပါးမှီပြီး အသိစိတ်(၆)ပါးဖြစ်တာကို ဝတ္ထာရမ္မဏပုရေဇာတဖြင့် ကျေးဇူးပြုသည်ဟုခေါ်ပါသည်၊

## (၁၁) ပစ္ဆာဇာတပစ္စည်း

နောက်မှဖြစ်ပြီးကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ရှေးရှေးကပေါက်နှင့်ပြီးဖြစ်သော သစ်ပင်များကို နောက်မှရွာသွန်းတဲ့မိုးရေက စိမ်းလန်းစိုပြေ အခက်အလက်ဝေလာအောင်ကျေးဇူးပြုသလို၊တနည်း ရေမသောက်ရလို့ ငြိုးနွမ်းခြောက်ကပ် သေလုမတတ်ဖြစ်နေတဲ့ သစ်ပင်လေးကို ရေလောင်းလိုက်တဲ့အခါပြန်လည်ရှင်သန်လာရတယ်၊ ဒါနောက်မှဖြစ်တဲ့ရေက ပစ္ဆာဇာတပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပါပဲ၊

**ပစ္ဆာဇာတပစ္စယောတိ– ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊**

ပစ္စည်းတရားက ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်(၄)ခုကြဉ်သော စိတ်(၈၅)ပါး စေတသိက်(၅၂) ပါးဖြစ်ပါတယ်၊ အရူပဝိပါက်စိတ်(၄)ခုက နာမ်ချည်းသက်သက်ဖြစ်တဲ့ အရူပလေးဘုံမှာပဲဖြစ်တယ်၊ ရုပ်နာမ်နှစ်ပါးစုံဖြစ်တဲ့ ပဉ္စဝေါကာရဘုံမှာမဖြစ်နိုင်တဲ့အတွက် ကြဉ်ရတယ်၊ ဘုံက–ပဉ္စဝေါကာရဘုံ၊ စတုဝေါကာရဘုံ၊ ဧကဝေါကာရဘုံဆိုပြီး (၃)မျိုးရှိတယ်၊ ပဉ္စ–ကငါး၊ ဝေါကာရ–ကခန္ဓာ၊ ခန္ဓာငါးပါးရှိတဲ့ ဘုံကို ပဉ္စဝေါကာရဘုံခေါ်တယ်၊ အပါယ်(၄)ဘုံ၊ ကာမသုဂတိ(၇)ဘုံ၊ အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၊ ပေါင်းပဉ္စဝေါကာရ(၂၆)ဘုံဖြစ်ပါတယ်၊ စတုဝေါကာရဘုံ၊ စတု–ကလေး၊ ဝေါကာရ–ကခန္ဓာ၊ နာမ်ခန္ဓာလေးပါးရှိတဲ့အရူပလေးဘုံဖြစ်ပါတယ်၊ ဧကဝေါကာရဘုံ၊ ဧက–ကတစ်၊ ဝေါကာရ–ကခန္ဓာ၊ ရုပ်ခန္ဓာတစ်ပါးသာရှိတဲ့အသညသတ်ဘုံ ဖြစ်ပါတယ်၊ အသညသတ်ဆိုတာ မှတ်သားမှုအသိစိတ်တွေမရှိတဲ့ဘုံဖြစ်ပါတယ်၊ရုပ်ခန္ဓာကြီးသက်သက် ရွှေတုံးကြီးကဲ့သို့ကမ္ဘာနဲ့ချီပြီးအသက်ရှည်ပါတယ်၊ ဒီဘုံသုံးမျိုးထဲက ပဉ္စဝေါကာရဘုံမှာပဲ ပစ္ဆာဇာတပစ္စည်းကရတယ်၊ ကျန်တဲ့ဘုံတွေမှာမရပါ၊

ပစ္စည်းဘက်က ကံ စိတ် ဥတု အာဟာရအကြောင်းလေးပါးကြောင့်ဖြစ်တဲ့ တကိုယ်လုံးရှိရုပ်အပေါင်းဖြစ်ပါတယ်၊ နောက်မှဖြစ်တဲ့ စိတ်စေတသိက်တရားတွေက ပဋိသန္ဓေတည်နေကတည်းကစုတိသည်အထိဖြစ်တဲ့ရုပ်တွေကို ပစ္ဆာဇာတပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ အရင်ဖြစ်တဲ့ ရုပ်တွေက နောက်မှဖြစ်တဲ့စိတ်စေတသိက်နာမ်တရားတွေကို ပုရေဇာတပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ ရုပ်နဲ့နာမ်ကအချင်းချင်း ကျေးဇူးပြုနေလို့ ခန္ဓာကြီးတည်နေတာပါ၊

## (၁၂) အာသေဝနပစ္စည်း

အာသေဝနပစ္စည်းဆိုတာ ထပ်ကာထပ်ကာထုံတာမျိုးဖြစ်ပါတယ်၊ ဥပမာ–ပထမတစ်ရက်ပုဝါလေးကိုနံ့သာနဲ့ ထုံထား၊နောက်တစ်ရက်ထုံပိုမွှေးတယ်၊ နောက်(၇)ရက်မြောက်နေ့ကြတော့အမွှေးဆုံးဖြစ်သွားတယ်၊ ဘာဖြစ်လို့လဲ ရှေ့ရက်တွေကအထုံရလာခဲ့လို့ပဲဖြစ်တယ်၊စားပွဲတစ်ခုကိုအရောင်တင်ဆီ

သုတ်ပေး၊ နောက်ရက်ထပ်သုတ်ပိုတောက်လာတယ်၊ နောက်ဆုံးရက်ကြတော့ အတောက်ဆုံးဖြစ်လာပါတယ်၊ ထို့အတူ ရှေးရှေးကုသိုလ် အကုသိုလ်တွေက နောက်မှပြုတဲ့ကုသိုလ် အကုသိုလ်တို့အား အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

**ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊**
ရှေးရှေးကုသိုလ်က နောက်နောက်ကုသိုလ်အား အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုပါတယ်၊ ဝီထိစဉ်အရပြောရမယ်ဆိုရင် မြင်သိစိတ်မှာ အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော(၇)ကြိမ် တဒါရုံ(၂)ကြိမ်ဆိုပြီးစိတ်အစဉ်အတန်း(၁၇)ချက်ဖြစ်ပါတယ်၊ ဒီအစဉ်အတန်းမှာဇော(၇)ကြိမ်နဲ့သာဆိုင်ပါတယ်၊ ပဌမဇောထက် ဒုတိယဇောက ပိုအားကောင်းတယ်၊ ဒုတိယဇောထက် တတိယဇောက ပိုအားကောင်းလာပါတယ်၊ နောက်ဆုံး သတ္တမဇောကျတော့ အားအကောင်းဆုံးပါပဲ၊ ပဌမဇောကဒီဘဝမှာအကျိုးပေးပါတယ်၊ သတ္တမဇောက ဒုတိယဘဝမှာအကျိုးပေးပြီး၊ အလယ်ဇော(၅)ချက်က တတိယဘဝကနေ နိဗ္ဗာန်မရမချင်းအကျိုးပေးပါတယ်၊ ပဌမဇောထက် အလယ်ဇော(၅)ချက်က ပိုအားကောင်းပြီး နောက်ဆုံးသတ္တမဇောကတော့ အားအကောင်းဆုံးဖြစ်လာပါတယ်၊ ပဌမဇောကဒီဘဝမှာချမ်းသာအောင်စွမ်းဆောင်နိုင်ပြီး ဘဝသစ်တစ်ခုကိုမထူထောင်နိုင်ပါဘူး၊ အလယ်ဇော(၅)ချက်က ဘဝသစ်ကိုထူထောင်ပေးပြီး မသေချာတဲ့ဘဝတစ်ခုမှာ အကျိုးပေးပါတယ်၊ သတ္တမဇောကတော့အားအကောင်းဆုံးမို့ ဒုတိယဘဝသစ်ကို ထူထောင်ပေးပြီး သေချာပေါက်လည်း အကျိုးပေးပါတယ်၊ ရှင်ဒေဝဒတ်ဟာ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင်ပြုခဲ့ခြင်း၊ သံဃာသင်းခွဲခဲ့ခြင်းစတဲ့ကံတွေကို ထူထောင်ခဲ့လို့ မြေမျိုပြီး အဝီစိငရဲကျခဲ့ရပါတယ်၊ အပါယ်ငရဲဟူသော ဒုတိယဘဝကိုထူထောင်ပေးခြင်း၊ ထိုဘဝမှာ သေချာပေါက် ခုက္ခခံရခြင်းတို့ဟာ သတ္တမဇောက အကျိုးပေးလိုက်တာပါပဲ၊ ဒါအာသေဝနပစ္စည်းက အကျိုးပေးလိုက်တာဖြစ်ပါတယ်၊

ရှေးရှေးအတိတ်ဘဝက ကောင်းမှုအထုံပါလာခဲ့ရင် ဒီဘဝမှာ ကုသိုလ်ကောင်းမှုတွေ ပြုချင်နေတယ်၊ ကုသိုလ်ကောင်းမှုပြုတာကိုပျော်နေတတ်တယ်၊ တစ်ချို့ငယ်ငယ်ကလေးဘဝကတည်းက အလှူအတန်းဝါသနာပါတယ်၊ မိဘတွေနဲ့အတူ ဘုရားသွား၊ ကျောင်းတက်၊ ဥပုဒ်စောင့်၊ တရားထိုင်ဖို့စိတ်ဝင်စားတယ်၊ မိဘတွေနဲ့အတူကုသိုလ်တွေပြုပါတယ်၊ ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီးဆိုတာ အားလုံးကြားဖူးပါတယ်၊ ကလေးအရွယ် လူမမယ်ကတည်းက အမေကိုလက်ဖြန့်ပြီး တစ်ခုခု တောင်းတယ်၊ ဘာလုပ်ဖို့လဲ လှူဖို့ပါ၊မလှူပဲမနေနိုင် နေ့စဉ်ဆိုသလိုအလှူမဏ္ဍပ်ကြီးဆောက်ပြီးလှူခဲ့ပါတယ်၊ နောက်ပစ္စယဆင်ဖြူတော်လှူလိုက်လို့ တိုင်းပြည်ကမကျေမနပ်ဖြစ်ကာ နန်းတော်ကို ဝိုင်းဆန္ဒပြကြလို့ တောထဲထွက်သွားခဲ့ရတယ်၊ ပါရမီဖြည့်ဖက် ကြင်ယာသက်ထား မဒ္ဒီမိဖုယားကြီးနဲ့ သားတော် သမီးတော်များဖြစ်ကြတဲ့ ကဏှာတို့ ဇာလီတို့လဲပါကြတယ်၊ တောထဲရောက်တော့ ဇူဇကာပုဏ္ဏားက သားတော်လေးနဲ့သမီးတော်လေး လာအလှူခံတဲ့အခါ ရှန်းကန်နေကြလို့ လက်ပြန်ကြိုးတုတ် ရိုက်နှက်ကာခေါ်သွားသော်လဲ စေတနာမကွက် စိတ်မပျက်ပဲ ရက်ရက်ရောရော လှူဒါန်းခဲ့ပါတယ်၊ နောက်ဆုံးမိဖုယားကြီးအလှူခံတဲ့အခါမှာလဲ စေတနာသုံးတန် ထက်သန်ဖြူဖွေး အလှူပေးခဲ့တာအားလုံးအသိပါ၊ ဒါရှေးရှေးဘဝတွေက ဖြည့်ကျင့်လာခဲ့တဲ့ပါရမီတော်တွေက ဓာတ်ခံအဖြစ်နဲ့ပါလာပြီး အာသေဝနပစ္စည်းနဲ့ ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

ဒီဘဝမှာပဲ ပစ္စည်းနဲနဲကစပြီး စွန့်ရဲတဲ့ပုဂ္ဂိုလ်ဟာ များများစွန့်ရမှာကိုတွန့်မနေတော့ပါဘူး၊ ဘာဖြစ်လို့လဲ အထုံတွေလိုက်ပါလာလို့ပဲဖြစ်ပါတယ်၊ နဲနဲကစပြီး မစွန့်ရဲတဲ့ ပုဂ္ဂိုလ်ဟာ များများစွန့်ရမှာကို သိတ်ဝန်လေးနေတတ်တယ်၊ လေး ငါး ပေါင်စသည် စွန့်ရမှာမနမြောတဲ့သူဟာ ပေါင်တစ်ရာလောက်လှူဖို့ရာလဲ မခက်ခဲတော့ပါ၊ ဒါအာသေဝနပစ္စည်းရဲ့သတ္တိတွေပါပဲ၊

တရားထိုင်ကာစတော့ စိတ်ကဃနာမငြိမ် ရောက်ရက်ခတ်ကာ တောမျောက်လို ဖြစ်နေတတ်တယ်၊အာရုံနဲ့မှတ်သိစိတ်နဲ့ တခြားစီဖြစ်နေတာများလိမ့်မယ်၊တစ်လ နှစ်လ သုံးလေးလဆိုသလို ကြာလာတဲ့အခါမှာတော့ ဝင်လေထွက်လေလို့ခေါ်တဲ့ အာရုံနဲ့ အသိမပြတ် သတိကပ်ပြီးမှတ်နေတဲ့ မှတ်သိစိတ်ကလေးဟာ တထပ်ထဲ တထပ်ထဲဖြစ်နေပြီး သမာဓိဉာဏ်တွေရင့်ကျက်လို့ ဉာဏ်စဉ်တွေ အဆင့်ဆင့် တက်ကာ နောက်ဆုံးမဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်ထိ ရောက်ရှိစေနိုင်တာကတော့ အာသေဝနပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပဲဖြစ်ပါတယ်၊

## (၁၃) ကမ္မပစ္စည်း

ကမ္မ–ကံ၊ နောက်ဘဝမှာ ရုပ်သစ် နာမ်သစ် ခန္ဓာသစ်ဖြစ်အောင် ပြုစီရင်တတ်သောတရားကို "ကံ"လို့ခေါ်ပါတယ်၊ ကမ္မပစ္စည်းမှာ သဟဇာတကမ္မ နာနာက္ခဏိကကမ္မရယ်လို့ နှစ်မျိုးရှိပါတယ်၊ သဟ–အတူတကွ၊ ဇာတ–ဖြစ်တဲ့၊ ကမ္မ–ရုပ်သစ် နာမ်သစ်ဖြစ်အောင်စီရင်ခြင်း၊ ဒီဘဝကုသိုလ် အကု–သိုလ်တွေပြုပြီး နောက်ဘဝမဆိုင်းပဲ ချက်ခြင်းတစ်ဘဝထဲမှာ အကျိုးပေးတဲ့ကံကို သဟဇာတကံ ခေါ်ပါတယ်၊ နာနာက္ခဏိကကမ္မကို နာနာ+ခဏ+ဣက+ကမ္မလို့ပုဒ်ခွဲ၊ နာနာ–ကအသီးအခြား၊ ခဏ–က အချိန်ကာလ၊ ဣက–ကရှိတာ၊ ကမ္မ–ကရုပ်နာမ်သစ်ကိုဖြစ်စေတာ၊ ဘဝတစ်ခုမှာ ကုသိုလ် အကုသိုလ် ကံတွေထူထောင်ခဲ့ပြီး နောက်နောက်ဘဝတွေမှာ အကျိုးပေးတဲ့ကံကို နာနာက္ခဏိကကံလို့ခေါ် ပါတယ်၊ အတိတ်ဘဝကကုသိုလ်ကောင်းမှုတွေ ထူထောင်ခဲ့လို့ ဒီဘဝမှာလူဖြစ်ရ နတ်ဖြစ်ရတာ တွေဟာ နာနာက္ခဏိကကံတွေက ကျေးဇူးပြုလိုက်သလို အတိတ်သံသရာက အကုသိုလ်ကံတွေ အားထုတ်ခဲ့လို့ တိရစ္ဆာန်ဖြစ်ရ လူပင်ဖြစ်ရသော်လည်း သူတစ်ပါးသားပျို သမီးပျိုတွေဖျက်ဆီးခဲ့လို့ ယောကျ်ားမဟုတ် မိန်းမမဟုတ် နပုံးပဏ္ဍုက် အခြောက်ဂန်တူး မိန်းမရှာ ယောကျ်ားရှာဖြစ်ရတာတွေဟာ နာနာက္ခ–ဏိက ကမ္မပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာ ဖြစ်ပါတယ်၊

**ကမ္မပစ္စယောတိ–––**

**ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော၊** *(နာနာက္ခဏိကကမ္မ)*

**စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊** *(သဟဇာတကမ္မ)*

နာနာက္ခဏိကကမ္မပစ္စည်းရဲ့ ပစ္စည်းတရားက ကုသိုလ် အကုသိုလ်စေတနာနဲ့ ပစ္စယုပ္ပန်ကဝိပါက်စိတ် စေတသိက် နာမက္ခန္ဓာ၊ ကဋတ္တာရုပ်များဖြစ်ပါတယ်၊ သဟဇာတကမ္မပစ္စည်းရဲ့ ပစ္စည်းတရားက စိတ် ၈၉–ပါးမှာရှိတဲ့စေတနာ ၈၉–ပါးကပစ္စည်းတရား၊ပစ္စယုပ္ပန်တရားက စိတ်၈၉–ပါး၊စေတနာမှ တစ်ပါး စေတသိက်၅၁–ပါး၊ စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်များဖြစ်ပါတယ်၊ အတိတ်ကမိမိတို့ပြုခဲ့တဲ့ကုသိုလ် အကုသိုလ်ကံတွေဟာ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာနဲ့ကဋတ္တာရုပ်ကို ကျေးဇူးပြုရာမှာ "ကဋတ္တာရုပ်" ဆိုတာက ပြုစီမံခဲ့တဲ့ ကံတွေကြောင့်ဖြစ်တဲ့ ရုပ်တရားဖြစ်ပါတယ်၊ ဒါကို "ကမ္မဇရုပ်"လို့ခေါ်ပါတယ်၊

### ကံဥပမာမျိုးစေ့ပါ

ကမ္မ–ကံဆိုတာမျိုးစေ့နဲ့တူပါတယ်၊ သစ်ပင်တစ်ပင်ပေါက်ဖို့ရာ ရေ မြေ လေ မျိုးစေ့ဆိုပြီး အကြောင်းလေးပါးစုံရပါတယ်၊ ထိုလေးပါးထဲမှာ မျိုးစေ့က အဓိကပဓာနအကြောင်းဖြစ်ပါတယ်၊ မျိုးစေ့မရှိပဲ ရေ မြေ လေချည်းပဲ သစ်ပင်မပေါက်နိုင်ပါ၊ ထို့အတူ ဒီဘဝမှာလူလာဖြစ်ရတယ်ဆိုတာလဲ အတိတ်ကကံရယ် မိဘနှစ်ပါးရယ် လူလာဖြစ်ရမည့်သန္ဓေသားလေးရယ်ဆိုပြီးအကြောင်းတွေရှိရတယ်၊ သို့သော် အဲဒီအကြောင်းတွေထဲမှာ အတိတ်ကကုသိုလ်ကံရှိမှ အမိဝမ်းတွင်းမှာပဋိသန္ဓေနေပြီး လူလာ ဖြစ်ရမှာပါ၊ ကံတရားတည်းဟူသော မျိုးစေ့ကြောင့် လူ နတ် တိရစ္ဆာန်ဆိုတာဖြစ်ရတာပါ၊နေ့စဉ်ပြုတဲ့ အလုပ်တွေမှာ စေတနာဆိုတဲ့တိုက်တွန်းနိုးဆော်မှုလေးပါရပါတယ်၊ စေတနာကကောင်းရင်အပြစ်ကင်း သန့်ရှင်းတဲ့အလုပ် ကိုယ်အမူအယာ နုတ်အမူယာတွေပြုလုပ်ပြောဆိုဖြစ်ပြီး စေတနာမကောင်းရင် အ ပြစ်မကင်းမသန့်ရှင်းတဲ့ အလုပ်တွေပြုလုပ်ပြောဆိုဖြစ်ပါတယ်၊ ထိုစေတနာက ကံဖြစ်ပြီးနောက်ဘဝမှာ လူ နတ် ဗြဟ္မာ တိရစ္ဆာန်ဆိုတဲ့ဘဝတွေကို နာနာက္ခဏိက ကမ္မပစ္စည်းက ကျေးဇူးပြုလိုက်ပါတယ်၊

ကဿပမြတ်စွာဘုရားလက်ထက်တော်က မဟာဒုက်ဆင်းရဲသားဖနီးမောင်နှံဟာ သူတစ်ပါး အိမ်မှာအစေအပါးလုပ်ကာ ရတဲ့ငွေလေးနဲ့မြတ်စွာဘုရားကို ဆွမ်းကပ်လိုက်တာ ရတနာ(၇)ပါးအိမ်ထဲ လိုမ့်ဝင်လာလို့ သူဌေးကြီး သူဌေးကတော်ကြီးတွေ ဖြစ်သွားကြတယ်၊ ဂေါတမမြတ်စွာဘုရားလက် ထက်တော်က မောင်ပုဏ္ဏ မယ်ဘဒ္ဒိကာ လယ်သမားဖနီးမောင်နှံ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကိုရေနဲ့ဒန်ပူ ဆွမ်းအလှူကိုလှူလိုက်လို့ ထွန်စာခဲတွေကရွှေခဲတွေဖြစ်ပြီး ချက်ခြင်းသူဌေးဖြစ်သွားကြ တယ်၊ ဒါသဟဇာတကမ္မပစ္စည်းက ကျေးဇူးပြုလိုက်တာပါ၊ နန္ဒိယကျောင်းဒကာ မိဂဒါဝုန်ကျောင်းကြီး ဆောက်လှူပြီး ပစ္စည်းလေးပါးနဲ့သာသနတော်ကို ထောက်ပံ့ခဲ့လို့ မသေခင်ကတည်းကနတ်ပြည်မှာ ဘုံ ဗိမာန်ပေါက်ကာ သေတော့နတ်ပြည်ရောက်ရတယ်၊ ဒါတွေဟာ နာနာက္ခဏိကကမ္မပစ္စည်းကကျေးဇူး ပြုတာပါ၊

## တရားထိုင်ရာပစ္စည်းနှစ်မျိုးပါ

တရားထိုင်ရာ၌ ဝင်လေထွက်လေကို စူးစူးစိုက်စိုက် ရှုမှတ်နေတဲ့အခါ အာရုံနဲ့မှတ်သိစိတ်နဲ့ တထပ်တည်းဖြစ်ခါ ယောဂီပုဂ္ဂိုလ်ဟာ ကျေနပ်နှစ်သက်မှုပီတိဖြစ်ရတယ်၊ တစ်ဆင့်တက်လို့ ကိုယ်စိတ်နှစ်ပါးငြိမ်းအေးမှု ပဿဒ္ဓိ၊ ချမ်းသာမှုသုခ၊ နှာသီးဝမှာစိတ်ကလေး ငြိမ်ဝပ်စွာတည်နေတဲ့ သမာဓိစတဲ့ အကျိုးတရားတွေရတာက သဟဇာတကမ္မပစ္စည်းနဲ့ကျေးဇူးပြုတာဖြစ်ပြီး၊ နောက်ဘဝမှာ သုဂတိဘဝကိုရပြီး လွယ်လွယ်ကူကူနဲ့ ဉာဏ်စဉ်တွေတက်ကာ တရားထူးရတာက နာနာက္ခဏိကကမ္မ ပစ္စည်းနဲ့ ကျေးဇူးပြုတာပါ၊

## (၁၄) ဝိပါကပစ္စည်း

ဝိပါက်ဆိုတာရင့်ကျက်ခြင်း သဘောဖြစ်ပါတယ်၊ ဥပမာအားဖြင့် ပြာလဲ့လဲ့ကောင်းကင်ပြင်ရဲ့ သစ်ပင်ရိပ်အောက်မှာ လေညှင်းခံပြီး ငြိမ်းချမ်းစွာအနားယူနေတာနဲ့တူပါတယ်၊

**ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော၊**

ဝိပါက်နာမက္ခန္ဓာလေးပါးက ဝိပါက်နာမက္ခန္ဓာလေးပါးကို အချင်းချင်းကျေးဇူးပြုပါတယ်၊၁-ပါးသောနာမက္ခန္ဓာက ၃-ပါးသောနာမက္ခန္ဓာကို၊၃-ပါးသောနာကက္ခန္ဓာက ၁-ပါးသောနာမက္ခန္ဓာကို၊၂-ပါးသောနာမက္ခန္ဓာက ၂-ပါးသောနာမက္ခန္ဓာကို အပြန်အလှန်ကျေးဇူးပြုပါတယ်၊ ပစ္စည်း ပစ္စယုပ္ပန်က ဝိ-ပါက်စိတ် စေတသိက်တရားများ ဖြစ်ပါတယ်၊ ဝိပါက်စိတ်က ငြိမ်သက်ပါတယ်၊ အကုသိုလ်ကြောင့်ဖြစ်တဲ့ဝိပါက်စိတ်၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ ဝိပါက်စိတ်က ငြိမ်သက်သလို မဂ်ကြောင့်ဖြစ်တဲ့ ဖိုလ်ဆိုတဲ့ ဝိပါက်စိတ်ကလဲ ငြိမ်သက်ပါတယ်၊ ပဋိသန္ဓေနေခဲ့စဉ်က ဝိပါက်စိတ်တွေနဲ့ အိပ်ပျော်နေတဲ့အခါ ဖြစ်တဲ့ ဝိပါက်စိတ်တွေဟာ အတူတူပါပဲ၊

## နောက်ဘဝရဲ့ပဋိသန္ဓေစိတ်

နောက်ဘဝမှာ ပဋိသန္ဓေနေတယ်ဆိုတာ ဒီဝိပါက်စိတ်ပါပဲ၊ ပုဂ္ဂိုလ်ကဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊သု-ဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ တိဟိတ်ပုဂ္ဂိုလ်လို့လေးမျိုးရှိတယ်၊ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တွေက အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေပါတယ်၊ သုဂတိအဟိတ်ဖြစ်တဲ့ အင်္ဂါခြေလက်မပြည့်စုံသူတွေက အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ပဋိသန္ဓေနေပါတယ်၊အလောဘ အဒေါသဟိတ်နှစ်ပါးနဲ့ယှဉ်တဲ့ ဒွိဟိတ်ပုဂ္ဂိုလ်များကမဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်လေးပါးနဲ့ ပဋိသန္ဓေနေပါတယ်၊ အလောဘ အဒေါသ အမောဟဟိတ်သုံးပါးနဲ့ယှဉ်တဲ့ တိဟိတ်ပုဂ္ဂိုလ်များက မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်လေးပါးနဲ့ ပဋိသန္ဓေနေပါတယ်၊ရူပဗြဟ္မာများက ရူပဝိပါက်စိတ်၊ အရူပဗြဟ္မာများက အရူပဝိပါက်စိတ်လေးပါးနဲ့အသီးသီးပဋိ-သန္ဓေနေကြပါတယ်၊ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ပဋိသန္ဓေနေရင် ဒီဝိပါက်စိတ်နဲ့ပဲ နေကြရပါတယ်၊

ဝိပါက်ဆိုတာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား သက်သက်ပါ၊ ဘာမှလှုပ်ရှားမှုဗျာပါရမရှိကြပါဘူး၊ ကောင်းတဲ့အာရုံတွေမြင် ကောင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ပြောဆိုဆက်ဆံ ကောင်းတဲ့စကားတွေပြော ကောင်းမှုတွေလုပ် ကောင်းတာတွေကြံတွေးနေရတယ်ဆိုတာ အတိတ်ဘဝက ကုသိုလ်ကံတွေထူထောင်ခဲ့လို့ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ သုခသဟဂုတ် ကုသလဝိပါက် ကာယဝိညာဏ်စိတ်ဖြစ်ပါတယ်၊ မကောင်းတဲ့အာရုံတွေမြင် မကောင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ပြောဆို ဆက်ဆံ ကြံစည် မကောင်းတာတွေလုပ်နေရတယ်ဆိုတာအတိတ်က အကုသိုလ်ကံရဲ့အကျိုးဖြစ်တဲ့ အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယ ဝိ-ညာဏ်စိတ်ဖြစ်ပါတယ်၊ ကောင်းကျိုး ဆိုးကျိုးတွေ တွေ့ကြုံခံစားနေရတာဟာ ဝိပါကပစ္စည်းနဲ့ကျေးဇူးပြုနေတာဖြစ်ပါတယ်၊ အားထုတ်မှုကင်းပြီးငြိမ်သက်တဲ့အနေနဲ့ ကျေးဇူးပြုတဲ့တရားဟာ ဝိပါကပစ္စည်းဖြစ်ပါတယ်၊ နာနာက္ခဏိကကံရဲ့ အကျိုးတရားမို့အရှိန်အဟုန်ကင်းပြီး ငြိမ်သက်နေပါတယ်၊

## (၁၅) အာဟာရပစ္စည်း

အာဟာရရဲ့အဓိပ္ပါယ်က ဆောင်ပေးနေခြင်းဖြစ်ပါတယ်၊ရုပ်အာဟာရနာမ်အာဟာရနှစ်မျိုးရှိပါတယ်၊ရုပ်အာဟာရကလဲခန္ဓာကိုယ်အားကျေးဇူးပြု ဆောင်ပေးနေသလို နာမ်အာဟာရကလဲ စိတ် စေတသိက်နာမ်တရားတွေကိုကျေးဇူးပြု ဆောင်ပေးနေပါတယ်၊ အိမ်ကြီးတစ်လုံးကို ထောက်ခံထားသည့် ကျားတိုင်များမရှိခဲ့ဘူးဆိုရင်လေဒါဏ် မိုးဒါဏ်ကြောင့်ပျိုလဲသွားနိုင်ပါတယ်၊ ထို့အတူ ခန္ဓာကိုယ်အိမ်ကြီးကိုလဲရုပ်အာဟာရနာမ်အာဟာရနှစ်မျိုး ထောက်ပံ့ပြီးကျားကန်ပေးထားလို့ ခန္ဓာကိုယ်ရပ်တည်နေတာပါ၊

အာဟာရပစ္စယောတိ–––

**ကဗဠီကာရော အာဟာရော ဣမဿကာယဿ အာဟာရပစ္စယေန ပစ္စယော၊**

**အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော၊**

ကဗဠီကာရော အာဟာရောအရ အဆီအဆေး ဩဇာဟူသော အာဟာရကပစ္စည်းတရား၊ ဣမဿကာယဿ အရ စတုသမုဋ္ဌာနိကရုပ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ အရူပိနော အာဟာရာအရ ဖဿစေတနာ ဝိညာဉ်ဟူသော နာမ်အာဟာရတရားကိုယ်သုံးပါးက ပစ္စည်းတရား၊ ယှဉ်ဘက်ဖြစ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

အဆီအဆေး ဩဇာဟူသောအာဟာရက ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်တဲ့စတုသမုဋ္ဌာနိ–ကရုပ်အား အာဟာရပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ ဗဟိဒ္ဓဩဇာရုပ်က ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ဩဇာရုပ်နဲ့ပေါင်းပြီး ရုပ်တရားကိုတိုးပွါးအောင် ထောက်ပံ့ပေးပါတယ်၊ ဗဟိဒ္ဓဩဇာရုပ်က ဘယ်လောက်ပဲကောင်းကောင်း ခန္ဓာကိုယ်တွင်းမှာရှိတဲ့ဩဇာရုပ်က ပျက်နေရင် ခန္ဓာကိုယ်အား ကျေးဇူးမပြုနိုင်ပါ၊ ဥပမာ–အသည်းအသန်ဖြစ်နေတဲ့ လူမမာတစ်ယောက်ကို ဘယ်လောက်ကောင်းတဲ့ ဆေးဝါးတွေကို အကြောကဖေါက်သွင်းစေကာမူ ဘာမှမထူးခြားတော့ပါ၊ ဘာကြောင့်လဲဆိုတော့ အတွင်းဩဇာရုပ်တွေ ပျက်စီးနေလို့ပါပဲ၊ အာဟာရဩဇာရုပ်က ခန္ဓာကိုယ်အား ကျေးဇူးပြုပေးသလို နာမ်အာဟာရဖြစ်တဲ့ ဖဿ စေတနာ ဝိညာဉ်ကလဲ ကျေးဇူးပြုပေးနေပါတယ်၊

ဖဿကအာရုံ(၆)ပါးရဲ့ကောင်းဆိုးအရသာတွေကိုတွေ့ထိပြီး ယှဉ်ဘက်တရားတွေကိုကျေးဇူးပြုပါတယ်၊ ဝိညာဉ်(၆)ပါးဟာ အာရုံ(၆)ပါးနဲ့ တွေ့ထိမှုဖဿမဖြစ်ရင် မြင်သိစိတ်စသည်ဖြစ်အောင် ကျေးဇူးမပြုနိုင်ပါ၊ စေတနာဆိုတာ စေ့ဆော်တိုက်တွန်းမှုသဘောပါ၊ ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ်ဖြစ်အောင်စိတ်တစ်မျိုးမျိုးဖြစ်နေအောင် စေတနာကကျေးဇူးပြုနေတာဖြစ်ပါတယ်၊ ဝိညာဉ်ကအာရုံကို သိခြင်းလက္ခဏာဖြစ်ပါတယ်၊ သတ္တဝါတွေရဲ့ဘဝမှာ ပဋိသန္ဓေဝိညာဉ်နဲ့စခဲ့ကြတာပါ၊ ပဋိသန္ဓေဝိညာဉ်ကြောင့် နာမ်နဲ့ ရုပ်အသက်ရှင်နေရတယ်၊ ပဋိသန္ဓေဝိညာဉ်မရှိရင် နာမ်နဲ့ရုပ်ဆိုတာပေါ်မလာနိုင်ပါဘူး၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ "ဝိညာဏပစ္စယာ နာမရူပံ" ဟူသော ပါဠိအရ ဝိညာဉ်ကနာမ်ရုပ် နှစ်ပါးကိုကျေးဇူးပြုပါတယ်၊ ရုပ်အာဟာရဖြစ်တဲ့ ဩဇာရုပ်နဲ့ နာမ်အာဟာရဖြစ်တဲ့ ဖဿ စေတနာ ဝိညာဉ် (၃)ပါးက ရုပ်ခန္ဓာကြီးအားကျေးဇူးပြုနေပါတယ်၊

## (၁၆) ဣန္ဒြိယပစ္စည်း

အစိုးတရဖြစ်ပြီး အုပ်ချုပ်တာကို ဣန္ဒြိယခေါ်ပါတယ်၊ ကိုယ့်ဆိုင်ရာ ဆိုင်ရာမှာအုပ်ချုပ်တာက ဣန္ဒြိယ၊ အားလုံးအပေါ်မှာအစိုးတရအုပ်ချုပ်တာက အဓိပတိဖြစ်ပါတယ်၊ ဥပမာ–ပညာရေးဝန်ကြီးက ပညာရေးဌာနမှာ အကြီးအကဲအဖြစ်နဲ့ အစိုးတရအုပ်ချုပ်သလို စက္ခုန္ဒြေခေါ်တဲ့ မျက်စိအကြည်ရုပ်လေးဟာမြင်မှုကိစ္စမှာ အစိုးတရအုပ်ချုပ်ပါတယ်၊ မျက်စိအကြည်ရုပ်အားကောင်းမှ မြင်ရပါတယ်၊ မျက်စိအကြည်ရုပ်အားနဲ့ရင် ကြည်ကြည်လင်လင် ပီပီသသ သဲသဲကွဲကွဲ မမြင်ရပါ၊ သောတိန္ဒြေ နားအကြည်ရုပ်စသည်တို့လဲ ကိုယ့်ဆိုင်ရာမှာ အစိုးတရအုပ်ချုပ်ကြပါတယ်၊

ဣန္ဒြိယပစ္စယောတိ–––

**စက္ခုန္ဒြိယံ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊**

မျက်စိအကြည်ရုပ်က ပစ္စည်းတရား၊ စက္ခုဝိညာဉ်ဒွေး သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ပါးက ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

**ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိပစ္စယေန ပစ္စယော၊**

ခန္ဓာကိုယ်မှာ ဇီဝိတရုပ်ဆိုတာရှိပါတယ်၊ ရုပ်တရားတွေရှင်သန်နေအောင် ကျေးဇူးပြုပေးတယ်၊ စက္ခုဒသကကလာပ်=မျက်စိမှာရုပ်(၁၀)ပါးရှိပါတယ်၊ စက္ခုပသာဒရုပ်၊ အဝိနိဗ္ဘောဂရုပ်(၈)ပါး၊ဇီဝိတရုပ်ထို(၁၀)ပါးတွင် ဇီဝိတရုပ်ကကျန်(၉)ပါးကို ကျေးဇူးပြုထောက်ပံ့ပေးနေပါတယ်၊ ကျန်သောတဒသကကလာပ်စသည်တို့လည်း နည်းတူပင်ဖြစ်ပါသည်၊

**အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊**

ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟူသောနာမ်ဣန္ဒြေတရားကိုယ် (၈)ပါးကပစ္စည်းတရား၊ စိတ် စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်ကပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊

နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးကလဲ ရုပ်တရားကို အစိုးတရကျေးဇူးပြု ထောက်ပံ့ပေးနေပါတယ်၊ ဣန္ဒြိယပစ္စည်းက ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယ သဟဇာတိန္ဒြိယလို့ (၃)ပါးရှိတယ်၊ **စက္ခုန္ဒြိယံ** မှ ကာယိန္ဒြိယံအထိ ပုရေဇာတိန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုပုံကိုပြပါတယ်၊ ရူပဇီဝိတိန္ဒြိယံစသော ပါဠိဖြင့် ရူပဇီဝိတိန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုပုံကိုပြပါတယ်၊ အရူပိနော ဣန္ဒြိယာစသောပါဠိဖြင့် သဟဇာတိန္ဒြိ-ယပစ္စည်းဖြင့် ကျေးဇူးပြုပုံကိုပြပါတယ်၊ *(ဇက်ခုန်ဒကိုယ်ဟုဖတ်)*

## (၁၇) ဈာနပစ္စည်း

ပါဠိလိုဈာန၊ ပါဠိသက်မြန်မာဝေါဟာရနဲ့ပြောရရင် "ဈာန်" လို့ပြောရတယ်၊ သိမာပါဠိကို မြန်မာမှုပြုလိုက်တော့ "သိမ်" ဖြစ်သွားသလိုပါပဲ၊ ဈာန်ရဲ့အဓိပ္ပါယ်က အာရုံတစ်ခုကို စူးစူးစိုက်စိုက်ကြည့်နေတာဖြစ်ပါတယ်၊

*(ဆောင်)* စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်၊ *(လယ်တီဆရာတော်ကြီး)*
ဒီအဓိပ္ပါယ်အရဆိုရင် ကုသိုလ်နဲ့အကုသိုလ် နှစ်ဘက်လုံးမှာရနိုင်ပါတယ်၊

**ဈာနပစ္စယောတိ---**

**ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော၊**
ပစ္စည်းတရားက ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာနင်တရားကိုယ်(၅)ပါးဖြစ်ပါတယ်၊ ပစ္စယုပ္ပန်တရားက ဒွေပဉ္စဝိညာဉ်(၁၀)ကြဉ်သော စိတ်(၇၉)ပါး စေတသိက်(၅၂)ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါတယ်၊

တနည်းကိလေသာတရားတို့ကို လောင်မြိုက်စေတတ်သောကြောင့် ဈာန်လို့ယူရင်တော့ ပထမဈာန်စတဲ့တရားတွေရတယ်၊ အကုသိုလ်ဘက်ကမရတော့ပါ၊ စူးစူးစိုက်စိုက်ကြည့်တတ် ရှုတတ်သောကြောင့်ဈာန်လို့ယူလျှင်တော့ ကုသိုလ် အကုသိုလ်နှစ်မျိုးစလုံးရတယ်၊ ဈာန်အင်္ဂါတရားကိုယ်(၅)ပါးတွင် အာရုံကိုကြံစည်ခြင်း၊ စိတ်ကိုအာရုံပေါ်သို့ ရှေးရှုတင်ပေးခြင်းသဘောကဝိတက်၊ ထပ်ခါထပ်ခါ သုံးသပ်နေတာကဝိစာရ၊ ကျေနပ်နှစ်သက်နေတာကပီတိ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာနေတာကသုခ၊ အာရုံတစ်ခုတည်းမှာ စိတ်ကလေးငြိမ်ဝပ်စွာတည်နေတာက ဧကဂ္ဂတာဖြစ်ပါတယ်၊

ဥပမာ-ဆွမ်းကပ်တော့မယ်ဆိုရင် ဘာလှူရရင်ကောင်းရမလဲ၊ ဘယ်ကျောင်း သွားကပ်ရရင်ကောင်းမလဲ၊ ဘာဟင်းနဲ့ကပ်ရရင်ကောင်းမလဲစသည်ဖြင့် ကြံစည်တဲ့သဘောကဝိတက်၊ တစ်ကြိမ်တစ်ခါမဟုတ်ပဲ ထပ်ခါထပ်ခါကြံစည်နေတာကဝိစာရ၊ ကိုယ်ကြံစည်စိတ်ကူးထားသည့်အတိုင်း အောင်မြင်သွားတဲ့အခါ ကျေနပ်နှစ်သက်ဖြစ်ရတာကပီတိ၊ ဆွမ်းကပ်လိုက်ရလို့ စိတ်ချမ်းသာသွားတာကသုခ၊ မိမိအလှူကိုအာရုံပြုပြီး ကုသိုလ်ထဲမှာစိတ်ကလေး ငြိမ်ဝပ်စွာတည်နေတာက ဧကဂ္ဂတာဖြစ်ပါတယ်၊ ဒါကတော့ ကုသိုလ်ဘက်ကဈာန်ပေါ့၊

အကုသိုလ်ဘက်ဈာန်လဲရှိပါတယ်၊ ဥပမာ-ချစ်စ ခင်စ ကြင်နာစ ပြေးကာစ ဇနီးမောင်နှံအချင်းချင်း တစ်ယောက်အကြောင်းတစ်ယောက် တွေးပြီးကြံစည်စဉ်းစားနေတာကဝိတက်၊ တစ်ကြိမ်မကအကြိမ်များစွာကြံစည်လို့နေတာကဝိစာရ၊ နှလုံးအကြည်ဆိုက် ဘဝင်ခိုက်အောင်နှစ်ယောက်သား ရယ်လိုက် မောလိုက်လုပ်နေတာကပီတိ၊ ကိုယ်စိတ်နှလုံးရွှင်ပြုံးကြည်သာ ချမ်းသာနေတာကသုခ၊ မိုးမမြင်လေမမြင် နှစ်ယောက်တစ်ကမ္ဘာထင်နေတာက ဧကဂ္ဂတာဖြစ်ပါတယ်၊ဒါကိုတော့ ကုသိုလ်ဈာန်လို့ မယူလိုက်ပါနဲ့၊သမထဈာန် ဝိပဿနာဈာန်နှစ်မျိုးတွင် သမထဈာန်အားထုတ်ရင် လောကီဈာန် အဘိညာဉ် သမာပတ်တွေရရှိပြီး ဝိပဿနာဈာန်အားထုတ်ရင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေနိုင်ပါတယ်၊ ဒါဈာနပစ္စည်းက ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၁၈) မဂ္ဂပစ္စည်း

မဂ္ဂဆိုတာလမ်းခရီးလို့ အဓိပ္ပါယ်ရတယ်၊ ကောင်းတဲ့လမ်း မကောင်းတဲ့လမ်းနှစ်မျိုးရှိတယ်၊ ကောင်းတဲ့လမ်းက မိမိသွားလိုရာဖြစ်တဲ့အရပ်ဒေသကိုပို့ပေးသလို မကောင်းတဲ့လမ်းကလဲ ဘေးဘျမ်းထူပြော သူပုန်သူကန်တွေပေါတဲ့ အရပ်ဒေသကိုပို့ပေးပါတယ်၊ ထို့အတူပဲ မဂ္ဂင်ကလဲ ကောင်းတဲ့ သမ္မာမဂ္ဂင်နဲ့ မကောင်းတဲ့မိစ္ဆာမဂ္ဂင်ဆိုပြီး နှစ်မျိုးရှိတယ်၊ ကောင်းတဲ့သမ္မာမဂ္ဂင်က လူနတ်နိဗ္ဗာန်ဟူသော ကောင်းတဲ့အရပ်ကို ပို့ပေးသလို မကောင်းတဲ့ မိစ္ဆာမဂ္ဂင်ကလဲ အပါယ်လေးဘုံကိုပို့ပေးပါတယ်၊

မဂ္ဂပစ္စယောတိ–––
**မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော၊**
ပစ္စည်းဘက်က မဂ္ဂင်တရားကိုယ်(၈)ပါးကောက်ရပြီး ပစ္စယုပ္ပန်ဘက်က သဟိတ်စိတ်(၇၁)ပါး၊ စေတ–သိက်(၅၂)ပါး၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တရားများကောက်ရပါတယ်၊

**ကောင်းသောမဂ္ဂင်ရှစ်ပါးက–––**

| | |
|---|---|
| သမ္မာဒိဋ္ဌိ | ကောင်းသောအမြင်၊ |
| သမ္မာသင်္ကပ္ပ | ကောင်းသောအကြံအစည်၊ |
| သမ္မာဝါစာ | ကောင်းသောစကားကိုပြောဆိုခြင်း၊ |
| သမ္မာကမ္မန္တ | ကောင်းသောအလုပ်ကိုလုပ်ခြင်း၊ |
| သမ္မာအာဇီဝ | ကောင်းသောအသက်မွေးခြင်း၊ |
| သမ္မာဝါယာမ | ကောင်းသောအားထုတ်ခြင်း၊ |
| သမ္မာသတိ | ကောင်းသောအမှတ်ရခြင်း၊ |
| သမ္မာသမာဓိ | ကောင်းသောတည်ကြည်ခြင်းတို့ဖြစ်ပါတယ်၊ |

**မကောင်းသောမဂ္ဂင်လေးပါးက–––** *(အဘိဓမ္မာနည်းအလို)*

| | |
|---|---|
| မိစ္ဆာဒိဋ္ဌိ | မှားယွင်းသောအယူ၊ |
| မိစ္ဆသင်္ကပ္ပ | မှားယွင်းသောအကြံအစည်၊ |
| မိစ္ဆာဝါယာမ | မှားယွင်းသောအားထုတ်ခြင်း၊ |
| မိစ္ဆာသမာဓိ | မှားယွင်းသောတည်ကြည်ခြင်းတို့ဖြစ်ပါတယ်၊ |

**မကောင်းသောမဂ္ဂင်လေးပါးက–––** *(သုတ္တန်နည်းအလို)*

| | |
|---|---|
| မိစ္ဆာဒိဋ္ဌိ | မှားယွင်းသောအယူ၊ |
| မိစ္ဆာဝါစာ | မှားယွင်းသောစကား၊ |
| မိစ္ဆာကမ္မန္တ | မှားယွင်းသောအလုပ်၊ |
| မိစ္ဆာအာဇီဝ | မှားယွင်းသောအသက်မွေးခြင်းတို့ဖြစ်ပါတယ်၊ |

## တရားထိုင်ရာမဂ္ဂင်ရှစ်ပါးပါ

တရားထိုင်နေတဲ့ ယောဂီများမှာ မဂ္ဂင်ရှစ်ပါးပွါးများနေတာဖြစ်ပါတယ်၊ ရုပ်နာမ်မှတစ်ပါး အသက်ကောင် ဝိညာဉ်ကောင် လိပ်ပြာကောင်မရှိ၊ ရုပ်နာမ်သာရှိသည်၊ ရုပ်နာမ်ကလဲ မမြဲ ဆင်းရဲ အစိုးမရလို့ သိနေတဲ့သဘောက သမ္မာဒိဋ္ဌိ၊ နှာသီးဖျားထိထိပြီး ဝင်လာတဲ့လေနဲ့ ထွက်သွားတဲ့လေကို သိသိနေတာကလဲ သမ္မာဒိဋ္ဌိ၊**အဘိနိရောပနလက္ခဏာ**အရ ဝင်လေထွက်လေအာရုံအပေါ်မှာ စိတ်ကိုရေးရှုတင်ပေးတဲ့သဘောက သမ္မာသင်္ကပ္ပ၊ တရားထိုင်နေစဉ် လိမ်တာ ငြာတာ ဆဲရေးတာ ချောပြစ်ကုန်းတိုက်တာတွေကင်းနေလို့ သမ္မာဝါစာ၊ သူ့အသက်သတ် သူ့ဥစ္စာခိုးတာတွေမရှိလို့ သမ္မာကမ္မန္တ၊ အသက်မွေးဝမ်းကြောင်းစဉ်ကျယ်နေလို့ သမ္မာအာဇီဝ၊ ဝင်လေ ထွက်လေဟူသော အာရုံနဲ့ မှတ်သိစိတ်နဲ့ တထပ်ထဲဖြစ်အောင် ကြိုးစားနေတာက သမ္မာဝါယာမ၊ လွင့်လွင့်ထွက်သွားတဲ့ စိတ်ကလေး ဝင်လေ ထွက်လေအာရုံပေါ်တင်တင်ပေးတဲ့ သဘောကလဲ သမ္မာဝါယာမ၊ ဝင်လေထွက်လေလေး မမေ့ပျောက်တဲ့သဘောအမှတ်ရနေတဲ့သဘောက သမ္မာသတိ၊အာရုံအပေါ်မှာ မှတ်သိစိတ်ကလေး ငြိမ်ဝပ်စွာကပ်တည်နေတဲ့ သဘောက သမ္မာသမာဓိမဂ္ဂင်ဖြစ်ပါတယ်၊ ဒီလို မဂ္ဂင်ရှစ်ပါးအားထုတ်လို့ ဉာဏ်စဉ်တွေတက်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ထိုးထွင်းသိသွားတာက မဂ္ဂပစ္စည်းကကျေးဇူးပြုလိုက်တာ ဖြစ်ပြီး မိစ္ဆာမဂ္ဂင်တွေ အားထုတ်လို့ အပါယ်လေးဘုံရောက်ရတာကလဲ မကောင်းတဲ့မဂ္ဂင်တွေက ကျေးဇူးပြုလိုက်တာ ဖြစ်ပါတယ်၊

## (၁၉) သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စည်းဆိုတာ သမပြီးရောနေအောင် အတူဖြစ်ခြင်း အတူချုပ်ခြင်း အာရုံတူခြင်း မှီရာဝတ္ထုတူခြင်းအားဖြင့် ယှဉ်ခြင်းဖြစ်ပါတယ်၊ ဥပမာ–အားဖြင့် ထောပတ် ပျား သကာ ဆီလေးမျိုးရောပြီး သမသွားအောင်မွှေလိုက်တဲ့အခါ ဒါကပျားရည်အရသာ ဒါကထောပတ်အရသာစသည်ဖြင့် ခွဲခြားမရတော့သလို စိတ်နဲ့စေတသိက်ကလဲ ခွဲခြားမရအောင်ယှဉ်တာကို သမ္ပယုတ္တပစ္စည်းခေါ်ပါတယ်၊

**သမ္ပယုတ္တပစ္စယောတိ–––**

**စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော၊**

ပစ္စည်း ပစ္စယုပ္ပန်နာမ်ခန္ဓာ လေးပါးပင်ကောက်ရပါမည်၊ နာမ်ခန္ဓာလေးပါးက စေတသိက်(၅၂)ပါးတွင်ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ၊သညာစေတသိက်က သညာက္ခန္ဓာ၊ ဝေဒနာ သညာမှကြွင်းသောစေတသိက်(၅၀)က သင်္ခါရက္ခန္ဓာ၊ စိတ်(၈၉)ပါးက ဝိညာဏက္ခန္ဓာဖြစ်ပါတယ်၊ အာရုံတစ်ခုကို မြင်လို့ မြင်သိစိတ် စက္ခုဝိညာဉ်ဖြစ်တဲ့အခါ နာမ်ခန္ဓာလေးပါးပါ ပါတယ်၊ မြင်သိစိတ်က ဝိညာဏက္ခန္ဓာ၊ ယှဉ်ဘက်တရားတို့တွင် ဝေဒနာကဝေဒနာက္ခန္ဓာ၊ သညာကသညာက္ခန္ဓာ၊ ဖဿ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ စေတသိက်တွေက သင်္ခါရက္ခန္ဓာ၊ ဒီနာမ်ခန္ဓာလေးပါးက အတူဖြစ် အတူချုပ်ပြီး သမ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

## (၂၀) ဝိပ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စည်းက ယှဉ်ပြီးတော့ကျေးဇူးပြုတဲ့တရား၊ ဝိပ္ပယုတ္တပစ္စည်းက မယှဉ်ပေမဲ့ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ချို ချဉ် စပ် ငန် ဖန် ခါးအရသာ(၆)ပါး ရောစပ်လိုက်တဲ့အခါ အချိုကလဲအချိုအရသာ၊ အချဉ်ကလဲ အချဉ်အရသာ၊ အစပ်ကလဲ အစပ်အရသာအသီးသီး သူ့သတ္တိနဲ့သူ အစွမ်းပြကြပါတယ်၊ တစ်ခုနဲ့တစ်ခုရောမသွားကြဘူး၊ ဒါပေမဲ့ အချင်းချင်းကျေးဇူးပြုနေလို့ ဟင်းလျာက အရသာရှိပြီး စားလို့ကောင်းတဲ့ မြန်မာဟင်းတစ်ခွက်ဖြစ်သွားတယ်၊ ထို့အတူ ရုပ်တရား နာမ်တရားတွေကလဲ မယှဉ်ကြပေမဲ့ အချင်းချင်းကျေးဇူးပြုနေကြပါတယ်၊

**ဝိပ္ပယုတ္တပစ္စယောတိ–––**

**ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊**

**အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊**

ရူပိနော ဓမ္မာအရ– ဝတ္ထုရုပ်(၆)ပါးကပစ္စည်းတရား၊ အရူပီနံ ဓမ္မာနံအရ အရူပဝိပါက်လေးခုကြဉ်သောသတ္တဝိညာဏဓာတ်က ပစ္စယုပ္ပန်တရားဖြစ်ပါတယ်၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ အရပစ္စည်းဘက်က အရူပဝိပါက်လေးခုကြဉ်သောစိတ်(၈၅)ပါး စေတသိက်(၅၂)ပါးဖြစ်ပြီးပစ္စယုပ္ပန်ဘက်က စတုသမုဋ္ဌာနိက ရုပ်တရား ဖြစ်ပါတယ်၊

ဝိပ္ပယုတ္တပစ္စည်းက ပုရေဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တဆိုပြီး သုံးမျိုးရှိတယ်၊ ရူပိနော ဓမ္မာအရ ဝတ္ထုရုပ်(၆)ပါး ပစ္စည်းတရားက အရူပီနံ ဓမ္မာနံအရ သတ္တဝိညာဏဓာတ်အား ရုပ်နဲ့နာမ် မယှဉ်ပေမဲ့ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ အရနာမ်တရားကနေ ရုပ်တရားကို ကျေးဇူးပြုရာဝယ်၊ နာမ်တရားနှင့်ရုပ်တရားတို့ ဖြစ်ခြင်း ဥပါဒ်အခိုက်မှာတူကြတာမို့ သဟဇာတ၊ ချုပ်ခြင်းဘင်အခိုက်မှာ မတူကြတာကြောင့် ဝိပ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းရဲ့ ပစ္စည်း ပစ္စယုပ္ပန်ကတော့ပစ္ဆာဇာတပစ္စည်းနဲ့တူပါတယ်၊

### ပစ္စည်းနှစ်ပါးအထူး

တမိဝမ်းတွင်း တအူတုံဆင်း မောင်ရင်းနှစ်မတို့ အချင်းချင်း ကူညီစောင့်ရှောက်တာကသမ္ပယုတ္တပစ္စည်းနဲ့ကျေးဇူးပြုပြီး ကိုယ့်မိသားစု မဟုတ်ပေမဲ့ ချစ်ခင်ရင်းနှီးရသော သူငယ်ချင်းတစ်ယောက်ရဲ့ ကိစ္စကြီးငယ်ကို ကူညီဆောင်ရွက်ပေးတာက ဝိပ္ပယုတ္တပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊

## (၂၁) အတ္ထိပစ္စည်း

အတ္ထိပစ္စည်းဆိုတာ ပစ္စည်း ပစ္စယုပ္ပန်ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဥပမာ–မြေကြီးက သစ်ပင်များကို စိမ်းလန်းစိုပြေ အကိုင်းအခက်တွေ ဝေဝေဆာဆာဖြစ်အောင် ကျေးဇူးပြုပေးပါတယ်၊ ကျေးဇူးပြုရာမှာ မြေကြီးရော သစ်ပင်ပါ ထင်ရှားရှိနေပြီး ကျေးဇူးပြုတာပါ၊ မြေကြီးသာရှိပြီး သစ်ပင်မရှိရင်သော်လည်းကောင်း သစ်ပင်သာရှိပြီး မြေကြီးမရှိရင်သော်လည်းကောင်း စိမ်းလန်းအောင် ကျေးဇူးမပြုနိုင်သလို အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုရာမှာလဲ ပစ္စည်း ပစ္စယုပ္ပန်နှစ်ဘက် ထင်ရှားရှိနေမှ ကျေးဇူးပြုပါတယ်၊

**အတ္ထိပစ္စယောတိ–––စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊**

ပစ္စည်းက နာမ်ခန္ဓာလေးပါး၊ ပစ္စယုပ္ပန်ကလဲ နာမ်ခန္ဓာလေးပါး ထင်ရှားရှိပြီး ကျေးဇူးပြုပါတယ်၊

**စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊**

ပစ္စည်းက စက္ခုပသာဒ-မျက်စိအကြည်ရုပ်၊ ပစ္စယုပ္ပန်ကစက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်(၇)ပါး၊ မျက်စိအကြည်ရုပ်ကအရင်ဖြစ်ပြီး ထင်ရှားရှိတဲ့အနေနဲ့ ကျေးဇူးပြုပါတယ်၊

မျက်စိအကြည်ရုပ်က အရင်ဖြစ်ပြီး မြင်သိစိတ်က နောက်မှဖြစ်ပါလျက်ဘာကြောင့်အတ္ထိပစ္စည်းနဲ့ကျေးဇူးပြုရသလဲဆိုတော့ အရင်ဖြစ်တာမှန်ပါ၏၊သို့သော် ဥပါဒ် ဋ္ဌီ ဘင်ခဏငယ်သုံးချက်တွင် မျက်စိအကြည်ရုပ်က ဘင်-အခိုက်မရောက်ခင် ဋ္ဌီ-အခိုက်မှာ တည်နေတုန်း မြင်သိစိတ်ဖြစ်ပါတယ်၊ ဒါအတ္ထိပစ္စည်းနဲ့ ပစ္စည်း ပစ္စယုပ္ပန်နှစ်ဖက်ထင်ရှားရှိပြီး ကျေးဇူးပြုလိုက်တာပါ၊

**ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊**

အဆင်းမျိုးစုံ ရူပါရုံက ပစ္စည်းတရား၊ စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးက ပစ္စယုပ္ပန်တရား၊မြင်သိစိတ်ဖြစ်အောင်ကျေးဇူးပြုတဲ့ အဆင်းမျိုးစုံ ရူပါရုံက ပစ္စုပ္ပန်အနေနဲ့ထင်ရှားရှိတယ်၊ ရှိနေဆဲ ဖြစ်နေဆဲအနေအထားနဲ့ ရှိနေဆဲတရားကို အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

အတ္ထိပစ္စည်းကသဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိလို့ ငါးမျိုးရှိတယ်၊သဟဇာတတ္ထိက သဟဇာတပစ္စည်းနဲ့တူပါတယ်၊ ပုရေဇာတတ္ထိက ပုရေဇာတပစ္စည်းနဲ့ တူပါတယ်၊ပစ္ဆာဇာတတ္ထိက ပစ္ဆာဇာတပစ္စည်းနဲ့တူပါတယ်၊အာဟာရတ္ထိက အာဟာရပစ္စည်းနဲ့တူပြီး ဣန္ဒြိယ-တ္ထိက ရူပဇီဝိတိန္ဒြိယနဲ့တူပါတယ်၊

မိဘနှစ်ပါး အသက်ထင်ရှားရှိနေစဉ် မိဘဝတ္တရားနဲ့အညီ စောင့်ရှောက်ကြလို့ သားသမီးတွေ စားဝတ်နေရေး ပညာရေးဘာမှမပူရဘူး၊ ပညာတွေတတ်အောင်လဲ သင်ပေးတယ်၊ အလုပ်အကိုင်တွေ အဆင်ပြေအောင်လဲ ဆောင်ရွက်ပေးလို့ အားလုံးအဆင်ပြေတယ်၊ သင့်တော်တဲ့အိမ်ထောင်ဘက်ပါရွေးချယ်ပေးလိုက်လို့ အိမ်ထောင်ရေးပါအဆင်ပြေသွားတယ်၊ ဒါ ထင်ရှားရှိတဲ့မိဘနှစ်ပါးက ထင်ရှားရှိတဲ့ သားသမီးကို အတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာ ဖြစ်ပါတယ်၊

## (၂၂) နတ္ထိပစ္စည်း

အတ္ထိပစ္စည်းက ထင်ရှားရှိပြီးကျေးဇူးပြုတဲ့တရား၊ နတ္ထိပစ္စည်းက မရှိတဲ့အနေနဲ့ ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဆီမီးငြိမ်းသွားခြင်းသည် အမှောင်ဖြစ်ဖို့အတွက် ကျေးဇူးပြုလိုက်တယ်၊ ညဉ့်ကာလ၏ကုံဆုံးမှုသည်နေထွက်ဖို့အတွက်ကျေးဇူးပြုပါတယ်၊ ထို့အတူ ရှေးရှေးစိတ်တွေချုပ်ခြင်းသည်နောက်နောက်စိတ်တွေ ဖြစ်ဖို့အတွက် နတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်ပါတယ်၊

**နတ္ထိပစ္စယောတိ---**

**သမနန္တရ နိရုဒ္ဓါ စိတ္တ စေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော၊**

ကောင်းစွာရှေး၌ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် ပစ္စုပ္ပန်ဖြစ်သော စိတ် စေတသိက်တရားတို့အား နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုပေးပါတယ်၊ ပစ္စည်း ပစ္စယုပ္ပန်တရားများက အနန္တရ သမနန္တရနဲ့တူပါသည်၊အနန္တရပစ္စည်းက အကြားမရှိဆက်တိုက်အကျိုးပေးတဲ့တရား၊ သမနန္တရပစ္စည်းက ကောင်းစွာအကြားမရှိ အကျိုးပေးတဲ့တရား၊ နတ္ထိပစ္စည်းက ရှေ့စိတ်ချုပ်သွားပြီးမရှိတော့တဲ့ အခါ နောက်စိတ်အသစ်တွေဖြစ်ပေါ်လာအောင် ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ အတူဖြစ်တဲ့ပစ္စည်းတွေထပ်ပြီး ဟောတော်မူရတာက တရားနာပုဂ္ဂိုလ်ရဲ့ အလိုဆန္ဒနဲ့ ဒေသနာတော်ကို တန်းဆာဆင်တော်မူလိုသောကြောင့်ဖြစ်ပါတယ်၊

မြင်သိစိတ်ဖြစ်တဲ့အခိုက်မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်က ဥပါဒ် ဋ္ဌီ ဘင်သဘောအရ ချုပ်သွားတော့မှ စက္ခုဝိညာဉ်မြင်သိစိတ်ဖြစ်လာရတယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် မချုပ်သေးသမျှ မြင်သိစိတ်မဖြစ်နိုင်သေးပါ၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ချုပ်သောအားဖြင့် ကျေးဇူးပြုလိုက်လို့ မြင်သိစိတ်ဖြစ်လာရပါတယ်၊ ဒါ နတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာပါပဲ၊

### အတ္ထိပစ္စည်းနဲ့ နတ္ထိပစ္စည်းအထူး

အင်္ဂလန်နိုင်ငံရဲ့ဆောင်းရာသီက ခိုက်ခိုက်တုန်အောင်အေးပြီး နွေရာသီမှာပူနွေးကာ နေရထိုင်ရအဆင်ပြေပါတယ်၊ ဆောင်းဥတုကထင်ရှားရှိပြီး သက်ရှိသတ္တဝါတို့အား ခိုက်ခိုက်တုန်အေးစေပြီး အတ္ထိပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊ ဆောင်းရာသီကုန်တော့ နွေရာသီဖြစ်လာပါတယ်၊နွေရာသီမှာအနွေးဓာတ်

ပြောင်းကာ သက်ရှိသတ္တဝါတို့အား နေရထိုင်ရအဆင်ပြေ ချမ်းသာစေခဲ့ပါတယ်၊ နွေဥတုဖြစ်ပေါ်လာအောင် ဆောင်းဥတုကုန်သောအားဖြင့် နတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုပေးလိုက်လို့ သက်ရှိသတ္တဝါတွေလဲ ချမ်းသာ သစ်ပင်တွေလဲ ဝေဝေဆာဆာဖြစ်လာရပါတယ်၊

## (၂၃) ဝိဂတပစ္စည်း

နတ္ထိပစ္စည်းက မရှိမှကျေးဇူးပြုတဲ့တရား၊ ဝိဂတပစ္စည်းကတော့ ကင်းပြီးမှကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဥပမာ-နေရောင်ကွယ်ပျောက် အမှောင်ရောက်တော့မှ လသာခွင့်ရပါတယ်၊ ဖိုးရွှေလမင်း ထိန်ထိန်လင်းဖို့အတွက် နေရောင်ကွယ်ပျောက်ပေးရပါတယ်၊ ထို့တူပဲ ရှေးရှေးစိတ်တွေအပြီးသတ်ချုပ်ပေးပြီးမှ နောက်နောက်စိတ်တွေဖြစ်ရပါတယ်၊ နောက်နောက်စိတ်တွေဖြစ်ဖို့အတွက် ရှေးရှေး စိတ်တွေ အပြီးသတ် ချုပ်ပေးသောအားဖြင့် ကျေးဇူးပြုပေးရပါတယ်၊ ဒါ ဝိဂတပစ္စည်းရဲ့သဘောပါ၊

**ဝိဂတပစ္စယောတိ-သမနန္တရဝိဂတာ စိတ္တ စေတသိကာဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော၊**

ကောင်းစွာအခြားမဲ့ဖြစ်၍ ကင်းလေကုန်ပြီးသော စိတ် စေတသိက်တရားတို့သည် မိမိသို့အတုလိုက်၍ ဖြစ်ကုန်သော စိတ် စေတသိက်တရားတို့အား ဝိဂတပစ္စည်းနဲ့ကျေးဇူးပြုပါတယ်၊

ဥပမာ-ကြားသိစိတ်ဖြစ်ရာဝယ် သောတဝိညာဉ်စိတ်ချုပ်ပေးပြီးမှ လက်ခံစိတ်သမ္ပဋိစ္ဆိုင်းဖြစ်ပါတယ်၊ သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ဖို့အတွက် ကြားသိစိတ်က ချုပ်ပေးသောအားဖြင့် နတ္ထိပစ္စည်းနဲ့ကျေးဇူးပြုလိုက်လို့ လက်ခံစိတ်ဖြစ်ပါတယ်၊ ကြားသိစိတ်က အရှိန်သတ္တိအားဖြင့် ကင်းသွားတော့မှသာ လက်ခံစိတ်ဖြစ်ခွင့်ရှိပါတယ်၊ သတ္တိကျန်နေသေးရင် နောက်စိတ်မဖြစ်နိုင်ပါ၊ နောက်ဖြစ်တဲ့ သမ္ပဋိစ္ဆိုင်းစိတ်အတွက် ကြားသိစိတ်က သတ္တိကင်းသောအားဖြင့် ဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုပေးပါတယ်၊

### နတ္ထိပစ္စည်းနဲ့ ဝိဂတပစ္စည်းအထူး

တိုင်းပြည်တစ်ပြည်မှာ အာဏာရှင်ခေါင်းဆောင်တစ်ယောက် အနားယူသွားတော့ နောက်ခေါင်းဆောင်တစ်ယောက် တက်လာပါတယ်၊ ဒါနတ္ထိပစ္စည်းနဲ့ကျေးဇူးပြုတာပါ၊ သို့သော်နောက်ကွယ်ကသူ့ဩဇာအရှိန်အဝါနဲ့ ကျိုးကိုင်နေတုန်းပဲရှိပါတယ်၊ခေါင်းဆောင်အသစ်ကသူ့သဘောကျလုပ်ပိုင်ခွင့်မရပါဘူး၊အာဏာရှင်ဟောင်းဘဝနိဂုံး အဆုံးသတ်သွားတော့မှ ခေါင်းဆောင်သစ်ကသူ့ဆန္ဒ သူ့သဘောသူ့အလိုအတိုင်းလွတ်လွတ်လပ်လပ် လုပ်ခွင့်ရပါတယ်၊ ဒါကတော့ ဝိဂတပစ္စည်းနဲ့ကျေးဇူးပြုလိုက်တာဖြစ်ပါတယ်၊

## (၂၄) အဝိဂတပစ္စည်း

အတ္ထိပစ္စည်းက ထင်ရှားရှိပြီး ကျေးဇူးပြုပါတယ်၊ အဝိဂတပစ္စည်းက မကင်းသောအားဖြင့် ကျေးဇူးပြုပါတယ်၊သမုဒ္ဒရာထဲမှာတည်ရှိကြတဲ့ ငါး လိပ် မိကျောင်းစတဲ့သတ္တဝါတို့ဟာ သမုဒ္ဒရာရေကကျေးဇူးပြုထားလို့ချမ်းသာပျော်ရွှင် သမုဒ္ဒရာရေအယာဉ်မှာ ပြေးလွှားလူပ်ရှားကစားနေကြပါတယ်၊ ကံမကောင်း အကြောင်းမလှလို့ တံငါ့လက်တွင်း သက်ဆင်းကျရောက်သွားတဲ့ အခါမှာတော့သမုဒ္ဒရာရေကကျေးဇူးပြုကာမကူညီနိုင်တော့ပါဘူး၊ ထို့အတူ မြင်သိစိတ်ဖြစ်ရာမှာ အဆင်းမျိုးစုံရူပါရုံနဲ့ မကင်းကွာသောအားဖြင့် အတူဖြစ်နေမှကျေးဇူးပြုပါတယ်၊ ဒါအဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုတာပါ၊ ကြားသိစိတ်ဖြစ်ရာမှာလဲ အသံမျိုးစုံသဒ္ဒါရုံနဲ့ မကင်းမကွာရှိနေမှ အဝိဂတပစ္စည်းက ကျေးဇူးပြုပါတယ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်တို့ဖြစ်အောင် အဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊ အဝိဂတပစ္စည်းရဲ့ ပါဠိတော်ကအတ္ထိပစ္စည်းနဲ့တူပါသည်၊

### အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်းအထူး

အတ္ထိပစ္စည်းက ထင်ရှားရှိပြီး ကျေးဇူးပြုတဲ့တရား၊ အဝိဂတပစ္စည်းက မကင်းသောအားဖြင့် ကျေးဇူးပြုတဲ့တရားဖြစ်ပါတယ်၊ ဥပမာ-တိသရဏကျောင်းလာပြီး ဆွမ်းကပ်ရာဝယ် ကျောင်းသံဃာလေးပါးလဲ ဆွမ်းကပ်တယ်၊ ဆွမ်းဒကာနဲ့ရင်းနှီးတဲ့ ဆရာတော်တစ်ပါးလဲပင့်ပါတယ်၊ ရင်းနှီးလို့ပင့်လာတဲ့ အပြင်ကဆရာတော် တစ်ပါးကတော့ ကျောင်းမှာထင်ရှားမရှိတဲ့အတွက် အဝိဂတပစ္စည်းနဲ့ ကျေးဇူးပြုပြီး၊ ကျောင်းသံဃာလေးပါးကတော့ ထင်ရှားရှိနေတဲ့အတွက် အတ္ထိပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်၊

C C C Y C C

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ၊

**ဟေတုပစ္စယောတိ---**

ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဟေတုပစ္စယေန ပစ္စယော၊

**အာရမ္မဏပစ္စယောတိ---**

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေပစ္စယော၊
ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုတယာ တံသမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊
ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေ တေ ဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော၊

**အဓိပတိပစ္စယောတိ---**

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊
ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ အဓိပတိပစ္စယေန ပစ္စယော၊
ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာဓမ္မာ တေတေ ဓမ္မာ တေသံတေသံ ဓမ္မာနံ အဓိပတိပစ္စယေနပစ္စယော၊

**အနန္တရပစ္စယောတိ---**

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
သောတဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊

ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊
ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာ ဓမ္မာ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော၊

**သမနန္တရပစ္စယောတိ---**

စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
သောတဝိညာဏဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
ဃာနဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
ဇိဝှါဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော၊
မနောဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
ကာယဝိညာဏဓာတု တံ သမ္ပယုတ္တကာစ ဓမ္မာ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရ ပစ္စယေနပစ္စယော၊
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊
ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော၊

**သဟဇာတပစ္စယောတိ---**

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော၊
စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော၊
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊
မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော၊
ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊
ကဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော

**အညမညပစ္စယောတိ---**

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော၊
စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော၊
ဩက္ကန္တိက္ခဏေနာမရူပံ အညမညပစ္စယေန ပစ္စယော၊

**နိဿယပစ္စယောတိ---**

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော၊
စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော၊
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော၊
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊
မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော၊
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊

**ဥပနိဿယပစ္စယောတိ---**

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံဥပနိဿယပစ္စယေန ပစ္စယော၊ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော၊ ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော၊ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊

**ပုရေဇာတပစ္စယောတိ---**

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ သောတာယတနံသောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေနပစ္စယော၊ ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေနပစ္စယော၊ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော၊

**ပစ္ဆာဇာတပစ္စယောတိ---**

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော၊

**အာသေဝနပစ္စယောတိ---**

ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကြိယာဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊

**ကမ္မပစ္စယောတိ---**

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ကမ္မပစ္စယေန ပစ္စယော၊

**ဝိပါကပစ္စယောတိ**-ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော၊

**အာဟာရပစ္စယောတိ---**

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော၊

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော၊

**ဣန္ဒြိယပစ္စယောတိ---**

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဇိဝိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ကာယိန္ဒြိယံ ကာယ-ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊

**ဈာနပစ္စယောတိ---**

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော၊

**မဂ္ဂပစ္စယောတိ---**

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော၊

**သမ္ပယုတ္တပစ္စယောတိ**-စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော၊

**ဝိပ္ပယုတ္တပစ္စယောတိ---**

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊

**အတ္ထိပစ္စယောတိ---**

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော၊

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊

ဩဠာရိကေ ခန္ဓေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော၊
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊
မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော၊
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော၊
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊
ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော၊

**နတ္ထိပစ္စယောတိ---**

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော၊

**ဝိဂတပစ္စယောတိ---**

သမနန္တရဝိဂတာစိတ္တစေတသိကာ ဓမ္မာပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော၊

**အဝိဂတပစ္စယောတိ---**

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော၊
စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော၊
ဩဠာရိကေ ခန္ဓေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော၊
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော၊
မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော၊
စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊
ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော၊

C C C Y C C C

**ဘာကြောင့်ပရမတ်ခေါ်ပါသလဲ**

မဖေါက်ပြန်ပဲ သူ့သဘာဝအမှန်အတိုင်းဖြစ်တတ်တဲ့ တရားကို ပရမတ္ထ=ပရမတ်လို့ခေါ်ပါတယ်၊

*(ဆောင်ပုဒ်)* မဖေါက်မပြန်၊ မှန်ကန်တိမတ်၊ ဂုဏ်သကတ်၊ အမြတ်ဟူ၍ခေါ်၊ **(အခေါ်ပြုသကြိုဟ်)**

**ပရမတ္ထတရားလေးပါးရေတွက်ပြခဲ့ပါ**

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ဖြစ်ပါတယ်၊

အာရုံကိုကြံစည်တတ်၊ သိတတ်သောကြောင့် "စိတ်"ခေါ်ပါတယ်၊၊စိတ်နဲ့ယှဉ်တွဲပြီး ဖြစ်တတ်သောကြောင့် "စေတသိက်"၊ ဖေါက်ပြန်တတ်သောကြောင့် "ရုပ်"၊ ကံ စိတ် ဥတု အာဟာရအကြောင်းလေးပါးကင်းပြီးဖြစ်သောကြောင့် "နိဗ္ဗာန်"ခေါ်ပါတယ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်က နာမ်တရား၊ ရုပ် (၂၈)ပါးက ရုပ်တရား၊ ဆိုးသည် ကောင်းသည် ဘာတစ်ခုမှ မသိတတ်သောကြောင့် "ရုပ်"တရားခေါ်ပါတယ်၊ အကောင်း အဆိုးဟူသမျှကိုသိတတ်ကြောင့် "နာမ်" တရားခေါ်ပါတယ်၊

*(ဆောင်ပုဒ်)* ရုပ်ဟူသမျှ၊ မသိကြ၊ သိကနာမ်ခေါ်လေ၊

စိတ် စေတသိက်က အာရုံ(၆)ပါးအပေါ်မှာ ညွတ်ကိုင်းတတ်သောကြောင့် "နာမ်"ခေါ်ပါတယ်၊ နိဗ္ဗာန်ကတော့ ငါ့ကိုကိုင်းကြ၊ ငါ့ကိုရှိုင်းကြ၊ ငါ့ကိုဦးတိုက်ကြ၊ ငါ့ဆီလာကြလို့ဆိုရတဲ့ အညွတ်ခံ "နာမ်" တရားဖြစ်ပါတယ်၊ "စိတ္တေန နီယတေ လောကော" လောကကြီးမှာ စိတ်နာမ်တရားကဦးဆောင်နေတာပါ၊ ရုပ်တရားကတော့ အမြဲတမ်းစိတ်ရဲ့ နောက်လိုက်ဖြစ်ပါတယ်၊

**စိတ်**

စိတ်ဆိုတဲ့သဘောက အာရုံကိုသိတတ်တဲ့သဘောရှိပါတယ်၊ အာရုံက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံလို့(၆)ပါးရှိပါတယ်၊ ဖြူ နီ ညို ပြာ ဝါ အချော အလှ အကြီးတန် အရုပ်ဆိုးစသည်ဖြင့် ရူပါရုံအမျိုးမျိုးကိုလဲသိပါတယ်၊ စကားပြောသံကြားလိုက်ယင်အသံကောင်းတယ် မကောင်းဘူး ဒီအသံက မေတ္တာသံ ကရုဏာသံ၊ဒီအသံက ဆဲသံ ဆိုသံ ကြိမ်းမောင်းသံ ကလော်တုတ်သံ အတင်းပြောသံစသည်ဖြင့် အသံအာရုံပေါ်မှာလဲသိပါတယ်၊

အနံ့အမျိုးမျိုးပေါ်မှာလဲ ဒီအနံ့က ရေမွှေးနံ့ စပယ်ပန်းနံ့၊ ဒီအနံ့ကအပုတ်နံ့ အငြှီနံ့စသည်ဖြင့် သိပါတယ်၊ အရသာအပေါ်မှာလဲ ဒီအရသာက ချိုတယ် ချဉ်တယ် ခါးတယ်စသည်ဖြင့် စားလိုက်ယင်သိပါတယ်၊ အတွေ့အထိပေါ်မှာလဲ နူးညံ့တယ် ကြမ်းထမ်းတယ် ပြေပြစ်ညက်ညောချောမောတယ်စသည်ဖြင့်သိပါတယ်၊ ပဋ္ဌာန်းတရားကသိမ်မွေ့နက်နဲခက်ခဲပြီး အကြောင်း အကျိုးနဲ့ဆက်စပ်ကာ ဟောထားတာဖြစ်တယ် နားလည်ဖို့ရာလဲမလွယ်ဘူးစသည်ဖြင့်တွေးတောကြံစည်မှု ဓမ္မာရုံကိုလဲ သိပါတယ်၊ ပုထုဇဉ်ရဲ့စိတ်ပဲဖြစ်ဖြစ် ဘုရားရဟန္တာရဲ့စိတ်ပဲဖြစ်ဖြစ် ဒီအာရုံ(၆)ပါးကလွဲပြီး မသိပါ၊ အာရုံ(၆)ပါးကို သိတတ်လို့မို့"စိတ်"လို့ခေါ်ပါတယ်၊

ဒူရင်္ဂမံ-အဝေးကိုလဲသွားနိုင်တယ်၊ စိတ်ကအဝေးကိုသွားနိုင်တယ်ဆိုတာ မော်တော်ကားတွေ၊ လေယာဉ်ပျံတွေလိုသွားနေတာမျိုးမဟုတ်ပါ၊ အဝေးမှာရှိတဲ့အာရုံကိုဒီကနေလှမ်းပြီးအာရုံပြုနိုင်တာပါ၊ ဒီကနေရန်ကုန် မန္တလေးမှာရှိတဲ့ ရွှေတိဂုံဘုရား၊ မဟာမုနိဘုရားကြီးတို့ကို ဖူးရလိမ့်မယ်၊ ဒီလိုအာရုံပြုနိုင်တဲ့အတွက် အဝေးကိုလဲသွားတယ်လို့ဟောထားပါတယ်၊ ဧကစရံ-တစ်ပါးတည်းသာလှည့်လည်လေ့ရှိပါတယ်၊စိတ်ဟာအဖြစ်အပျက် အလွန်မြန်ပါတယ်၊လျှပ်တစ်ပျက် လက်ဖျစ်တစ်ချက်တီး၊ မျက်စိတစ်မှိတ်အချိန်အတွင်းမှာ စိတ်ကုဋေပေါင်းများစွာရှေ့နောက်ဆက်ကာ ဖြစ်ပျက်နေပါတယ်၊ ဒီလိုအဖြစ်အပျက်မြန်တဲ့အတွက် စိတ် ၂-မျိုး ၃-မျိုးတပြိုင်နက်ဖြစ်ကာ အာရုံ ၂-မျိုး၃-မျိုးကို တစ်ခါတည်းယူနိုင်တယ်လို့ထင်စရာရှိပါတယ်၊ စိတ်တစ်ခုဖြစ်လို့ချုပ်သွားမှ နောက်စိတ်သစ်တစ်ခုဖြစ်ပါတယ်၊အာရုံတစ်ခုကိုယူပြီးမှ နောက်အာရုံတစ်ခုကိုယူနိုင်ပါတယ်၊

ဥပမာ-ဧည့်ခန်းထဲမှာ အိစက်ညက်ညော ချောမွေ့တဲ့ ဆိုဖာကြီးပေါ်ထိုင်ပြီး အနံ့အရသာနဲ့ပြည့်စုံတဲ့ စားကောင်းသောက်ဖွယ်များကိုစားလျက် တီဗွီမှ အဆိုကျော်ရဲ့အဆိုအကဖြင့် ဖျော်ဖြေမှုကိုကြည့်ရှု နားထောင်တယ်ဆိုကြပါစို့၊ ဒီမှာအရုံငါးပါးအကုန် စုံနေပြီနော်၊ ငါးပါးစလုံးကိုတပြိုင်နက်ခံစားနေတယ်လို့ထင်ရပေမဲ့ မခံစားနိုင်ဘူး၊ မိမိအနှစ်သက်ဆုံး အာရုံကိုရှေးဦးစွာခံစားပြီးမှ နောက်

စိတ်နဲ့နောက်အာရုံတစ်ခုကိုခံစားပါတယ်၊ ဒီလိုစိတ်၂-ခု ၃-ခု တပြိုင်နက်မဖြစ်နိုင်တဲ့အတွက် မြတ်စွာဘုရားက တစ်ပါးတည်းလှည့်လည်တယ်လို့ဟောတော်မူပါတယ်၊ အသရီရံ-စိတ်သည် ရုပ်ဝတ္ထုများကဲ့သို့အလုံး အပြား အဝိုင်းစတဲ့ လုံးရပ်သဏ္ဌာန်ပုံဟန်နိမိတ်အရိပ်အရောင်လဲမရှိပါ၊အာရုံကိုသိနိုင်တဲ့သဘာဝသတ္တိမျှသာရှိပါသည်၊ ဂုဟာသယံ-စိတ်အများစုဟာ ဟဒယလှိုင်ဂူဆိုတဲ့ နှလုံးအိမ်မှာချည်းဖြစ်ကြသော်လဲမြင်သိစိတ်က မျက်လုံးအတွင်းမှာဖြစ်ပါတယ်၊ ကြားသိစိတ်က နားအတွင်းမှာ၊ နံသိစိတ်ကနှာခေါင်းအတွင်းမှာ၊ စားသိစိတ်က လျှာအလယ်မှာ၊ ထိသိစိတ်က ကိုယ်ခန္ဓာအစိုဓာတ်ရှိရာမှာဖြစ်ကြပါတယ်၊ ကျန်တဲ့စိတ်အများအပြားကတော့ ဟဒယလှိုင်ဂူဆိုတဲ့ နှလုံးအိမ်မှာဖြစ်တယ်လို့ ဆိုပါတယ်၊ သတ္တဝါတွေဟာ စိတ်ရဲ့စေခိုင်းရာ စိတ်ရဲ့ဆွဲငင်ရာ ခံနေကြရပါတယ်၊ သက်ရှိသတ္တဝါ အားလုံးဟာစိတ်ဆိုတဲ့ နာမ်တရားရဲ့ အလိုကိုလိုက်ပါဆောင်ရွက် နေကြရပါတယ်၊ ကမ္ဘာကြီးကို ဘယ်သူကဦးဆောင်နေပါသလဲဆိုတော့ စိတ်ကဦးဆောင်နေတာပါ၊

စိတ်ခိုင်း သမျှအကုန်ရှောက်လုပ်နေကြရတာပါ၊ စစ်တိုက်ချင်တာလဲစိတ်ပါပဲ၊ ငြိမ်းချမ်းရေးလိုချင်တာလဲ စိတ်ပါပဲ၊ ကုသိုလ်ပြုချင်တာလဲစိတ်၊ အကုသိုလ်လုပ်ချင်တာလဲစိတ်၊ တရားထိုင်ချင်တာလဲစိတ်၊ ပဋ္ဌာန်းသင်တန်းတက်ချင်တာလဲစိတ်၊ ပျင်းတာလဲစိတ်၊ ပျော်တာလဲစိတ်၊ Holiday ထွက်ချင်တာလဲစိတ်၊ Girl Friend, Boy Friend တွေနဲ့ပျော်ချင်တာလဲစိတ်၊ လောကမှာရာဇဝတ်မှုတွေကျူးလွန်လို့အဖမ်းအဆီး အချုပ်အနှောင်ခံရတာလဲ စိတ်ကြောင့်ပါပဲ၊ ဒါတင်မကသေးပါဘူး၊ လူ့ပြည်ဖြစ်ရတာလဲစိတ်၊ နတ်ပြည် ဗြဟ္မာ့ပြည်မှာဖြစ်ရတာလဲစိတ်၊ အပါယ်လေးဘုံရောက်ရတာလဲ စိတ်ကြောင့်ဖြစ်ကြရတာပါ၊ ဒါကြောင့် မြတ်စွာဘုရားက စိတ်တစ်ခုကို ဆုံးမနိုင်ယင် millionaire သူဌေးဖြစ်ရတာထက် အဆပေါင်းများစွာသာလွန်ပြီး ချမ်းသာပါသတဲ့၊

*(ဆောင်)* လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၊ ကျင်လည်စိတ်ကြောင့်သာ၊
စိတ်ကိုဆုံးမ၊ ချမ်းသာရ၊ ဗုဒ္ဓဟောမိန့်တာ၊

## (စေတသိက်)

စိတ်၌မှီ၍ဖြစ်သောကြောင့် (ဝါ) စိတ်နှင့်မကွေမကွာယှဉ်သောကြောင့် စေတသိက်ခေါ်ပါတယ်၊ စိတ်နှင့်စေတသိက်နှစ်မျိုးတွင် အတော်များများက စိတ်ကိုသုံးနေကြပါတယ်၊ စေတသိက်ကိုမသုံးကြပါဘူး၊ "မင်းစိတ်ကို ငါသိတယ်၊ မင်းအင်မတန် စိတ်ကြီးတဲ့လူပဲ၊ ဒီလူကစိတ်ကောင်းရှိတယ်၊ ဒီလူကစိတ်ကောင်းမရှိဘူး"စသည်ဖြင့် စိတ်ကိုခေါင်းတပ်ပြီးပြောနေကြပါတယ်၊ စိတ်ကိုလွှမ်းမိုးအုပ်ချုပ် ခြယ်လှယ်နေတဲ့တရားကတော့ စေတသိက်ပါပဲ၊ စိတ်ရဲ့ပင်ကိုယ်သဘောကဖြူစင် သန့်ရှင်း အပြစ်ကင်းတဲ့သဘောပါ၊ အာရုံကိုတွေ့ရင်သိတဲ့သဘောမျှသာဖြစ်ပါတယ်၊ "လိုချင်တယ်၊ မလိုချင်ဘူး၊ ချစ်တယ်၊ မချစ်ဘူး" ဆိုတာတွေကစေတသိက်တွေပါ၊ ဖြူစင်နေတဲ့စိတ်ကို စေတသိက်ကခြယ်လှယ်လိုက်တဲ့အခါမှာ "လိုချင်တယ်၊ မလိုချင်ဘူး၊ ချစ်တယ်၊ ကြိုက်တယ်"ဆိုပြီးစေတသိက်တွေဖြစ်လာပါတယ်၊ စေတသိက်ရဲ့သဘောက စိတ်ကိုမှီရုံတင်မဟုတ်သေးပါဘူး၊ စိတ်ကိုမှီပြီးကိုယ့်သဘောကျခြယ်လှယ်လိုက်ပါသေးတယ်၊

**(ဆောင်ပုဒ်)** စိတ်ကိုမှီတွယ်၊ စိတ်ကိုခြယ်၊ မှတ်ဖွယ်စေတသိက်၊ *(လယ်တီဆရာတော်)*

အသန့်ရှင်းဆုံးကတော့ မွေးကာစကလေးအရွယ်ပဲ ဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ စေတသိက်တွေရဲ့ခြယ်လှယ်မှုကို ကောင်းကောင်းမခံရသေးလို့ပါပဲ၊ သူတို့စိတ်ကဖြူစင်နေတာမို့ လူမြင်တိုင်းကချစ်ခင်ကြတယ်၊ သူတို့မှာမနာလိုစိတ်၊ ဝန်တိုစိတ်၊ သဝန်ကြောင်တဲ့စိတ်၊ မကောင်းကြံတဲ့စိတ်တွေမရှိသေးပါဘူး၊ နို့ဆာရင်ငိုပြီး Complain တက်မယ်၊ပခက်ထဲမှာကြာကြာထားရင်တွန့်လိမ်ပြီး Strike လုပ်မယ်၊ ဒီလောက်ပဲရှိပါတယ်၊ လိမ်ပြောကောက်ကြစ် မဲပြစ်တဲ့စိတ်တွေမရှိသေးလို့လူတွေကချစ်ကြတာပါ၊ စိတ်နဲ့စေတသိက်ကိုဥပမာပေးရရင် စိတ်ကရေနဲ့တူပါတယ်၊ ရေဆိုတာကအရောင်မရှိ ကြည်လင်နေတဲ့သဘော၊ ကြည်လင်နေတဲ့ရေထဲကို ဆေးအနီရောင်ထဲ့လိုက်ရင် နီသွားတယ်၊ အဝါရောင်ထဲ့လိုက်ရင်ဝါသွားတယ်၊ အမဲရောင်ထဲ့လိုက်ရင်မဲသွားတယ်၊ ရေကိုအရောင်အမျိုးမျိုးဆိုးလို့ရသလို စိတ်ကိုလဲ အရောင်အမျိုးမျိုးဆိုးလို့ရပါတယ်၊ ကောင်းတဲ့စေတသိက်နဲ့ပေါင်းမိရင် လူတော်လူကောင်းလေးဖြစ်သလို မကောင်းတဲ့စေတသိက်နဲ့ပေါင်းမိရင် တေလေ ဂျပိုး သူခိုးလေးဖြစ်သွားမှာပါ၊ ဒါစေတသိက်

ဆိုတဲ့ ဆိုးဆေးနဲ့ချယ်သလိုက်လို့ လူကောင်း လူဆိုးဆိုပြီး ပုံစံအမျိုးမျိုးပြောင်းသွားရတာပါ၊ အဲဒီ စေတသိက်က ကောင်းတဲ့စေတသိက် မကောင်းတဲ့စေတသိက် ကောင်းမကောင်းရောနေတဲ့စေတသိက် ရယ်လို့(၅၂)ပါးရှိပါတယ်၊ စေတသိက်ရဲ့လက္ခဏာက စိတ်နဲ့အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ အာရုံတူ ခြင်း၊ မှီရာဝတ္ထုတူခြင်းဆိုပြီး လေးပါးရှိပါတယ်၊

## ( ရုပ် )

ရုပ္ပတီတိရုပ်–ဖောက်ပြန်တတ်တဲ့သဘောကို ရုပ်လို့ခေါ်ပါတယ်၊ ရှေ့ရုပ်အစဥ်နဲ့မတူတဲ့ နောက် ရုပ်အစဥ်ဖြစ်တာမျိုးကိုဖောက်ပြန်တယ်လို့ဆိုပါတယ်၊ နေပူထဲသွားတဲ့အခါ ရုပ်ကတစ်မျိုး၊ အရိပ်ထဲမှာ နေတဲ့အခါရုပ်ကတစ်မျိုး၊ ထမင်းဆာတဲ့ရုပ်ကတစ်မျိုး၊ နေထိုင်မကောင်းတဲ့အခါရုပ်ကတစ်မျိုး ဒီလို ဖောက်ပြန်နေတဲ့အတွက်ကြောင့် "ရုပ်"လို့ခေါ်ပါတယ်၊ ရုပ်သာဖောက်ပြန်သလား၊စိတ်ကကောမဖောက် ပြန်ဘူးလားလို့ မေးစရာရှိပါတယ်၊ စိတ်ကတော့ပိုပြီးဖောက်ပြန်ပါတယ်၊ ဒါဖြင့်ဘာကြောင့်ဖောက်ပြန် တတ်သောကြောင့်စိတ်လို့မခေါ်သလဲလို့ ထပ်ဆင့်မေးစရာပေါ့၊ မျက်စိနဲ့မြင်ရပြီး ထင်ရှားတဲ့ဖောက်ပြန် တာမျိုးကို ရည်ရွယ်ကာ ဖောက်ပြန်တတ်သောကြောင့် "ရုပ်"လို့ ဆိုရပါတယ်၊ စိတ်ကလဲ ဆိုးလိုက်၊ ကောင်းလိုက်နဲ့ဖောက်ပြန်နေတာပဲမဟုတ်လား၊ သို့သော်လဲသူဖောက်ပြန်တာကျတော့ထင်ရှားမရှိ မမြင် ရသောဖောက်ပြန်ခြင်းမို့ ဖောက်ပြန်တယ်လို့မဆိုရတာပါ၊ရုပ်ဆိုတာက ကိုယ့်ခန္ဓာ သူတစ်ပါးခန္ဓာ၊ဗဟိဒ္ဓ အပသန္တာန်မှာမျက်စိနဲ့မြင်တွေ့နေရတဲ့ အိမ်တွေ ကျောင်းတွေ ပရိဘောဂအသုံးအဆောင် ဒံအိုး ဒံခွက် အဝတ်အစားမှအစ သစ်ပင် တော တောင် ရေ မြေတွေအားလုံးဟာ ရုပ်တွေချည်းပါပဲ၊ ရုပ်က External မှာလဲရှိ Internal မှာလဲရှိပါတယ်၊ စိတ် စေတသိက်တွေကတော့ Internal မှာပဲရှိတယ်၊ ခန္ဓာထဲမှာပဲရှိ တယ်၊ ပြင်ပသစ်ပင် တော တောင်တွေမှာ မရှိပါ၊ အဲဒီရုပ်ကမှီရာမဟာဘုတ်လေးပါး၊ မှီတတ်တဲ့ဥပါဒါ ရုပ်(၂၄)ပါးစသည်ဖြင့်သူ့ Group နဲ့သူ (၂၈)ပါးရှိပါတယ်၊

## ( နိဗ္ဗာန် )

နိဗ္ဗာန်ကရာဂ ဒေါသ မောဟစတဲ့ တစ်ဆဲ့တစ်သီး မီးငြိမ်းနေတာကို "နိဗ္ဗာန်"သို့မဟုတ် ဒုက္ခ အားလုံးချုပ်ငြိမ်းနေတဲ့သဘောတရားကို "နိဗ္ဗာန်"လို့ခေါ်ပါတယ်၊ ဒီနေရာမှာ ဆရာတော်ဦးသီလာနန္ဒ ရဲ့အာဘော်အရပြောရမယ်ဆိုရင် ပရမတ္ထလေးပါးတွင် စိတ် စေတသိက် နိဗ္ဗာန်ကနာမ်တရား၊ ရုပ်(၂၈) ပါးကရုပ်တရား၊ စိတ် စေတသိက်တရားက အာရုံရှိရာသို့ ညွတ်တတ်သောကြောင့်နာမ်လို့ခေါ်တယ်၊ ရွှေတိဂုံဘုရားကြီးလှမ်းပြီး အာရုံပြုလိုက်ပေါ်လာတယ်၊ တနည်း–မိမိဆီသို့လည်း တခြားစိတ် စေတ သိက်တို့ကို ညွတ်စေတတ်သောကြောင့်(ဝါ)ညွတ်အောင်လုပ်နိုင်သောကြောင့် နာမ်လို့ခေါ်တယ်၊ ပရ စိတ္တဝိဇာနနဉာဏ်ရရင် ကိုယ့်စိတ်ကလဲသူတစ်ပါးစိတ်ကိုသိနိုင်သလို သူတစ်ပါးစိတ်ကလဲကိုယ့်စိတ် ကိုသိနိုင်ပါတယ်၊ ဒါကြောင့် စိတ် စေတသိက်ရဲ့ Definition ကနှစ်မျိုးရပါတယ်၊ နိဗ္ဗာန်ဟူသောနာမ် ကတော့ စိတ်စေတသိက်တို့ကို မိမိဆီသို့ညွတ်အောင်လုပ်တတ်သောကြောင့် (ဝါ)မိမိဆီသို့ညွတ်စေ တတ်သောကြောင့် နာမ်လို့ခေါ်ပါတယ်၊

"နိဗ္ဗာန်ရွှေပြည်မြတ်သို့ရောက်ရပါလို၏"ဟုဆုတောင်းကြရာ၌ နတ်ပြည်(၆)ထပ်၊ ဗြဟ္မာ့ပြည်(၂၀) ကဲ့ သို့ ဘုံဗိမာန်အနေနဲ့ထင်ရှားမရှိပါ၊ ငြိမ်းအေးနေတဲ့ သဘောသတ္တိမျှသာရှိပါတယ်၊ သတ္တဝါတိုင်းဟာ ကိုယ့်စိတ်နဲ့ကိုယ်ရှိသလို အရိယာအရှင်မြတ်များလဲ ကိုယ့်နိဗ္ဗာန်နဲ့ကိုယ် အသီးသီးအာရုံပြုကြပါတယ်၊ မြတ်စွာဘုရားလဲမြတ်စွာဘုရားနိဗ္ဗာန်၊ ရှင်သာရိပုတ္တရာလဲရှင်သာရိပုတ္တရာနိဗ္ဗာန် အသီးသီးအာရုံပြုကြ တာပါ၊ နိဗ္ဗာန်ကတော့ တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှမဖြစ်ပဲ အကြောင်းကင်းလျက်ဖြစ်သော ကြောင့် အပစ္စယလို့ခေါ်ပါတယ်၊ ရုပ်က ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်ရတာ ပါ၊နိဗ္ဗာန်ကိုဖြစ်စေတတ်တဲ့ အကြောင်းမရှိဆိုတာက နီးသောအကြောင်းမရှိခြင်းကိုသာဆိုပါတယ်၊ ဝေး သောအကြောင်းကတော့ နေ့စဥ်အားထုတ်နေတဲ့ ဒါန သီလ ဘာဝနာကောင်းမှုတွေဖြစ်ပါတယ်၊ နိဗ္ဗာန် အကြောင်းပြောရမယ်ဆို အများကြီးရှိပါသေးတယ်၊ နောက်တော့ကြုံကြသေးတာပေါ့၊

ကဲဒီတော့ ပရမတ္ထတရားလေးပါးစုံသွားပြီနော်၊ ပင်ကိုယ်သဘောမှမဖောက်ပြန် သဘာဝအမှန် အတိုင်းဖြစ်တတ်သောကြောင့် "ပရမတ္ထ"လို့ခေါ်ပါတယ်၊ ဘယ်နှစ်မျိုးရှိသလဲ စိတ် စေတသိက် ရုပ် နိဗ္ဗာန်လေးမျိုးရှိတယ်၊ **ဘာကိုပညတ်လို့ခေါ်သလဲ** ? လောကခေါ်ဝေါ်သုံးနှုန်းရလွယ်ကူစေရန် တင်စား မှဲ့ခေါ်ထားသော မောင်ဖြူ မောင်နီ အိမ် ကျောင်းစသည်များကို ပညတ်လို့ခေါ်ပါတယ်၊

**ပညတ်ဘယ်နှစ်မျိုးရှိသလဲ?** နာမပညတ်၊အတ္ထပညတ်ဟူ၍နှစ်မျိုးရှိပါသည်၊ မောင်ဖြူ မောင်နီ ခွေး ကြောင် အိမ် ကျောင်း မော်တော်ကားစသည်တို့ဟာ နာမပညတ်များဖြစ်ပါတယ်၊ အထည်ကိုယ်ဒြပ် ပုံပန်းသဏ္ဍာန်ကအတ္ထပညတ်ဖြစ်ပါတယ်၊ မောင်ဖြူဆိုတဲ့အမည်ကနာမပညတ်၊ ခန္ဓာငါးပါးနဲ့ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူကောင်ကြီးက အတ္ထပညတ်လို့ခွဲရပါမယ်၊ တနည်း-နာမည်သက်သက် အခေါ်အဝေါ်သက်သက်က နာမပညတ်၊ အခေါ်အဝေါ်ကကိုယ်စားပြုထားတဲ့ အနက်ဒြပ်က အတ္ထပညတ်ဖြစ်ပါတယ်၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ပရမတ္ထတရားလေးပါးအဓိပ္ပါယ်သိသွားပြီမို့ နောက်တပတ် စိတ်အကျဉ်း(၈၉)ပါး၊ အကျယ်(၁၂၁)ပါးကို လေ့လာကြရမှာဖြစ်ပါတယ်၊ *(မဏာပဲမနေနဲ့နော်)*

## ( စိတ်ပိုင်း )

ယနေ့စိတ်ပိုင်းကိုစပြီးလေ့လာကြရမှာဖြစ်ပါတယ်၊ စိတ်ကအကျဉ်း၈၉-ပါး၊ အကျယ်၁၂၁-ပါးရှိပါတယ်၊ဒါကိုအကျဉ်းနည်းနဲ့ရေတွက်လိုက်ရင် ကာမာဝစရစိတ်၅၄-ပါး၊ ရူပါဝစရစိတ်၁၅-ပါး၊ အရူပါဝစရစိတ်၁၂-ပါး၊လောကုတ္တရာစိတ်အကျဉ်း၈-ပါး၊ အကျယ်၄၀-ပါးအားဖြင့် စိတ်အကျဉ်း၈၉-ပါး၊ အကျယ်၁၂၁-ပါးဖြစ်ပါတယ်၊

### ကာမာဝစရစိတ်(၅၄)ပါး
### အဘယ်ကြောင့်ကာမာဝစရစိတ်ခေါ်သနည်း?

ကာမဘုံ၌များသောအားဖြင့် ကြင်လည်တတ် ဖြစ်တတ်သောစိတ်ကို"ကာမာဝစရစိတ်"ဟုခေါ်ပါသည်၊ ထိုစိတ်ကိုပင်"ကာမစိတ်" ဟုလည်းခေါ်ပါသည်၊ အင်္ဂလန်မှာမွေးအင်္ဂလန်မှာကြီးတဲ့ပုဂ္ဂိုလ်ကို အင်္ဂလန်နိုင်ငံသားလို့ခေါ်ရပေမဲ့ တစ်ခါတစ်ရံမြန်မာပြည်လဲသွား၊ အမေရိကန်၊ ဂျပန်လဲသွားပါတယ်၊ သို့သော်အင်္ဂလန်မှာအနေများတာမို့ အင်္ဂလန်နိုင်ငံသားလို့ပဲခေါ်ရပါတယ်၊ ထို့အတူပဲကာမာဝစရစိတ်ဆိုပေမဲ့ တစ်ချို့စိတ်တွေက ရူပဘုံ အရူပဘုံတွေမှာလဲသွားဖြစ်အုံးမယ်၊ အများအားဖြင့်တော့လူ့ဘုံ နတ်ဘုံ အပါယ်ဘုံတွေမှာသာအဖြစ်များလို့မို့ ကာမာဝစရစိတ်လို့ခေါ်ပါတယ်၊ ရူပ အရူပစိတ်တို့လဲ အတူတူပင်၊ လောကုတ္တရာစိတ်ကတော့ ကာမ ရူပ အရူပဆိုတဲ့လောကမှ လွန်မြောက်တဲ့စိတ်ကိုခေါ်ပါတယ်၊ အကုသိုလ်စိတ်၁၂-ပါး၊ အဟိတ်စိတ်၁၈-ပါး၊ သောဘနစိတ်၂၄-ပါးအားဖြင့်ကာမစိတ်၅၄-ပါးဖြစ်ပါသည်၊

### အဘယ်ကြောင့် အကုသိုလ်စိတ်ခေါ်သနည်း?

အ+ကုသလ၊အ-ကမဟုတ်ဘူးဆိုတဲ့အဓိပ္ပါယ်၊ ကုသလ-ကဖြူစင်သန့်ရှင်းအပြစ်ကင်းခြင်း၊ ဖြူစင်သန့်ရှင်းအပြစ်ကင်းတဲ့စိတ်မဟုတ်တာကို အကုသိုလ်စိတ်လို့ခေါ်ပါတယ်၊ ကုသိုလ်ရဲ့ဆန့်ကျင်ဘက်ကိုအကုသိုလ်လို့ခေါ်ပါတယ်၊ အပြစ်နှင့်တကွဖြစ်ခြင်း မကောင်းကျိုးကိုပေးခြင်း လက္ခဏာနှစ်ပါးနဲ့ပြည့်စုံရင် အကုသိုလ်ခေါ်ပါတယ်၊

အကုသိုလ်စိတ်၁၂-ပါးကား လောဘမူစိတ်၈-ပါး၊ ဒေါသမူစိတ်၂-ပါး၊ မောဟမူစိတ်၂-ပါးဖြစ်ပါသည်၊

### အဘယ်ကြောင့် လောဘမူစိတ်ခေါ်သနည်း?

မူရင်းက လောဘမူလစိတ်၊ လောဘကလိုချင်တတ်မက်ခြင်း၊ မူလကအရင်းအမြစ်၊ လိုချင်တတ်မက်ခြင်းလောဘအရင်းအမြစ်နှင့်တကွ ဖြစ်သောစိတ်ကိုလောဘမူလစိတ်(ဝါ) လောဘမူစိတ်ဟုခေါ်ပါသည်၊ စိတ်ဆိုးအမျက်ထွက်ခြင်း ဒေါသအရင်းအမြစ်နှင့်တကွဖြစ်သောစိတ်ကို ဒေါသမူစိတ်၊ တွေဝေခြင်း မောဟအရင်းအမြစ်နှင့်တကွဖြစ်သောစိတ်ကို မောဟမူစိတ်ဟုခေါ်ပါသည်၊

### လောဘမူစိတ်(၈)ပါးကိုရေတွက်ပြပါ

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် အသင်္ခါရိကစိတ် ၁ပါး၊
(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် သသင်္ခါရိကစိတ် ၁ပါး၊
(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂုတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ပါး၊
(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂုတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ပါး၊
(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် အသင်္ခါရိကစိတ် ၁ပါး၊
(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂုတသမ္ပယုတ် သသင်္ခါရိကစိတ် ၁ပါး၊
(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂုတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ပါး၊

(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ပါး၊
ဟူ၍ လောဘမူစိတ် (၈) ပါးဖြစ်ပါသည်၊

**အဓိပ္ပါယ်ကြည့်ရအောင်–** သောမနဿ–ကဝမ်းမြောက်တာ၊ သဟဂတ–ကတကွဖြစ်တာ၊ ဝမ်းမြောက်ခြင်းနှင့်တကွဖြစ်တယ်၊ ဝမ်းမြောက်တယ်၊ ဒိဋ္ဌိဂတသမ္ပယုတ်–ဒိဋ္ဌိဆိုတာမှားသောအယူ၊ မှားသောအယူဆိုတာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၊ ကံကံ၏အကျိုးမရှိဟူသောအယူ၊ ဒီလောက နောက်လောကမရှိဟူသောအယူကို မိစ္ဆာဒိဋ္ဌိခေါ်ပါတယ်၊ သမ္ပယုတ္တ–ကယှဉ်တာ၊အသင်္ခါရိက သသင်္ခါရိကမှာသင်္ခါရဆိုတဲ့ပုဒ်ပါတယ်၊စကားလုံးတူပေမဲ့ အဓိပ္ပါယ်ကမတူပါ၊ အကြောင်းတရားတို့ပြုပြင်စီမံ ထားတာကိုသင်္ခါရ၊"သဗ္ဗေသင်္ခါရာအနိစ္စာ"အလုံးစုံသောသင်္ခါရတရားများ အနိစ္စဆိုတော့သက်ရှိသက်မဲ့အရာဝတ္ထုအားလုံးသင်္ခါရလို့ခေါ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာပါတဲ့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"အရကံဆိုတဲ့စေတနာကိုသင်္ခါရခေါ်ပါတယ်၊ ဒီနေရာမှာသင်္ခါရ–က တိုက်တွန်းမှုကိုဆိုလိုတယ်၊ တိုက်တွန်းမှုကြောင့်ဖြစ်တဲ့စိတ်ကိုသသင်္ခါရိကစိတ်၊ မတိုက်တွန်းရပဲအလိုလိုဖြစ်တဲ့စိတ်ကို အသင်္ခါရိကစိတ် ခေါ်ပါတယ်၊ ဒါကြောင့်ပထမစိတ်က သောမနဿဝေဒနာနှင့်တကွဖြစ်တယ်၊ မိစ္ဆာဒိဋ္ဌိနဲ့လဲယှဉ်တယ်၊ တိုက်တွန်းခြင်းလဲမရှိတဲ့စိတ်ဖြစ်ပါတယ်၊

ဒုတိယစိတ်က–သောမနဿဝေဒနာနဲ့တကွဖြစ်တယ်၊ မိစ္ဆာဒိဋ္ဌိနဲ့လဲယှဉ်တယ်၊ တိုက်တွန်းခြင်းလဲရှိတဲ့စိတ်ဖြစ်ပါတယ်၊ ဒီစိတ်က လောဘအရင်းခံတာမို့ သူများပစ္စည်း ခိုးတဲ့အခါမှာဖြစ်ပါတယ်၊ (၁)သူများပစ္စည်းခိုးတော့ ဝမ်းသာမှုလဲရှိတယ်၊ ဒီလောက်နဲနဲပါးပါးကတော့ အပြစ်မကြီးပါဘူးဆိုပြီး သူတစ်ပါးမတိုက်တွန်းပဲခိုးခြင်း၊ (၂) ဟေ့ကောင် ယူသွား ယူသွား၊ ငါတို့လဲယူမယ်၊ မင်းလဲယူသွားလို့ တိုက်တွန်းသဖြင့်ခိုးခြင်း၊ (၃) ဝမ်းသာတယ်၊ ခိုးတာမကောင်းဘူး၊ နဲနဲခိုးလဲအပါယ်ကျ၊ များများခိုးလဲ အပါယ်ကျတာပဲလို့သိတယ်၊ ဒါပေမဲ့ "ငါ့ဝမ်းပူဆာ မနေသာ" ဆိုတာလိုစားစရာမရှိလို့ခိုးခြင်း၊ (၄)ငါ့လူ မင်းသူတော်ကောင်းလုပ်မနေနဲ့ အများမိုးခါးရေသောက် သောက်ရင်သောက်လိုက် မင်းကလေးတွေ ထမင်းရေသောက်နေရတာလို့ တစ်စုံတစ်ယောက်တိုက်တွန်းသဖြင့်ခိုးခြင်း၊ ဒါက သောမနဿဝေဒနာနှင့် တကွဖြစ်တဲ့စိတ် လေးပါးဖြစ်ပါတယ်၊

နောက်နံပါတ်(၅)က ဥပေက္ခာသဟဂတ–ဥပေက္ခာနှင့်တကွဖြစ်ခြင်း၊ တစ်ချို့က ဥပက်ခါလို့ ဖတ်တယ်၊ တစ်ချို့က ဥပြစ်ခါ လို့ဖတ်တယ်၊ နှစ်ခုစလုံးမှားတယ်၊ "ဥပစ်ခါ"လို့ ဖတ်ရမယ်၊ တိသရဏေန သဟ ပြင်စသီလံလို့ ဖတ်တာရှိသေးတယ်၊ "ပင်စ"လို့ ဖတ်ရမယ်၊ ဥပေက္ခာဆိုတာဝမ်းနဲ ဝမ်းသာမဖြစ်ပဲ အလယ်အလတ်ခံစားတဲ့သဘောဖြစ်ပါတယ်၊ တစ်စုံတစ်ခုကြားလိုက်ရလို့ ဝမ်းသာတဲ့ အခါ သောမနဿ၊ ဝမ်းနဲတဲ့အခါဒေါမနဿ၊ အမှတ်တမဲ့ ဝမ်းနဲ ဝမ်းသာမဖြစ်တဲ့အခါလဲရှိတယ်၊ ဒါကိုတော့ "ဥပေက္ခာ" လို့ခေါ်တယ်၊ ဥပ+ဣက္ခာလို့ပုဒ်ခွဲပြီး ဥပ–ကဘက်မလိုက်ပဲ၊ ဣက္ခာ–ကရှုတာ၊ ဝမ်းနဲတဲ့ဘက်လဲမလိုက်၊ ဝမ်းသာတဲ့ဘက်လဲမလိုက်ပဲ သမာသမတ်မျှတစွာရှုတာကိုခေါ်ပါတယ်၊ ပြောစကားနားမထောင်လို့ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်တော့ဆိုပြီး ဥပေက္ခာပြု လျစ်လျူရှုနေလိုက်တာမျိုး မဟုတ်ဘူး၊ ဥပေက္ခာနှင့်တကွဖြစ်၍ ဒိဋ္ဌိနှင့်ယှဉ်ပြီး တိုက်တွန်းခြင်းမရှိတဲ့ စိတ်ကတစ်ပါး၊ တိုက်တွန်းခြင်းရှိတဲ့စိတ်ကတစ်ပါး၊ ဥပေက္ခာနှင့်တကွဖြစ်ပြီး ဒိဋ္ဌိနဲ့မယှဉ်ပဲ တိုက်တွန်းခြင်းမရှိတဲ့စိတ်တစ်ပါး၊ တိုက်တွန်းခြင်းရှိတဲ့စိတ်တစ်ပါးဆိုပြီး ဥပေက္ခာဝေဒနာနှင့်တကွဖြစ်တဲ့စိတ်ကလေးပါး၊ ပေါင်းတော့ လောဘမူစိတ်(၈)ပါးဖြစ်ပါတယ်၊ သူခိုးဟာခိုးနေကျဆိုတော့ သိတ်မကြောက်တော့ဘူး၊ ပေါ်တင်ချည်းလဲမဟုတ်ပဲ ကိုယ့်ပစ္စည်းလိုလိုဘာလိုလိုနဲ့ ယူတာမျိုးကို ဥပေက္ခာနဲ့ ခိုးတယ်လို့ဆိုရမှာပါ၊ ဒါကတော့ လောဘမူစိတ်(၈)ပါး သရုပ် အဓိပ္ပါယ်ဖြစ်ပါတယ်၊ မပြီးဆုံးသေးတဲ့အကုသိုလ် ဒေါသမူစိတ် ၂–ပါးနဲ့ မောဟမူစိတ်၂–ပါးကိုနောက်တပတ်မှဆက်ပြီး လေ့လာကြတာပေါ့–––

**ဒေါသမူစိတ် (၂) ပါး**

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် (၁)ပါး၊
(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် (၁)ပါး၊
ဟူ၍ ဒေါသမူစိတ် (၂)ပါးဖြစ်ပါတယ်၊

ဝမ်းနဲတဲ့ခံစားမှု စိတ်မချမ်းသာတဲ့ခံစားမှုကိုဒေါမနဿခေါ်ပါတယ်၊ ဒု–မန၊ဒု–ကမကောင်းတာ၊ မန–ကစိတ်၊ မကောင်းတဲ့စိတ်ဖြစ်နေတာကို ဒေါမနဿခေါ်ပါတယ်၊ သောမနဿရဲ့ဆန့်ကျင်ဘက်ပေါ့၊ ဒါ

ကိုဒေါမနဿသဟဂုတ်စိတ်ခေါ်တယ်၊ နောက်တစ်ခုက ပဋိဃသမ္ပယုတ္တ၊ ပဋိဃ–ကတိုက်ခိုက်တာ၊တစ်စုံတစ်ယောက်ကို မကျေနပ်လို့လက်သီးနဲ့ထထိုးတာ ပဋိဃလို့လဲခေါ်တယ်၊ ဒေါသလို့လဲခေါ်တယ်၊ ဒီနေရာမှာ ဒေါသ ဒေါမနဿဆိုပြီး (၂)မျိုးရှိပါတယ်၊ မတူကြဘူး၊ ဒေါသ–ကထိပါးတိုက်ခိုက်တာ၊ ဒေါမနဿ–ကစိတ်မချမ်းသာတဲ့ခံစားမှုဝေဒနာဖြစ်ပါတယ်၊ **သရဲကြောက်တာဘာစိတ်ဖြစ်မလဲ**၊ ဒေါသ–ကတက်ကြွတဲ့ဒေါသနဲ့ ဆုတ်နစ်တဲ့ဒေါသဆိုပြီး နှစ်မျိုးရှိတယ်၊ တိုက်မယ် ခိုက်မယ် ထိုးမယ် နှက်မယ်ဆိုတာကတက်ကြွတဲ့ဒေါသ၊ သူများအိမ်ကလင်မယားရန်ဖြစ်နေရင် အပြင်မထွက်ရဲတာက ဆုတ်နစ်တဲ့ဒေါသဖြစ်ပါတယ်၊သရဲကြောက်တာလဲအတူတူပေါ့၊ ဒါကလဲ အသင်္ခါရိကစိတ် သသင်္ခါရိကစိတ်(၂)မျိုးရှိတယ်၊တစ်စုံတစ်ယောက်က လက်သီးနဲ့လာထိုးတဲ့အခါ ဂလဲ့စားချေ လက်တုံ့ပြန်တာကအသင်္ခါရိက၊ တစ်ယောက်ယောက်က ဟေ့ကောင် မင်းကိုဆဲနေတယ် ပါးစပ်မပါဘူးလား၊ ပြန်ဆဲပါလားနဲ့တိုက်တွန်းလို့ဆဲတာက သသင်္ခါရိကစိတ်ဖြစ်ပါတယ်၊ ဒါဒေါသမူစိတ် (၂)ပါးပါပဲ၊

**မောဟမူစိတ် (၂) ပါး**

(၁) ဥပေက္ခာနှင့်တကွဖြစ်သော ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ် (၁)ပါး၊

(၂) ဥပေက္ခာနှင့်တကွဖြစ်သော ဥဒ္ဓစ္စနှင့်ယှဉ်သော စိတ် (၁)ပါး၊

ဟူ၍ မောဟမူစိတ် (၂)ပါးဖြစ်ပါတယ်၊

ဝိစိကိစ္ဆာ–ကရတနာသုံးပါးအပေါ်မှာ ယုံမှားသံသယဖြစ်ပါတယ်၊ ဒီစိတ်နဲ့ယှဉ်တာကို ဝိစိကိစ္ဆာသမ္ပယုတ်ခေါ်ပါတယ်၊ဥဒ္ဓစ္စဆိုတာက၊ ဥ–ကတစ်ပုဒ်၊ ဓစ္စ–ကတစ်ပုဒ်၊ ဥ–ကအထက်ဆိုတဲ့အဓိပ္ပါယ်ရတယ်၊ ဓစ္စ–ကလူပ်ရှားနေတာ၊ အထက်မှာလူပ်နေတယ်ဆိုတော့ စိတ်ကအာရုံနဲ့မကပ်ပဲ တစ်ခြားရောက်နေတာကိုပြောပါတယ်၊ တရားထိုင်တဲ့အခါပိုသိသာပါတယ်၊ နှာသီးဝဆိုတဲ့အာရုံပေါ်မရောက်ပဲ ငါ့အိမ်မီးဖိုချောင်တံခါး သော့မခတ်မိရဲ့လား၊ အခန်းပြူတင်းပေါက် မပိတ်မိဘူးနဲ့တူတယ်စသည်ဖြင့် ပျံ့လွင့်နေတာမျိုးကိုဥဒ္ဓစ္စခေါ်ပါတယ်၊ တရားအားထုတ်ရာမှာလိုအပ်တဲ့ဝီရိယပိုသွားရင်လဲ အာရုံနဲ့စိတ်ကွာသွားပြီး ဥဒ္ဓစ္စဖြစ်တတ်ပါတယ်၊ ဝီရိယလွန်တော့ ဥဒ္ဓစ္စဖြစ်ဆိုတဲ့စကားလိုပေါ့၊ ဒါမောဟမူစိတ် ၂–ပါးဖြစ်ပါတယ်၊ မသိတိုင်းမောဟ မဟုတ်သလို၊ ယုံမှားသံသယဖြစ်တိုင်း မဆုံးဖြတ်နိုင်တိုင်းလဲ ဝိစိကိစ္ဆာ မဟုတ်ပါ၊ ဥပမာ ဆရာဝန်က အင်ဂျင်နီယာအကြောင်းမသိတာကို မောဟလို့ မဆိုနိုင်သလို ကားနဲ့သွားရင်း ဘယ်ကွေ့ရမလား၊ ညာကွေ့ရမလားနဲ့ သံသယဖြစ်နေတာကိုလဲ ဝိစိကိစ္ဆာလို့ မပြောနိုင်ပါဘူး၊ ဒါအကုသိုလ်မဟုတ်ပါဘူး၊ ဒီနေ့ကားမောင်းတာ ငါ့မှာအကုသိုလ်တွေအများကြီးဖြစ်နေပြီထင်ပြီး စိတ်မပျက်လိုက်ပါနဲ့၊ ကဲ အကုသိုလ်စိတ်(၁၂)ပါးအကျဉ်းချုပ်လိုက်ကြစို့–––

လောဘမူစိတ် (၈)ပါး၊ ဒေါသမူစိတ် (၂)ပါး၊ မောဟမူစိတ် (၂) ပါးပေါင်း (၁၂)ပါးဖြစ်ပါတယ်၊ သသင်္ခါရိကစိတ် (၅)ပါး၊ အသင်္ခါရိကစိတ် (၅)ပါး၊ သင်္ခါရဝိမုတ်စိတ် (၂)ပါး၊ ပေါင်း(၁၂)ပါးဖြစ်တယ်၊ သောမနဿဝေဒနာ (၄)ပါး၊ဥပေက္ခာဝေဒနာ (၆)ပါး၊ ဒေါမနဿဝေဒနာ (၂)ပါး ပေါင်းအကုသိုလ်စိတ် (၁၂)ပါးဖြစ်ပါတယ်၊ သမ္ပယုတ်စိတ် (၈)ပါး၊ ဝိပ္ပယုတ်စိတ် (၄) ပါးပေါင်းအကုသိုလ် စိတ်(၁၂)ပါး ဖြစ်ပါတယ်၊ အကုသိုလ်စိတ် (၁၂)ပါးဒီမှာပဲ နိဂုံးကမ္ပတ် အဆုံးသတ်ပါပြီ၊

## အဟိတ်စိတ် (၁၈) ပါး

အကုသလဝိပါက်စိတ်(၇)ပါး၊ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး၊ အဟိတ်ကြိယာစိတ်(၃)ပါး ဆိုပြီးအဟိတ်စိတ်(၁၈)ပါး ရှိပါတယ်၊ ဟိတ်(၆)ပါးနှင့်မယှဉ်သောစိတ်ကို အဟိတ်စိတ်ခေါ်ပါတယ်၊

**အကုသလဝိပါက်စိတ်(၇)ပါး**

အကုသလ–အကုသိုလ်၏၊ ဝိပါက–အကျိုးဖြစ်သောစိတ်၊ အကုသိုလ်ရဲ့အကျိုးဖြစ်သောစိတ်ကို အကုသလဝိပါက်စိတ်ခေါ်ပါတယ်၊

**အကုသလဝိပါက်စိတ်(၇)ပါးကိုရေတွက်ပြပါ**

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ် ၁–ပါး၊

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ် ၁–ပါး၊

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ် ၁–ပါး၊

(၄) ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ် ၁–ပါး၊

(၅) ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ် ၁–ပါး၊

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် ၁–ပါး၊ *(သမ္ပဋိစ္ဆိုင်းကို၊ သံပတိတ်ဆိုင်းဟုဖတ်ဂုမည်)*

(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁–ပါး၊

အကုသိုလ်စိတ် (၇)ပါးဖြစ်ပါတယ်၊ *(ဝိညာဉ်ကိုဝိ–ညင်ဟုမဖတ်ဂု၊ ဝိန်ညင်ဟုဖတ်ဂုမည်)*

**အကုသလဝိပါက်စိတ်**

အကုသိုလ်ဆိုတာ အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိတယ်၊ ဝိပါက်ဆိုတာ အကျိုးဖြစ်တဲ့စိတ်တွေလို့ဆိုလိုတယ်၊ အတိတ်ဘဝကပြုခဲ့တဲ့ကံကြောင့် ရရှိတဲ့အကျိုးတရားသက်သက်သာဖြစ်တယ်၊ ဝိပါက်စိတ်တွေဆိုတာသူများပြုလို့နုနေရတဲ့ဘဝမို့ သူ့မှာလုံ့လ ဗျာပါရဘာမှမရှိဘူး၊ နောက်ထပ်လဲအကျိုးမပေးနိုင်ဘူး၊ ထာဝရငြိမ်သက်အေးချမ်းနေပါတယ်၊

ဥပေက္ခာသဟဂုတ်– အကောင်းလဲမဟုတ် အဆိုးလဲမဟုတ် အလယ်အလတ်ခံစားမှုနှင့်တကွဖြစ်တဲ့စိတ်ကို ဥပေက္ခာသဟဂုတ်ဟုခေါ်သည်၊

စက္ခုဝိညာဉ်စိတ်၊ စက္ခု–က မျက်လုံး၊ ဝိညာဏ–က မြင်သိစိတ်၊ စက္ခုဝိညာဉ်ဆိုတာမြင်သိစိတ်ဖြစ်ပါတယ်၊ မြင်ရုံပဲမြင်တယ်၊ မြင်ကာမျှဖြစ်တဲ့စိတ်ကိုစက္ခုဝိညာဉ်စိတ်ခေါ်ပါတယ်၊ ဒီစိတ်က ကုသိုလ်ရဲ့အကျိုးလား၊ အကုသိုလ်ရဲ့အကျိုးလားဆိုတော့ အကုသိုလ်ရဲ့အကျိုး၊ မကောင်းတာမြင်ရတယ်၊ ကိုယ်မမြင်ချင်မတွေ့ချင်တဲ့လူနဲ့တွေ့ရမြင်ရတာက အတိတ်ကကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကြောင့်ရရှိတဲ့အကျိုးတရားသာဖြစ်ပါတယ်၊ မကောင်းတာမြင်ရ တွေ့ရလို့ ဒေါသဖြစ်နေရင် ဘယ်သူမှအပြစ်မတင်နဲ့၊ ကိုယ့်ကိုကိုယ်ပြန်အပြစ်တင်ရမှာ၊ ဒါအဘိဓမ္မာသဘောအရပြောတာ၊

ထို့အတူ မကြားချင်တဲ့အသံတွေကြားနေရတာက သောတဝိညာဉ်စိတ်၊ မကောင်းတဲ့အနံ့တွေနမ်းရှုနေရတာက ဃာနဝိညာဉ်စိတ်ဖြစ်တယ်၊ မကောင်းတဲ့အစားအစာတွေ ကိုယ်မကြိုက်တဲ့ခဲဘွယ်ဘောဇဉ်တွေ စားသောက်နေရတာက ဇိဝှါဝိညာဉ်စိတ်ဖြစ်တယ်၊ အဲဒီစိတ်လေးမျိုးက ဘာဝေဒနာနှင့်တကွဖြစ်သလဲဆိုတော့ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ပါတယ်၊ နောက်ကာယဝိညာဉ်စိတ်၊ ကာယ–က ခန္ဓာကိုယ်ကြီး၊ဝိညာဉ်–ကအသိစိတ်၊ ကာယနဲ့တွေ့ထိတဲ့ရုပ်က ဖောဋ္ဌဗ္ဗရုပ်၊ **"အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗရူပံနာမ"** ဖောဋ္ဌဗ္ဗရုပ်ဆိုတာ ပထဝီ တေဇော ဝါယောအမာရုပ်ဖြစ်ပါတယ်၊ ကိုယ့်ကိုကိုယ်ပြန်ပြီး လက်သီးနဲ့ထိုးကြည့်၊ ကုတ်ဖဲ့ကြည့်၊ ဆင်းရဲမလား ချမ်းသာမလားဆိုတော့ ဆင်းရဲမယ်၊ ဓားရှတဲ့အခါတို့ ခလုတ်တိုက်မိတဲ့အခါတို့မှာ သိသာတယ်ဆင်းရဲမယ်၊ ဒါကိုဒုက္ခသဟ–ဂုတ် ကာယဝိညာဉ်ခေါ်ပါတယ်၊ *(ဖောဋ္ဌဗ္ဗကိုဖွတ်ထပ်ဗဟုဖတ်)*

နောက်သမ္ပဋိစ္ဆိုင်းစိတ်ဆိုတာ စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်ခေါ်တဲ့ပဥ္စဝိညာဉ်ကယူပေးတဲ့ အာရုံကိုလွှတ်မပစ်ပဲ လက်ခံထားတဲ့သဘောဖြစ်ပါတယ်၊ သမ္ပဋိစ္ဆိုင်း က လက်ခံထားတဲ့အာရုံကို စုံစမ်းတာကသန္တီရဏစိတ်ဖြစ်ပါတယ်၊ ဒီစိတ်(၂)ပါးဘာဝေဒနာနဲ့ တကွဖြစ်သလဲဆိုတော့ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ပါတယ်၊ ဒီ(၇)ပါးကိုအကုသလဝိပါက်လို့ခေါ်ပါတယ်၊

**အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး**

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်၁–ပါး၊

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်၁–ပါး၊

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်၁–ပါး၊

(၄) ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်၁–ပါး၊

(၅) သုခသဟဂုတ် ကာယဝိညာဉ်စိတ်၁–ပါး၊

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်၁–ပါး၊

(၇) သောမနဿသဟဂုတ် သန္တီရဏစိတ်၁–ပါး၊

(၈) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်၁–ပါး၊

ဟူ၍ အဟိတ်ကုသလဝိပါက်စိတ်(၈)ပါးဖြစ်ပါတယ်၊

**အဟိတ် သဟိတ်အထူးပြုပုံ**

အကုသလဝိပါက်စိတ်မှာ "အဟိတ်"ဆိုတဲ့နာမည်နဲ့ အထူးမပြုပဲ ကုသလဝိပါက်ကြမှအဟိတ်ဟူသောနာမည်ဖြင့်ဘာကြောင့်ဝိသေသနပြုပြီး ဆိုရသလဲဆိုတော့ အကုသလဝိပါက်စိတ်က အဟိတ်

တစ်မျိုးသာရှိပါတယ်၊သဟိတ်မရှိပါ၊ ဒီလိုယုံမှားစရာ သဟိတ်ဝိပါက်မရှိတဲ့အတွက် အဟိတ်သဒ္ဒါမထဲ့ပဲ အကုသလဝိပါက်စိတ်လို့သာဆိုပါတယ်၊

ကုသလဝိပါက်မှာတော့ သဟိတ်ကုသလဝိပါက် အဟိတ်ကုသလဝိပါက်ဆိုပြီးနှစ်မျိုးရှိနေတာကြောင့် "အဟိတ်"ဟူသောနာမည်ဖြင့် အထူးပြု၍ အဟိတ်ကုသလဝိပါက်လို့ အထူးပြုလျက်ဆိုထားပါတယ်၊

**အဟိတ်ကြိယာစိတ်(၃)ပါး**

(၁) ဥပေက္ခာသဟဂုတ် ပဥ္စဒွါရဝဇ္ဇန်းစိတ်၁-ပါ၊

(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်၁-ပါး

(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်၁-ပါး

ဟူ၍ အဟိတ်ကြိယာစိတ်(၃)ပါးဖြစ်ပါတယ်၊

ကြိယာစိတ်ကလဲ အဟိတ်ကြိယာနဲ့သဟိတ်ကြိယာလို့ နှစ်မျိုးရှိနေတာကြောင့် "အဟိတ်" ဆိုတဲ့ နာမည်နဲ့ အထူးပြုလျက်ဆိုထားပါတယ်၊

**အဟိတ်စိတ်(၁၈)ပါးရေတွက်ပုံ**

(၁) သုခသဟဂုတ်စိတ် ၁-ပါး၊

(၂) ဒုက္ခသဟဂုတ်စိတ် ၁-ပါး၊

(၃) သောမနဿသဟဂုတ်စိတ် ၂-ပါး၊

(၄) ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါး၊

ပေါင်း အဟိတ်စိတ် (၁၈)ပါးဖြစ်ပါတယ်၊

**ဝေဒနာအစဉ်အားဖြင့်ရေတွက်ပုံ**

စက္ခုဝိညာဉ်ခွေး၊ သောတဝိညာဉ်ခွေး၊ ဃာနဝိညာဉ်ခွေး၊ ဇိဝှါဝိညာဉ်ခွေး၊ ကာယဝိညာဉ်ခွေး၊ (ဒီငါးစုံကို ခွေပဥ္စဝိညာဉ်(၁၀)လို့ခေါ်ပါတယ်) သမ္ပဋိစ္ဆိုင်းခွေး၊ သန္တီရဏ ၃-ခု၊ အာဝဇ္ဇန်းခွေး၊ ဟသိတုပ္ပါဒ်စိတ်၁-ပါး၊ ပေါင်းအဟိတ်စိတ် (၁၈)ပါးဖြစ်ပါတယ်၊

**ဝီထိအစဉ်အားဖြင့်ရေတွက်ပုံ**

ပဥ္စဒွါရာဝဇ္ဇန်း ၁-ပါး၊ ခွေးပဥ္စဝိညာဉ်၁၀-ပါး၊ သမ္ပဋိစ္ဆိုင်းခွေး၊ သန္တီရဏ ၃-ပါး၊ ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း) ၁-ပါး၊ ဟသိတုပ္ပါဒ်၁-ပါး၊ ပေါင်းအဟိတ်စိတ် (၁၈)ပါးဖြစ်ပါတယ်၊

**အသောဘနစိတ်(၃၀)ရေတွက်ပုံ**

အကုသိုလ်စိတ်၁၂-ပါး၊ အဟိတ်စိတ်၁၈-ပါး၊ ဒီ၃၀-ကို မတင့်တယ်သောကြောင့် အသောဘနစိတ်ခေါ်ပါတယ်၊

**ဇာတိဘေဒအားဖြင့်ရေတွက်ပုံ**

အကုသိုလ်စိတ်၁၂-ပါး၊ ဝိပါက်စိတ်၁၅-ပါး၊ကြိယာစိတ်၃-ပါး၊ပေါင်း အသောဘနစိတ်(၃၀) ဖြစ်ပါတယ်၊

**ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ**

သုခသဟဂုတ်စိတ်၁-ပါး၊ ဒုက္ခသဟဂုတ်စိတ်၁-ပါး၊ သောမနဿသဟဂုတ်စိတ်၆-ပါး၊ ဒေါမနဿသဟဂုတ်စိတ်၂-ပါး၊ ဥပေက္ခာသဟဂုတ်၂၀၊ ပေါင်းအသောဘနစိတ် (၃၀)ဖြစ်ပါတယ်၊

သုခသဟဂုတ်စိတ်၁-ပါးဟူသော်ကား သုခသဟဂုတ်ကာယဝိညာဉ်ဖြစ်ပါတယ်၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ဖြစ်ပါတယ်၊ သောမနဿသဟဂုတ်စိတ် ၆-ပါးဟူသော်ကားအကုသိုလ်သောမနဿသဟဂုတ်၄-ပါး၊ အဟိတ်သောမနဿသဟဂုတ်၂-ပါးဖြစ်ပါတယ်၊ ဒေါမနဿသဟဂုတ်၂-ပါးဟူသော်ကားဒေါသမူခွေးဖြစ်ပါတယ်၊ ဥပေက္ခာသဟဂုတ်၂၀-ဟူသော်ကား အကုသိုလ်ဥပေက္ခာသဟဂုတ်စိတ် ၆-ပါး၊ အဟိတ်ဥပေက္ခာသဟဂုတ်စိတ် ၁၄-ပါးဖြစ်ပါတယ်၊

**စိတ်အစဉ်ဖြစ်ပုံ**

ဘဝင်စိတ်ဆိုတာဝိပါက်စိတ်ကိုခေါ်ပါတယ်၊ အိပ်ပျော်နေတဲ့အခါမှာဖြစ်ပါတယ်၊ သို့သော် နိုးနေတဲ့အခါလဲ ဝီထိစိတ်ကြားထဲမှာဝင်ဝင်ပြီးဖြစ်ပါသေးတယ်၊ ဝီထိစိတ်ဖြစ်လိုက် ဘဝင်ဖြစ်လိုက်ဒီလိုဖြစ်နေလို့ စိတ်အစဉ်အတန်းဟာပြတ်မသွားပဲ သေသည်အထိဆက်ဖြစ်နေတာပါ၊ ဘဝင်ဆိုတာ ဘဝင်္ဂ ဆိုတဲ့ပါဠိကလာပါတယ်၊ ဘဝရဲ့အစိတ်အပိုင်း အသက်ရဲ့အစိတ်အပိုင်းလို့ အဓိပ္ပါယ်ရပါတယ်၊

ဥပမာမြင်သိစိတ်ဖြစ်တယ်ဆိုကြပါစို့–မျက်စိအကြည်ရုပ်နဲ့အဆင်းနဲ့ သွားတိုက်တဲ့အခါမှာ အဲဒီ အာရုံကဘဝင်ကိုလဲ သွားထိခိုက်ပါတယ်၊ ဘဝင်ကိုသွားထိတော့ ဘဝင်တုန်သွားပါတယ်၊ ဘဝင်က အဖြစ်မြန်နေလို့ထိထိချင်းမတုန်သေးပဲ စိတ်တစ်ခုလွန်ပြီးမှတုန်ပါတယ်၊ လွန်တာကိုအတီတဘဝင်၊တုန် သွားတာကိုဘဝင်္ဂစလနခေါ်ပါတယ်၊ တုန်ပြီးဘဝင်ပြတ်သွားပါတယ်၊ ဒါကိုဘဝင်္ဂုပစ္ဆေဒခေါ်ပါတယ်၊ ဒီမှနောက်ဘဝင်ဆက်မဖြစ်တော့ပါ၊ နောက်အဟိတ်ကြိယာထဲမှာပါတဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပါတယ်၊ ပဉ္စ–ကငါး၊ ဒွါရ–ကတံခါး၊ မျက်စိ နား နှာ လျှာ ကိုယ်ဆိုတဲ့ တံခါးငါးပေါက်မှာကျလာတဲ့ လာထင်တဲ့ အာရုံကိုဆင်ခြင်ပါတယ်၊ နောက်မြင်သိစိတ် စက္ခုဝိညာဉ်ဖြစ်တယ်၊ အာရုံကိုပျောက်မသွားအောင်လက် ခံတဲ့သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်ပါတယ်၊လက်ခံပြီး လှ မလှ၊ ချော မချော၊ ကောင်း မကောင်းစုံစမ်းတဲ့သန္တီရဏ ဖြစ်ပါတယ်၊ ဒီအာရုံကချောတယ်၊ ဒီအာရုံကမချောဘူးလို့ဆုံးဖြတ်ပါတယ်၊ ဒီစိတ်ကတော့ အဟိတ် ကြိယာစိတ်(၃)ပါးထဲက မနောဒွါရာဝဇ္ဇန်းဖြစ်ပါတယ်၊သူ့ကိုမနောဒွါရာဝဇ္ဇန်းလို့မသုံးပဲ နာမည်တစ်မျိုး ပြောင်းပြီး ဝုဋ္ဌောလို့သုံးပါတယ်၊ ဒီ ဝုဋ္ဌောထိအောင် ဝိပါက်စိတ်တွေချည်းဖြစ်ပါတယ်၊ ကုသိုလ် အကု သိုလ်မဖြစ်သေးပါဘူး၊နောက်ဇော(၇)ကြိမ်ကျတယ်၊ကိုယ့်ရဲ့နှစ်လုံးသွင်းမှုအပေါ်မူတည်ပြီး ကုသိုလ်ဇော အကုသိုလ်ဇောဖြစ်ပါတယ်၊ ဇောစိတ်ဖြစ်ပြီးနောက်မှာကပ်ပြီးဖြစ်တာက တဒါရုံနှစ်ကြိမ်၊ ဇောရဲ့အာရုံ ဖြစ်တဲ့ကုသိုလ်ဆိုလဲကုသိုလ် အကုသိုလ်ဆိုလဲအကုသိုလ်ကိုဆက်ယူပါတယ်၊ နောက်ဘဝင်စိတ်တွေ ဆက်ဖြစ်ပါတယ်၊

**ဝီထိစိတ်ဖြစ်ပုံဥပမာ**

လူတစ်ယောက်ဟာ သရက်ပင်အောက်မှာ ခေါင်းမြီးခြုံပြီးအိပ်နေပါတယ်၊ အိပ်ပျော်နေတုန်း သရက်သီးမှည့်တစ်လုံး ဖုတ်ခနဲဆိုကြေကျလိုက်တဲ့အခါထ–ရန်လှုပ်ရှားလိုက်ပြီး ခေါင်းမြီးခြုံထားတာ လေးအသာဖွင့်ကြည့်လိုက်တယ်၊ ကြည့်တော့မြင်ပါတယ်၊ မြင်ပြီးသရက်သီးကိုလက်နဲ့ကောက်ယူ လိုက်တယ်၊ ကောက်ယူပြီး မှည့် မမှည့်စမ်းသတ်ကြည့်တယ်၊ ဟုတ်ပြီ OK မှည့်တယ်လို့ ဆုံးဖြတ် လိုက်တယ်၊ ပြီးတော့အားရပါးရ(၇)ခါကိုက်စားလိုက်တယ်၊ စားပြီးကျန်တဲ့အဖတ်လေးတွေကိုသရေ နဲ့လိပ်ပြီး မျိုချလိုက်တယ်၊ နောက်ခေါင်းမြီးခြုံ ပြန်အိပ်လိုက်တယ်၊

**ဤဥပမာစကားရပ်နှင့်အတူ စိတ်အစဉ်ဖြစ်ပုံကို ကြည့်ကြရအောင်–––**

လူတစ်ယောက်သရက်ပင်အောက်၌ ခေါင်းမြီးခြုံ၍အိပ်ပျော်နေခြင်းသည် ဘဝင်စိတ်အစဉ် ငြိမ် သက်စွာဖြစ်နေခြင်းနဲ့တူပါတယ်၊ သရက်သီးမှည့်တစ်လုံးဖုတ်ကနဲဆို ကြေကျလာခြင်းသည်ပြင်ပ အာရုံ က ပသာဒရုပ်၌လာထိခိုက်ခြင်းနဲ့တူပါတယ်၊ ထ–ရန်လှုပ်ရှားလိုက်ခြင်းသည် ဘဝင်စိတ်၂–ကြိမ် လှုပ် ပြီး ပြတ်တာနဲ့တူပါတယ်၊ ခေါင်းမြီးခြုံဖွင့်ကြည့်ခြင်းသည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်က အာရုံကို နှစ်လုံး သွင်းတာနဲ့တူပါတယ်၊ သရက်သီးကိုမြင်တာက စက္ခုဝိညာဉ်စိတ်ဖြစ်တာနဲ့တူပါတယ်၊ သရက်သီးကို ကောက်ယူလိုက်တာက သမ္ပဋိစ္ဆိုင်းစိတ်ကအာရုံကို လက်ခံတာနဲ့တူပါတယ်၊ မှည့် မမှည့်စမ်းသတ် ခြင်းသည် သန္တီရဏစိတ်က အာရုံကိုစုံစမ်းတာနဲ့တူပါတယ်၊ ဟုတ်ပြီ OK မှည့်တယ်လို့ ဆုံးဖြတ်တာက ဝုဋ္ဌောစိတ်ကအာရုံကို ကောင်းမကောင်း ဆုံးဖြတ်တာနဲ့တူပါတယ်၊ (၇)ခါကိုက်စားပြီးသရက်သီး အရသာကိုခံစားနေတာက အာရုံ၏အရသာကိုဇော(၇)ကြိမ်ဖြင့်ခံစားနေပုံဖြစ်ပါတယ်၊ ကျန်တဲ့အဖတ် ကလေးကိုသရေလေးနဲ့လိပ်ပြီးမျိုချတာက တဒါရုံ(၂)ကြိမ်ဖြင့်အာရုံ၏အရသာကိုဆက်ခံစားတာနဲ့ တူ ပါတယ်၊ နောက်ခေါင်းမြီးခြုံပြီး ပြန်အိပ်လိုက်တာက ဘဝင်စိတ်အစဉ်ဆက်ဖြစ်တာနဲ့တူပါတယ်၊ ဘဝင် စိတ်ဖြစ်ပြီးနောက် ဆိုင်ရာ ဆိုင်ရာစားသိစိတ်ဆိုလဲ စားသိစိတ်၊ ထိသိစိတ်ဆိုလဲ ထိသိစိတ် စသည် ဆက်ဖြစ်ပါတယ်၊ဒါကတော့ဦးဇင်းတို့သန္တာန်မှာနေ့စဉ်ဖြစ်နေတဲ့စိတ်အစဉ်ပဲဖြစ်ပါတယ်၊ (ဦးကကျော်

## 【သင်တန်းအတွက်လှူဒါန်းသောကောင်းမှုရှင်များ】

(၁) နာယကကြီး Dr ဦးမျိုးမြင့်(ဇနီး) ဒေါ်ငြိမ်းငြိမ်းလွင် မိသားစု A4 Paper---၈ထုတ်၊
(၂) ဥက္ကဋ္ဌကြီး Dr ခင်မောင်ထွန်း (ဇနီး) ဒေါ်နော်ချိုသန်း မိသားစု A4 Paper---၅ထုတ်၊
(၃) ဦးအောင်ကျော်နိုင်(ဇနီး) Dr လဲ့လဲ့ခိုင် မိသားစု Copier Toner---၆ တောင့် ပေါင် ၂၁၀၊
(၄)မောင်မင်းဝေနှင့် မောင်နှစ်မတစ်စု A4 Paper---၈ထုတ်၊

အသီးလှူဒါန်းကြပါသည်၊
နတ်လူသာဓုခေါ်စေသော်

## သံပေါက်လင်္ကာ

ဒီဘဝမှာ၊ ရုပ်နာမ်ဟာ၊ နောက်ဘဝနှင့်မဆိုင်ပါ၊
ဒီလိုယူက၊ ဥစ္ဆေဒ၊ မှတ်ကြဒိဋ္ဌိသာ၊
အသက် လိပ်ပြာ၊ မပျက်ပါ၊ နောက်ခန္ဓာထဲပြောင်းဝင်ကာ၊
ဒီလိုယူက၊ သဿတ၊ မှတ်ကြဒိဋ္ဌိပါ၊
သဘောမမိ၊ ဒိဋ္ဌိငြိ၊ လားဘိပါယ်လေးရွာ၊
မှန်ရိပ် ပဲ့တင်၊ မီးတိုင်ပင်၊ နိပ်လျှင်တံဆိပ်ရာ၊
နောက်ဘဝဝယ်၊ သန္ဓေတွယ်၊ မှတ်ဘွယ်ဥပမာ၊
ရာရာတိုင်းမှာ၊ ကြောင်းကြောင့်သာ၊ဖြစ်ကာကျိုးပေါ်လာ၊
ကြောင်းကျိုးနှစ်ဖြာ၊ ဆက်ဆပ်ကာ၊ ဟောတာပဋ္ဌာန်းပါ၊
ပဋ္ဌာန်းရွတ်လျှင်၊ ဘေးရန်စင်၊ မှန်ပင်စိတ်ချမ်းသာ၊
လူလည်းချစ်ခင်၊ နတ်ချစ်ခင်၊ လာဘ်ရွှင်ဘေးရန်ကွာ၊
လောကုတ်လောကီ၊ နှစ်လီပွါးတိုး၊ အကျိုးများတာပဋ္ဌာန်းပါ၊
ထို့ကြောင့်သာလျှင်၊ နေ့တိုင်းပင်၊ မှန်ပင်ရွတ်သင့်တာ၊

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**
**အလှူမှန်သမျှတွင် တရားအလှူသည်**
**အမြတ်ဆုံး အသာဆုံး ဖြစ်ပေသည်။**
**Dhamma gift excells all other gifts.**

**ဓမ္မဒါနစာအုပ်အလှူရှင်**

**ဦးအောင်ကျော်နိုင်+ဒေါက်တာလဲ့လဲ့ခိုင်**
**သား မောင်ကျော်ခိုင်ဟိန်း၊ သမီး မညီမြိကျော်**
**မိသားစု။ ကောင်းမှု**

**သို့** ---------